The Commerce Journal

http://www.commercejournal.com.mm

စီးပွားရေးသတင်းဂျာနယ်

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .16, NO . 23 တနင်္လာနေ့တိုင်းထုတ်ဝေသည် June 27 , 2016

## (၁၃) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ ကျင်းပမည်

|pmrsuES- 15|

## အရည်အသွေး ကောင်းမွန်သော ပဲတီစိမ်းများကို အီးယူသို့ တင်ပို့မည်

|pmrsuES- 8|

## မန်းသင်္ကြားဒိုင်မှာ သကြားကုန်ကြမ်းဈေး မာသလောက် ကုန်ချောဈေးကို လိုက်မမီဘဲဖြစ်နေ ၂၀

|pmrsuES- 20|

## Re-export စနစ်ဖြင့် ကုန်ပစ္စည်း အမယ် ၁၄ မျိုးအား ထပ်မံခွင့်ပြု


|pmrsuES- 22|

# မန္တလေး-အုန်းချောဒေသထွက် နဂါးမောက်သီးများ စမ်းသပ်တင်ပို့ရေးမှသည် တိုးမြှင့်တင်ပို့ရေးဆီသို့



မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ရှိ အရှေ့မြောက်တံခါး သစ်သီးပွဲရုံသို့ ဇွန် ၁၇ ရက်တွင် သရက်သီးများ တင်ဆောင်ထားသည့် ကားများနဲ့အတူ နဂါးမောက်သီးများ တင်ဆောင်ထားသည့် ကားတစ်စီးဝင်ရောက်လာခဲ့ပါသည်။ ၎င်းနဂါးမောက် သီးများသည် မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ် အုန်းချောဒေသရှိ ထွန်းတောက် စိုက်ပျိုးရေးခြံမှထွက်ရှိပြီး တရုတ်ဘက်မှ ဈေးကွက်စမ်းသပ်ရန် အတွက် မှာယူ(ဝယ်ယူ)ခြင်းဖြစ်ကြောင်း၊ ယခုပထမဆုံး အကြိမ်အဖြစ် နဂါးမောက်သီးဖာ ၅၀၀

|pmrsuES- 24|



## အိန္ဒိယအစိုးရရဲ့ ပဲအထွက်တိုးရေး ကျင့်သုံးနေတဲ့ ဗျူဟာများနဲ့ မြန်မာ့ပို့ကုန် မြှင့်တင်ရေးမှာ ပဲမျိုးစုံကဏ္ဍ ပါဝင်နိုင်ရေး

အိန္ဒိယအစိုးရအနေနဲ့ များပြားလှတဲ့ ပြည်သူတွေအတွက် အဓိကစားနပ်ရိက္ခာ ဖူလုံဖို့ အမျိုးမျိုးသောဗျူဟာများနဲ့ ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ ဆန်စပါးနဲ့အတူ ပဲမျိုးစုံဈေးနှုန်းကျဆင်းအောင်၊ ရောင်းလိုအားတွေ များလာအောင် ဆောင်ရွက်မှုဟာလည်း

|pmrsuES- 12|

## ကယားပြည်နယ်လွိုင်ကော်မြို့တွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ မှတ်ပုံတင်ခြင်းနဲ့ ဓာတ်ခွဲစမ်းသပ်ခြင်းများပြုလုပ်နိုင်ပြီ

ကယားပြည်နယ်၊ လွိုင်ကော်မြို့ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးမှာ အစားအသောက်နဲ့ လူသုံးကုန်စသည်ဖြင့် အသေးစားစက်မှုလက်မှု လုပ်ငန်းများ မှတ်ပုံတင်ခြင်းနဲ့ ဓာတ်ခွဲစမ်းသပ်ခြင်းများ ပြုလုပ်နိုင်ပြီဟု ကယားပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးရဲ့ ပြောပြချက်အရ သိရပါတယ်။

|pmrsuES- 23|

## ပစိဖိတ်သမုဒ္ဒရာထွက်ပေါက်အဖြစ် အရေးပါလာမည့် လင်ချန်း-ချင်းရွှေဟော်နယ်စပ်စစ်ဆေးရေးဂိတ် မဟာဗျူဟာ ဖွံ့ဖြိုးရေးစီမံကိန်း စတင်ဆောင်ရွက်တော့မည်



ရှမ်းပြည်နယ်၏ အရှေ့မြောက် ဘက်ချင်းရွှေဟော် ကုန်သွယ်ရေး စခန်းနှင့် ကပ်လျက်ရှိသော တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ လင်ချန်းနယ် စပ်စီးပွားရေး ပူးပေါင်းမှုဇုန်၊ မိန်းတိန် တရုတ်-မြန်မာနယ်စပ်စီးပွားရေးဇုန်၊ ချင်းရွှေဟော်နယ်စပ် စစ်ဆေးရေးဂိတ်အား တရုတ်-မြန်မာ-ဘင်္ဂလားဒေ့ရှ်-အိန္ဒိယလေးနိုင်ငံ စီးပွားရေးလမ်းကြောင်းအတွက် ရည်ရွယ်တည်ဆောက်နေခြင်း ဖြစ်ပါသည်။ တရုတ်နိုင်ငံအနောက်တောင်ဘက်ခြမ်းမှ တောင်အာရှနှင့် အရှေ့တောင် အာရှသို့ ဖြာထွက်မှုဗဟိုအဖြစ် သတ်မှတ်ရွေးချယ်ထားပါသည်။ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများ အနေဖြင့် ကူမင်း-ချင်းရွှေဟော်-ကျောက်ဖြူ ရထားလမ်း၊ တာလိ-လင်ချန်း အမြန်လမ်းမနှင့် ချန်းယွင်

|pmrsuES- 8|

## မန္တလေး–မြို့သာစက်မှုဇုန်ဥယျာဉ် တည်ဆောက်ရေး စီမံကိန်း

မန္တလေး–မြို့သာ စက်မှုဥယျာဉ် အနာဂါတ်ပုံရိပ်









### မန္တလေး–မြို့သာ စက်မှုဥယျာဉ်တွင် ပါဝင်သည့် စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းများ

- လယ်ယာသုံးစက်နှင့် စက်အရံအပိုပစ္စည်းများထုတ်လုပ်သည့်စက်ရုံများ
- သယ်ယူပို့ဆောင်ရေးနှင့် ကုန်သိုလှောင်ရုံများ
- အထည်ချုပ်စက်ရုံများ၊ အိမ်သုံးပရိဘောဂဆိုင်ရာ ထုတ်လုပ်သည့်စက်ရုံများ
- SME - စက်ရုံများ၊ ဟိုတယ်နှင့် စားသောက်ကုန်ထုတ်လုပ်သည့် စက်ရုံများ
- Electronic & I.T ဆိုင်ရာထုတ်လုပ်သည့် စက်ရုံများ
- လျှပ်စစ်ဓါတ်အားခွဲရုံနှင့် ဆက်သွယ်ရေးဆိုင်ရာဌာနများ
- ဘဏ်များ၊ Shopping Center, Residential ဝန်ထမ်းအိမ်ရာများ
- ဆေးရုံ၊ စာသင်ကျောင်း၊ အားကစားကွင်းများ တည်ဆောက်ခြင်း




ဆက်သွယ်စုံစမ်းရန် ➡ ၀၂ – ၆၅၉၅၅၈၊ ၀၂ – ၈၂၁၅၀  ၀၉ – ၃၃၀၆၄၈၉၆၊ ၀၉ – ၃၃၀၆၄၈၉၇

# M.I.L Myanmar Intelligent Logistic Trading Co., Ltd.

**Your Satisfaction is our future**





### BUSINESS SCOPE

1. CUSTOM CLEARANCE SERVICES
2. TRUCK TRANSPORTATION
3. TRADING
4. FREIGHT FORWARDING
5. CROSS BORDER

No.16, Ground Floor, Warkhaema Street, Sanchaung Township, Myanmar.

Office: +951 502011, +959 262990524 Mobile : +959 252271277, +959 259639243 Email: wuttyee@myanmarintelligent.com

# မြန်မာနိုင်ငံ၏ကုန်သွယ်မှုဘက်စုံလေ့လာဆန်းစစ်ခြင်းအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားကျင်းပ (Launching Ceremony for Myanmar Diagnostic Trade Integration Study)



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် World Bank Group တို့ပူးပေါင်း၍ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုဘက်စုံလေ့လာဆန်းစစ်ခြင်းအစီရင်ခံစာအားထုတ်ပြန်ခြင်း အခမ်းအနား (Launching Ceremony for Myanmar Diagnostic Trade Integration Study) ကို နေပြည်တော်ရှိ Hilton Hotel ၌ ဇွန် ၂၀ ရက်ကကျင်းပခဲ့ရာ နိုင်ငံတော်ဒုတိယသမ္မတ (၁) ဦးမြင့်ဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမြင့်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ စိုက်ပျိုးရေး ... စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဥက္ကဋ္ဌနှင့် ညီနောင်အသင်းအဖွဲ့မှ ကိုယ်စား လှယ်များ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့များမှ EIF Executive Director Dr. RatnakarAdhikari ကမ္ဘာ့ဘဏ်မှ Country Manager Mr. AbdoulayeSeck ဥရောပသမဂ္ဂ ကိုယ်စားလှယ် Mr. Philipp Dupuis နှင့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ စုစုပေါင်း ၂၀၀ ဦး တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် နိုင်ငံတော် ဒုတိယသမ္မတ (၁) ဦးမြင့်ဆွေက ဒီကနေ့အခမ်းအနားသည် မြန်မာနိုင်ငံအတွက် ကုန်သွယ်မှုဘက်စုံလေ့လာဆန်းစစ်ခြင်း (Myanmar Diagnostic Trade Integration Study-DTIS)

စာမျက်နှာ ၂၆ သို့ ➲

# မဟာရန်ကုန်မြို့ပြစီမံကိန်းတွင် ကုန်စည်သယ်ယူပို့ဆောင်ရေး၊ သိုလှောင်ရေး၊ တင်ပို့ရေးဆိုင်ရာများ ထည့်သွင်းနိုင်ရေး ပဏာမ ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြား



မဟာရန်ကုန်မြို့ပြစီမံကိန်း၌ ကုန်စည်သယ်ယူပို့ဆောင်ရေး၊ သိုလှောင်ရေး၊ တင်ပို့ရေးတို့နှင့် ပတ်သက်၍ ထည့်သွင်းနိုင်ရေးအတွက် ပဏာမညှိနှိုင်းစည်းဝေးတစ်ရပ်အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ဇွန် ၂၅ ရက်တွင် ကျင်းပခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေး အထူးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

စာမျက်နှာ ၂၄ သို့ ➲

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် အစ္စရေးနိုင်ငံသံရုံးမှ သံအမတ်ကြီးတို့အားလက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဇွန် ၂၁ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး H. E. Mr. Mohammad Sufiur Rahman အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံ ကုန်သွယ်မှု မြှင့်တင်နိုင်ရေး၊ အရည်အသွေးကောင်းမွန်သော ကုန်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရေး၊ စားသုံးသူရေးရာကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်ရေး၊ အဆင့်မြင့်အရာရှိကြီးများ အပြန်အလှန်သွားရောက်၍ ကုန်သွယ်မှုဆိုင်ရာ တွေ့ဆုံဆွေးနွေးနိုင်ရေး၊ အထည်ချုပ်လုပ်ငန်းဆိုင်ရာ အတွေ့အကြုံများ မျှဝေနိုင်ရေး၊ နှစ်နိုင်ငံကုန်သွယ်ရေး



ပူးတွဲကော်မတီ ကျင်းပနိုင်ရေးနှင့် နယ်စပ်ကုန်သွယ်မှု မြှင့်တင်နိုင်ရေးအတွက် အရေးပါသော ပို့ဆောင်ဆက်သွယ်ရေးပိုင်းတွင် အဆင်ပြေချောမွေ့စေရန် လမ်း၊ တံတားများ အဆင့်မြှင့်တင်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

အလားတူ ဇွန် ၂၃ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီးဖြစ်သူ H.E. Mr. Daniel Zonshine အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းများသို့ သင်တန်းသားများ စေလွှတ်နိုင်ရေး၊ လယ်ယာစိုက်ပျိုးရေး ကဏ္ဍတွင်အရေးကြီးသည့် ရေအရင်းအမြစ် စီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာနှင့် အတတ်ပညာများ မျှဝေနိုင်ရေး၊ မြန်မာ့ထုတ်ကုန်များ အစ္စရေးနိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် အစိုးရအချင်းချင်းသာမက နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအကြား ကူးလူးဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့ကို အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်
ဝင်းလွင်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ချိုသက်မှူ

**လက်ထောက်စာတည်း**
ချောစုမာ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွင့်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်
အုန်းခင်

**ကွန်ပျူတာ**
မြတ်ဆုလှိုင်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 16, No.23 Monday June 27 2016

## ဆန်ချောဈေးငြိမ်ပြီး အရောင်းအဝယ်အေးသော်လည်း ဆန်ကြမ်းဈေးတက်ပြီးအရောင်းအဝယ်သွက်

ယခုတစ်ပတ် ရန်ကုန်မြို့ရဲ့ဆန်ချောဈေးကွက်က ပုံမှန်အခြေအနေရှိနေတယ်လို့ ဆန်စပါး ကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ ဇွန် ၂၄ ရက်လက်ကားဆန်ဈေးနှုန်းများအရ သိရှိရပါတယ်။ ဖျာပုံပေါ်ဆန်း ဆန်ထိပ်စတစ်အိတ် ၃၅၀၀၀ ကျပ်၊ လတ်စတစ်အိတ်၃၂၅၀၀ ကျပ်၊မြောင်းမြ ပုသိမ်ပေါ်ဆန်း ဆန်ထိပ်စတစ်အိတ် ၃၆၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၄၅၀၀ ကျပ်၊ နယ်စုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ် ၃၃၀၀၀ ကျပ်၊ လတ်စတစ်အိတ် ၃၂၀၀၀ ကျပ်နဲ့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ ရန်ကုန်ဝါးတန်းကုန်စည်ဒိုင်မှာ ဆန်အဝင်ပုံမှန်ရှိပြီး ဆန်ချောဖြစ်တဲ့ ပေါ်ဆန်းဆန်ကတော့ အရောင်းအဝယ်အေးနေတယ်လို့ သိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန်ထိပ်စတစ်အိတ် ကျပ် ၃၂၅၀၀၊ လတ်စတစ်အိတ် ၂၂၀၀၀ ကျပ်၊နှွေသီးထပ် (ရှယ်) ဆန်တစ်အိတ် ၂၀၅၀၀ ကျပ်မှ ၂၀၇၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်အတိုင်း ပြောင်းလဲမှုမရှိဘဲ နှွေဆန်ရက် ၉၀ ဈေးနှုန်းကတော့ တစ်အိတ် ၂၁၀၀၀ ကျပ်မှ ၂၂၀၀၀ ကျပ်ဖြစ်လို့ တစ်အိတ်ကို ကျပ် ၅၀၀ ခန့်ဈေးတက်လာပါတယ်။ ဆန်အဝင်ပုံမှန်ရှိပြီး အရောင်းအဝယ်ပုံမှန်ရှိသော်လည်း သဘော်တင်ရှိတဲ့အတွက် ဧည့်မထ ၂၅ မှတ်က အဝယ်လိုက်နေတယ်လို့ ကုန်စည်ဒိုင်ဈေးကွက်မှ သတင်းရရှိရပါတယ်။

မူဆယ်ကုန်စည်ဒိုင်ရဲ့ ဇွန် ၂၄ ရက်ပေါက်ဈေးအရ ဧည့်မထဆန် ၅ မှတ် မှော်ဘီတစ်အိတ်ကို ၁၄၀-၁၄၃ ယွမ်၊ စူပါတစ်အိတ်ကို ၁၄၆-၁၄၉ ယွမ် ၊ဧည့်မထ ၁၀ မှတ် မှော်ဘီတစ်အိတ် ၁၃၅-၁၃၈ ယွမ်၊ စူပါတစ်အိတ် ၁၄၄-၁၄၅ ယွမ်၊ ၂၅ မှတ် မနောသုခတစ်အိတ် ၁၃၀-၁၃၄ ယွမ်၊ငစိန် ၅ မှတ်တစ်အိတ် ၁၄၀-၁၄၃ ယွမ် ၊ငစိန် ၂၅ မှတ်တစ်အိတ် ၁၃၆-၁၃၈ ယွမ်ရှိတယ်လို့သိရပါတယ်။ ဇွန် ၂၄ ရက် ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၇၈ ဒသမ ၈၉ ကျပ်ဖြစ်ကြောင်းနဲ့ ပြည်တွင်းနယ်စုံမှ မူဆယ် ကုန်စည်ဒိုင်သို့ နေ့စဉ် ဆန်တန်ချိန် တစ်ရက်ပျမ်းမျှ ၁၁၄၉ တန်ကျော်ဝင်ရောက်မှုရှိပြီး ဇွန် ၁၉ ရက်မှ ၂၃ ရက်အထိ ဆန်တန်ချိန် စုစုပေါင်း ၅၇၄၆ တန် ဝင်ရောက်ခဲ့တယ်လို့ မူဆယ်(၁၀၅)မိုင်မှ သတင်းရရှိပါတယ်။

ဒီတစ်ပတ် တရုတ်ဘက်ကို ဆန်စီးဆင်းရတာ အဆင်ပြေနေတယ်၊ အရောင်းအဝယ် ပုံမှန်ရှိတယ်၊ ကုန်သည်တွေ တစ်နေ့ကို ၁၀ ဦးမှ ၁၇ ဦးခန့်အထိ လာရောက်ဝယ်ယူမှုရှိတယ်လို့ မူဆယ်ဆန်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## ၂၀၁၅ - ၂၀၁၆ ရာသီ အင်းတော်မြို့နယ် ဆင်း-၃ ဆန် ဗန်းမော်တင်ပို့မှု ဆန်တန်ချိန် ၂၁၀၀၀ ကျော်ရှိ

အင်းတော်မြို့နယ်မှာ မိုးစပါး ၅၁၂၅၈ ဧက စိုက်ပျိုးခဲ့ပြီး၊ ဗန်းမော်၊ တရုတ်အဆွဲများတဲ့ ဆင်း ၃ စပါးကတော့ ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးခဲ့ပါတယ်။ ဆင်း-၃ စပါးတစ်ဧကအထွက်နှုန်း ၈၀ ရှိတာကြောင့် ဆန်တန်ချိန် ၃၀၀၀၀ ကျော်ထွက်ပါတယ်။ နိုဝင်ဘာလဆန်းပိုင်းက မိုးစပါးစတင်ရိတ်သိမ်းကြပြီး၊ ၂၀၁၅ ခုနှစ် အောက်တိုဘာလဆန်းမှ စတင်ကာ ဗန်းမော်မှ တစ်ဆင့် တရုတ်ပြည်သို့ ဆက်လက်တင်ပို့လျက်ရှိပါတယ်။

မိုးစပါးပေါ်စအချိန်က ဆင်း-၃ စပါး တင်းတစ်ရာကိုကျပ် ၅၅၀၀၀၀၊ ဆန်တစ်အိတ်ကျပ် ၂၃၀၀၀ နဲ့ ဗန်းမော် ကုန်သည်များက ဈေးဖွင့်ခဲ့တာတွေ့ရပါတယ်။ ၂၀၁၆ ခုနှစ်ဇန်နဝါရီလအထိ လေးလအတွင်း ဗန်းမော်မှ တရုတ်သို့ ဆန်တန်ချိန် ၁၁၀၀၀ တင်ပို့ခဲ့ပါတယ်။ စပါးလက်ကျန်နည်းလာချိန် တက်ဈေးမျှော်လှောင်လက်များကြောင့် ဇန်နဝါရီနောက်ပိုင်းမှာ ဆင်း-၃ စပါး တင်းတစ်ရာလျှင် ကျပ် ၆၀၀၀၀၀၊ ဆန်တစ်အိတ် ကျပ် ၂၅၀၀၀ အထိ မြင့်တက်ခဲ့ပါတယ်။ ဖေဖော်ဝါရီလမှ ဧပြီလအတွင်း တရုတ်နယ်စပ်မှာ ဆန်ဈေးကွက်ပြဿနာများရှိခဲ့လို့ ဆန်တင်ပို့မှုအေးသွားပေမယ့်လည်း ဒီသုံးလအတွင်း ဗန်းမော်လှောင်လက်အဆွဲရှိခဲ့လို့ ဆန်တန်ချိန် ၇၀၀၀ ကျော်တင်ပို့ခဲ့ပါတယ်။ မေလနောက်ပိုင်းမှာ တစ်ရက်ကိုပျမ်းမျှ ဆန်အိတ် ၁၇၀၀ တင်ပို့ခဲ့လို့ မေလကုန်အထိ တန်ချိန် ၃၀၀၀ တင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ရာသီချိန် အင်းတော်မြို့နယ်မှ ဗန်းမော်မြို့နယ်သို့ ဆန်တန်ချိန် စုစုပေါင်း ၂၁၀၀၀ ကျော်ရှိနိုင်တယ်လို့ ဆန်စက်လုပ်ငန်းရှင်များအသင်းထံမှ သိရပါတယ်။

ဇွန်လဆန်းပိုင်းကစပြီး ဒေသတွင်းမှာပင် ဆင်း-၃ စပါး တင်းတစ်ရာလျှင် ကျပ် ၇၅၀၀၀၀ နဲ့ဈေးမြင့်တက်လာပြီး၊ ကသာဆိပ်ကမ်းဈေးဆန်တစ်အိတ် ကျပ် ၂၈၅၀၀ ဖြစ်လာခဲ့တာကြောင့် လှောင်ကုန်သည်များ ဆန်တင်ပို့မှု အနည်းငယ်သာ ရှိခဲ့ပါတယ်။ တရုတ်အဆွဲများတဲ့ ဆင်း-၃ဆန်က အင်းတော်အပြင်၊ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ဗန်းမောက်မြို့နယ်တို့မှာလည်း စိုက်ပျိုးပါတယ်။ ဗန်းမောက်စပါးကို အင်းတော်စက်ပိုင်များနဲ့ကုန်သည်များကလည်းကောင်း၊ ဝန်းသို၊ ပင်လည်ဘူးစပါးကို ကောလင်းစက်ပိုင်ကုန်သည်များကလည်းကောင်း၊ ဝယ်ယူကြိတ်ခွဲကြပါတယ်။ ဗန်းမော်မှတစ်ဆင့် လွယ်ဂျယ်နယ်စပ်မှ တရုတ်နိုင်ငံသို့ တင်ပို့တဲ့အတွက် ဗန်းမော်ဆန်ကုန်သည်များဟာ ကသာဆိပ်ကမ်းမှာပင် အရောင်းအဝယ်ဖြစ်ကြပါတယ်။ ကသာဆိပ်ကမ်းက ဗန်းမော်မြို့ရဲ့ဆန်တင်ပို့မှုထွက်ပေါက်ဖြစ် တယ်လို့ ဆန်ကုန်သည်များထံမှ သိရပါတယ်။

“ဆင်း-၃ စပါးဈေးက အတက်ပဲရှိတယ်၊ ပြန်ကျတယ်မရှိဘူး။ ယခင်နှစ်ကာလတူ ဇွန်လမှာစပါးတင်းတစ်ရာ ကျပ် ၇၅၀၀၀၀၊ ဇွန် ၂၀ ရက်မှာ တင်းတစ်ရာလျှင် ကျပ် ၇၅၀၀၀၀၊ ကသာဆိပ်ကမ်းချ ဗန်းမော်ကုန်သည် ဖြတ်ဈေးဆန်တစ်အိတ် ကျပ် ၂၈၅၀၀၊ ဒေသတွင်းစားသုံးဆန်ရောင်းချမှု တစ်အိတ် ကျပ် ၃၀၀၀၀ ဖြစ်လို့၊ ၂၀၁၆-၂၀၁၇ စပါးသစ်ပေါ်ချိန်အထိ ဗန်းမော်ဆန်တင်ပို့မှု တစ်စတစ်စ အေးသွားတော့မှာဖြစ်တယ်” လို့ မြတ်မင်္ဂလာဆန်ပွဲရုံပိုင်ရှင် ဦးမောင်မောင်က ဆိုပါတယ်။

**ကြည်နိုင်ဦး-အင်းတော်**

## ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဆန်ပိုမိုတင်ပို့

ဇွန် ၁၁ ရက်မှ ၁၇ ရက်အထိ ရက်သတ္တပတ်အတွင်းမှာ မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၅ ဒသမ ၅၁၃ သန်းဖိုးရှိ ဆန်ဖြူ ၁၅၀၃၈ တန်ကျော် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၇၀၆၇ တန်၊ ဧည့် မထဆန် တန် ၂၄၅၀၊ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၁၈၉ တန်ကျော်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၅၃၃၂ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ထိုစခန်းများမှ တန် ၁၅၅၉၀ ကျော်တင်ပို့နိုင်တဲ့အတွက် ယခုတစ်ပတ်မှာ ၅၅၂ တန်လျော့နည်းခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ဆန်သာမက ဆန်ကွဲတင်ပို့မှုလည်း လျော့နည်းခဲ့ပါတယ်။ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲ တန် ၁၄၀၀၊လွယ်ဂျယ်စခန်းမှ ဆန်ကွဲ တန် ၁၄၀ ကျော်၊ စုစုပေါင်း ၁၅၄၀ တန် ၊ တန်ဖိုး ကန်ဒေါ်လာ ၅ ဒသမ ၅၀၄ သန်းဖိုးတင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၂၉၄၄ တန် လျော့နည်းခဲ့ပါတယ်။

ဇွန် ၁၂ ရက်မှ ၁၈ ရက်အထိ ကာလအတွင်း ကန်ဒေါ်လာ ၁ ဒသမ ၂၂၉ သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၃၄၂၅ တန်တင်ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှပို့ခဲ့ပါတယ်။ပင်လယ်ရေကြောင်းမှ တရုတ်နိုင်ငံ၊ ယူအေအီး၊ ရုရှားနဲ့ အီးယူနိုင်ငံများသို့ တင်ပို့ခဲ့တာဖြစ်ပြီး၊ တရုတ်နိုင်ငံ သို့ ဧည့်မထဆန် တန် ၅၀၀၊ ယူအေအီးနိုင်ငံများသို့ ဧည့်မထဆန် တန် ၁၀၀၊ ရုရှားနိုင်ငံသို့ ဧည့်ထဆန် တန် ၂၅၀ နဲ့ အီးယူနိုင်ငံသို့ ပေါင်းဆန်တန် ၆၀၀၊ ဧည့်မထဆန် ၁၉၇၅ တန် တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဆန် ၁၁၆၇ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။ ဆန်တင်ပို့မှုပိုမိုသော်လည်း ကန်ဒေါ်လာ သုည ဒသမ ၉၄၄ သန်းဖိုးရှိ ဆန်ကွဲ တန် ၃၄၅၀ ကို အီးယူနိုင်ငံများသို့သာ တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုထက် ဆန်ကွဲ ၄၉၂၅ တန် လျော့နည်းခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၃-၆-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၅၅ | ၄၅၆ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၄၀ | ၄၄၁ | △ | ၃၈၀ | ၃၈၀ | □ | ၃၈၀ | ၃၈၀ | □ | ၄၁၀ | ၄၁၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | ၃၆၅ | ၃၆၅ | □ | - | - | - | ၃၉၀ | ၃၉၀ | |
| ဆန်ဖြူ ၂၅% | ၄၂၁ | ၄၂၂ | △ | ၃၅၀ | ၃၅၀ | □ | ၃၆၀ | ၃၆၀ | □ | ၃၇၀ | ၃၇၀ | □ |
| ပေါင်းဆန် | ၄၃၅ | ၄၃၅ | □ | - | - | - | ၃၇၀ | ၃၇၀ | □ | ၄၁၅ | ၄၁၅ | □ |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၂၄-၆-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၄၀၀ | □ | ၂၁၅၀၀ | □ | ၈၇၄၀ | □ | ၃၅၀၀၀ | □ |
| ပုသိမ် | ၅၉၈၀ | □ | ၂၃၅၀၀ | □ | ၇၇၁၀ | □ | ၃၄၀၀၀ | □ |
| ပဲခူး | ၅၄၀၀ | △ | ၂၀၅၀၀ | △ | ၇၀၀၀ | □ | ၃၂၀၀၀ | △ |
| ရွှေဘို | ၇၀၀၀ | □ | ၃၁၀၀၀ | □ | ၁၁၈၅၀ | □ | ၃၇၀၀၀ | □ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | □ | ၈၀၀၀ | □ | ၃၃၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၆၅၀ | △ | ၂၂၀၀၀ | □ | - | - | ၃၂၀၀၀ | □ |
| မန္တလေး | ၇၆၀၀ | □ | ၂၇၅၀၀ | □ | - | - | ၃၇၀၀၀ | □ |
| မကွေး | ၉၀၀၀ | △ | ၂၆၅၀၀ | □ | - | - | ၃၆၅၀၀ | □ |
| မော်လမြိုင် | ၆၄၀၀ | △ | ၂၂၅၀၀ | △ | ၈၀၀၀ | △ | ၂၉၅၀၀ | △ |
| လှိုင်ကော် | ၇၆၆၀ | □ | ၂၇၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၅၀၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| ဘားအံ | ၆၀၀၀ | □ | ၂၃၀၀၀ | □ | - | - | ၂၆၅၀၀ | □ |
| တောင်ကြီး | - | - | ၂၄၀၀၀ | □ | - | - | ၄၀၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

## ရွှေဘိုခရိုင်မှာ နှွေစပါးပေါ်

စစ်ကိုင်းတိုင်းဒေသကြီးတွင် နှွေစပါးဧက ၃ ဒသမ ၄ သိန်းကျော် စိုက်ပျိုးနိုင်ခဲ့ပြီး၊ ရွှေဘိုခရိုင်မှာ သဖန်းဆိပ်ဆည်ရေ လုံလောက်စွာရရှိတဲ့အတွက် နှွေစပါးဧက ၂ ဒသမ ၄ သိန်းကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ယခင်နှစ်က ဧကရှစ်သောင်းကျော် စိုက်ပျိုးခဲ့လို့ ယခုနှစ်မှာ ယခင်နှစ်ကထက် ဧက ၁ ဒသမ ၆ သိန်းကျော် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အများဆုံး စိုက်ပျိုးတဲ့မျိုးများမှာ 747၊ ရွှေဝါထွန်း၊ ရွှေသွယ်ရင်တို့ဖြစ်ပါတယ်။ တစ်ဧကကုန်ကျစရိတ်မှာ ကျပ်နှစ်သိန်းခွဲခန့်ကုန်ကျပြီး တစ်ဧကအထွက်နှုန်းမှာ ၈၅ တင်းခန့်ထွက်ကြောင်း သိရှိရပါတယ်။

၂၀၁၆ ဇွန်လ တတိယပတ်မှာ နှွေစပါးများထွက်ပေါ်ပြီး ဈေးကွက်သို့ စတင်ဝင်ရောက်ကာ နှွေ 747 စပါး တစ်တင်းပေါက်ဈေးမှာ ကျပ် ၅၅၀၀ မှ ကျပ် ၅၇၀၀ ရှိပြီး၊ ဆန်ဈေးမှာ တစ်တင်းခွဲ တစ်အိတ်လျှင် ကျပ် ၂၂၀၀၀ မှ ကျပ် ၂၂၅၀၀ ဈေးပေါက်ကြောင်း သိရှိရပါတယ်။ ယခုနှစ်နှွေစပါးကို ယခင်နှစ်ထက် စိုက်ဧကနှစ်ဆနီးပါးပိုမိုစိုက်ပျိုးနိုင်ခဲ့သဖြင့် နှွေစပါးသည် ယခုနှစ်အထွက် ဆန်တန် ၁ ဒသမ ၇ သိန်းခန့်ပိုမိုနိုင်ကြောင်း ကုန်သည်များက ခန့်မှန်းသုံးသပ်ကြပါတယ်။

**ကျော်ဇင်ဝင်း -မုံရွာ**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၄-၆-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၇/၆ | ၂၄/၆ | ပြောင်းလဲမှု | ၁၇/၆ | ၂၄/၆ | ပြောင်းလဲမှု | ၁၇/၆ | ၂၄/၆ | ပြောင်းလဲမှု | ၁၇/၆ | ၂၄/၆ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၉၉၅ | ၂၉၈၂ | ▼ | ၂၈၁၇ | ၂၇၈၃ | ▲ | ၂၉၂၅ | ၂၈၅၀ | ▼ | ၂၈၅၀ | ၂၈၅၀ | ■ |
| ၂ | ပဲစင်းငုံ | - | ၂၄၆၁ | - | - | - | - | ၂၄၇၅ | ၂၄၄၅ | ▼ | ၂၄၉၀ | ၂၄၃၅ | ▼ |
| ၃ | ပဲတီစိမ်း | ၁၄၃၀ | ၁၄၁၅ | ▼ | ၁၆၃၆ | ၁၆၅၃ | ▲ | ၁၅၇၉ | ၁၆၃၂ | ▲ | ၁၅၈၀ | ၁၄၇၅ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၂၅၀၀ | ၂၅၀၀ | ■ | - | - | - | - | - | - | ၁၉၉၀ | ၁၉၆၅ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၀၁၅ | ၁၀၀၀ | ▼ | ၉၁၇ | ၁၀၁၇ | ▲ | ၇၀၀ | ၇၀၀ | ■ | ၁၂၉၀ | ၁၂၉၀ | ■ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၆၉၅ | ■ | ၈၀၀ | ၈၀၀ | ■ | ၆၀၅ | ၆၀၅ | ■ | ၅၉၅ | ၅၉၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၁.၆.၁၆)ထိ | ယခုတစ်ပတ် (၁၈.၆.၁၆)ထိ | (၁.၁.၁၆) မှ (၁၈.၆.၁၆) ထိ |
| မတ်ပဲ | ၃၂၃၆၀ | ၃၀၇၀၇ | ၃၁၅၂၄၅ |
| ပဲတီစိမ်း | ၆၃၀၇ | ၂၅၆၉ | ၁၂၃၉၃၂ |
| ပဲစင်းငုံ | ၆၈၈၈ | ၄၁၇၉ | ၁၄၆၂၈၆ |
| ကုလားပဲ | ၄၀၄ | ၁၅၂၄ | ၁၅၂၃၁ |
| ပဲလွန်းဖြူ | ၆၆၀ | ၄၁၁ | ၁၁၈၈၉ |
| မြေထောက်ပဲ | ၃၈၃ | ၃၄၁ | ၆၂၈၆ |

## မုံရွာကုန်စည်ဒိုင် ဇွန်လတတိယပတ်ပဲဈေးကွက် ငုံနီနဲ့ မတ်ပဲ ဆက်လက်ဈေးမာ

မုံရွာကုန်စည်ဒိုင် ဇွန်လတတိယပတ်ပဲဈေးကွက်မှာ ပြည်ပပို့ကုန်ပဲများအနက် ငုံနီနဲ့မတ်ပဲ ရန်ကုန်ဝယ်လက် အဆွဲသွက်ခဲ့လို့ ဈေးဆက်လက်မာခဲ့တာတွေ့ရပါတယ်။ အထူးသဖြင့် ငုံနီဟာ ယခုရက်သတ္တပတ်အတွင်း တစ်တင်း လျှင် ကျပ် ၄၈၀၀၀ မှ ကျပ် ၄၉၃၀၀ အထိ ဈေးမာခဲ့ကာ တစ်ရက်အိတ် ၇၀၀ မှ ၁၀၀၀ အကြား အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်ကသိရပါတယ်။ ယခုနှစ်ငုံနီ စိုက်ပျိုးချိန်ရာသီရောက်နေပေမယ့် မိုးရွာသွန်းမှုနည်းနေသေးလို့ လျာထားဧက ၁၇၀၀၀ အနက် မုံရွာမြို့နယ် အတွင်းဧက ၇၀၀၀ နီးပါးသာ စိုက်ပျိုးပြီးသေးတယ်လို့ သိရပါတယ်။

ယခုတစ်ပတ် ပဲတီစိမ်းဈေးကွက်မှာတော့ ရေဦး နယ်ဘက်က တစ်ရက်အိတ် ၁၀၀၀ ခန့်အထိ အဝင်သွက်လာပါတယ်။ မန်းနဲ့ရန်ကုန်ဝယ်လက်အပြင် ဒေသတွင်းခွဲစက်ဝယ်လက်ပါ အဝယ်စုံလို့ တစ်ရက်ကို အိတ် ၁၅၀၀ အနည်းဆုံးအရောင်းအဝယ်ဖြစ်ခဲ့ပြီး စိမ်းကြီးတစ်တင်း ကျပ် ၂၈၀၀၀ မှ ၃၁၅၀၀ အကြား ပေါက်ဈေးဖြစ်ပေါ်ခဲ့တာတွေ့ရပါတယ်။ မတ်ပဲဈေးလည်း ယခုတစ်ပတ်အတွင်း တစ်တင်း ကျပ် ၅၈၀၀၀ အထိ အမြင့်ဆုံးပေါက်ဈေးဖြစ်ခဲ့ပြီး မြောင်နယ်က ဒိုင်ကိုပဲအများဆုံးဝင်ခဲ့ကာ တစ်ရက် အိတ် ၃၀၀ ဝန်းကျင်ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်မှ သိရပါတယ်။

ယခုတစ်ပတ် စက်မှုကုန်ကြမ်းပဲအဖြစ် ကုလားပဲမျိုးစုံ ခွဲကြမ်းနဲ့ ကြာဆန် စက်လိုင်းစုံ ပုံမှန်အဝယ်ရှိခဲ့လို့ တစ်ရက်အိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပေါက်ဈေးအားဖြင့် 929 နဲ့ ထိုင်ဝမ်တစ်တင်း ကျပ် ၃၇၈၀၀၊ V2 တစ်တင်း ကျပ် ၃၉၃၀၀ အမြင့်ဆုံးဖြစ်ခဲ့ တယ်လို့ ဒိုင်ရပ်ကွက်ကသိရပါတယ်။

အခြားဒေသသုံးပဲဈေးကွက်မှာတော့ ထောပတ် ပဲတစ်တင်း ကျပ် ၁၁၀၀၀၊ စွန်တာနီတစ်တင်းကျပ် ၁၁၅၀၀၊ ပဲကြီးတစ်တင်းကျပ် ၂၇၅၀၀ မှ ၂၅၅၀၀၊ ပဲပုပ်တစ်တင်း ကျပ် ၁၈၀၀၀၊ ပုဂံပဲတစ်တင်းကျပ် ၁၆၅၀၀၊ မြေထောက်ပဲတစ်တင်းကျပ် ၁၈၅၀၀ မှ ၁၉၅၀၀၊ လွန်းပြာ တစ်တင်းကျပ် ၂၀၅၀၀ နဲ့ ပဲယင်းတစ်တင်းကျပ် ၁၄၅၀၀ မှ ၁၅၀၀၀ အသီးသီးပေါက်ဈေးဖြစ်ခဲ့ပြီး လုပ်ငန်းသုံးနဲ့ လက်လီအရောင်း ပုံမှန်ဖြစ်ခဲ့တယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်မှ လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ၂၀၁၆ ခုနှစ် ဇွန်လ စတုတ္ထပတ် မန္တလေးကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်တဲ့ သီးနှံများရဲ့ ဈေးနှုန်းနဲ့ဈေးကွက်

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ၊ မဟာကထိန်တော်အသင်း) မှာ နေ့စဉ် အနယ်နယ်အရပ်ရပ်မှ ထွက်ရှိတဲ့ လယ်ယာထွက်ကုန်သီးနှံများကို လာရောက်ရောင်းချကြောင်း သိရပါတယ်။ ၂၀၁၆ ခုနှစ် ဇွန်လ စတုတ္ထပတ်မှာ အရောင်းအဝယ်ဖြစ်တဲ့ သီးနှံများရဲ့ ဈေးနှုန်းများမှာ-

**တစ်ပိဿာ-ကျပ်**

| သီးနှံအမည် | ဈေးနှုန်း | |
|---|---|---|
| | နိမ့် | မြင့် |
| ပဲတီစိမ်းရွှေဝါ | ၁၇၇၈ | ၁၈၆၇ |
| ပဲတီစိမ်းအညာ | ၁၆၇၁ | ၁၇၀၇ |
| ပဲလွန်းဖြူ | ၉၁၇ | ၉၆၇ |
| ပဲကြီး | ၁၅၀၂ | ၁၅၃၈ |
| ပဲနီပြား | ၁၀၈၆ | ၁၁၇၆ |
| ပဲပုပ်(ရှမ်း) | ၈၄၅ | ၁၀၃၃ |
| ပဲပုပ်(ဗမာ) | ၉၅၈ | ၉၇၇ |
| ပဲယင်း | ၇၂၅ | ၇၃၃ |
| ထောပတ်ပဲ | ၈၀၀ | ၈၁၈ |
| နိုင်လွန်ပဲ | ၈၂၇ | ၉၁၁ |
| မြေထောက်ပဲ | ၁၀၅၆ | ၁၂၀၄ |
| မတ်ပဲ | ၂၈၅၀ | ၂၈၆၇ |
| ကုလားပဲဖြူကြီး | ၂၀၇၉ | ၂၀၈၇ |
| ကုလားပဲထိုင်ဝမ် | ၂၀၀၉ | ၂၀၁၈ |
| ပြောင်းဖူးစေ့(ရှမ်း) | ၄၃၅ | ၄၄၄ |
| ပြောင်းဖူးစေ့(ဗမာ) | ၄၁၇ | ၄၂၆ |
| ပြောင်းဖူးစေ့ (CP) | ၄၄၄ | ၄၅၀ |
| အထွက်တိုးပြောင်း | ၅၀၉ | ၅၂၈ |
| ဆန်ပြောင်း | ၅၂၃ | ၅၃၂ |
| နှမ်းဖြူ | ၂၀၀၀ | ၂၁၁၁ |
| နှမ်းညို | ၁၅၁၁ | ၁၇၃၃ |
| နှမ်းနက် | - | ၂၀၀၀ |
| နှမ်းနက် (စမုံ) | ၃၅၅၆ | ၃၇၃၃ |
| ပန်းနှမ်း | ၂၁၇၈ | ၂၂၀၀ |
| မြေပဲ (S1လုံးဆန်) | ၂၆၅၀ | ၂၈၀၀ |

ယခုတစ်ပတ်မှာ ပဲတီစိမ်းကြီး ရွှေဝါတစ်ပိဿာ ၁၈၆၇ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးထက် တစ်ပိဿာ၁၈ ကျပ်(တစ်တန် ၁၁၀၂၃ ကျပ်) ဈေးမာနဲ့ အရောင်းအဝယ်ဖြစ်ပြီး၊ ပဲတီစိမ်းအညာရဲ့ဈေးနှုန်းက ယခင်တစ်ပတ်အတိုင်းရှိနေပါတယ်။ ပဲတီစိမ်းအဝင်များတဲ့အတွက် နေ့စဉ်သုံးတင်းအိတ် ၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ပါတယ်။ ပဲလွန်းဖြူဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းအောက် တစ်ပိဿာ ၁၁၆ ကျပ်(တစ်တန် ၇၁၀၃၇ ကျပ်)နဲ့ ဈေးအေးသလို အရောင်းအဝယ်လည်းအေးကြောင်း သိရပါတယ်။ ယခုတစ်ပတ် ပဲကြီးတစ်ပိဿာ ၁၅၃၈ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးနှုန်းအထက် တစ်ပိဿာ ကျပ် ၉၀ (တစ်တန် ၅၅၁၁၅ ကျပ်) ဈေးမာနဲ့ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပဲနီပြားရဲ့ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းတူနဲ့ ပုံမှန်အရောင်းအဝယ်ဖြစ်လို့ တစ်ရက်ပျမ်းမျှသုံးတင်းအိတ် ၁၅၀ ကျော်၊ ပဲပုပ်ဈေးနှုန်းများ မှာ ယခင်တစ်ပတ်ဈေးနှုန်းများနဲ့ ကွာဟမှုကျဉ်းမြောင်းစွာနဲ့ နေ့စဉ်သုံးတင်းအိတ် ၄၀၀ ခန့်၊ ပဲယင်းနဲ့ ထောပတ်ပဲရဲ့ ဈေးနှုန်းများမှာလည်း ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ပုံမှန်လေး အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

နိုင်လွန်ပဲမှာ ယခင်တစ်ပတ်ဈေးနှုန်းအထက် တစ်ပိဿာ ၃၃ ကျပ် (တစ်တန် ၂၀၁၀၉ ကျပ်) မြေထောက်ပဲမှာ ယခင်တစ်ပတ်ဈေးနှုန်းအထက် တစ်ပိဿာ ၃၇ ကျပ်(တစ်တန် ၂၂၆၅၈ ကျပ်) ဈေးမာနဲ့ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ရန်ကုန်ဝယ်လက်နဲ့ပြည်ပ(အိန္ဒိယ) ဝယ်လက်ဝယ်ယူမှုရှိတဲ့ မတ်ပဲရဲ့ ယခုတစ်ပတ်ဈေးနှုန်းမှာ တစ်ပိဿာ ၂၈၆၇ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးနှုန်းအထက် တစ်ပိဿာ ၈၄ ကျပ်(တစ်တန်ကျပ် ၅၁၄၄၀) ဈေးမာနဲ့နေ့စဉ်သုံးတင်းအိတ် ၅၀၀ ကျော်၊ ကုလားပဲဖြူကြီးတစ်ပိဿာ ၂၀၈၇ ကျပ်(တစ်တန် ၁၂၇၈၀၅၈ ကျပ်)၊ ကုလားပဲထိုင်ဝမ် တစ်ပိဿာ ၂၀၁၈ ကျပ်(တစ်တန် ၁၂၃၅၈၀၃ ကျပ်) နဲ့ နေ့စဉ်သုံးတင်း အိတ် ၃၀၀ မှ ၄၅၀ အိတ်ကြား အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ယခုတစ်ပတ် ပြောင်းဖူးစေ့များရဲ့ ဈေးနှုန်းများမှာ ယခင်တစ်ပတ်ဈေးနှုန်းနဲ့ ကွာဟမှုအနည်းငယ်ဖြင့် အရောင်းအဝယ်ဖြစ်ပေမယ့် အရောင်းအဝယ်အေးလျက်ရှိပါတယ်။ နှမ်းရောင်စုံများအနက် နှမ်းဖြူနှင့်နှမ်းနက်မှာ ယခင်တစ်ပတ်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ပြီး နှမ်းညိုမှာ တစ်ပိဿာ ၂၃ ကျပ်(တစ်တန် ၁၄၀၈၅ ကျပ်) ဈေးအေးပြီး နှမ်းနက်(စမုံ) တစ်ပိဿာ ၆၆ ကျပ်(တစ်တန် ၄၀၄၁၈ ကျပ်)၊ ပန်းနှမ်းတစ်ပိဿာ ၄၄ ကျပ်(တစ်တန် ၂၆၉၄၅ ကျပ်) ဈေးမာနဲ့နှမ်းရောင်စုံ နေ့စဉ်သုံးတင်းအိတ် ၇၀၀ ကျော် အရောင်းအဝယ်ဖြစ်ပါတယ်။ ပြည်ပဝယ်လိုအားကောင်းတဲ့ မြေပဲဆန်(S1 လုံးဆန်) မှာ ယခင်တစ်ပတ်ဈေးနှုန်းအောက် တစ်ပိဿာ ကျပ် ၂၀၀ (တစ်တန် ၁၂၂၄၇၈ ကျပ်)နဲ့ ဈေးအေးလို့ ဈေးကွာဟမှုများကြောင်း၊ နေ့စဉ်သုံးတင်းအိတ် ၆၀၀ ကျော်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ဒီတစ်ပတ် အရောင်းအဝယ်ဖြစ်တဲ့ သီးနှံများအနက် ပဲလွန်းဖြူ နှမ်းညိုနဲ့ မြေပဲဆန်များသာ ယခင်တစ်ပတ်ဈေးနှုန်းအောက်နဲ့ အရောင်းအဝယ်ဖြစ်ပြီး ကျန်သီးနှံများမှာ ဈေးငြိမ်၊ ဈေးမာနဲ့ အရောင်းအဝယ်ဖြစ်ကြောင်း၊ တရုတ်ဝယ်လက်များအနက် ပဲတီစိမ်း၊ နှမ်းရောင်စုံနဲ့မြေပဲဆန်များမှာ အရောင်းအဝယ် သွက်လက်နေကြောင်း၊ ကုန်ပစ္စည်းလက်ကျန်နည်းနေတာကြောင့် ဈေးမာပေမယ့် အရောင်းအဝယ်အေးကြောင်း၊ ပဲအချို့ရဲ့ရာသီချိန်ကုန်ဆုံးနေသဖြင့် အရောင်းအဝယ်အေးရခြင်းဖြစ်ကြောင်း၊ လှောင်လက်ကြီးများထံမှာသာ အရောင်းအဝယ်ဖြစ်ကြောင်း ကုန်သည်ကြီးတစ်ဦးက ပြောကြားပါသည်။ **စိုးအောင်(မန္တလေး)**

## စစ်ကိုင်းတိုင်းဒေသကြီး၌ မိုးကြိုပဲတီစိမ်းများ ဒုတိယအကြိမ်/ တတိယအကြိမ် ခူးဆွတ်

ဒုတိယအကြိမ်/တတိယအကြိမ်ခူးဆွတ်တဲ့ မိုးကြိုပဲတီစိမ်းသီးနှံများ မုံရွာ ကုန်စည်ဒိုင်သို့ ချောင်းဦး၊ အရာတော်၊ ယင်းမာပင်၊ ဆားလင်းကြီး၊ ပုလဲစတဲ့နယ်စုံ မှ ဝင်ရောက်လျက်ရှိပါတယ်။ ပဲတီစိမ်းသီးနှံကို သုံးကြိမ်ခူးဆွတ်ကြတဲ့အတွက် ယခု အကြိမ်က များသောအားဖြင့် ဒုတိယ/တတိယအကြိမ်ခူးဆွတ်တာဖြစ်လို့ မိုး အနည်းငယ်ရွာသွန်းခြင်းနဲ့ တိုက်ဆိုင်သဖြင့် အရည်အသွေး အနည်းငယ်ညံ့သွားကြောင်း ကုန်သည်တစ်ဦးက ပြောပြပါတယ်။

ပဲတီစိမ်းသီးနှံကို ဒေသတွင်း အသုံးပြုသလို တရုတ် Export ဝယ်လက်ရှိတဲ့အတွက် ဇွန်လတတိယပတ်မှာ မုံရွာကုန်စည်ဒိုင်၌ တစ်ရက်တင်း ၅၀၀ မှ ၁၅၀၀ ကြား အရောင်းအဝယ်ဖြစ်ပြီး တစ်တင်း ပေါက်ဈေးနှုန်းမှာ ကျပ် ၃၀၀၀၀ မှ ကျပ် ၃၂၀၀၀ ဈေးပေါက်ပါတယ်။

**သန်းသန်းတင်-မုံရွာ**

## စစ်ကိုင်းတိုင်းဒေသကြီးမှာ မိုးပဲစင်းငုံ သီးနှံများ စတင်စိုက်ပျိုး

စစ်ကိုင်းတိုင်းဒေသကြီးမှာ တစ်နှစ်လျှင် တစ်ရာသီသာ စိုက်ပျိုးတဲ့ ပဲစင်းငုံ သီးနှံက ၂၀၁၆-၂၀၁၇ ခုနှစ် မိုးသီးနှံလျာထားစိုက်ဧက ငါးသိန်းငါးသောင်းကျော်မှ ဧကနှစ်သိန်းနှစ်သောင်းခန့် စိုက်ပျိုးပြီးလို့ ရာခိုင်နှုန်းအားဖြင့် ၃၉ ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ပါတယ်။ ပဲစင်းငုံက ရန်ကုန် Export ဝယ်လက်ရှိလို့ မုံရွာကုန်စည်ဒိုင်မှာ ဇွန်လအတွင်း တစ်တင်းပေါက်ဈေး ကျပ် ၄၇၅၀၀ မှ ကျပ် ၄၉၅၀၀ ကြား ဈေးပေါက်သဖြင့် ကုန်သည်ပွဲစားနဲ့လှောင်လက်သမားများက ထုတ်ရောင်းကြရာ တင်း ၅၀၀ မှ တင်း ၁၅၀၀ ကြား အရောင်းအဝယ်ဖြစ်ကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက် မှ သိရပါတယ်။

**သန်းသန်းတင်-မုံရွာ**

# ဝယ်လိုအားကောင်းပြီး ဈေးနှုန်းခိုင်မာတဲ့ ပဲတီစိမ်းကို ကျောက်ဆည်ခရိုင်ရှိ တောင်သူကြီးများ စိုက်ဧကပိုမိုတိုးချဲ့ စိုက်ပျိုးခြင်းကြောင့် ဝင်ငွေတိုးပွား

ပြည်ပ(တရုတ်)မှ ဝယ်လိုအားကောင်းမွန်တဲ့ ပဲတီစိမ်းကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှာ ဝင်ငွေတိုးဖို့ စိုက်ဧက တိုးချဲ့စိုက်ပျိုးလာကြောင်းသိရပါတယ်။ ဇန်နဝါရီလ ကုန်ပိုင်းနဲ့ ဖေဖော်ဝါရီလဆန်းပိုင်းမှာ စတင်စိုက်ပျိုးတဲ့ ပဲတီစိမ်း များမှာ မေလလယ်နောက်ပိုင်းမှာ ခူးဆွတ်ကြောင်း သိရပါတယ်။ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်မှာ ပဲတီစိမ်း လျာထား စိုက်ဧက ၁၁၆၂၀ ဧကရှိပြီး အမှန်တကယ်စိုက်ပျိုးနိုင်မှုဧကမှာ ၁၅၇၀၃ ဧကဖြစ်တာကြောင့် လျာထားချက်ထက် ၄၀၈၃ ဧက ပိုမိုစိုက်ပျိုးနိုင်ပြီး တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ ၉ တင်းမှ ၁၁ တင်း ခွဲသာထွက်ရှိသဖြင့် အထွက်နှုန်းမှာ ယခင်နှစ်များနှင့် ကွာခြားမှု အနည်းငယ်ရှိကြောင်း သိရပါတယ်။

စိုက်ပျိုးမှု၊ ထွက်ရှိမှု၊ ကုန်ကျစရိတ်၊ အကျိုးအမြတ်နဲ့ အခက်အခဲများကို သိရှိလိုတာကြောင့် ကျောက်ဆည်မြို့နယ် အနောက်သာဂရစံပြကျေးရွာမှာ နေထိုင်ပြီး ပဲတီစိမ်းစိုက်ပျိုးတဲ့ တောင်သူကြီးတစ်ဦးကို မေးမြန်းကြည့်ရာ မိမိတို့နယ်ဘက် အပိုင်းမှာ မနှစ်ကထက် ပဲတီစိမ်းပိုမို စိုက်ပျိုးလာကြောင်း၊ စပါးစိုက်ပျိုးနိုင်ရန်အတွက် ရေအလုံအလောက်မရရှိတာကြောင့် ရေလိုအပ်မှုနည်းပါးတဲ့ ပဲတီစိမ်းကို စက်ရေတွင်းတူးပြီး စိုက်ပျိုးကြောင်း၊ ယခင်နှစ်က ပဲတီစိမ်း ၃ ဧကစိုက်ပျိုးရာမှ ယခုနှစ်တွင် ၅ ဧကခွဲအထိ တိုးချဲ့စိုက်ပျိုးကြောင်း၊ စတင် စိုက်ပျိုးချိန်မှ ရိတ်သိမ်းခြွေလှေ့ပြီးချိန်အထိ (မြေပြင်ခြင်း၊ ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ သွင်းအားစုထည့်ခြင်း၊ ရေသွင်း ခြင်း၊ ခူးဆွတ်ခြင်း၊ ခြွေလှေ့ခြင်း) တစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ဝယ်လက်များ မှာကျေးရွာအရောက် လာရောက်ဝယ်ယူမှုရှိကြောင်း၊ ဝယ်ယူသည့် ဈေးနှုန်းများမှာလည်း မန္တလေးကုန်စည်ဒိုင်ရဲ့နေ့စဉ်အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းနဲ့ကွာဟမှု ကျဉ်းမြောင်းကြောင်း၊ တောင်သူတိုင်းမှာ ဖုန်းရှိတာကြောင့် အချိန်နဲ့တစ်ပြေးညီသိရှိရကြောင်း ယခုတစ်ပတ်မှာ ပဲတီစိမ်း တစ်တင်းကို ကျပ် ၃၀၀၀၀ မှ ကျပ် ၃၁၅၀၀ ဈေးနှုန်းနဲ့ လာရောက်ဝယ်ယူတဲ့အတွက် တစ်ဧကအကျိုးအမြတ်အနေနဲ့ ကျပ် ၂၀၀၀၀၀ (ကျပ်နှစ်သိန်း)ဝန်းကျင် ရရှိကြောင်း၊ အကျိုးအမြတ်ပိုမိုဖြစ်ထွန်းလာတဲ့အတွက် သား၊ သမီးများကို ကျောင်းကောင်းကောင်းထားနိုင်ပြီဖြစ်ကြောင်း၊ အဆိုပါတောင်သူကြီးမှ ဝမ်းသာအားရပြောကြားပါတယ်။

တောင်သူများအနေနဲ့ ထွက်ရှိလာတဲ့ ပဲတီစိမ်းများကို သိုလှောင်ထားခြင်းမရှိဘဲ ကုန်ဝယ်ဒိုင်များမှ လာရောက်ဝယ်ယူသည့် ပွဲစားများထံသို့ တိုက်ရိုက်ရောင်းချခြင်းကြောင့် သယ်ယူ ပို့ဆောင်ခသက်သာကြောင်း၊ အချို့တောင်သူကြီးများမှာ မန္တလေးမြို့ပေါ်ရှိ ကုန်ဝယ်ဒိုင်များသို့ ကိုယ်တိုင်သွားရောက် ရောင်းချပြီး လိုအပ်သည့် ပြန်လည်စိုက်ပျိုးမည့် သီးနှံများ၏ မျိုးစေ့များနှင့် သွင်းအားစုများကို ပြန်လည်ဝယ်ယူကြောင်း သိရပါတယ်။

ပြည်တွင်းဝယ်လက်(ပဲခွဲစက်၊ အမှုန့်ကြိတ်စက်)ရော ပြည်ပ(တရုတ်)ဝယ်လက်များမှ ပုံမှန်ဝယ်ယူမှုရှိတဲ့ ပဲတီစိမ်းရဲ့ ဈေးကွက်ရရှိထားမှုကို လျော့နည်းမသွားစေရန်နှင့် ပိုမိုပြီး ဈေးကွက် အနံ့အပြားကို ထိုးဖောက်နိုင်ရန်အတွက် ဈေးကွက်ရှာဖွေဖော်ဆောင်ရမှာဖြစ်သလို တောင်သူများအနေဖြင့် ပြည်တွင်းတွင်သာမက ပြည်ပသို့ တင်ပို့ရောင်းချရာတွင် အရည်အသွေး စံချိန်စံညွှန်းများ ကိုက်ညီရန်အတွက် ခေတ်မီနည်းစနစ်များဖြင့် စိုက်ပျိုးခြင်းကြောင့် အထွက်နှုန်းကောင်းပြီး ဈေးကောင်းရရှိသည့် ပဲတီစိမ်းကို တိုးချဲ့ စိုက်ပျိုးခြင်းဖြင့် နိုင်ငံခြားဝင်ငွေ အများအပြားရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

**စိုးအောင်(မန္တလေး)**

## ပြည်ထောပတ်ပဲသီးနှံဈေးအေးအေးနဲ့ အရောင်းအဝယ်ဖြစ်နေ

ပြည်ဈေးကွက်မှာ ပြည်ပသို့တင်ပို့ရောင်းချနေတဲ့ ပဲဈေးမှာ ယခုနှစ်မှာ ဈေးကောင်းရပါတယ်။ ပြည်တွင်းဝယ်လက်များနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ကုလားပဲ၊ ပဲကြီး စသည့်သီးနှံများမှာလည်း ဈေးကောင်းရကာ လက်လီသမားများနဲ့အဓိကထား အရောင်းအဝယ်ဖြစ်ခဲ့တဲ့ပဲများဖြစ်တဲ့ ပဲလွန်းဖြူ ပဲနီပြား၊ ဘိုကိတ်စသည်တို့မှာ ဈေးကောင်း မရပေမယ့်လည်း တစ်တင်း ကျပ်နှစ်သောင်းအထက်မှာ အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။

ဒါပေမယ့် ထောပတ်ပဲသီးနှံကတော့ ဈေးကွက်အတွင်း အနိမ့်ဆုံးဈေးရခဲ့တဲ့ပဲဖြစ်ပြီး တစ်တင်း ကျပ် ၁၃၅၀၀ ခန့်မှ ကျပ် ၁၄၅၀၀ ခန့်သာရရှိခဲ့ပါတယ်။ ပဲလက်ကျန် အနည်းငယ် သာရှိတဲ့အတွက် နေ့စဉ်အိတ် အနည်းငယ်သာ အရောင်းအဝယ်ဖြစ် ခဲ့သလို ဈေးလည်းအေးတဲ့ သီးနှံဖြစ်ခဲ့ပါတယ်။ ယခင်နှစ်ကလည်း တစ်တင်း ကျပ် ၁၂၀၀၀ မှ ၁၃၅၀၀ သာရရှိခဲ့လို့ ယခုနှစ်ဈေးနဲ့ သိပ်ကွာခြားမှုမရှိဘူးလို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲလွန်းဖြူ လက်ကျန်ပဲအချို့ ဈေးငြိမ်နဲ့ အရောင်းအဝယ်ဖြစ်

ပြည်ပဲလွန်းဖြူသီးနှံဟာ ဈေးကွက်အတွင်းမှာ လက်ကျန်သိပ်မရှိတော့သလို ပဲအဝင်လည်းမရှိတော့တဲ့အတွက် အရောင်းအဝယ်အေးသွားပြီဖြစ်တာကြောင့် အိတ်အနည်းငယ်သာ တစ်တင်း ကျပ် ၂၂၀၀၀ ဖြင့်ဈေးငြိမ် ရောင်းဝယ်နေခဲ့ကြပါတယ်။

ပဲလွန်းဖြူ သီးနှံဈေးနှုန်းဟာ ယခင်နှစ်က ဇွန်လအတွင်းမှာလည်း တစ်တင်း ကျပ် ၂၂၀၀၀ သာရရှိခဲ့ပြီး၊ ဇူလိုင်လလယ် မှစ၍ ပဲလက်ကျန်ပြတ်သွားခဲ့ကာ စက်တင်ဘာမှာ ပဲသစ်များဝင်ရောက်လာပြီး တစ်တင်းကျပ် ၂၆၀၀၀ နဲ့ ဈေးရခဲ့သလို ဈေးတရိပ်ရိပ်တက်လာတဲ့အတွက် နှစ်ကုန်ပိုင်းမှာ တစ်တင်း ကျပ်သုံးသောင်းကျော်ရရှိလာခဲ့ပြီး ပြည်ပဝယ်လက်ပဲများကဲ့သို့ ဈေးကောင်းရခဲ့ပါတယ်။

ဖေဖော်ဝါရီမှ စတင်၍ ဈေးပြန်ကျသွားခဲ့သလို ပဲလက်ကျန်ကလည်း တဖြည်းဖြည်းနည်းလာတဲ့အတွက် တစ်တင်း ကျပ်နှစ်သောင်းကျော်သာ ရှိခဲ့ပါတယ်။ ယခုအချိန်ထိလည်း ပဲဈေးငြိမ်နေကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ဇွန်တတိယပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲဈေးမြင့်တက်ခဲ့ပြီး ပဲစင်းငုံနှင့် ကုလားပဲဈေး အနည်းငယ်လျော့သွားခဲ့

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ဇွန်တတိယပတ်မှာ မတ်ပဲသီးနှံဈေးမြင့်တက်ပြီး ပဲစင်းငုံနဲ့ ကုလားပဲသီးနှံဈေးအနည်းငယ်ပြန်လျော့သွားသလို ပဲကြီးသီးနှံနဲ့ ပဲပုပ်သီးနှံဈေးနှုန်းများဈေးဆက်ငြိမ်နေကြောင်း သိရပါတယ်။ မတ်ပဲသီးနှံ၊ ကုလားပဲနဲ့ ပဲကြီးသီးနှံတို့မှာ ပဲဝင်ရောက်မှုအနည်းငယ်ရှိနေသေးသော်လည်း ကျန်ပဲများကတော့ ပဲလက်ကျန်လောက်သာရှိလို့ အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

မတ်ပဲသီးနှံမှာ ဇွန်အတွင်း တစ်ရက်ကို အိတ် ၅၀၀ ကျော်အထိ ဝယ်လိုအားလည်း ကောင်းခဲ့တာကြောင့် ပဲဈေးမှာလည်း လလယ်မှစ၍ တရိပ်ရိပ်မြင့်တက်လာခဲ့ပါတယ်။ မတ်ပဲတစ်တင်းလျှင် ကျပ် ၅၇၅၀၀ ဖြင့်ယခင်တစ်ပတ်ကထက် ဈေးပိုရလာခဲ့ပါတယ်။ လက်ကျန်ပဲနဲ့ လက်ဝယ်သိုလှောင်ထားရှိသူ တောင်သူများလည်း ဈေးအတက်ဘက်သို့ ရောက်ရှိလာလို့ ထုတ်ရောင်းချတာကိုလည်း တွေ့ရပါတယ်။ ဧပြီနဲ့မေအတွင်းက ပဲဈေးမှာ အတက်အကျသိပ်မဖြစ်ဘဲ ကျပ်ငါးသောင်းခွဲအောက်သာ ရရှိနေလို့ ဈေးကောင်းစောင့်နေခဲ့ကြတာကြောင့် အဲဒီအချိန်က အရောင်းအဝယ်သိပ်မဖြစ်ဘဲ ပုံမှန်သာအရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်နှစ်ကမေအတွင်း တစ်တင်းလေးသောင်းကျပ်ခန့်သာရရှိပြီး ဇွန်လလယ်မှစ၍ ဈေးမြင့်တက်လာခဲ့လို့ တစ်တင်း ကျပ် ၄၄၅၀၀အထိ ရရှိခဲ့ပါတယ်။ ဇူလိုင်၊ ဩဂုတ်လများတွင်လည်း ကျပ် ၄၅၀၀၀ နှုန်းဖြင့် အတက်အကျသိပ်မဖြစ်ဘဲ ရောင်းဝယ်ခဲ့ကြတာကြောင့် ယခုနှစ်ကတော့ ယခင်နှစ်နဲ့ နှိုင်းယှဉ်လျှင် ဇွန်လလယ်မှာကတည်းက ဈေးပိုရလာသလိုပဲဈေးမှာလည်း ပြည်ပ ဝယ်လိုအားပေါ်မူတည်၍ ဈေးအတက်အကျ ရှိနိုင်ကြောင်း သိရပါတယ်။ ဒါကြောင့် တချို့တောင်သူများကလည်း ယခုဈေးနဲ့ထုတ်ရောင်းချနေကြသလို အချို့တောင်သူများကလည်း ဈေးအတက်ကိုဆက်လက် စောင့်စားနေကြကြောင်း သိရှိရပါတယ်။

ပဲစင်းငုံသီးနှံမှာ ဝယ်လိုအားရှိသော်လည်း ပဲလက်ကျန်သိပ်မရှိလို့ နေ့စဉ် အရောင်းအဝယ်မဖြစ်ဘဲ ရန်ကုန်ဝယ်လက်ကရက်ခြားဝယ်ယူနေတာကြောင့် အရောင်းအဝယ်ဖြစ်သည့်ရက်တွင် အိတ် ၅၀၀ ကျော်အထိ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ ယခင်တစ်ပတ်က တစ်တင်းကျပ် ၄၉၃၀၀ ရရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာဈေးပြန်လျော့သွားလို့ တစ်တင်း ကျပ် ၄၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်နှစ်ကာလတူက မတ်ပဲနဲ့ ပဲစင်းငုံဈေးမှာ နှစ်မျိုးစလုံးဈေး ကောင်းရခဲ့လို့ ဈေးသိပ်ကွာခြားမှုမရှိဘဲ မတ်ပဲက ပဲစင်းငုံ သီးနှံထက် တစ်တင်း ကျပ်နှစ်ထောင်ကျော်ခန့်သာ ဈေးပို ရခဲ့ပေမယ့် ယခုနှစ်မှာတော့ မတ်ပဲဈေးက ပဲစင်းငုံဈေး ထက်တစ်တင်းကျပ်တစ်သောင်းနီးပါးပိုမြင့်ခဲ့ပါတယ်။

ကုလားပဲသီးနှံမှာလည်း ယခုတစ်ပတ်မှာ ဈေးအနည်းငယ်လျော့သွားလို့ တစ်တင်းကျပ် ၄၉၅၀၀ ခန့်သာရရှိပြီး ပဲခွဲစက်သမားများ ပုံမှန်ဝယ်ယူခဲ့ကြပါတယ်။ ဒါကြောင့် တစ်ရက်ကို အိတ် ၃၀၀ မှ ၄၀၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့သလို့ ပဲလက်ကျန်လည်းရှိခဲ့ကာ ပန်းတောင်း၊ မင်းတုန်း၊ ကံမမြို့နယ်များမှ ပဲအဝင်နေ့စဉ်ရှိနေခဲ့တာကို တွေ့ရပါတယ်။ ပြည်တွင်း အရောင်းအဝယ်သမားများနဲ့ ရောင်းဝယ်မှုများတဲ့ ပဲများအနက် ကုလားပဲသီးနှံဟာ ယခုနှစ်အတွင်းဈေးကောင်းခဲ့တဲ့သီးနှံဖြစ်ပါတယ်။ ယခင်နှစ်ဇွန်လအတွင်းက ကုလားပဲနဲ့ပဲကြီးသီးနှံဈေးမှာ ဈေးတူညီလုနီးပါးရရှိခဲ့ပြီး တစ်တင်းလျှင်ကျပ် ၅၀၀ မှ ၆၀၀ ခန့်သာ ဈေးကွာခြားခဲ့တာကို တွေ့ရပါတယ်။ ယခင်နှစ်က ကုလားပဲသီးနှံရဲ့ ဇွန်လအတွင်းက ဈေးနှုန်းမှာတစ်တင်း ကျပ် ၂၅၇၀၀ သာရရှိခဲ့ကြောင်း သိရပါတယ်။

ပဲကြီးသီးနှံဈေးနှုန်းမှာ ကုလားပဲသီးနှံကဲ့သို့ မဟုတ်ဘဲ ယခင်နှစ်နဲ့ယခုနှစ်ဈေး ကွာခြားမှု သိပ်မရှိဘဲ တစ်တင်း သုံးထောင်ကျပ်ခန့်သာပိုရပြီး အရောင်းအဝယ် ဖြစ်ခဲ့ကြပါတယ်။ ယခင်နှစ်ဇွန်လအတွင်းက ပဲကြီး (ရွှေကျွန်း) တစ်တင်း ကျပ် ၂၅၅၀၀၊(ကမ်းနား) ပဲတစ်တင်း ကျပ် ၂၄၅၀၀ သာရရှိခဲ့သလို ယခုနှစ်ဇွန်လအတွင်းမှာ(ရွှေကျွန်း) တစ်တင်းကျပ် ၂၈၀၀၀၊ (ကမ်းနား) ပဲတစ်တင်း ကျပ် ၂၆၀၀၀ နဲ့ ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲလှော်ဖိုသမားများက တစ်ရက်လျှင်အိတ် ၃၀၀ ကျော် ပုံမှန်ဝယ်ယူခဲ့ကြပါတယ်။ ပဲကြီးသီးနှံမှာလည်း ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပန်းတောင်းနယ်စုံမှ ဆက် လက်ဝင်ရောက်နေခဲ့တာကို တွေ့ရပါတယ်။

ပဲပုပ်သီးနှံနဲ့ ပဲနီပြားသီးနှံတို့မှာ လက်ကျန်ပဲများနဲ့ လက်လီသမားတွေ ပုံမှန်အဝယ်ရှိခဲ့ကြတဲ့ပဲများဖြစ်ခဲ့ကြပါ တယ်။ ပဲဈေးနှုန်းများမှာလည်း ပဲနီပြားတစ်တင်း ကျပ် ၂၅၀၀၀၊ ပဲပုပ်တစ်တင်း ကျပ် ၂၁၀၀၀ နဲ့ဈေးငြိမ်သလို အရောင်းအဝယ်လည်း အေးခဲ့ကြပါတယ်။ ဒါကြောင့် ဇွန်လ တတိယပတ်အတွင်း ပြည်ပဲဈေးကွက်မှာ မတ်ပဲသီးနှံက ဝယ်လိုအားကောင်းလို့ အရောင်းအဝယ်သွက်ခဲ့သလို ပဲစင်းငုံလည်းရက်ခြားအဝယ်ရှိခဲ့ပါတယ်။ ပဲကြီးနဲ့ ကုလားပဲသီးနှံများကတော့ ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ကျန်ပဲများမှာ လက်လီအနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရှိရပါတယ်။

**ခင်ဆွေဝင်း**

## ချင်း

### ရှမ်းချင်းအဟောင်းလက်ကျန်တွေများနေသော်လည်း ချင်းသစ် တွေတစ်လစောပြီး ဈေးကွက်သို့ဝင်

ရှမ်းပြည်နယ်တောင်ပိုင်းမှာ ဒီနှစ်က မိုးစောစောရွာလို့ ချင်းဥမတွေလည်း စောစောဖော်လို့ရပါတယ်။ ဒီတစ်ပတ် အောင်ပန်းဈေးကွက်သို့ ချင်း(ဥမ) အသစ်တွေစပြီးဝင်လာပြီလို့ သိရပါတယ်။ ချင်း(ဥမ) တွေက ဇူလိုင်မှသာစပြီးဝင်ရမှာဖြစ်ပေမယ့် ဒီနှစ်က မိုးစောလို့ တစ်လစောပြီး ဝင်လာတာဖြစ်တယ်လို့ သိရပါတယ်။ စပြီးဝင်ကာစဖြစ်လို့ အဝင်ကတော့သိပ်ပြီးမများသေးပါဘူး၊ အဟောင်းလက်ကျန်တွေကလည်း များနေသေးလို့ ဈေးကွက်မှာတော့ အဟောင်းတွေသာ အရောင်းအဝယ်ဖြစ်နေတယ်လို့လည်း ဈေးကွက်မှသိရပါတယ်။

အရောင်းအဝယ်ကတော့ ပုံမှန်သာရှိနေပြီး ဈေးပတ်သမားတွေသာ အဝယ်ရှိနေပါတယ်။ ချင်းထိုးသမား တွေသာ အဝယ်များနေပြီး တစ်ရက်ကို ပိဿာချိန် ၆၀၀ မှ ၈၀၀ ခန့် ရောင်းရတယ်လို့ ဆိုပါတယ်။ အဓိကဝယ်လက်တွေကတော့ ရန်ကုန်၊ တပ်ကုန်း၊ စစ်တွေ၊ ပြည်စတဲ့မြို့တွေမှဖြစ်ပါတယ်။ ချင်းထိုးဖို့အတွက် ပယ်ချင်းလို့ခေါ်တဲ့ညှံ့စတွေ ကိုပိုပြီးဝယ်ယူကြတယ်လို့လည်း သိရပါတယ်။ ဒီနှစ်တစ်နှစ်လုံးလည်းချင်းကို ပြည်ပဝယ်လက်ကမဝယ်တာကြောင့် လက်ကျန်ချင်းတွေလည်း များပါတယ်။ ချင်း(ဥမ) တွေပေါ်လာရင် ပစ္စည်းလက်ကျန်က ယခုထက်များလာနိုင်တာကြောင့် ချင်းစိုက်တောင်သူရော၊ ချင်းပွဲရုံတွေကပါ ပြည်ပဝယ်လက်ကို မျှော်နေကြပါတယ်။

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်းတစ်ပိဿာ ပေါက်ဈေးမှာ ချင်း(ဥမ) အသစ် အနိမ့်ဆုံးကျပ် ၃၅၀ မှ အမြင့်ဆုံးကျပ် ၄၀၀ ရှိပြီး၊ ချင်းဟောင်းကတော့ အနိမ့်ဆုံးကျပ် ၂၀၀ မှ အမြင့်ဆုံးကျပ် ၅၀၀ ဈေးရှိပါတယ်။ တစ်ပတ်အတွင်းချင်း(စို) ပိဿာချိန်ပေါင်း တစ်သိန်းနှစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ချင်းခြောက်တစ်ပိဿာလျှင် ကျပ် ၁၅၀၀ မှ ကျပ် ၁၇၀၀ ဈေးရှိပြီး အရောင်းအဝယ်အေးနေတယ်လို့သိရပါတယ်။

**ဇေခိုင်(တောင်ကြီး)**

### ပြည်ချင်းဈေးကွက်မှာ ချင်းအဝင်နည်း

ဒီတစ်ပတ်ပြည်ချင်းဈေးကွက်မှာ ချင်းအဝင်နည်းလာသလိုအရောင်းအဝယ်လည်းပါးနေပါတယ်။ တစ်ပတ်ကို ပိဿာ ၃၀ ဝင် ငါးအိတ်လောက်သာအဝင်ရှိပြီး၊ အဝင်နည်းသလို အရောင်းအဝယ်မှာလည်း အေးနေပါတယ်။ ယခင်ကတစ်နေ့ကို ၁၀ အိတ်ခန့်အဝင်ရှိပြီး ယခုသုံးအိတ်ခန့်ရက်ခြားသာ အဝင်ရှိတယ်လို့ချင်း ပွဲရုံမှတစ်ဆင့်သိရပါတယ်။ ဈေးနှုန်းအားဖြင့်လည်း ယခင်တစ်ပတ်အတိုင်းရှိပြီး၊ ချင်းတစ်ပိဿာကို (ရှယ်) ကျပ် ၁၀၀၀ မှ ၁၂၀၀၊ (ဂွန်) ကျပ် ၇၀၀ မှ ၈၀၀တို့နဲ့ အရောင်းအဝယ်အေးလျက်ရှိပါတယ်။ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့သို့လည်း စားသုံးမှုအဖြစ် တစ်နေ့လျှင် ပိဿာချိန် ၃၀၀ ခန့်တင်ပို့လျက်ရှိတယ်လို့ သိရပါတယ်။

**ဝင်းဝင်းခိုင်**

## နနွင်း

### အောင်ပန်းဈေးကွက်မှာ နနွင်းအရောင်းအဝယ်ဖြစ်နေ

ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာ နနွင်းက အရောင်းအဝယ်ဖြစ်နေတုန်းပါပဲ။ စစ်တွေ၊ တောင်ကုတ်နဲ့မူဆယ်ဝယ်လက်တွေကနားနေပေမယ့် ပြည်တွင်းလှောင်လက်တွေဖြစ်တဲ့ ရန်ကုန်၊ ပြည်၊ မုံရွာကတော့ ပုံမှန်ဝယ်နေသလို ဈေးပတ်ဖြစ်တဲ့နေပြည်တော်ကလည်း ဝယ်နေတာကြောင့် အရောင်းအဝယ်ပုံမှန်ဖြစ်နေတယ်လို့ သိရပါတယ်။ လှောင်လက်တွေကတော့ ဆင်တောင်နနွင်းကိုပိုပြီးဝယ်ပေမယ့် ဈေးပတ်သမားတွေကတော့ ခြင်ဆေးခွေနဲ့အမှုန့်ကြိတ်ဖို့အတွက် လတ်(စ) တွေကိုဝယ်ယူကြပါတယ်။ တစ်ပတ်အတွင်း နနွင်းပိဿာချိန်ပေါင်း ငါးသောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဆင်တောင်နနွင်းကိုတော့ ဝယ်လက်တွေက ခြံတွေမှာကိုယ်တိုင်အထိုင်ချပြီး ဝယ်ယူနေလို့ ဈေးကွက်ကိုသိပ်ပြီးမဝင်လာတော့ဘူးလို့လည်း သိရပါတယ်။

ဒီတစ်ပတ် နနွင်းတစ်ပိဿာပေါက်ဈေးက (လတ်စ)ဆိုရင် ကျပ် ၁၂၀၀ မှ ၁၇၀၀ ကျပ်ဈေးရှိပြီး ဆင်တောင်နနွင်းကတော့ ကျပ် ၂၅၀၀ ဈေးရှိတယ်လို့ ဈေးကွက်မှ သိရှိရပါတယ်။

**ဇေခိုင်(တောင်ကြီး)**

### မူဆယ်မှ နနွင်းတက် တန်ချိန် ၇၀ ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇွန်လ ၁၁ ရက် မှ ၁၇ ရက်တာကာလအတွင်း အမေရိကန်ဒေါ်လာ ၅၅၂၁၃ တန်ဖိုးရှိ နနွင်းတက်(ရှမ်းစ) ၇၁ တန်ခွဲတင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ တန် ၁၁၀ ခွဲနဲ့ မြဝတီမှ ၇ တန်ခွဲ တင်ပို့ခဲ့လို့ ယခုတစ်ပတ်နနွင်းတက် တင်ပို့မှုအနည်းငယ်လျော့ကျသွားတယ်လို့ ဆိုရပါမယ်။ မူဆယ်ကုန်စည်ဒိုင်ရဲ့ နနွင်းတက် တစ်တန် မိမိဘက်ပေါက်ဈေးဟာ (ငွေလဲနှုန်းအရ) ဇွန် ၁၀ ရက်က ၉၂၄၅၇၅ ကျပ်ရှိခဲ့ပြီး ဇွန် ၁၇ ရက်မှာတော့ ၉၁၇၁၉၀ ကျပ်သို့ ဈေးကျဆင်းခဲ့ပါတယ်။ မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်ပြည်ကို တင်ပို့တဲ့နနွင်းအမျိုးအစားကတော့(ရှမ်းစ)များဖြစ်ပြီး တစ်ဖက်တရုတ်နိုင်ငံမှာ ဆေးဝါးကုန်ကြမ်းအဖြစ် အသုံးပြုကြတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## မန်ကျည်း

### ပြည်မန်ကျည်းပွဲရုံများတွင် မန်ကျည်းမှည့်ဈေးငြိမ်လျက်ရှိ

ပြည်မန်ကျည်းပွဲရုံများတွင် လှောင်လက်မန်ကျည်းမှည့်များသာရှိ နေပြီး၊ ဈေးနှုန်းမှာ လုံးဝကျဆင်းမှုမရှိ ဘဲ ဈေးငြိမ်လျက်ရှိနေပါတယ်။ ဒေသတွင်းသုံးစွဲမှုအနည်းငယ်ကြောင့်သာ အရောင်းအဝယ်ရှိပြီးဈေးကွက်အေး နေတယ်လို့သိရပါတယ်။ မိုးတွင်းကာလဖြစ်လို့ ဈေးကွက်အတွင်းမှာ စားသုံးမှုနည်းပါးနေတာကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ် နည်းနေကြောင်း သိရပါတယ်။ မန်ကျည်းမှည့်တစ်ပိဿာ (ပွဲရုံဈေး) ကျပ် ၁၄၀၀ နှင့်(လက်လီ) ကျပ် ၁၆၀၀ တို့ဖြင့် ဈေးငြိမ်ကာ အရောင်းအဝယ်အေးလျက်ရှိပါတယ်။

**နီနီဝင်း**

## ပရဆေး

### ပရဆေးကုန်ကြမ်း အမယ်စုံတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ဇွန် ၁၁ ရက်မှ ၁၇ ရက်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၇၇၂ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်း ၆၁၃ တန်ခွဲကို တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးကုန်ကြမ်းတွေကတော့ ဆေးမြင်းခွာ၊ မာလာဥ၊ မာလာဥခေါင်း၊ စမုံနက်၊ တောဂျင်း၊ ဂျင်းခြောက်၊ ဝဥခြောက်၊ ဖန်ခါးသီးခြောက်၊ ချဉ်ပေါင်ဖာလာ၊ ကြောင်လျှာစေ့၊ နေလဲစေ့၊ မိကျောင်း ကွမ်းဖတ်စေ့၊ နနွင်းခေါင်း၊ တောင်လုံးကျော်၊ ဆီးဆန်၊ ကွမ်းစားဂမုန်းနဲ့ ဒရင်ကောက်မြစ်တို့ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ၅၅၆ တန်သာတင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ်မှာ ပရဆေး ၅၇ တန်ခွဲ ပိုမိုတင်ပို့လာတာတွေ့ရပါတယ်။ မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ပရဆေးကုန်ကြမ်းတွေကို တရုတ်နိုင်ငံမှာ လိုအပ်သလို အသုံးပြုကြရာ ဝဥကိုဆေးဝါးနဲ့ စားသောက်ကုန်လုပ်ငန်းမှာ လည်းကောင်း၊ မိကျောင်းကွမ်းဖတ်စေ့ကို တရုတ်တိုင်းရင်းဆေး ဖော်စပ်ရာမှာလည်းကောင်း၊ ချဉ်ပေါင်ဖာလာကို ဟင်းခတ်အမွှေးအကြိုင်နဲ့ ဆေးဖော်စပ်ရာမှာလည်းကောင်း၊ ဆီးဆန်ကို အိမ်သုံးဆေးနဲ့ နှလုံးရောဂါအတွက် ပဋိဇီဝဆေးဖော်စပ်တဲ့နေရာမှာ ကုန်ကြမ်းအနေနဲ့လည်းကောင်း အသီးသီးထည့်သွင်းအသုံးပြုကြတာလို့ သိရပါတယ်။ ပရဆေးကုန်ကြမ်းကို ပြည်ပသို့တင်ပို့သလို ပြည်ပမှလည်း တင်သွင်းနေတာတွေ့ရပါတယ်။ မြန်မာ - အိန္ဒိယနယ်စပ်ရှိ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၆၈၁၆၅ တန်ဖိုးရှိ တောင်လုံးကျော် သုံးတန်ခွဲနဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၈၀၀၀ တန်ဖိုးရှိ တောင်လုံးကျော် တန်ဝက်ခန့် တင်သွင်းခဲ့ပါတယ်။

**မော်မော်အောင်**

## ကြက်သွန်

### ပြည်ကြက်သွန်နီဈေး ဆက်လက်ငြိမ်

ပြည်ကြက်သွန်နီဈေးကွက်မှာ ကြက်သွန်နီဈေးနှုန်းများ မေစတုတ္ထပတ်မှစ၍ ယခုအချိန်အထိ ဈေးငြိမ်နေတာတွေ့ရပါတယ်။ စားသုံးသူအနေနဲ့ ယခု လက်ရှိဈေးနှုန်းမှာ သင့်တင့်မှုရှိကြောင်း၊ စိုက်ပျိုးသူ တောင်သူနဲ့ ပွဲရုံလုပ်ငန်းရှင်များအနေနဲ့လည်း ကြက်သွန်နီလှိုင်လှိုင်ပေါ်ထွက်ချိန် မတ်၊ ဧပြီများနှင့်နှိုင်းယှဉ်လျှင် ဈေးကောင်းရလျက်ရှိကြောင်း သိရပါတယ်။

ဈေးနှုန်းအားဖြင့် ပွဲရုံများ၌ လက်ကား တစ်ပိဿာလျှင်(ကြီး) ကျပ် ၆၀၀၊ (လတ်) ကျပ် ၅၅၀၊ (သေး) ကျပ် ၅၀၀ နဲ့ လက်လီ တစ်ပိဿာလျှင် (ရှယ်သန့်) ကျပ် ၈၀၀၊ (လတ်) ကျပ် ၇၅၀၊ (လတ်) ကျပ် ၇၀၀၊ (သေး) ကျပ် ၆၀၀ တို့နဲ့ဈေးငြိမ်လျက်ရှိနေပါတယ်။ ဆိပ်ဖြူ ရေနံချောင်း၊ တောင်တွင်း၊ ကျောက်ပန်းတောင်းမြို့နယ်များမှ ပုံမှန်ဝင်ရောက် မှုရှိနေပြီး ဒေသတွင်းပုံမှန်ဝယ်လက်များဖြင့် တစ်နေ့ကိုအိတ် ၂၅၀ - ၃၀၀ ခန့်နဲ့ အရောင်း အဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

### ဒေသတွင်းပုံမှန်အရောင်းအဝယ်ဖြစ်တဲ့ ကြက်သွန်ဖြူဈေးငြိမ်လျက်ရှိ

ဇွန်(စတုတ္ထပတ်) အတွင်း ကြက်သွန်ဖြူ (ပွဲရုံ)များတွင် ကြက်သွန်ဖြူအိတ်တွေ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း တွေ့ရပါတယ်။ ကြက်သွန်ဖြူထွက်ရှိရာ ရှမ်းပြည်နယ်တောင်ပိုင်းမှ တာချီလိတ်၊ ကျိုင်းတုံသို့အပတ်စဉ် တင်ပို့လျက်ရှိပြီး တိုင်းအတွင်း ပုံမှန်ဝင်ရောက်လျက်ရှိပါတယ်။ တရုတ်နိုင်ငံမှ ဝင်ရောက်လာတဲ့ (ကြူကုတ်) အစများလည်း ဈေးကွက်မှာပုံမှန်ဝင်ရောက်နေခြင်းကြောင့် ဈေးငြိမ်လျက်ရှိနေပါတယ်။ ဒေသတွင်း အရောင်းအဝယ်မှာလည်း ပုံမှန်အတိုင်းသာ အရောင်းအဝယ်ဖြစ်နေပါတယ်။

ယခုတစ်ပတ် ကြက်သွန်ဖြူတစ်ပိဿာဈေး(ပွဲရုံ) (ရှမ်း) ကျပ် ၃၇၀၀ နှင့်(ကြူကုတ်) ကျပ် ၃၂၀၀ ဈေးတို့ ဖြစ်ပြီး(ကြူကုတ်) စ တစ်ပိဿာပေါ်တွင် ကျပ် ၁၀၀ ထပ်မံ ကျလာတာတွေ့ရပါတယ်။ ဒေသတွင်း လက်လီတစ်ပိဿာဈေးကတော့(ရှမ်း) ကျပ် ၄၀၀၀ နှင့် (ကြူကုတ်) ကျပ် ၃၈၀၀ ဈေးဖြင့် အကျမရှိဘဲ ဈေးငြိမ်ကာ ဆက်လက်ရောင်းဝယ်နေကြောင်း တွေ့ရပါတယ်။

**နီနီဝင်း**

### ပခုက္ကူဈေးကွက် ကြက်သွန်နီ အဝင်နည်းသလို ဈေးလည်းကျဆင်း

ပခုက္ကူကြက်သွန်နီဈေးကွက်တွင် ဇွန်လအတွင်း ဆောင်းစိုက်(ပင်စိုက်)ကြက်သွန်နီများ ဈေးအနည်းငယ် ကျလာတာနဲ့အမျှ အရောင်းအဝယ်အနည်းငယ် အေးလာတာကို တွေ့ရပါတယ်။ ဇွန်လအတွင်း ကြက်သွန်နီဆောင်းစိုက်(ပင်စိုက်) များ ဈေးမှာထိပ်စ တစ်ပိဿာလျှင် ကျပ် ၅၈၀ ရှိ၍ အလတ်စ တစ်ပိဿာလျှင်ကျပ် ၅၀၀ နဲ့ အောက်စ တစ်ပိဿာလျှင်ကျပ် ၄၀၀ အထိဈေးအမြင့်ရရှိခဲ့ပြီး နေ့စဉ် ပိဿာချိန် (၈၀၀၀၀ မှ ၁၀၀၀၀၀)အထိ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ဇွန်လဆန်းပိုင်းတွင် ဈေးနှုန်းစတင်ကျဆင်းလာခဲ့ရာ ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၅၅၀ ရှိ၍ ဇွန်လဒုတိယပတ်နှင့်တတိယပတ်များတွင် ထိပ်စ တစ်ပိဿာလျှင်ကျပ် ၅၂၅၊ ဇွန်လနောက်ဆုံးပတ်တွင် ကြက်သွန်နီတစ်ပိဿာလျှင် ထိပ်စ ကျပ် ၄၈၀၊ အလတ်စ ကျပ် ၄၀၀ နှင့် အောက်စ ကျပ် ၃၇၅ အထိ တဖြေးဖြေး ကျဆင်းလာခဲ့ရာ အဝင်မှာ လည်း နေ့စဉ်ပိဿာချိန်(၂၀၀၀၀ မှ ၃၀၀၀၀) ကြားသာဝင်ရောက်နေခဲ့ပါတယ်။ ယခုလိုဈေးကျလာခြင်းမှာ ကြက်သွန်နီရဲ့ အရည်အသွေးကြောင့်ဖြစ်သလို ကြက်သွန်နီစိုက်တောင်သူများနှင့် ကြက်သွန်နီသိုလှောင်ထားသူများမှ ဈေးနှုန်းကျ ဆင်းခြင်းကြောင့် တွက်ခြေမကိုက် အကျိုးအမြတ်ဖြစ်ထွန်းမှုနည်းပါ၍ တက်ဈေးကို မျှော်မှန်းကာ အထုတ်နည်းပါးခြင်းဖြစ်ကြောင်း သတင်းရရှိပါတယ်။

**ချယ်ရီမြင့် (ပခုက္ကူ)**

Vol: 16, No.23 Monday June 27 2016

# ပစိဖိတ်သမုဒ္ဒရာထွက်ပေါက်အဖြစ် အရေးပါလာမည့် လင်ချန်း-ချင်းရွှေဟော် နယ်စပ်စစ်ဆေးရေးဂိတ် မဟာဗျူဟာဖွံ့ဖြိုးရေးစီမံကိန်း စတင်ဆောင်ရွက်တော့မည်




ရှမ်းပြည်နယ်၏ အရှေ့မြောက်ဘက်ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းနှင့် ကပ်လျက်ရှိသော တရုတ်နိုင်ငံ၊ ယူနန်ပြည် နယ်၊ လင်ချန်းနယ်စပ်စီးပွားရေး ပူးပေါင်းမှုဇုန်၊ မိန်းတိန် တရုတ်-မြန်မာ နယ်စပ်စီးပွားရေးဇုန်၊ ချင်းရွှေဟော်နယ်စပ် စစ်ဆေးရေး ဂိတ်အား တရုတ်-မြန်မာ-ဘင်္ဂလားဒေ့ရှ်-အိန္ဒိယလေးနိုင်ငံ စီးပွားရေး လမ်းကြောင်းအတွက် ရည်ရွယ်တည်ဆောက်နေခြင်း ဖြစ်ပါသည်။ တရုတ်နိုင်ငံအနောက်တောင်ဘက်ခြမ်းမှ တောင်အာရှနှင့် အရှေ့တောင်အာရှသို့ ဖြာထွက်မှုဗဟိုအဖြစ် သတ်မှတ်ရွေးချယ်ထားပါသည်။ အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများ အနေဖြင့် ကူမင်း-ချင်းရွှေဟော်-ကျောက်ဖြူ ရထားလမ်း၊ တာလိ-လင်ချန်း အမြန်လမ်းမနှင့် ချန်းယွင်လေဆိပ်တို့ ပါဝင်နေပြီး တည်ဆောက်လျက်ရှိနေပါသည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်တွင် တရုတ်နိုင်ငံ၊ နိုင်ငံတော် ကောင်စီမှ ချင်းရွှေဟော်နယ်စပ်ဂိတ်အား အထူးနယ်စပ်ဂိတ် အဖြစ် တည်ဆောက်ရန် ရန်ပုံငွေ ခွင့်ပြုထားခဲ့ပါသည်။ ချင်းရွှေဟော် နယ်စပ်ဂိတ်အား တရုတ်နိုင်ငံအတွက် စားနပ်ရိက္ခာ အဓိက တင်သွင်းရန် ရည်ရွယ်ခွင့်ပြုဆောင်ရွက်ခဲ့ပါသည်။ ကူမင်းအကောက်ခွန်စာရင်းအရ မိန်းတိန် (ချင်းရွှေဟော်ဂိတ်) မှ ကုန်စည်ဝင်/ ထွက်မှုပမာဏမှာ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်းကုန်တန်ချိန် ရှစ်သောင်းမှ ရှစ်သိန်း အထိ တိုးတက်လာခဲ့ပြီး ယာဉ်ဝင်/ယာဉ်ထွက် ပမာဏမှာလည်း စီးရေ ၆၈၀၀၀ မှ ၂၈၀၀၀၀ အထိ လေးဆကျော် တိုးတက်လာခဲ့ပါသည်။ ချင်းရွှေဟော်နယ်စပ်၊ လင်ချန်းနယ်စပ် စီးပွားရေးပူးပေါင်းမှုဇုန်အား ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလမှစ၍ အထူး အလေးပေးအမြန် တည်ဆောက်လျက်ရှိပါသည်။ ၎င်းဇုန်တွင် ထုတ်ကုန်သွင်းကုန် စီးပွားရေးဇုန်၊ အထွေထွေစီးပွားရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းဇုန်၊ ကုန်ပစ္စည်းထိန်းသိမ်း သိုလှောင်ရေးဇုန်၊ ရောင်းဝယ်ရေးနှင့်စစ်ဆေးရေးဇုန်၊ အထွေထွေအခွန် ကင်းလွတ်ခွင့်ဇုန်နှင့် ဈေးဆိုင်ခန်းများဇုန်ဟူ၍ပါရှိပါသည်။ ဇုန်ဧရိယာ ၄ ဒသမ ၂၃ စတုရန်းကီလိုမီတာ ကျယ်ဝန်းပါသည်။ သိုလှောင်ရေးနှင့် ကုန်ပစ္စည်းစစ်ဆေးရေးဇုန် သုံးခုကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

ဦးစားပေးလုပ်ငန်းအဖြစ် တရုတ်-မြန်မာနယ်စပ် ဆက်စပ်လမ်းမကြီး တည်ဆောက်ရေးဖြစ်ပြီး လမ်းအကျယ် ၄၃ မီတာ နှင့် ၄ ဒသမ ၃ ကီလိုမီတာ ရှည်လျားပါသည်။ထို့နောက် တရုတ်- မြန်မာလမ်းမကြီးအား ပစိဖိတ်သမုဒ္ဒရာသို့ ထွက်ပေါက်အဖြစ် ကူမင်း-လင်ချန်း-ချင်းရွှေဟော်မှ တစ်ဆင့် မြန်မာနိုင်ငံကို ဖြတ်သန်း၍ ဖောက်လုပ်သွားရန် ရည်ရွယ်ထားပါသည်။ အဆိုပါ လမ်းမကြီး တည်ဆောက်ရာတွင် ကွမ်းလုံတံတားသစ် တည်ဆောက် ရေးလည်း ပါဝင်ပြီး ယခုနှစ်အတွင်း စတင်ဆောက်လုပ်မည်ဖြစ်ကာ ဆောက်လုပ်ချိန် တစ်နှစ်ခန့်ကြာမြင့်မည် ဖြစ်ပါသည်။ ရထားလမ်း၊ ကားလမ်း၊ လေကြောင်းလမ်းသုံးခုစလုံးဆောင်ရွက်နေပါသည်။ ကူမင်း-လင်ချန်း ရထားလမ်းပိုင်းမှာ ဖောက်လုပ်ပြီးစီးပြီဖြစ်ကာ ဆက်လက်၍ လင်ချန်း-ချင်းရွှေဟော် လမ်းပိုင်း ဖောက်လုပ် လျက်ရှိရာ ၂၀၂၀ ပြည့်နှစ်တွင် ပြီးစီးမည်ဖြစ်ပါသည်။ ကူမင်း-လင်ချန်းအဝေးပြေးလမ်းအား ၂၀၁၅ တွင် ဖွင့်လှစ်ပြီးစီးခဲ့ပြီး လင်ချန်း-ချင်းရွှေဟော် အမြန်လမ်းပိုင်းအား ရထားလမ်းနှင့်အတူ ၂၀၂၀ ပြည့်နှစ်တွင် တစ်ပြိုင်တည်းပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိပါသည်။ လင်ချန်းတွင် လေယာဉ်ကွင်းရှိပြီဖြစ်ပြီး ချန်းယွင်လေဆိပ် ထပ်မံတည်ဆောက်မှုမှာ ယခုနှစ်ကုန်တွင် ပြီးစီးမည်ဖြစ်ပါသည်။ မိန်းတိန် လေဆိပ်ဆောက်လုပ်ခွင့်ကိုလည်း တင်ပြထားပြီး ၂၀၂၀ ပြည့်နှစ်တွင်အပြီး ဆောက်လုပ်သွားမည်ဖြစ်ပါသည်။ ချင်းရွှေဟော်-လားရှိုးလမ်းပိုင်းအတွက် မီးရထားလမ်းနဲ့ ကားလမ်းဖောက်လုပ်ရန် အစီအစဉ်လည်း ရှိပါသည်။

လတ်တလောအခြေအနေ၌ ချင်းရွှေဟော်နယ်စပ်စီးပွားရေးဇုန်၊ မိန်းတိန် တရုတ်-မြန်မာ နယ်စပ် စီးပွားရေးဇုန်၊ ချင်းရွှေဟော်နယ်စပ် စစ်ဆေးရေးဂိတ်တွင် စက်ရုံများတည်ဆောက်ပြီး ဆောက်လုပ်ရေးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများ တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ တရုတ်နိုင်ငံအနေဖြင့် ချင်းရွှေဟော်နယ်စပ်ဂိတ်အား ၁၉၉၁ ခုနှစ် တွင် ယူနန်ပြည်နယ် အစိုးရ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ခဲ့ ပါသည်။ ၂၀၀၄ ခုနှစ်တွင် ပထမအဆင့် နယ်စပ်ဂိတ်အဖြစ် သတ်မှတ်ပေးခဲ့ပြီး ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလတွင် နိုင်ငံတော်ကောင်စီမှ ကွင်းဆင်းစစ်ဆေးကာ တရားဝင်ခွင့်ပြုခဲ့ပါသည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်မှုဆောင်ရွက်ရာတွင် တရုတ်နိုင်ငံသည် ပထမဆုံးဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးကို ၁၉၅၀ ခုနှစ် ဇွန်လ ၈ ရက် တွင် စ တင်ခဲ့ပါသည်။ နှစ်နိုင်ငံ အထွေထွေကုန်သွယ်ရေး သဘောတူစာချုပ်ကို ၁၉၇၁ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် လည်းကောင်း၊ ကော်ပိုရေးရှင်းအဆင့် နယ်စပ်ကုန်သွယ်ရေး သဘောတူစာချုပ်ကို ၁၉၉၄ ခုနှစ်၊ ဩဂုတ် ၅ ရက်တွင်လည်းကောင်း၊ နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေး ဆိုင်ရာ နားလည်မှု စာချွန်လွှာကို ၁၉၉၄ ခုနှစ် ဩဂုတ် ၅ ရက်တွင် လည်းကောင်း အသီးသီးချုပ်ဆို နိုင်ခဲ့ပါသည်။ ထို့ပြင် မြန်မာ-တရုတ် နယ်စပ်ဒေသ များ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်ကို ၁၉၉၇ ခုနှစ် မတ် ၂၅ ရက်နေ့တွင် ချုပ်ဆိုနိုင်ခဲ့ပြီး တရုတ် နိုင်ငံ၊ ယူနန်ပြည်နယ် သွင်းကုန်ထုတ်ကုန် ကော်ပိုရေးရှင်းနဲ့ မြန်မာ့ ပို့ကုန်သွင်းကုန် ကော်ပိုရေးရှင်းတို့ နယ်စပ်ကုန်သွယ်ရေးစတင် ဆောင်ရွက်ရန် ၁၉၉၈ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် သဘော တူခဲ့ကြပါသည်။ ယခုလက်ရှိ မြန်မာနိုင်ငံ ကုန်သွယ်ရေးစခန်းများ အနက် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းသည် တတိယ ကုန်သွယ်မှု ပမာဏအများဆုံး ကုန်သွယ်ရေးစခန်း တစ်ခု ဖြစ်ပါသည်။ နောင် လာမည့်ကာလများတွင် စီမံကိန်းများ အကောင်အထည်ပေါ်လာပြီး ဖွံ့ဖြိုး တိုးတက်လာမည့် အခွင့်အလမ်းကောင်းများ ရှိနေပြီး ရှေ့သို့တက်လှမ်းနိုင်မည့် ကုန်သွယ်ရေးစခန်း တစ်ခု ဖြစ်လာနိုင်ပါကြောင်း တင်ပြလိုက်ရပါသည်။

**ကုန်သွယ်ရေးစခန်း (ချင်းရွှေဟော်)**

## အရည်အသွေးကောင်းမွန်သော ပဲတီစိမ်းများကို အီးယူသို့ တင်ပို့မည်

ပဲပင်ပေါက်ဖောက်ရန် အရည်အသွေး ပြည့်မီ ကောင်းမွန်သော မြန်မာနိုင်ငံမှ ပဲတီစိမ်းများကို ဥရောပ သမဂ္ဂနိုင်ငံများသို့ တင်ပို့ရန် သဘောတူလက်မှတ်ရေး ထိုးနိုင်တဲ့အဆင့်ကို ရောက်ရှိနေပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာ နှစ်မှာ ပဲတီစိမ်းတန်ချိန် ၁၅၀၀၀ မှ ၂၀၀၀၀ ဝန်းကျင် အထိ တင်ပို့သွားဖို့ မျှော်မှန်းထားကြောင်း၊ တစ်တန်ကို ဒေါ်လာ ၁၆၀၀ နှုန်းနဲ့ ဈေးနှုန်းကမ်းလှမ်းထားပြီး တရုတ်၊ အိန္ဒိယနဲ့ အခြားအာဆီယံနိုင်ငံများကပေးတဲ့ ဈေးထက် ဒေါ်လာ ၂၀၀ ခန့်မြင့်တယ်လို့ မြန်မာနိုင်ငံ ပဲနှမ်းကုန်သည် အသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောကြားခဲ့ပါတယ်။

ဥရောပသမဂ္ဂမှ ကျွမ်းကျင်ပညာရှင်များက စိုက် ပျိုးချိန်မှစပြီး ရိတ်သိမ်းခြွေလှေ့သည်အထိ အဆင့် များတွင် လိုက်နာရမယ့် နည်းပညာရော အသိပညာပါ မျှဝေပေးပြီး လာမယ့် နှစ်နှစ်အတွင်းမှာ အရည်အသွေးကောင်း စံချိန်မီ ပဲတီစိမ်းများတင်ပို့နိုင်ရေး ကူညီပံ့ပိုးပေး လျက်ရှိနေပါတယ်။

**CMK**

## ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွာငံမြို့နယ်မှ ကော်ဖီများအားနိုင်ငံခြားသို့တင်ပို့

ရှမ်းပြည်နယ်(တောင်ပိုင်း)ရွာငံမြို့နယ်၊ ဗထူးခန်းမတွင် မြန်မာနိုင်ငံ၏ ဒုတိယအကြိမ်မြောက် ကော်ဖီအရည်အသွေး အကဲဖြတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၂၁ ရက်က ကျင်းပပြုလုပ်ခဲ့ပါသည်။

၂၀၁၆ခုနှစ် ကော်ဖီအရည်အသွေး အကဲဖြတ်ပြိုင်ပွဲကို အမေရိကန်ပြည်ထောင်စု နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ USAID ၏ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်စည်တန်ဖိုးမြှင့် ကွင်းဆက်စီမံကိန်း၏ကူညီမှုအရ မြန်မာနိုင်ငံကော်ဖီ အသင်းမှ ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်ပါသည်။

ယခုနှစ်ပါဝင်ယှဉ်ပြိုင်သော ကော်ဖီနမူနာ၆၀တွင် ၅၆ခု မှာ အထူးတန်းဝင် ကော်ဖီအဖြစ် အရည်အသွေးမီသည်ဟု သတ်မှတ်ခံခဲ့ရပါသည်။ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရ ကော်ဖီပညာရှင်များက အထူးတန်းဝင်ကော်ဖီအဖြစ် သတ်မှတ်ပေးလိုက်ခြင်းသည် အကျိုးအမြတ်များသော ကမ္ဘာ့အထူးတန်းဝင်ကော်ဖီဈေးကွက်တွင် တောင်သူများအထူးတန်းဈေးရရှိရန် အရေးပါသော အရည်အသွေး ဖော်ပြချက်မှတ်တိုင်တစ်ခုသို့ ရောက်ရှိခြင်းဖြစ်ပါသည်။

ကော်ဖီအရည်အသွေး အကဲဖြတ်ပြိုင်ပွဲအပြီးတွင် အမေရိကန်ပြည်ထောင်စုသို့ တင်ပို့ရန် ဆုရတောင်သူများထံမှ ကော်ဖီ ၁၀တန်နှင့် ဆုရစီးပွားဖြစ် ကော်ဖီခြံများထံမှ ကော်ဖီ ၂၆ တန်ကို ဝါရှင်တန်ပြည်နယ် Seattle အခြေစိုက် သွင်းကုန်ကုမ္ပဏီတစ်ခုက ဝယ်ယူခဲ့ကြောင်း သိရှိရပါတယ်။ အဲဒီလို အရည်အသွေးပိုမို မြင့်မားလာသော ကော်ဖီများအတွက် ဈေးနှုန်းမှာ ပြည်တွင်းဈေးကွက်တွင် ရရှိနိုင်သော ပျမ်းမျှဈေးနှုန်းထက် သုံးဆနီးပါး ပိုမိုရရှိခဲ့ပြီး ဒေသခံစိုက်ပျိုးထုတ်လုပ်သူ တောင်သူများအနေဖြင့်လည်း ယခင်နှစ်က ကော်ဖီတစ်ပိဿာ ကျပ် ၃၀၀-၃၅၀မှ ယခုနှစ်ခူးဆွတ် ရောင်းချရာတွင် တစ်ပိဿာ ကျပ် ၇၀၀ အထိရရှိသဖြင့် တောင်သူများ ဝင်ငွေပိုမိုရရှိလျက်ရှိကြောင်း တင်ပြလိုက်ရပါတယ်။

**အောင်ကျော်**

# ဓာတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ် ဒီဇယ်၊ ဓာတ်ဆီအဝင် များစွာလျော့

ဇွန် ၁၂ ရက်မှ ၁၈ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ကန်ဒေါ်လာ ၅၇၉၄၉၆၀ တန်ဖိုးရှိ ဒီဇယ်၁၆၉ တန်နဲ့ ကန်ဒေါ်လာ ၂၀၅၈၇၇၀ တန်ဖိုးရှိ ဓာတ်ဆီ ၄၄ ဒသမ ၆၀၆ တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ 92၊ 95 နဲ့ အဆင့်မြင့်ဒီဇယ်တို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဒီဇယ်အဝင်မှာ ၂၇၅ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် ၁၀၆ တန်ကျော် တင်သွင်းမှုလျော့ခဲ့ပြီး ယခင်တစ်ပတ် ဓာတ်ဆီအဝင်မှာ တန်ချိန် ၄၇၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၄၂၀ ကျော် တင်သွင်းမှုလျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီ၊ ဒီဇယ်အဝင် များစွာလျော့နည်းခဲ့ပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ တာချီလိတ်စခန်းမှ ကန်ဒေါ်လာ၄၃၃၆၀၇ တန်ဖိုးရှိ ဓာတ်ဆီ ၉၇၅ တန်နဲ့ ကန်ဒေါ်လာ၁၉၇၇၇၂ တန်ဖိုးရှိ ဒီဇယ် ၅၄၀ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ မြဝတီစခန်းမှ ကန်ဒေါ်လာ ၅၀၁၆၂ တန်ဖိုးရှိ ဒီဇယ် ၉၇ ဒသမ ၅ တန်နဲ့ မြိတ်စခန်းမှ ကန်ဒေါ်လာ၄၃၇၀၉၁ တန်ဖိုးရှိ ဒီဇယ် ၉၁၀ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ဓာတ်ဆီ၊ ဒီဇယ်ဈေးများက တောင်ကြီးမှာဈေးငြိမ်နေပြီး မော်လမြိုင်နဲ့ ရန်ကုန်မှာ ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီ ရောင်းချနေတဲ့ဒီဇယ်၊ ဓာတ်ဆီ ပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီဈေး အနည်းငယ်ကျလာပြီး ဒီဇယ်ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ အောက်တိန်း(92)၊ အောက်တိန်း(95)မှာ ဈေးငြိမ်နေပြီး ဒီဇယ်နဲ့ အဆင့်မြင့် ဒီဇယ်ဈေး နည်းနည်းတက်ခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ်၅၅၅ ကျပ်၊အောက်တိန်း (92) ၅၇၀ ကျပ်၊ အောက်တိန်း (95) ၆၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၈၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ် တယ်လို့ သိရပါတယ်။ ဇွန် ၂၀ ရက် ဒီဇယ်ဝယ်ဈေး ၁၁၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၂၀၀၀ ကျပ်ဈေးရှိခဲ့ပြီး ၂၁ ရက်တွင် ဝယ်ဈေး ၁၁၃၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၅၀၀၀ ကျပ်သို့ အနည်းငယ်ဈေးပြန်တက်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီပီပါ ဈေးမှာ ဇွန် ၂၀ ရက်တွင် ဝယ်ဈေး ၁၃၀၀၀၀ ကျပ်၊ ရောင်းဈေး ကျပ် ၁၃၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ၂၁ ရက်မှာ ဝယ်ဈေး ၁၂၄၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၈၀၀၀ ကျပ်သို့ ဈေးပြန်ကျပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ တစ်ဂါလန်ဈေးမှာ ဒီဇယ်ရော ဓာတ်ဆီပါ တစ်ဂါလန် ၃၀၀၀-၃၂၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

မန္တလေးဈေးကွက်မှာ ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ ဈေးအနည်းငယ်ကျပြီး၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ၆၇၀ ကျပ်၊ ဒီဇယ် ၆၀၀ ကျပ်၊ အဆင့်မြင့် ဒီဇယ် ၆၄၅ကျပ်၊ အောက်တိန်း (92) ၆၄၅ ကျပ်နဲ့ ရောင်းချနေပါတယ်။ပြင်ပ လက်လီဆိုင်များမှာ အရောင်းအဝယ် ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇွန် ၂၀ ရက်ဒီဇယ်ဝယ်ဈေး ၁၁၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာဇွန် ၂၃ ရက်တွင် ဝယ်ဈေး ၁၁၄၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဇွန် ၂၀ရက်တွင် ဝယ်ဈေး ၁၂၅၀၀၀ကျပ်၊ ရောင်းဈေး ၁၂၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ပဲအရောင်း အဝယ် ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၂၆၀၀ ကျပ်၊ ဓာတ်ဆီ ၃၂၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

မော်လမြိုင်ဈေးကွက်မှာ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီမှာဈေးငြိမ်နေပြီး ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၀၀၀ ကျပ်၊ဒီဇယ် တစ်ဂါလန် ၂၆၀၀ကျပ်၊ အောက်တိန်း ၂၆၀၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၁၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၇၀၀ ကျပ်၊ အောက်တိန်းတစ်ဂါလန် ၂၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**MIRT-DOT**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 20 - June | 17.52 | 2025.41 | 1632.96 | 4652.03 | 947.00 |
| 21 - June | 17.47 | 2034.37 | 1644.38 | 4654.94 | 988.00 |
| 22 - June | 17.22 | 2066.40 | 1646.40 | 4737.60 | 980.00 |
| 23 - June | 17.38 | 2056.54 | 1643.71 | 4760.45 | 975.00 |
| 24- June | 17.68 | 2011.97 | 1615.26 | 4673.54 | 977.00 |

Source:kitco.com

## ပြည်တွင်းငွေလဲနှုန်းများ ကျဆင်းလာ

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများ ကျဆင်းလာခဲ့ကြောင်း ငွေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ဈေးအတက်အကျများရှိခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် ဈေးကျဆင်းခဲ့ခြင်းဖြစ်သည်။

ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲနှုန်း ကျဆင်းလာသဖြင့် ပြည်တွင်းငွေလဲစင်တာများတွင် ဈေးနှုန်းများကျဆင်းလာရခြင်းဖြစ်သည်ဟု ဈေးကွက်အတွင်း သုံးသပ်လျက်ရှိသည်။ ဇွန် ၂၀ ရက်က ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်းမှာ ၁၁၈၅ ကျပ်ဖြစ်ပြီး ဇွန် ၂၃ရက်နှင့် ၂၄ရက်တို့တွင် ၁၁၈၄ ကျပ်ဟု သတ်မှတ်ခဲ့သည်။

"ဗဟိုဘဏ်ရဲ့ ငွေလဲလှယ်နှုန်း သတ်မှတ်ချက်အပေါ် မူတည်ပြီး အပြင်ငွေလဲစင်တာတွေက ဈေးနှုန်းသတ်မှတ်ကြတာပါ။ ဗဟိုဘဏ်ကသတ်မှတ်တဲ့ဈေးနှုန်းအတိုင်း သတ်မှတ်ကြတာပါ။ ဈေးကျသွားတာကတော့ နိုင်ငံတကာမှာလည်း ဈေးတွေကျနေတဲ့အတွက်ပါ။ ဈေးကျသွားတဲ့အတွက် ပြည်တွင်းဈေးကွက်မှာ အရောင်းအဝယ်နည်းနည်း တန့်သွားတယ်"ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူ တစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်း ငွေလဲစင်တာများတွင် ဇွန် ၂၀ ရက်က ရောင်းဈေး ၁၁၈၇ ကျပ်၊ ၁၁၈၃ ကျပ်ဖြင့် ရောင်းဝယ်ခဲ့သော်လည်း ဇွန် ၂၁ ရက်ညနေပိုင်း ဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၁၈၃ကျပ်၊ ဝယ်ဈေး ၁၁၇၉ ကျပ်သို့ ကျဆင်းခဲ့သည်။ ဇွန် ၂၄ ရက်တွင် ရောင်းဈေး ၁၁၈၂ ကျပ်၊ ဝယ်ဈေး ၁၁၇၇ ကျပ်သို့ ဆက်လက်ကျဆင်းခဲ့သည်။

**မယ်သီတာ**

## ပြည်တွင်းရွှေဈေး တစ်ရက်အတွင်း ကျပ်တစ်သောင်းခွဲကျော်မြင့်တက်

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးသည် သောကြာနေ့ဈေးပိတ်ချိန်တွင် ကျပ်တစ်သောင်းခွဲကျော် မြင့်တက်ခဲ့ကာ ကျပ် ၈၁၅၀၀၀ အထိရောက်ရှိခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ကမ္ဘာ့ရွှေဈေး ရုတ်ခြည်းမြင့်တက်မှုကြောင့် ပြည်တွင်းရွှေဈေးပါ လိုက်ပါမြင့်တက်ရခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ရွှေဈေးသည် အမေရိကန်ဒေါ်လာ ၁၃၀၀ ကျော်သို့ စံချိန်တင်ရောက်ရှိခဲ့သဖြင့် ပြည်တွင်းရွှေဈေးမြင့်တက်လာရခြင်းဖြစ်ကြောင်း ရွှေကုန်သည်များက သုံးသပ်လျက်ရှိသည်။

"အီးယူကနေ ဗြိတိန်နုတ်ထွက်လိုက်တဲ့ကိစ္စက ကမ္ဘာ့ရွှေဈေးကွက် အပေါ်မှာ တော်တော်လေးကို အကျိုး သက်ရောက်မှုရှိခဲ့တယ်။ စတော့ဈေးတွေ ကျဆင်းသွားတဲ့အတွက် အကျိုးအမြတ်ခိုင်မာမှုရှိတဲ့ရွှေဘက်ကိုလှည့်ပြီး ရင်းနှီးလာတဲ့အတွက် ကမ္ဘာ့ရွှေဈေးက တစ်ရက်အတွင်းမှာပဲ အမေရိကန်ဒေါ် လာ ၅၀ ကျော်လောက်မြင့်တက်သွားတော့ ပြည်တွင်းရွှေဈေးကွက်မှာလည်း ဈေးကလိုက်ပါမြင့် တက်ခဲ့တာပါ။ ဈေးတက်သွားတဲ့အတွက် ရွှေဈေးကွက်မှာ အရောင်းအဝယ် တန့်သွားတယ်။ ဈေးကို ထပ်ပြီးစောင့်ကြည့်နေကြတဲ့သဘော ပါ"ဟု ရွှေကုန်သည်ဦးစံမြင့်က ဆိုသည်။ ပြည်တွင်းရွှေဈေးကွက်တွင် ဇွန် ၂၀ရက်က ကျပ် ၈၀၄၀၀၀ ရှိခဲ့ပြီး ဇွန် ၂၄ ရက်နံနက်ပိုင်းတွင် ကျပ် ၇၉၈၀၀၀ သို့ ကျဆင်းခဲ့သော်လည်း နေ့လယ်ပိုင်းတွင် ကျပ် ၈၁၄၅၀၀ သို့ ရုတ်ခြည်းမြင့်တက်ခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည်လည်း ဇွန် ၂၀ ရက်က ၁၂၈၂ ဒေါ်လာရှိခဲ့ပြီး ဇွန် ၂၄ ရက်နံနက်ပိုင်းတွင် ၁၂၆၇ ဒေါ် လာသို့ ကျဆင်းခဲ့သော်လည်း ညနေပိုင်းတွင် ၁၃၁၇ ဒေါ်လာသို့ မြင့်တက်ခဲ့သည်။

**မယ်သီတာ**

## အစုရှယ်ယာဈေးများ မတည်မငြိမ်ဖြစ်နေ

ယခုတစ်ပတ်အတွင်း အစုရှယ်ယာ ဈေးများသည် မတည်မငြိမ်ဖြစ်လျက်ရှိကာ ဈေးအတက်အကျများဖြင့် ဈေးကစားလျက်ရှိကြောင်း သိရသည်။

MTSH ရှယ်ယာများသာမက FMI ရှယ်ယာများပါ ဈေးအတက်အကျများရှိနေခဲ့ခြင်းဖြစ်ပြီး ဈေးကွက်အတွင်း အရောင်းအဝယ်များပါးနေခဲ့ကြောင်း သိရသည်။

ယခုဇွန်လဆန်းပိုင်းက YSX က ကြေညာချက် ထုတ်ပြန်ပြီးနောက်ပိုင်းတွင် စတော့ရှယ်ယာဈေးကစားမှုများ နည်းပါးသွားသဖြင့်အတက်အကျရှိနေသော်လည်း နည်းပါးခဲ့ကြောင်း သိရသည်။

"စတော့ဈေးကွက်က အခုမှ အစပိုင်းပဲရှိသေးတယ်။ စတော့ဈေးကွက်ထဲမှာဈေးကစားတဲ့ သူတွေများလာတော့ တကယ်တမ်းစတော့ကိုစိတ်ဝင်စားလို့ ရောင်းကြဝယ်ကြမယ့်သူတွေအတွက် အခက်အခဲဖြစ်စေပါတယ်။ ဒီတစ်ပတ်ကတော့ တစ်ကမ္ဘာလုံးမှာရှိတဲ့ စတော့ရှယ်ယာဈေးတွေကျဆင်းနေတဲ့ အတွက် ဒီအချက်က ကျွန်တော်တို့ဆီကိုလည်း ရိုက်ခတ်နိုင်ပါတယ်"ဟု ဈေးကွက်ကျွမ်းကျင်သူတစ်ဦးက သုံးသပ်ခဲ့သည်။

MTSH ရှယ်ယာဈေးနှုန်းသည် ဇွန် ၂၀ရက်တွင် ကျပ် ၅၂၀၀၀ရှိခဲ့ပြီး ဇွန် ၂၁ရက်တွင် ကျပ်၅၄၀၀၀သို့မြင့်တက်ခဲ့ကာ ဇွန် ၂၃ရက်တွင် ကျပ် ၅၁၀၀၀ သို့လည်းကောင်း၊ ဇွန်လ ၂၄ ရက်တွင် ကျပ် ၅၀၀၀၀သို့လည်းကောင်း ကျဆင်းခဲ့သည်။

FMI ရှယ်ယာဈေးနှုန်းများသည် ဇွန် ၂၀ရက်တွင် ကျပ် ၂၅၀၀၀ ရှိခဲ့ရာမှ ဇွန် ၂၂ရက်တွင် ကျပ် ၂၆၀၀၀ သို့မြင့်တက်ခဲ့ကာ ဇွန်လ ၂၄ရက်တွင် ကျပ် ၂၅၀၀၀သို့ ကျဆင်းခဲ့သည်။

## Currency Exchange Rate

June 17, 2016

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.35 |
| BDT | Bangladesh Taka | 78.35 |
| CAD | Canada Dollars | 1.30 |
| CNY | China Yuan Renminbi | 6.62 |
| EUR | Euro | 0.90 |
| H KD | Hong Kong Dollars | 7.75 |
| I NR | India Rupees | 67.89 |
| I DR | Indonesia Rupiahs | 13417.83 |
| JPY | Japan Yen | 102.94 |
| MYR | Malaysia | 4.09 |
| PKR | Pakistan Rupees | 104.78 |
| PHP | Philippines Pesos | 46.86 |
| RUB | Russia Rubles | 65.48 |
| SGD | Singapore Dollars | 1.36 |
| KRW | South Korea Won | 1174.50 |
| LKR | Sri Lanka Rupe | 147.40 |
| THB | Thailand Baht | 35.34 |
| GBP | United Kingdom Pounds | 0.72 |
| VND | | VietnamDon |

22326.41 *Source : xe.com*

## World Gold Price

June, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 20 | 1286 | 1286 | 1286 |
| 21 | 1281 | 1282 | 1285 |
| 22 | 1264 | 1265 | 1265 |
| 23 | 1262 | 1264 | 1263 |
| 24 | 1312 | 1312 | 1313 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 20-6- 2016 | 804.00 | 803.70 |
| 21-6- 2016 | 804.50 | 804. 30 |
| 22- 6-2016 | 798.00 | 797.50 |
| 23-6- 2016 | 798.00 | 799.00 |
| 24-6- 2016 | 817.50 | 817.30 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇွန်လ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 20 | 6 .58 | 35.19 | 78.43 | 67.45 |
| 21 | 6. 57 | 35.20 | 78.43 | 67.47 |
| 22 | 6 59 | 35.24 | 78.30 | 67.54 |
| 23 | 6 .58 | 35.23 | 78.21 | 67.38 |
| 24 | 6.62 | 35.34 | 78.35 | 67.89 |

## Energy NYMEX

24-6-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 48.08 | -2.03 | -4.05 |
| Brent Crude Futr (USD/bbl) | 48.87 | -2.04 | -4.01 |
| Gasoline Rbob Fut (Cent/gal) | 154.38 | -5.97 | -3.72 |
| Natural Gas Futr (USD/MMBtu) | 2.66 | -0.04 | -1.37 |
| Heating Oil Futr (Cent/gal) | 147.13 | -4.93 | -3.24 |

## ဘိလပ်မြေ



### ဘိလပ်မြေတင်သွင်းမှု လျော့ကျလာ

ဇွန် ၁၂ ရက်မှ ၁၈ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၆၆၃၆၀၃ တန်ဖိုးရှိ ဘိလပ်မြေ ၃၁၂၅၇ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၁၃၂ တန်နဲ့ ထိုင်းနိုင်ငံမှ ၃၁၁၂၅ တန် ဝင်လာခဲ့ပါတယ်။ စိန်၊ ဆင်၊ မောင်းတိန်းနဲ့ အခြားတံဆိပ်များ ဝင်လာခဲ့ တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ၄၆၁၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၁၄၈၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

### ဘိလပ်မြေဈေးကွက်မှာ မိုးများပေမယ့် အရောင်းအဝယ်ဖြစ်

ဇွန် ၁၂ ရက်မှ ၁၈ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၃၁၂၅၇ တန်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဘိလပ်မြေ အဝင်မှာ ၄၆၁၀၇ တန် ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၄၈၀၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှဘိလပ်မြေ အဝင်မှာ ၁၀၆၆၈ တန်ကျော်ရှိခဲ့ပြီးယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၈၈၂၄ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၈၁၅၅ တန် ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှရောနယ်စပ်လမ်းမှ ပါ ဘိလပ်မြေအဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ အရောင်းအဝယ်ပုံမှန်ဖြစ်ပေမယ့် ဈေးငြိမ်နေသေးတယ်လို့ ဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင် (ထိုင်း) ၅၃၂၅ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၈၅၀ ကျပ်၊စိန် (ထိုင်း) ၅၁၇၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ၇၅၀၀ ကျပ်၊ ဆင်(ထိုင်း) ၇၅၀၀ ကျပ်၊ အေသုံးလုံး ၅၂၀၀ ကျပ်၊ အပါချီ ၄၉၀၀ ကျပ်၊ ကမ္ဘောဇ ၄၈၀၀ ကျပ်၊ နဂါး ၅၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့အနောက်မြို့ပတ်လမ်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရပါတယ်။

**မကွေးဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ အရောင်းအဝယ်ပုံမှန်ပြန်ဖြစ်လာတယ်။ ဒီတစ်ပတ်ဆင်(ထိုင်း)က ဈေးနည်းနည်းကျလာပေမယ့် ကျန် ဘိလပ်မြေများက ငြိမ်နေသေးတယ်လို့ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးကပြောခဲ့ပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ၆၅၀၀ ကျပ်၊ အပါချီ ၅၃၀၀ ကျပ်၊ မြင်းခေါင်း၅၅၀၀ ကျပ်၊ ကြံ့ ၆၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### ဒီတစ်ပတ် မြေဆီ တန်ချိန်တစ်သောင်းငါးထောင်ကျော်ဝင်

ဇွန်လ ၁၂ ရက်မှ ၁၈ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၃၇၈၀၂၅ တန်ဖိုးရှိ မြေဩဇာ ၁၅၂၀၈ ဒသမ ၃၃ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၈၁၈၉ ဒသမ ၅၀ တန်၊ စင်ကာပူနိုင်ငံမှ ၁၅၈၂တန်၊ ထိုင်းနိုင်ငံမှ ၂၇၀၁ဒသမ ၀၅ တန်၊ ဗီယက်နမ်မှ ၁၁၀၃ ဒသမ ၈၀ တန်၊ ဂျာမနီမှ ၃၂၁ ဒသမ ၉၈ တန်၊ ကိုရီးယားမှ ၉၆၈ တန်၊ မလေးရှားမှ တန်ချိန် ၃၀၀နဲ့အစ္စရေးမှ ၄၂တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ဒီတစ်ပတ်မှာ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ကွန်ပေါင်း၊အမိုးနီးယမ်းဆာလဖိတ်၊ ယူရီးယား၊ နိုက်တြိုဂျင်၊ Buffalo ၊Bulk Blend၊Foliar ၊ Micro ၊Urea Granular စတဲ့ မြေဆီများ ဝင်လာတယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မြေဩဇာအဝင်မှာ တန်ချိန် ၁၀၄၉၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန်၄၇၀၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

### မြေဩဇာဈေးကွက် အရောင်းနည်းနည်းတက်လာ

ဇွန် ၁၂ ရက်မှ ၁၈ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ၁၅၂၀၈တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်မှာ ၁၀၄၉၈ တန်ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၇၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေဩဇာအဝင်မှာ ၂၀၉၈၃ တန်ကျော်ရှိခဲ့ပြီး၊ ယခင်တစ်ပတ်အဝင်မှာ ၃၁၄၉၈ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၀၅၁၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုပြီးနယ်စပ်လမ်းမှ မြေဩဇာအဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေဩဇာက ယခင်ရက်ပိုင်းမှာတော့ မိုးကောင်းနေတာကြောင့် အရောင်းထိုင်းနေပေမယ့် ဒီရက်ပိုင်းမှာတော့ အရောင်းအဝယ်ပုံမှန်ပြန်ဖြစ်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုလဲ-အသေးနဲ့ တီစူပါ ဈေးနည်းနည်းကျခဲ့ပေမယ့် ကွန်ပေါင်းက ဈေးနည်းနည်းမြင့်ခဲ့တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၁၃၀၀ ကျပ်၊ ကွန်ပေါင်း(အစိမ်း) ၁၅ ပတ်လည် (ထိုင်း) ၃၅၆၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ပတ် လည် (ထိုင်း) ၂၉၂၀၀ ကျပ်၊ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ၂၁၀၀၀ ကျပ်၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ၂၁၀၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအေးသလို ဈေးလည်းကျလာတယ်လို့ သိရပါတယ်။ ဆင် ၁၀း၁၀း၅ က ၄၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး) ၅၀၀ ကျပ်၊တီစူပါက ၅၀၀ ကျပ် ဈေးကျခဲ့ပြီး မြားကမ္ဘာ ၁၂း၁၃က ၄၀၀ ကျပ်၊ မြား၁၅း၇း၈က ၁၀၀၀ ကျပ် ဈေးမြင့်ခဲ့တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ) ၁၆၄၀၀ ကျပ် ၊ မြားကမ္ဘာ-တရုတ် ၁၂း၁၃(အစိမ်း) ၁၆၅၀၀ကျပ်၊ ဆင်၁၀း၁၀း၅ က ၁၅၈၀၀ ကျပ်၊ အာမို ၁၅း၁၅း၁၅ ၃၈၅၀၀ကျပ်၊ အာမို ၁၆း၁၆း၈ ၃၅၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၀၀၀၀ ကျပ်၊ ယူရီးယား -ပုလဲ (ရွှေတောင်-တရုတ်) ၁၉၆၀၀ ကျပ်၊ ယူရီးယား ၁၇၈၀၀ ကျပ်၊မြားကမ္ဘာ၁၅း၇း၈ ၁၈၅၀၀ ကျပ်၊ တီစူပါ ၂၀၅၀၀ ကျပ်၊ သီးစုံ(ဝါစိမ်းပြာ) ၁၅၉၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေဩဇာများက အရောင်းအဝယ်အေးနေဆဲ ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မြေဩဇာဈေးတွေနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ တီစူပါ ၄၆%၊ ၁၆%၊ ၁၂% တွေ ပစ္စည်းပြတ်နေပြီး မြားသီးစုံနဲ့ ပန်းသီးစုံက ဈေးကွက်ထဲဝင်လာကာ တောင်သူတွေလည်း စမ်းသုံးကြည့်ပြီး အကြိုက်တွေ့တယ်လို့သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ၁၈၈၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၁၈၉၀၀ ကျပ်၊ မြားသီးစုံ ၁၄၁၀၀ ကျပ်၊ ပန်းသီးစုံ ၁၄၆၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ဈေးကွက် အတွင်းမှ စုံစမ်းသိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီနဲ့ နို့မှုန့်အဝင် လျော့

ဇွန် ၁၂ ရက်မှ ၁၈ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၄၂၈၃၅၉ တန်ဖိုးရှိ နို့ဆီ ၉၉ ဒသမ ၅၅၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဝင်လာခဲ့တဲ့ နို့ဆီတံဆိပ်များမှာ ကောင်းဘဲလ်နို့ဆီနဲ့ ဒွန်းနို့ဆီတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်နို့ဆီအဝင်မှာ တန်ချိန် ၂၉၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန်၁၉၀ ကျော် တင်သွင်းမှု လျော့ခဲ့ပါတယ်။

ကန်ဒေါ်လာ၃၄၇၆၇၈ တန်ဖိုးရှိ နို့မှုန့် ၆၈ဒသမ ၃၂၈ တန်ကို ဒီတစ်ပတ်မှာ တင်သွင်းခဲ့ပါတယ်။နယူးဇီလန်မှ ၁၂ ဒသမ ၁၄၇ တန်၊ ဗီယက်နမ်မှ ၆ ဒသမ ၄၆၉ တန်နဲ့ စင်ကာပူမှ ၄၉ ဒသမ ၇၁၂ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နို့မှုန့်တင်သွင်းမှုမှာ ၉၇ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ ယှဉ်ရင် ၂၉ တန်ကျော် တင်သွင်းမှုလျော့ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက အရောင်းအေးနေဆဲဖြစ်တယ်လို့သိရပါတယ်။ ဇူလိုင်၊ ဩဂုတ်လောက်မှ အရောင်းအဝယ်ပြန်ကောင်းနိုင်တယ်လို့ ဈေးကွက်ထဲမှာ ခန့်မှန်းပြောကြပါတယ်။ အရောင်းအေးသလို ဈေးလည်းကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်) ၁၉၇၀၀ ကျပ်၊ ယူရီးယား -ပုလဲ(ရွှေတောင်-တရုတ်) ၁၉၇၀၀ ကျပ်၊ ယူရီးယား -ပုလဲ(ပန်းဖူး-တရုတ်) ၂၁၂၀၀ ကျပ်၊ တီစူပါ၂၀% ၁၂၆၀၀ ကျပ်၊ တီစူပါ ၁၅း၁၅း၁၅ (တရုတ်) ၃၇၀၀၀ ကျပ်၊ ဓာတ်ဆား (တရုတ်) ၁၆၅၀၀ကျပ်၊ ပိုတက် (တရုတ်) ၂၄၅၀၀ကျပ်၊ပိုးသတ်ဆေး ၁၉၀၀ ကျပ်၊ ယူရီးယား (ယူအေအီး) ၁၉၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၆၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၁/၆ မှ ၁၇/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၄/၅ မှ ၁၀/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၇၃၄.၅၀ | ၉၄၂.၃၀ | (-) | ၂၀၇.၈၀ |
| ၂။ | လွယ်ဂျယ် | ၆၁၁ | ၇၁၆ | (-) | ၁၀၅ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၉၁၄ | ၃၆၀၀.၅ | (-) | ၂၆၈၆.၅၀ |
| ၅။ | တာချီလိတ် | ၁၅၀၀ | - | (+) | ၁၅၀၀ |
| ၆။ | မြဝတီ | ၇၇၁.၄၀ | ၇၅၁ | (+) | ၂၀.၄၀ |
| ၇။ | ကော့သောင်း | ၄၆၀၀ | ၉၄၈၀ | (-) | ၄၈၀၀ |
| ၈။ | မြိတ် | ၃၃၅ | ၃၃၃၅ | (-) | ၃၀၀ |
| | စုစုပေါင်း | ၉၄၉၅.၉၀ | ၁၈၈၂၄.၈၀ | (-) | ၉၃၂၈.၉ |

မြင့်မြင့်မာ

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၁/၆ မှ ၁၇/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၄/၆ မှ ၁၀/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၇၂၆၆.၅၀၀ | ၂၇၉၂၄.၂၀၀ | (-) | ၁၀၆၉၇.၇၀၀ |
| ၂။ | လွယ်ဂျယ် | ၄၁၇.၂၅၀ | ၅၃၅.၀၀၀ | (-) | ၁၁၇.၇၅၀ |
| ၃။ | ချင်းရွှေဟော် | ၁၅၉၄.၅၀၀ | ၁၆၁၆.၆၀၀ | (-) | ၂၂.၁၀၀ |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၆၉၅.၂၁၀ | ၇၉၂.၅၅၀ | (-) | ၉၇.၃၄၀ |
| ၆။ | ကော့သောင်း | ၆၅.၀၀၀ | ၁၈၀.၀၀၀ | (-) | ၁၁၅.၀၀၀ |
| ၇။ | မြိတ် | ၃၈၅.၀၀၀ | ၁၅၀.၀၀၀ | (+) | ၂၃၅.၀၀၀ |
| ၈။ | ရိုဒ် | ၆၀၀.၀၀၀ | ၃၀၀.၀၀၀ | (+) | ၃၀၀.၀၀၀ |
| | စုစုပေါင်း | ၂၀၉၈၃.၄၆၀ | ၃၁၄၉၈.၃၅ | (-) | ၁၀၅၁၄.၈၉၀ |

ခင်မိုးသူ

## နှမ်း/မြေပဲ

### ပြည်နှမ်းဈေးကွက်မှာ ဝယ်လက်အဝယ်နည်းသွားလို့ နှမ်းဈေးပြန်ကျ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းအဝင်နည်းသွားလို့ ဈေးအနည်းငယ် ပြန်ကျလာတာ တွေ့ရပါတယ်။ မျိုးနှမ်းသမားများကလည်း အဝယ်မရှိဘဲ ဆီစက်သမားများကသာ ဒေသတွင်းစားသုံးရန်အတွက် နှမ်းအဝယ်အနည်းငယ်သာအဝယ်ရှိသဖြင့် တစ်နေ့လျှင် အိတ် ၅၀ ခန့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုအချိန်မိုးနှမ်း စိုက်ပျိုးချိန်၌ မိုးသည်းထန်စွာ ရွာသွန်းနေသဖြင့် အထက်အညာဘက်တွင် နှမ်းခင်းများပျက်စီးလျက်ရှိပါတယ်။ ယခင်နှစ်ကာလတူ က နှမ်းနီတစ်တင်းလျှင် ကျပ် ၂၇၀၀၀၊ နှမ်းနက်ရိုးရိုး တစ်တင်းလျှင် ကျပ် ၃၃၀၀၀နဲ့ စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၆၀၀၀၀ ဈေးရှိခဲ့ပြီး၊ ယခုတစ်ပတ်တွင် နှမ်းနီတစ်တင်းလျှင် ကျပ် ၂၃၀၀၀၊ နှမ်းနက်ရိုးရိုး တစ်တင်းလျှင် ကျပ် ၃၀၀၀၀ နဲ့ စမုံနက်နှမ်း တစ်တင်းလျှင် ကျပ် ၅၃၀၀၀ ဈေးဖြင့် ယခင်နှစ်ထက်စာလျှင် ယခုနှစ်မှာဈေးကျလာတာတွေ့ရပါတယ်။**ဝေဝေမင်း**

### ပြည်ဈေးကွက်မှာ မြေပဲဆန်ဈေးအနည်းငယ်ကျသော်လည်း ဈေးငြိမ်

ပြည်မြေပဲဆန်မှာ ယခုတစ်ပတ်တွင် အရောင်းအဝယ်အေးနေသဖြင့် ဈေးအနည်းငယ်ကျလာတာတွေ့ရပါတယ်။ ကံမ၊ မင်းတုန်းနဲ့ ရခိုင်ပြည်နယ်ဘက်မှ မြေပဲဆန်အိတ် တစ်နေ့လျှင်အိတ် ၅၀၀ ခန့်သာ အဝင်ရှိပြီး၊ လုံးဆန်ကိုဝယ်လက်များက အဝယ်မရှိသဖြင့် ဈေးအနည်းငယ်ကျလာတာတွေ့ရပါတယ်။ ဆီစက်များက ဆီကြိတ်ရန် အဝယ်ရှိသဖြင့် အနည်းငယ်သာ အရောင်းအဝယ်ဖြစ်တာ တွေ့ရပါတယ်။ မြေပဲဆီဆန်ဈေးမှာ တစ်ပိဿာလျှင်ကျပ် ၂၂၅၀၊ လုံးဆန်ဈေးမှာ အဖြူရောအနီပါ တစ်ပိဿာလျှင် ၂၇၂၅ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိရာ ယခင်တစ်ပတ်ထက်ဈေး အနည်းငယ်ကျလာတာတွေ့ရပါတယ်။ မြေပဲဆန်ဈေးအနည်းငယ်ကျလာပေမယ့် ဆီဈေးမှာတစ်ပိဿာလျှင် ကျပ် ၅၂၀၀ ဖြင့် ဈေးငြိမ်နေတာတွေ့ရပါတယ်။ **ဝေဝေမင်း**

### မုံရွာဆီထွက်သီးနှံဈေးကွက် နှမ်းနက် အဝယ်သွက်လာ

ဇွန်လ တတိယပတ် မုံရွာကုန်စည်ဒိုင် ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲဆန် ဈေးအနည်းငယ် အေးသွားပြီး၊ နှမ်းဈေးကွက်မှာတော့ နှမ်းညိုနဲ့ နှမ်းဖြူဈေးအေးခဲ့ပေမယ့် နှမ်းနက်အဝယ်သွက်ခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ် မြေပဲဆန်ဈေးကွက်မှာ တရုတ်အဝယ်ပါးသွားလို့ ဈေးအေးသွားခဲ့ရာ မြေပဲဆန်နီ တစ်ပိဿာ ကျပ် ၂၇၅၀-၂၈၀၀၊ မြေပဲဆန်ဖြူ တစ်ပိဿာ ကျပ် ၂၇၀၀ - ၂၇၅၀ နဲ့ မြေပဲ(ဆီဆန်) တစ်ပိဿာ ကျပ် ၂၁၀၀ - ၂၂၅၀ အသီးသီးကျဈေးဖြစ်ပေါ်ခဲ့ပြီး ဒေသတွင်းဝယ်လက်ပုံမှန်ရှိလို့ တစ်ရက်အိတ် ၅၀၀ ဝန်းကျင် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ နှမ်းမျိုးစုံဈေးကွက်မှာတော့ နှမ်းဖြူက တစ်တင်း ကျပ် ၃၁၀၀၀ အထိသာ အမြင့်ဈေးရခဲ့ပြီး၊ နှမ်းညို(အသစ်)က တစ်တင်း ကျပ် ၂၅၀၀၀ အထိဈေးအေးခဲ့တာ တွေ့ရပါတယ်။ နှမ်းနက်ကတော့ တစ်တင်း ကျပ် ၅၀၀၀၀ အထိ ပြန်မာလာပြီး တရုတ်ဝယ်လိုအားရှိလို့ တစ်ရက် အိတ် ၃၀၀ ခန့် အရောင်းအဝယ်သွက်ခဲ့တယ်လို့ ဆိုပါတယ်။ နယ်စုံက နှမ်းမျိုးစုံဝင်ခဲ့ပေမယ့် နှမ်းဖြူကတစ်ရက်အိတ် ၁၅၀ ခန့်နဲ့ နှမ်းညိုက တစ်ရက်အိတ် ၂၀၀ ဝန်းကျင်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

စားသုံးဆီဈေးကွက်မှာတော့ ပဲဆီ တစ်ပိဿာ ကျပ် ၄၄၀၀-၄၇၀၀ ၊ နှမ်းဆီ တစ်ပိဿာ ကျပ် ၃၆၀၀ ကျပ်နဲ့ စားအုန်းဆီ တစ်ပိဿာ ကျပ် ၁၆၂၀-၁၆၄၀ အသီးသီးဈေးငြိမ်နေတယ်လို့ မုံရွာကုန်စည်ဒိုင် ဈေးကွက်ကလေ့လာသိရှိရပါတယ်။

**ထွန်းလှိုင် (မုံရွာ)**

## စားအုန်းဆီ

### ဗြိတိသျှဆန္ဒခံယူပွဲအပြီး ရင်းဂစ်တန်ဖိုးမြင့်တက်လာမယ်လို့ ခန့်မှန်းကြတဲ့အတွက် စားအုန်းဆီဈေးငြိမ်နေ

ဇွန် ၂၃ ရက်ညနေပိုင်းမှာ မလေးရှားစားအုန်းဆီကြိုရောင်းကြိုဝယ်ဈေးက ငြိမ်ပါတယ်။ ဥရောပသမဂ္ဂ (အီးယူ) မှာ ဗြိတိန်နိုင်ငံဆက်နေမယ်ဆိုရင် ရင်းဂစ်တန်ဖိုး မြင့်တက်လာနိုင်မယ်လို့ ခန့်မှန်းကြတဲ့အတွက် တချို့ကုန်သည်တွေက စားအုန်းဆီကို ဝယ်ယူလာကြပါတယ်။

ဒါကြောင့် စောစောပိုင်းဖြစ်ပေါ်ခဲ့တဲ့ စားအုန်းဆီဈေးနှုန်း ကျဆင်းမှုတွေ ရပ်တန့်ခဲ့ပါတယ်။ ဇွန် ၂၃ ရက်က ကျင်းပခဲ့တဲ့ဆန္ဒခံယူပွဲမှာ အီးယူကနေနုတ်ထွက်ဖို့ဗြိတိန်နိုင်ငံမဲပေးခဲ့ရင် စီးပွားရေးအရ ဂယက်ရိုက်ခတ်မှုတွေ အတွက် စိုးရိမ်မှုတွေရှိခဲ့ပါတယ်။ ဒါကြောင့် ကမ္ဘာ့ဈေးကွက် မငြိမ်မသက်မှုတွေက ရင်းဂစ်ငွေကြေးအပါအဝင် ထွန်းသစ်စဈေးကွက်ငွေကြေးတွေကို ဂယက်ရိုက်ခတ်မှုရှိခဲ့ပါတယ်။

ထုတ်လုပ်မှုမြင့်တက်ပြီး ယခုလမှာ ပို့ကုန်တွေကျဆင်းမယ်လို့ ခန့်မှန်းကြတဲ့အတွက် နံနက် စောစောပိုင်းက စားအုန်းဆီဈေးနှုန်းတွေ ကျဆင်းခဲ့ပါတယ်။ ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) မှာ စက်တင်ဘာမှာ ဖြန့်ဖြူးမယ့် စားအုန်းဆီစံထား ဈေးနှုန်းက ခြောက်လအတွင်း အနိမ့်ဆုံးဖြစ်တဲ့ တစ်တန်ကို ၂၃၅၁ ရင်းဂစ်နှုန်းရှိခဲ့ရာမှ ညနေပိုင်း ဈေးပိတ်ချိန်မှာ သုည ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ကာ တစ်တန်ကို ၂၃၈၄ ရင်းဂစ် (အမေရိကန် ဒေါ်လာ ၅၉၄) နှုန်းရှိခဲ့ပါတယ်။

စုစုပေါင်းရောင်းချတဲ့ စားအုန်းဆီပမာဏက ၂၅ တန်ရှိအတွဲ ၆၈၂၇၁ တွဲရှိခဲ့ရာ ၂၀၁၅ ခုနှစ်က တစ်ရက်ပျမ်းမျှရောင်းချခဲ့ရတဲ့ ၄၄၆၀၀ တွဲ ထက်မြင့်တက်ခဲ့ပါတယ်။

"ဗြိတိန်နိုင်ငံဆန္ဒခံယူပွဲကြောင့် ဖြစ်ပေါ်ရတဲ့ မရေမရာမှုတွေက ဈေးပိတ်ချိန်မှာ ဈေးနှုန်းမြင့်တက်ဖို့အတွက် အရေးပါတဲ့အခန်းကဏ္ဍမှ ပါဝင်ခဲ့ပါတယ်"လို့ ကွာလာလမ်ပူအခြေစိုက် ကုန်သည်တစ်ဦးက ပြောပါတယ်။

စားအုန်းဆီဈေးက ဇွန် ၂၄ ရက် ပြန်လည်မြင့်တက်မလာမီ ကိုးရက်ဆက်တိုက် မြင့်တက်ခဲ့ပါတယ်။ စားအုန်းဆီရောင်းဝယ်ရေး လုပ်ငန်းတွေကိုဆောင်ရွက်နေတဲ့ သူတွေကလည်း ယခင်တစ်လကနဲ့ နှိုင်းယှဉ်ရင် သီးနှံထုတ်လုပ်တဲ့ရာသီဖြစ်လို့ သီးနှံတွေပေါ်လာတဲ့အတွက် ဇွန်လ ထုတ်လုပ်မှုမြင့်တက်လာလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ နှစ်စဉ်တတိယသုံးလပတ်နဲ့ စတုတ္ထသုံးလ ပတ်မှာ စားအုန်းဆီထုတ်လုပ်မှုက အမြင့်ဆုံးကို ရောက်ရှိတတ်ပါတယ်။

ဒါပေမယ့် ရာမာဒန်ဥပုသ်လကြောင့် မေမှာ ဝယ်လိုအား မြင့်တက်ပြီးနောက် ယခုလမှာ ပို့ကုန်တွေကျဆင်းမယ်လို့ ခန့်မှန်းထားပါတယ်။ ကမ္ဘာ့စားအုန်းဆီသုံးစွဲမှု အမြင့်ဆုံးဖြစ်တဲ့ အိန္ဒိယနိုင်ငံသို့ စားအုန်းဆီတင်ပို့မှု တစ်ဟုန်ထိုးကျဆင်းမှုကြောင့် ဇွန်လပထမရက် ၂၀ အတွင်း မလေးရှားစားအုန်းဆီတင်ပို့မှုက ၈ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါတယ်။

အခြားဟင်းရွက်ဆီဈေးကွက်တွေဖြစ်တဲ့ ချီကာဂိုကုန်သွယ်မှုဘုတ်အဖွဲ့ Chicago Board of Trade မှာ ဇူလိုင်အတွက် ပဲပုပ်ဆီဈေးက သုည ဒသမ ၃ ရာခိုင်နှုန်းကျဆင်းပြီး တရုတ်နိုင်ငံဒါလီယံ ကုန်စည်ဒိုင် (Dailan Commodity Exchange) မှာ စက်တင်ဘာအတွက် စားအုန်းဆီဈေးက သုည ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၂၄-၆-၂၀၁၆)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၈၀၀ | ၁၇၅၀ | ▽ |
| ရန်ကုန် | ၅၄၀၀ | ၅၄၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၁၅၂၀ | ၁၅၀၀ | ▽ |
| မန္တလေး | ၄၅၀၀ | ၄၂၀၀ | ▽ | ၃၄၀၀ | ၃၂၀၀ | ▽ | ၁၆၁၀ | ၁၆၀၀ | ▽ |
| ပဲခူး | ၄၂၀၀ | ၄၂၀၀ | □ | ၅၂၀၀ | ၅၀၀၀ | ▽ | ၁၆၅၀ | ၁၆၀၀ | ▽ |
| မကွေး | ၄၂၀၀ | ၄၂၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မုံရွာ | ၄၇၀၀ | ၄၇၀၀ | □ | ၃၆၀၀ | ၃၅၀၀ | □ | ၁၆၅၀ | ၁၆၂၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*




### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၄-၆-၂၀၁၆ US$/Ton

| အမျိုးအစား | ဇွန်လဒုတိယပတ် | ဇွန်လတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၆၅၇.၅၀ | ၆၂၀.၀၀ | ▽ |
| **RBD P.Olein** | ၆၆၄.၀၀ | ၆၃၄.၀၀ | ▽ |
| **RBD P.Strarin** | ၆၁၅.၅၀ | ၅၉၆.၀၀ | ▽ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၄- ၆ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၂၅.၂၃ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၃၁ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၆၃ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၅၀ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၆၃.၈၄ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၉.၁၇ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၅.၀၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၅၇.၂၉ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၂၄- ၆-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၈၅ ဒေါ်လာနှင့် USD ဈေး ၁၁၈၄ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၂၄-၆-၂၀၁၆ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၁၈၄ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

Vol: 16, No.23 Monday June 27 2016

# အိန္ဒိယအစိုးရရဲ့ပဲအထွက်တိုးရေးကျင့်သုံးနေတဲ့ ဗျူဟာများနဲ့ မြန်မာ့ပို့ကုန်မြှင့်တင်ရေးမှာ ပဲမျိုးစုံကဏ္ဍပါဝင်နိုင်ရေး

အိန္ဒိယအစိုးရအနေနဲ့ များပြားလှတဲ့ ပြည်သူတွေအတွက် အဓိကစားနပ်ရိက္ခာ ဖူလုံဖို့ အမျိုးမျိုးသောဗျူဟာများနဲ့ ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ ဆန်စပါးနဲ့အတူ ပဲမျိုးစုံဈေးနှုန်းကျဆင်းအောင်၊ ရောင်းလိုအားတွေ များလာအောင်ဆောင်ရွက်မှု ဟာလည်း စိတ်ဝင်စားဖွယ်ကောင်းသလို အိန္ဒိယကို ပဲအများဆုံးတင်ပို့နေတဲ့ မြန်မာနိုင်ငံအတွက် လေ့လာအတုယူဖို့လည်းကောင်းတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ အဓိက ပဲမျိုးစုံဖောက်သည်ဖြစ်တဲ့ အိန္ဒိယ နိုင်ငံအနေနဲ့ ရာသီဥတုဖောက်ပြန်မှုဆိုတဲ့ ကြီးမားတဲ့စိန်ခေါ်မှုကြီးကို အံတုပြီး သီးနှံအထွက်နှုန်းကောင်းအောင် တောင်သူများကို ဘက်ပေါင်းစုံကထောက်ပံ့မှုတွေပေးပြီး နှစ်စဉ်ကြိုးပမ်းနေပေမယ့် မျှော်မှန်းထားသလောက်မထွက်နိုင်တဲ့ အခြေအနေမှာ ရောင်းလိုအားနဲ့ ဝယ်လိုအားကို ဖြည့်ဆည်းနိုင်ဖို့ အခြားဗျူဟာများကိုလည်း ကျင့်သုံးလျက်ရှိနေပါတယ်။

နှစ်စဉ်နှစ်တိုင်း ပဲမျိုးစုံဈေးနှုန်းကျဆင်းအောင် ဆောင်ရွက်ခဲ့ပေမယ့် ငွေကြေးဖောင်းပွမှုနဲ့ ဝယ်လိုအားက ရောင်းလိုအားထက်များနေမှုတွေကြောင့် တစ်နှစ်ထက် တစ်နှစ်မြင့်တက်နေတဲ့ဈေးနှုန်းကို ထိန်းဖို့အတွက် ပြီးခဲ့တဲ့မေလထဲမှာလည်း အိန္ဒိယဘဏ္ဍာရေးဝန်ကြီးနဲ့အတူ အခြားသော ဆက်စပ်ဌာနများ ညှိနှိုင်းလျက်ရှိတယ်လို့ သိရပါတယ်။ ဒီအစည်းအဝေးမှာ အဓိကဆွေးနွေးတာကတော့ ဝယ်လိုအားနဲ့ ရောင်းလိုအားအကြားကွာဟမှုကို ဖြည့်ဆည်းနိုင်ဖို့၊ ပြည်တွင်းပဲ မလုံလောက်မှုကို ဖြည့်တင်းနိုင်ဖို့နဲ့ buffer stock လို့ ခေါ်တဲ့ နိုင်ငံတော်သိုလှောင်မှုကြီးကို ခိုင်မာစေဖို့ ဆိုတဲ့ ရည်မှန်းချက်များကို ပြည့်မီအောင် ပြည်ပမှတင်သွင်းခြင်းနဲ့ ပြည်တွင်းမှဝယ်ယူခြင်းတွေကို ဆောင်ရွက်သွားမှာဖြစ်ကြောင်း သိရပါတယ်။ မြန်မာနိုင်ငံနဲ့ အခြားအိမ်နီးချင်းနိုင်ငံများနဲ့လည်း အစိုးရအချင်းချင်းချိတ်ဆက်ပြီး စာချုပ်ချုပ်ဆိုတင်သွင်းဖို့ ဆွေးနွေးနေတယ်လို့ ဘဏ္ဍာရေးဝန်ကြီး Mr.Paswan က အဲဒီအစည်းအဝေးအပြီးမှာ သတင်းထောက်များကို ပြောကြားခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းမှာ ခေါင်ခိုက်အောင်မြင့်တက်နေတဲ့ ပဲဈေးနှုန်းများကို သာမန်ပြည်သူတွေ စားသုံးနိုင်မယ့်ဈေးတွေဖြစ်အောင်နဲ့ ပဲပြတ်လပ်မှုမရှိစေဖို့ buffer stock အတွက် ပြည်တွင်းပဲများကို ပြည်နယ်အစိုးရများမှတစ်ဆင့် ဝယ်ယူသိုလှောင်သလို ပြည်ပနိုင်ငံများကလည်းတင်သွင်းခဲ့ပြီး အဲဒီသိုလှောင်ပဲထဲက outlet လို့ ခေါ်တဲ့ ဈေးဆိုင်ငယ်များကို ခွဲတမ်းနဲ့ ဈေးနှုန်းသတ်မှတ်ပြီး ရောင်းချပေးတဲ့ အစီအစဉ် Public Distribution System(PDS) ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒါကတော့ သာမန်ပြည်သူများ ဝယ်ယူစားသုံးနိုင်ဖို့ပြင်ပပေါက်ဈေးထက်ကို လျှော့ပြီးဈေးသတ်မှတ် ရောင်းချပေးတာဖြစ်ပါတယ်။ ပဲလိုတဲ့ ဒေသတွေအတွက် လိုအပ်ချိန်မှာ ဖြန့်ဖြူးနိုင်ဖို့ ယခုဘဏ္ဍာနှစ်ရဲ့ လက်ရှိအချိန်အထိ သိုလှောင်မှု buffer stock အတွက် တောင်သူတွေဆီက တန်ချိန် ၁ ဒသမ ၁၁ သိန်းဝယ်ယူထားပြီးဖြစ်သလို ပြည်ပကလည်း တန်ချိန် ၃၈,၅၀၀ တင်သွင်းဖို့ စာချုပ်ထားတယ်လို့ သိရပါတယ်။ အဓိက ကတော့ ဈေးနှုန်းကို ထိန်းချုပ်ဖို့ဆောင်ရွက်တဲ့အစီအမံပဲ ဖြစ်ပါတယ်။

ဒါ့အပြင် ရောင်းလိုအားပိုလာစေဖို့ ပဲအထွက်တိုးအောင် မက်လုံးပေးပြီး ဆောင်ရွက်နေတဲ့အထဲမှာ အနိမ့်ဆုံးထောက်ပံ့ ဈေးနှုန်း (MSP) တွေကို နှစ်စဉ်တိုးမြှင့်ခြင်းဟာလည်း အိန္ဒိယနိုင်ငံရဲ့ ထင်ရှားတဲ့ ဗျူဟာတစ်ခုဖြစ်ပါတယ်။ MSP(Minimum Support Price) ဆိုတာ အစိုးရက တောင်သူတွေဆီကနေ သီးနှံပေါ်ချိန်မှာ ဝယ်ယူတဲ့ အနိမ့်ဆုံးထောက်ပံ့ဈေးနှုန်းကို ဆိုလိုတာဖြစ်ပါတယ်။ နှစ်စဉ်ဆိုသလို မုတ်သုံမိုးဝင်တဲ့အချိန် ဒါမှမဟုတ် ဆောင်းဝင်ခါနီးအချိန်မှာသီးနှံတွေစိုက်ပျိုးရတော့မယ်ဆိုတာနဲ့ တောင်သူတွေအားထည့်စိုက်ပျိုးဖို့ မက်လုံးပေးတဲ့အနေနဲ့ ထွက်လာတဲ့သီးနှံကို ဒီနှစ်ဒီ ဈေးအထိ တိုးပြီး ဝယ်ယူသွားမယ်ဆိုတာကို နှစ်စဉ်ဆိုသလို ထုတ်ပြန်ကြေညာလေ့ရှိပါတယ်။ ဒီနှစ်မှာလည်း မုတ်သုံရာသီ သီးနှံများအတွက် MSP ဈေးနှုန်းကို တိုးမြှင့်သွားဖို့ စိုက်ပျိုးရေးကုန်ကျစရိတ်နဲ့ ဈေးနှုန်းများအတွက်အစိုးရအကြံပေးအဖွဲ့ ကော်မရှင်က အကြံပြုတဲ့ဈေးနှုန်းထက်ကျော်လွန်တဲ့ ဈေးနှုန်းကို စီးပွားရေးရာအစိုးရကော်မတီ (CCEA) က ဇွန်လအတွင်းမှာပဲ ဆုံးဖြတ်တယ်လို့ The Economic Times သတင်းဌာနက ထုတ်ပြန်ထားပါတယ်။

ဒီနှစ်မိုးရာသီ စပါးအတွက် တိုးမြှင့်ပေးမယ့်နှုန်းက အကောင်းဆုံးအရည်အသွေး အတွက် တစ်တန်လျှင် ရူပီး ၁၄၇၀၀ (ကန်ဒေါ်လာ ၂၁၇ )၊ ပဲမျိုးစုံအတွက် တစ်တန်လျှင် ရူပီး ၄၂၅၀ (ကန်ဒေါ်လာ ၆၃ )၊ ဆီထွက်သီးနှံအတွက် တစ်တန်လျှင်ရူပီး ၁၀၀၀-၂၀၀၀ (ကန်ဒေါ်လာ၁၅-၂၉ ) အသီးသီးဖြစ်ကြောင်း သိရပါတယ်။ ပဲမျိုးစုံအတွက် MSP ဈေးနှုန်းကို တိုးမြှင့်လိုက်တဲ့အတွက် ပဲစင်းငုံရဲ့ MSP ဈေးနှုန်းက မနှစ်က တစ်တန် ရူပီး ၄၆၂၅၀ (ကန်ဒေါ်လာ ၆၈၁ ) ရှိခဲ့ရာမှ ဒီနှစ်မှာတော့ ရူပီး ၅၀၅၀၀ (ကန်ဒေါ်လာ ၇၄၄)ဖြစ်လာမှာဖြစ်ပါတယ်။ ပဲတီစိမ်းကလည်း အလားတူ မနှစ်က တစ်တန် ရူပီး ၄၈၅၀၀ (ကန်ဒေါ်လာ ၇၁၄ )ရှိခဲ့ရာမှ ဒီနှစ်မှာ ရူပီး ၅၂၂၅၀ (ကန်ဒေါ်လာ၇၇၀ ) ကိုမြင့်တက်လာပြီး မတ်ပဲတစ်တန်မနှစ်က ရူပီး ၄၆၂၅၀ (ကန်ဒေါ်လာ ၆၈၁ )ရှိခဲ့ရာမှ ဒီနှစ်မှာ ရူပီး ၅၀၀၀၀ ( ကန်ဒေါ်လာ ၇၃၇)ကို မြင့်တက်လာမှာဖြစ်ပါတယ်။ ပဲမျိုးစုံအပြင် ဆီထွက်သီးနှံများဖြစ်တဲ့ မြေပဲကလည်း တစ်တန်ရူပီး ၁၉၀၀ (ကန်ဒေါ်လာ ၂၈) တိုးလိုက်တဲ့အတွက် ရူပီး ၄၂၂၀၀ (ကန်ဒေါ်လာ ၆၂၂ ) ကိုလည်းကောင်း၊ အလားတူ ပဲပုပ်နဲ့မုန်ညင်းစေ့မှာလည်း တစ်တန်ရူပီး ၁၇၅ တိုးပြီး ရူပီး ၂၇၇၅၀ နဲ့ ၃၈၂၅၀ (ကန်ဒေါ်လာ ၄၀၉ နဲ့ ၅၆၃ ) အသီးသီးကို တိုးမြှင့်လိုက်ကြောင်း သိရပါတယ်။

> ## ချိုသက်မှု
>
> ”
>
> **လက်ရှိအနေအထားအရ မြန်မာနိုင်ငံရဲ့ သီးနှံတင်ပို့မှု သိသိသာသာ တိုးတက်မလာရတဲ့ အကြောင်းရင်းများထဲမှာ အထွက်နှုန်းတွေ တိုးတက်လာအောင် မစွမ်းဆောင်နိုင်သေးတာက စိန်ခေါ်မှုတစ်ရပ်ဖြစ်လို့နေပါတယ်။**

အိန္ဒိယနိုင်ငံအနေနဲ့ နှစ်စဉ်နှစ်တိုင်း ဈေးကွက်မှာ ရောင်းလိုအားတွေပြတ် လပ်မသွားအောင်ကုန်သည်နဲ့ ပဲလှောင်လက်တွေကို လက်ကျန်ပဲသိုလှောင်မှုကို ကန့်သတ်ခြင်းတွေ၊ ဈေးကွက်မှာဈေးနှုန်းတွေ ခေါင်ခိုက်မှုမရှိအောင် PDS နှုန်းနဲ့ ဖြန့်ဝေခြင်းတွေနဲ့ ဈေးကွက်မှာ ထိန်းညှိသလို တစ်ဖက်မှာလည်း ပြည်တွင်းဝယ်လိုအားကို ပြည်တွင်းထုတ်လုပ်မှုနဲ့ ဖြည့်တင်းဖို့ ပဲအထွက်တိုးရေးကို ဆောင်ရွက်လျက်ရှိပါတယ်။ ပဲအထွက်တိုးအောင်ဆောင်ရွက်တဲ့ အစိုးရရဲ့ မူဝါဒနဲ့ပတ်သက်လို့ သုတေသီတချို့က ဝေဖန်မှုတွေရှိတာကိုလည်း သိရပါတယ်။ ဒါနဲ့ပတ်သက်လို့ နိုင်ငံတကာ စားနပ် ရိက္ခာမူဝါဒသုတေသန (IFPRI) အကြံပေးအဖွဲ့ဝင် Ramesh Chand က အစိုးရအနေနဲ့ ပဲအထွက်တိုးအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ MSP ဈေးနှုန်းကို မြှင့်တင်ခြင်းဟာ နည်းပညာအခက်အခဲကို မဖြေရှင်းဘဲနဲ့တော့ ရေရှည်မှာ အထွက်နှုန်းမြင့်တက်ဖို့ မမြင်ဘူးလို့ဆိုပါတယ်။ MSP နှုန်းကို မြှင့်တင်တဲ့အတွက် အချို့ဒေသတွေမှာ ပဲစိုက်ဧရိယာတိုးတက်လာမယ်ဆိုတာ လက်ခံနိုင်ပေမယ့် ပဲအထွက်အများကြီးတော့တိုးလာဖို့ မဖြစ်နိုင်ဘူးလို့ သူကဆိုပါတယ်။ တစ်ချိန်က ပဲဈေးနှုန်းဟာ ဂျုံနဲ့ ဆန်ဈေးနှုန်းနဲ့ သိပ်မကွာဟပေမယ့် လက်ရှိကာလမှာပဲဈေးက ခြောက်ဆလောက်မြင့်တက် နေတာကိုကြည့်ပြီး ဈေးနှုန်းမြင့်တက် ခြင်းကြောင့် အထွက်နှုန်း တိုးလာလိမ့်မယ်ဆိုတဲ့မူဝါဒကိုတော့ ပြန်ပြီးစဉ်းစားဖို့ လိုမယ်လို့လည်း သုံးသပ်ထားပါတယ်။

နောက်တစ်ချက်က လက်ရှိဈေးကွက်ပေါက်ဈေးက MSP ဈေးနှုန်းထက် ၅၀ ရာခိုင်နှုန်းလောက်မြင့်မားနေတာကလည်း အစိုးရရဲ့ ရည်မှန်းချက်အောင်မြင်ဖို့ လက်တွေ့မကျတဲ့အချက်ပဲ ဖြစ်တယ်လို့လည်း သုံးသပ်ပါတယ်။ ပြည်တွင်းထုတ်လုပ်မှုနဲ့ ဝယ်လို အားအကြားကွာဟမှုက တန်ချိန် ၄ သန်းမှ ၇ သန်းခန့် အထိ ရှိတဲ့အတွက် အိန္ဒိယနိုင်ငံအနေနဲ့ ပဲရောင်းချဖို့ အခြားနိုင်ငံတွေကို မျှော်ကြည့်နေရတယ်။ လက်ရှိကမ္ဘာ့ဈေးကွက်မှာ ပဲရရှိနိုင်မှုနည်းနေတယ်။ အိန္ဒိယရဲ့ အဓိကပဲရောင်းချသူ မြန်မာနိုင်ငံအနေနဲ့လည်း ပဲတန်ချိန် ၈ သိန်းထက်ကျော်လွန်ပြီး တိုးမြှင့်မထုတ်လုပ်နိုင်တဲ့အတွက် ပဲစိုက်ပျိုးဖို့ မိုဇမ်ဘစ်လို အာဖရိကနိုင်ငံတွေကို ခြေဦးလှည့်နေရတယ်လို့လည်း ၎င်းကပြောကြားပါတယ်။

ကမ္ဘာမှာ ပဲအများဆုံးထုတ်လုပ်သူဖြစ်တဲ့ အိန္ဒိယနိုင်ငံအနေနဲ့ ၂၀၁၅-၂၀၁၆ သီးနှံရာသီနှစ်မှာ ပဲမျိုးစုံတန်ချိန် ၁၇ ဒသမ ၀၆ သန်းထွက်ရှိပေမယ့် ပြည်တွင်းစားသုံးမှု ဖူလုံစေဖို့ ပြီးခဲ့နှစ်မှာ တန်ချိန် ၅ ဒသမ ၅ သန်းကျော် တင်သွင်းခဲ့ရတယ်လို့ သိရပါတယ်။ ပဲအထွက်နှုန်းတိုးအောင် တောင်သူတွေကို မက်လုံးပေးဈေးနှုန်း မြှင့်တင်ပေးမယ့် အထွက်နှုန်းက ၂၀၁၃-၂၀၁၄ မှာ တန်ချိန် ၁၉ ဒသမ ၂၅ သန်းအထိ စံချိန်တင်မြင့်တက် ခဲ့တဲ့နှုန်းကို မမီနိုင်သေးဘူးလို့ သိရပါတယ်။ အိန္ဒိယလူမျိုးတွေရဲ့ လူတစ်ဦးချင်း ပဲစားသုံးမှုဟာ ပြီးခဲ့တဲ့ ၁၅ နှစ်လောက်က ကီလိုဂရမ် ၆၀ ရှိခဲ့ရာမှ လက်ရှိမှာ ပဲဈေးနှုန်းတွေခေါင်ခိုက်အောင်မြင့်တက်တာကြောင့် တစ်ဦးစားသုံးမှုဟာ ကီလိုဂရမ် ၃၈ ကို ကျဆင်းခဲ့တယ်လို့ နိုင်ငံတကာစားနပ်ရိက္ခာ မူဝါဒသုတေသနအဖွဲ့ဝင် Ramesh Chand က ဆိုပါတယ်။ အကယ်၍ လက်ရှိလူဦးရေအတွက် လူတစ်ဦး ကီလိုဂရမ် ၆၀ စားသုံး နိုင်ဖို့ အတွက်ဆိုရင် အိန္ဒိယနိုင်ငံရဲ့ ပဲထုတ်လုပ်မှုဟာ တန်ချိန် သန်း ၄၀ ကျော်အထိ တိုးတက်အောင် လုပ်ဖို့လိုမယ်လို့လည်း ၎င်းကဆိုပါတယ်။ ဒါကြောင့် ပဲအထွက်တိုးဖို့ဆိုရင် အနိမ့်ဆုံးထောက်ပံ့ ဈေးနှုန်း တိုးမြှင့်ရုံသာမက အဓိကကျတဲ့ စိုက်ပျိုးရေးနည်းပညာတွေ အသုံးချရမယ်လို့ ထပ်လောင်းပြောကြားကြောင်း The Economic Times သတင်းမှာ ဖော်ပြထားတာ တွေ့ရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ တစ်နိုင်ငံလုံး အတိုင်းအတာအရ စီးပွားရေးရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ ကုန်သွယ်မှုမြှင့်တင်ရေးကို ဆောင်ရွက်တဲ့နေရာမှာ လက်ရှိအစိုးရကာလအတွင်း ပို့ကုန်သုံးဆ မြှင့်တင်ဖို့ဆိုတဲ့ရည်မှန်းချက်ထားရှိပါတယ်။ ပို့ကုန် တိုးမြှင့်ဖို့ဆိုတဲ့နေရာမှာ အဓိကပို့ကုန်တွေကို ဆန်းစစ်ကြည့်ရင် ထိပ်ဆုံးမှာ ရောက်နေတာက သဘာဝဓာတ်ငွေ့ဖြစ်ပြီး အဲဒီနောက်မှာ လက်ခစားစနစ်နဲ့ ဆောင်ရွက်နေတဲ့ အထည်ချုပ်လိုလုပ်ငန်းများဖြစ်ပါတယ်။ တတိယအဆင့်လောက်မှာတော့ လယ်ယာထွက်ကုန် များဖြစ်တဲ့ ဆန်၊ ပဲ၊ ပြောင်းဖြစ်တာ တွေ့ရပါတယ်။ လက်ရှိထိပ်ဆုံးမှာ ရောက်နေတဲ့ ပို့ကုန်များက တစ်ချိန်ချိန်မှာ ကုန်ဆုံးသွားမယ့် သဘာဝသယံဇာတများဖြစ်လို့ ရေရှည်စီမံကိန်းနဲ့ ပို့ကုန်မြှင့်တင်ရ မယ့် ကုန်ပစ္စည်းတွေထဲမှာ ဦးစားပေးအဆင့်မဖြစ်သင့်တာ အားလုံးအသိပါ။ လက်ခစားစနစ်နဲ့ ဆောင်ရွက်နေတဲ့ လုပ်ငန်းများအနေနဲ့ ပြည်တွင်းမှာ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးတာမို့ ဒီကဏ္ဍမှာ ပို့ကုန်တွေတိုးမြှင့်နိုင်မယ်ဆိုရင်လည်း နိုင်ငံသားများအတွက် အကျိုးရှိပါလိမ့်မယ်။ ဒါပေမဲ့ လက်ခစားစနစ်အစား ကုန်ကြမ်းဝယ် ပြီးကိုယ်တိုင်ထုတ်လုပ် တင်ပို့မှုကို ဆောင်ရွက်လာနိုင်မယ်ဆိုရင် တော့ အလုပ်အကိုင်အခွင့်အလမ်းသာမက အကျိုးအမြတ်များစွာနဲ့ အခြားအခွင့်အလမ်းများလည်း ရရှိမှာဖြစ်လို့ ပို့ကုန်မြှင့်တင်ဖို့ အတွက် အရေးပါတဲ့ကဏ္ဍတစ်ရပ်အနေနဲ့ ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။

ပို့ကုန်မြှင့်တင်ဖို့ ထိပ်တန်းဦးစားပေးရမယ့် ကဏ္ဍကို မိမိ တစ်ဦးတည်းရဲ့အမြင်အရ ရွေးချယ်ရမယ်ဆိုရင်တော့ လယ်ယာထွက်ကုန်ကဏ္ဍကို အရင်ဆုံးစဉ်းစားမိပါတယ်။ ဘာကြောင့်လဲဆိုရင် သီးနှံစိုက်ပျိုးဖို့ရေမြေရာသီဥတုမျှတပြီး ထွက်ရင်ထွက်သလောက် ဝယ်လိုအားရှိတဲ့ ဈေးကွက်ကြီးတွေက ကိုယ့်အနီးအနားမှာ ရှိနေလို့ပါပဲ။ လယ်ယာထွက်ကုန်အုပ်စုများထဲက ထုတ်လုပ်မှုအလားအလာကောင်းပြီး ဝယ်လိုအားရှိတဲ့ ပဲမျိုးစုံကဏ္ဍကလည်း တစ်စိတ်တစ်ပိုင်းအရေးပါတဲ့ ပို့ကုန်အနေနဲ့ထည့်သွင်း စဉ်းစားရမှာဖြစ်ပါတယ်။ အထူးသဖြင့် အိန္ဒိယရဲ့ ပြည်ပပဲ နှစ်စဉ်ဝယ်လိုအားက တန်ချိန် ငါးသန်းဝန်းကျင်ရှိနေလို့ မိမိတို့ဘက်က တိုးတက်ထုတ်လုပ်နိုင်သလောက် သေချာခိုင်မာတဲ့ဈေးကွက်က အသင့်ရှိတာကြောင့်ပါ။ ဒါပေမဲ့ လက်ရှိအနေအထားအရ မြန်မာနိုင်ငံရဲ့သီးနှံတင်ပို့မှုသိသိသာသာ တိုးတက်မလာရတဲ့ အကြောင်းရင်းများထဲမှာ အထွက်နှုန်းတွေ တိုးတက်လာအောင် မစွမ်းဆောင်နိုင်သေးတာက စိန်ခေါ်မှုတစ်ရပ်ဖြစ်လို့နေပါတယ်။

ပဲမျိုးစုံကဏ္ဍကို အိန္ဒိယနိုင်ငံနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် မြန်မာအစိုးရရဲ့ ထောက်ပံ့မှုက ငွေကြေးပိုင်းမှာရော နည်းပညာပိုင်းမှာပါ အလွန်ပဲ အားနည်းသေးတာကို တွေ့ရပါတယ်။ လက်ရှိအနေအထားအရကြည့်မယ်ဆိုရင် အဓိကစားနပ်ရိက္ခာ ဆန်စပါးကဏ္ဍအတွက်ကိုသာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စိုက်ပျိုးစရိတ်ချေးငွေထောက်ပံ့မှုပေးခြင်း၊

စာမျက်နှာ ၂၁ သို့ ➲

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အိန္ဒိယနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်ရန် ဂျပန်နိုင်ငံက နည်းလမ်းများရှာဖွေလျက် ရှိသည်ဟုဆို

အိန္ဒိယနှင့်ဂျပန်နိုင်ငံတို့သည် မဟာဗျူဟာမြောက် အထူးဆက်ဆံရေးကို အကောင်အထည်ဖော်လျက်ရှိရာ ဂျပန်နိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာစေရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ဂျပန်နိုင်ငံသည် ဝန်ကြီးချုပ် နရိန္ဒရာမိုဒီ၏ Make in India အစီ အစဉ်ကိုလည်း အထောက်အပံ့များပေးလျက်ရှိကြောင်း၊ သို့ဖြစ်၍ အိန္ဒိယနိုင်ငံ ၏ စီးပွားရေးဝန်းကျင် ပိုမိုတိုးတက် ကောင်းမွန်လာမည်ဟု မျှော်လင့်ကြောင်း၊ ထို့ပြင် Nuclear Suppliers Group (NSG) အဖွဲ့ဝင်ဖြစ်လာရေး အိန္ဒိယနိုင်ငံ၏ တောင်းဆိုမှုအား ထောက်ခံပေးထားကြောင်း အိန္ဒိယနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး ခန်ဂျိဟီရာမတ်ဆု က ပြောကြားခဲ့ ကြောင်း သိရပါသည်။

ပြီးခဲ့သည့် ဇွန် ၆ ရက်က ဝန်ကြီးချုပ် နရိန္ဒရာမိုဒီနှင့် ဆွစ်ဇာလန်နိုင်ငံသမ္မတ ယိုဟန်ရှနိုက်ဒါအာမန်တို့ ဂျနီဗာမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် အိန္ဒိယနိုင်ငံအနေဖြင့် NSG အဖွဲ့ဝင်ဖြစ်လာရေးအတွက် ဆွစ်ဇာလန်နိုင်ငံ၏ ထောက်ခံမှုကို ရရှိ ခဲ့ကြောင်းလည်း သိရပါသည်။

ဟီရာမတ်ဆုက အိန္ဒိယနှင့်ဂျပန်နိုင်ငံတို့အကြား မဟာဗျူဟာမြောက် အထူးဆက်ဆံရေးရှိရာ ကာကွယ်ရေးနှင့်နည်းပညာကဏ္ဍတို့သည် ဂျပန်နိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံအား အကူအညီပေးလိုသည့် နယ်ပယ်များအနက် တစ်ခုအဖြစ်ပါဝင်ကြောင်း၊ အိန္ဒိယနိုင်ငံသို့ ကာကွယ်ရေးဆိုင်ရာ နည်းပညာများ လွှဲပြောင်းပေးနိုင်ရန် သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ လွှဲပြောင်းပေးခြင်းသည် အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့အကြား လုံခြုံရေးပူးပေါင်းမှု အားကောင်းလာလိမ့်မည်ဖြစ်ကြောင်း၊ အာရှရှိ အခြေအနေများမှာ ရှုပ်ထွေးနေသည့်အတွက် နှစ်နိုင်ငံစလုံးအနေဖြင့် မိတ်ဖက်များဖြစ်ရန် လိုအပ်လျက်ရှိကြောင်း၊ နှစ်နိုင်ငံစလုံးသည် မိမိတို့၏ ပိုင်နက်ပင်လယ်ပြင်များ၌ တည်ငြိမ်အေးချမ်းမှုရှိရန်အတွက် တစ်ဦးနှင့်တစ်ဦးပူးပေါင်းရလိမ့်မည်ဖြစ်ကြောင်း၊ အိန္ဒိယနှင့်ဂျပန်နိုင်ငံတို့သည် ပင်လယ်ရေကြောင်း လုံခြုံရေးနှင့်ဆက်စပ်သည့် ကိစ္စရပ်များအား ဆွေးနွေးလျက်ရှိကြောင်း၊ ၎င်းသည် ပင်လယ်ပြင်များ၌ တည်ငြိမ်အေးချမ်းရေးအတွက် အလွန်ပင်အရေးပါကြောင်း၊ ဒေသတွင်း၌ အငြင်းပွားမှုများဖြစ်ပေါ်နေသည့်အခိုက် တရုတ်နိုင်ငံသည်လည်း နိုင်ငံတကာဥပဒေများကို လေးစားလိုက်နာမည်ဟု မျှော်လင့်ပါကြောင်း ၎င်းကထည့်သွင်းပြောကြားခဲ့ပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ကာနာတာကာ ပြည်နယ်ရှိ ကွန်ဂရက်ပါတီအစိုးရသည် ကြံစိုက်တောင်သူများအတွက် Drip System ရေသွင်းစိုက်ပျိုးရေး စီမံကိန်းကြီးအား အကောင်အထည်ဖော်မည်

တာဝန်ယူသည့် သက်တမ်းလေးနှစ်တာကာလအတွင်းသို့ ဝင်ရောက်နေပြီဖြစ်သည့် ကာနာတာကာပြည်နယ်၏ ကွန်ဂရက်အစိုးရသည် ရေလျှောင်ကန်တူးမြောင်းမှရေကို (Flood Irrigation) စနစ်ဖြင့် ရေသွင်းစိုက်ပျိုးနေသော ကြံစိုက်ဧကပေါင်း သုံးသိန်းအား Drip Irrigation စနစ်ဖြင့် စတင်ဆောင်ရွက်ရန် ရူပီးကုဋေ ၂၅၀၀ ကုန်ကျမည့် စီမံကိန်းကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းသည် အိန္ဒိယနိုင်ငံ၏ ကြံတတိယအများဆုံးစိုက်ပျိုးသည့် ပြည်နယ်အတွင်း ကြံအထွက်နှုန်းနှစ်ဆမြင့်တက်လာစေရန်၊ ကြံအရည်အသွေး တိုးတက် ကောင်းမွန် လာစေရန်၊ လယ်သမားများ၊ သကြားစက်ရုံများ၊ ဗဟိုအစိုးရနှင့်ပြည်နယ်အစိုးရတို့၏ ဝင်ငွေများအား မြှင့်တင်ပေးနိုင်ရန်တို့အပြင် စမ်းသပ်ဧက ၁ ဒသမ ၅ သိန်းအတွင်းမှာပင် ရေကုဗပေသန်းပေါင်း ငါးသောင်းနှစ်ထောင်ခန့် သက်သာစေရန် မျှော်မှန်း ထားကြောင်း သိရပါသည်။

အိန္ဒိယနိုင်ငံ၊ ကာနာတာကာ ပြည်နယ်၌ ပြီးခဲ့သည့်နှစ်က မိုးခေါင်ရေရှားခြင်း ပြဿနာနှင့်တွေ့ကြုံရချိန်တွင် လယ်သမားပေါင်း ၁၅၀၀ ခန့်သည် မိမိကိုယ်ကို အဆုံးစီရင်ခဲ့ကြကြောင်း၊ ၎င်းတို့အနက် အတော်များများသည် ကြံစိုက်ပျိုးသူများဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းရှိကြံစိုက်ပျိုးသူများမှာ ကမ္ဘာ့ဈေးနှုန်းများကျဆင်းနေသည့်အတွက် အရှုံးပေါ်သဖြင့် သကြားစက်များမှ ငွေကြေးများကို ချေးယူနေရဆဲ ဖြစ်ကြောင်း၊ ပြည်တွင်းဈေးကွက် တိုးတက်လာခြင်းအားဖြင့် အကြွေးများ လျှော့ချနိုင်ရန် မျှော်လင့်ကြောင်း အိန္ဒိယသကြားစက်အသင်း (Indian Sugar Mills Association) ကပြောကြားထားကြောင်း သိရပါသည်။

Siddaramaiah အစိုးရက ဆောင်ရွက်သည့် ရူပီးကုဋေ ၂၅၀၀ စီမံကိန်းသည် အဆိုပါကဏ္ဍများကို အထောက်အပံ့ဖြစ်စေရုံမျှမက ၂၀၁၈ ခုနှစ်တွင် ကျင်းပမည့် ပြည်နယ်ရွေးကောက်ပွဲမတိုင်မီ ၎င်းတို့၏ပုံရိပ်များ တိုးတက်ကောင်းမွန်စေရန်ကိုလည်း မျှော်လင့်ထားကြောင်း၊ ကြံစိုက်ပျိုးသည့် အခြားပြည်နယ်များဖြစ်သည့် မဟာရာ့ရှတ္တရာပြည်နယ်နှင့် ဗဟိုအစိုးရတို့မှလည်း အစက်ချရေသွင်း စိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲရန်အတွက် လယ်သမားများအား ထောက်ပံ့ငွေအများအပြားပေးထားကြောင်း၊ Flood irrigation စနစ်မှ Drip System) သို့ပြောင်း လဲရန်အတွက် လိုအပ်နေသည့် အခြေခံ အဆောက်အအုံတစ်ခုလုံးကို ယခုအချိန် အထိမည်သည့်အစိုးရမှ တည်ဆောက်ပေးခြင်း မရှိသေးကြောင်း၊ ယခုဆောင်ရွက်မည့် Drip System သည် ရေထွက်ပေါက်များတွင် တပ်ဆင်ထားသည့် သေးငယ်သော ပလပ်စတစ်ပိုက်များမှ တစ်ဆင့် မြေဆီလွှာအတွင်းသို့ ရေများကို ဖြည်းညင်းစွာထုတ်လွှတ်ပေးခြင်း ဖြစ်ကြောင်း၊ ရေကိုလည်း အမြစ်ကြီးထွားစေမည့် မြေဆီလွှာ အစိတ်အပိုင်းကိုသာလျှင် စိုစွတ်နိုင်စေရန် အပင်နှင့်နီးနီး အထိရောက်ရှိအောင် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရပါသည်။

စီမံကိန်းအရ ပန့်နှင့်မော်တာများ တပ်ဆင်ခြင်း၊ ရေမြောင်းမှ လယ်ယာမြေများသို့ ရေသွယ်ခြင်းအတွက် လိုအပ်သည့်ကိရိယာတန်ဆာပလာများ တပ်ဆင်ခြင်းတို့ကို ပြည်နယ်အစိုးရမှ စရိတ်ကျခံမည်ဖြစ်ကြောင်း၊ လယ်သမားများအနေဖြင့် မိမိတို့၏ လယ်ယာမြေများအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများအတွက်သာ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ကာနာတာကာ ပြည်နယ် ရေအရင်းအမြစ် ဝန်ကြီး MB Patil က ပြောကြားကြောင်း သိရပါသည်။

အဆိုပါ စီမံကိန်းအတွက် ပြည်နယ်အစိုးရက တစ်ဧကလျှင်ပျမ်းမျှ ရူပီး ၈၅၀၀၀ ရင်းနှီးမြှုပ်နှံလိမ့်မည်ဖြစ်ကြောင်း၊ လယ်သမားများအနေဖြင့် ဗဟို အစိုးရ၊ ပြည်နယ်အစိုးရနှင့်သကြားစက် များမှ ပေးသောထောက်ပံ့ငွေ/အမတော်ကြေးများသည် ရူပီး ၆၅၀၀၀ ခန့် အထိ မြင့်တက် လာဖွယ်ရှိကြောင်း၊ ပြည်နယ်အစိုးရသည် ၎င်းပမာဏ အတွက် လယ်သမားများ၊ ဘဏ္ဍာရေး အဖွဲ့အစည်းများနှင့်သကြားစက်များ အကြား ချေးငွေသဘောတူညီချက်များကိုလည်း လွယ်ကူအဆင်ပြေအောင် ဆောင်ရွက်ပေးမည်ဖြစ်ပြီး အတိုးနှုန်းကိုလည်း အနည်းဆုံးဖြစ်အောင် ညှိနှိုင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း Patil က ပြောကြားခဲ့ပါသည်။

စီမံကိန်းအတွက်လိုအပ်သည့် ရန်ပုံငွေများကို ဗဟိုအစိုးရမှ တစ်စိတ်တစ်ပိုင်းပါဝင်ကျခံရန် တိုက်တွန်းထားသော်လည်း ယခုအချိန်အထိ တုံ့ပြန်ပြောကြားမှုမရရှိသေးကြောင်း၊ ဗဟိုအစိုးရ၏ ပူးပေါင်းပါဝင်မှုမရပါကလည်း ၎င်းတို့၏ပြည်နယ်ရန်ပုံငွေဖြင့် ဆက်လက်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ ထောက်ပံ့ပေးပါကလည်း ဝမ်းသာပျော်ရွှင်မည်ဖြစ်ပါကြောင်း၊ ၎င်းက ထည့်သွင်းပြောကြားထားကြောင်းသိရပါသည်။

ပြည်နယ်ရေအရင်းအမြစ် ဝန်ကြီးချုပ်က Drip Irrigation စနစ်ကို ရရှိခံစားရမည့် လယ်သမားများသည် တစ်နှစ်အတွင်း တစ်ဧကလျှင် ရူပီး ၈၁၇၅၀ ခန့်အထိ အကျိုးကျေးဇူးရရှိခံစားရလိမ့်မည်ဟု ခန့်မှန်းထားကြောင်း၊ လယ်သမားများအနေဖြင့် မျိုးစေ့များ ဓာတ်မြေဩဇာများနှင့် အလုပ်သမား စရိတ်များသက်သာမည်ဖြစ်ပြီး အထွက်နှုန်းမှာလည်း နှစ်ဆတိုးလာမည်ဖြစ်ကြောင်း၊ ထိုသက်သာမှုများကြောင့် လယ်သမားများသည် ၎င်းတို့၏ လယ်ယာမြေအခြေခံ အဆောက်အအုံဆိုင်ရာ ပစ္စည်းများအတွက် ရယူထားသည့် ချေးငွေများကို ပြန်လည်ပေးဆပ် နိုင်လိမ့်မည်ဟု မျှော်လင့် ကြောင်း၊ တောင်သူများမှ ကြံများပုံမှန်ပေးသွင်း ရောင်းချနေသည့် သကြားစက်ရုံများသည် ချေးငွေများအတွက် အာမခံသူများအဖြစ် ရပ်တည်ရကြောင်း သိရပါသည်။

ကာနာတာကာပြည်နယ်၌ အစိုးရ၊ ပုဂ္ဂလိကနှင့်သမဝါယမသကြားစက်ရုံစုစုပေါင်း ၇၂ ရုံရှိကြောင်း၊ ကြံအထွက်နှုန်းတိုးလာမည်ဖြစ်သည့်အတွက် သကြားစက်ရုံများအနေဖြင့်လည်း သကြားထုတ်လုပ်မှုနှင့်အီသနောထုတ်လုပ်မှုများတိုးတက်လာမည်ဖြစ်၍ သက်ဆိုင်သူအားလုံးနှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းဖြစ်ကြောင်း၊ ၎င်းတို့သည် ကြံစိုက်တောင်သူများ၏ ချေးငွေအာမခံသူများအဖြစ် ဆောင်ရွက်ရန် အဆင်သင့်ဖြစ်ကြောင်း၊ National Federation of Cooperative Sugar Factories ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Amit Kore က ပြောကြားထားကြောင်း သိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# VCIC ကမ်းရိုးတန်းစင်္ကြံသည် အိန္ဒိယနိုင်ငံ၏ ဒေသတွင်းဈေးကွက်ကို တစ်စု တစ်စည်းတည်းဖြစ်စေနိုင်

အိန္ဒိယနိုင်ငံ၏ ပထမဦးဆုံးသော ကမ်းရိုးတန်းစီးပွားရေးစင်္ကြံသည် နိုင်ငံ၏ ပြည်တွင်းဈေးကွက်ကို တစ်ပေါင်းတစ်စည်းတည်းဖြစ်စေခြင်းနှင့် နိုင်ငံစီးပွားရေးအား အာရှ၏ ကမ္ဘာ့တန်ဖိုးကွင်းဆက် (global value chains) နှင့် ပေါင်းစည်းရာတွင် အထောက်အပံ့ဖြစ်စေနိုင်ကြောင်း၊ ထုတ်လုပ်မှုတိုးတက်စေမည့် Make in India အစီအစဉ်ကိုလည်း အကူအညီ ဖြစ်စေနိုင်ကြောင်း၊ အိန္ဒိယနိုင်ငံ၏ အရှေ့ပိုင်းကမ်းရိုးတန်း၏ ကီလိုမီတာ ၈၀၀ ကျော်အား ပေါင်းကူးပေးမည့် Vizag-Chennai Industrial Corridor (VCIC) သည်နိုင်ငံ၏ အရှေ့ပိုင်းစီးပွားရေးစင်္ကြံ၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း၊ ကုန်သွယ်ရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ကမ်းရိုးတန်းစီးပွားရေးဇုန်များတည်ဆောက်ရန် အိန္ဒိယအမျိုးသားပြုပြင်ပြောင်းလဲရေး အတိုင်ပင်ခံအဖွဲ့ (NITI Aayog) က ထောက်ခံတင်ပြကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးဝေစုပိုမို ရရှိလာနိုင်ရန်အတွက် အိန္ဒိယနိုင်ငံသည် ပို့ကုန်ဦးစားပေးလုပ်ငန်းကြီးများ၊ ကမ်းရိုးတန်းစီးပွားရေးဇုန်များ တည်ထောင်သင့်သည်ဟု NITI Aayog ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Arvind Panagariya က အကြံပြုပြောကြားခဲ့ကြောင်းသိရပါသည်။

ယခုတည်ဆောက်မည့် စက်မှုဇုန်သစ်သည် အားကောင်းသည့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်တစ်ခုနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် စီးပွားရေးဝန်းကျင်တစ်ခုဖြစ်စေရန် အထောက်အပံ့ဖြစ်စေမည့် ကမ္ဘာ့အဆင့်မီ ပို့ဆောင်ရေးကွန်ရက်များ၊ အခြေခံအဆောက်အအုံနှင့်စက်မှု(သို့မဟုတ်) မြို့ပြအစုအဝေးများတွင် ရင်းနှီးမြှုပ်နှံမှုတိုးတက်များပြားလာခြင်းအားဖြင့် နိုင်ငံ၏စီးပွားရေးတိုးတက်မှုကို တွန်းအားဖြစ်စေရန် မျှော်လင့်ကြောင်း၊ ဖွံ့ဖြိုးမှုနှေးကွေးနေသည့် ဒေသများအား အမျိုးမျိုးသော စက်မှုနှင့်မြို့ပြအစုအဝေးများနှင့်ချိတ်ဆက်ပေးခြင်းအားဖြင့် VCIC စက်မှုစင်္ကြံသည် အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးနိုင်မည်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှု လျှော့ပါးသက်သာစေကာ၊ မညီမျှမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါစင်္ကြံသည် ကမ်းရိုးတန်းစီးပွားရေးစင်္ကြံဖြစ်သည့်အတွက် ကမ္ဘာ့ဝင်ပေါက် ထွက်ပေါက်ဖြစ်စေမည့် နေရာများစွာကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ ထို့မျှသာမက တောင်အာရှနှင့် ကျန်အာရှဒေသတို့အကြား ဆက်သွယ်မှုပိုမို အားကောင်းလာနိုင်ပြီး၊ စီးပွားရေးပူးပေါင်းမှုလည်း ပိုမိုများပြားလာမည်ဖြစ်သည့်အတွက် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့်ဖွံ့ဖြိုးတိုးတက်မှုကို သိသိသာသာ အထောက်အကူပြုနိုင်ဖွယ်ရှိသည်ဟု Scaling New Heights အမည်ရှိ အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၇–၆–၂၀၁၆)

ဇော်ဝင်း

## မန္တလေးဈေးကွက်မှာ မတ်ပဲဈေးတက်ရိပ်ပြ အရောင်းအဝယ်ဖြစ်

ဒီတစ်ပတ်မန္တလေးဈေးကွက်မှာ မတ်ပဲဈေးဆက်လက်တက်ရိပ်ပြနေပြီး ယခင်တစ်ပတ်က တစ်ပိဿာကို ၂၇၆၇ ကျပ်ဖြစ်ခဲ့ပြီး ယခုတစ်ပတ်မှာတော့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၈၃၃ ကျပ် (တစ်တန်ကို ၁၇၃၄၉၀၀ ကျပ်) နဲ့ ဈေးမြင့်အဝယ်ဖွင့်ခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှု အနေနဲ့လည်း တစ်နေ့ကို အိတ် ၄၀၀ ခန့်ရှိခဲ့တာကြောင့် ယခင်တစ်ပတ်ထက်ပိုမိုခဲ့ကြောင်းသိရပါတယ်။ ပဲတီစိမ်းအနေနဲ့ ပဲတီစိမ်းကြီးတစ်ပိဿာကို ၁၆၈၉ ကျပ် (တစ်တန်ကို ၁၀၃၄၃၂၆ ကျပ်)နဲ့ ယခင်တစ်ပတ်ထက် ဈေးနှုန်းမြင့်ခဲ့ပြီး အရောင်းအဝယ်ဖြစ်မှုအနေနဲ့တစ်နေ့ အိတ် ၁၂၀၀ ခန့်ရှိပြီး တရုတ်ဝယ်လက်က အဝယ်လိုက်ကြောင်း သိရပါတယ်။ ပဲတီစိမ်းရွှေဝါကတော့ ယခင်တစ်ပတ်ထက်ဈေးနှုန်းအနည်းငယ်ကျပြီး တစ်ပိဿာကို ၁၈၄၉ ကျပ် (တစ်တန်ကို ၁၁၃၂၃၀၉ ကျပ်) နဲ့ တရုတ်ဝယ်လက်၊ ဒေသတွင်းပဲခွဲစက်တွေက ပုံမှန်အဝယ်ရှိတာကြောင့် တစ်နေ့ကိုအိတ် ၄၀၀ ခန့်အရောင်းအဝယ်ပုံမှန်ဖြစ်ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်ပြီး အရောင်းအဝယ်အေး

ဒီတစ်ပတ်လားရှိုးဈေးကွက်မှာ ပြောင်းဈေးအတက်အကျမရှိဘဲ ဆက်လက်ဈေးငြိမ်နေပါတယ်။ တစ်ပိဿာကို ၄၀၀၀ ကျပ် (တစ် တန်ကို ၂၄၄၉၅၆၀ ကျပ်)နဲ့ အရောင်းအဝယ်ဖွင့်ခဲ့ပြီး တရုတ်ဝယ်လက်နဲ့ တိရစ္ဆာန်အစာစပ်စက်ရုံများမှ ဝယ်ယူခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း ၆၃၇၉၀ ပိဿာခန့် အရောင်းအဝယ်ဖြစ်ခဲ့တာကြောင့် ယခင်တစ်ပတ်ထက် အနည်းငယ်ပိုမိုခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲဈေးဆက်လက်တက်ရိပ်ပြပြီး ပဲစင်းငုံဈေး အနည်းငယ်ကျ

ဒီတစ်ပတ်ပြည်ဈေးကွက်မှာမတ်ပဲဈေးဆက်လက်တက်ရိပ်ပြနေပေမယ့် ပဲစင်းငုံနီကတော့ အနည်းငယ်ဈေးကျခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို အိန္ဒိယအတွက် ရန်ကုန်ဝယ်လက်က ယခင်တစ်ပတ်ဈေးနှုန်းတစ်ပိဿာ ၂၈၀၀ ကျပ် ထက်ဈေးမြင့်ပြီး တစ်ပိဿာ ၂၈၇၅ ကျပ် (တစ်တန်ကို ၁၇၆၀၆၂၀ ကျပ်) နဲ့ အရောင်းအဝယ် ဖွင့်ခဲ့ပါတယ်။ တစ်နေ့ကို အိတ် ၂၀၀ မှ ၅၅၀ ကြား ပုံမှန်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ကျခဲ့ပြီး တစ်ပိဿာကို ၂၄၀၀ ကျပ်(တစ်တန်ကို ၁၄၆၉၇၃၆ ကျပ်)နဲ့ အရောင်းအဝယ်ဖွင့်ခဲ့ကြောင်းနဲ့ လှောင်လက်တွေမှာ လက်ကျန်နည်းနေတာ ကြောင့် အရောင်း အဝယ်အေးပြီး နှစ်ရက်သုံးရက်ခန့်မှသာ အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

××××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲဈေးဆက်လက် တက်ရိပ်ပြနေပြီး အရောင်းအဝယ်ပုံမှန်ဖြစ်

ဟင်္သာတဈေးကွက်မှာ မတ်ပဲဈေးဆက်လက်တက်ရိပ်ပြနေပြီး ယခင်တစ်ပတ်က တစ်ပိဿာကို ၂၈၁၀ ကျပ်သာရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာကို ၂၈၈၅ ကျပ် (တစ်တန်ကို ၁၇၆၆၇၄၅ ကျပ်)နဲ့ဈေးဖွင့်ခဲ့ပြီး တစ်နေ့ကိုတန် ၁၅၀ ခန့်အရောင်းအဝယ်ရှိတာကြောင့် အရောင်းအဝယ်ပုံမှန်ရှိနေကြောင်း သိရပါတယ်။ ပဲတီစိမ်းကတော့ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ကျခဲ့ပြီး တစ်ပိဿာကို ၁၃၇၅ ကျပ် (တစ်တန်ကို ၈၄၂၀၃၆ ကျပ်) နဲ့ ဈေးဖွင့်ခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်နေ့ကို အိတ် ၄၀၀ ခန့်ရှိကြောင်း သိရပါတယ်။ မတ်ပဲရော ပဲတီစိမ်းရော ရန်ကုန်ဝယ်လက်က ပြည်ပအတွက်ဝယ်ယူကြောင်း သိရပါတယ်။ ဒေသထွက် အစေ့ထုတ်ပြောင်းကတော့ ယခင်တစ်ပတ်ထက် ဈေးနှုန်း အနည်းငယ် တက်ခဲ့ပြီး တစ်ပိဿာ ၄၃၅ ကျပ် (တစ်တန်ကို ၂၆၆၃၈၉ ကျပ်) နဲ့ ရန်ကုန်ဝယ်လက်က ပုံမှန်အဝယ်ရှိခဲ့ပြီး တစ်နေ့ကိုအိတ် ၂၀၀၀ ခန့်ပုံမှန်အရောင်းအဝယ်ရှိကြောင်း သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းဈေး အနည်းငယ်တက်သော်လည်း အရောင်းအဝယ်အေး

ဒီတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းကြီးဈေးအနည်းငယ်တက်ခဲ့ပြီး တစ်ပိဿာကို ၁၅၀၀ ကျပ် (တစ်တန်ကို ၉၁၈၅၈၅ ကျပ်) နဲ့ ဈေးဖွင့် အဝယ်ရှိခဲ့ပေမယ့် အရောင်းအဝယ်အေးပြီး တစ်နေ့အိတ် ၁၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပဲစင်းငုံနီဈေးကတော့ ယခင်တစ်ပတ်ထက်ဈေးအနည်းငယ်နိမ့်ခဲ့ပြီး တစ်ပိဿာကို ၁၄၂၅ ကျပ် (တစ်တန်ကို ၁၄၈၅၀၄၅ ကျပ်) နဲ့ ရန်ကုန်ဝယ်လက်က အဝယ်ဖွင့်ခဲ့ပြီး တစ်နေ့ကိုအိတ် ၅၀ ခန့်သာအရောင်းအဝယ်ရှိကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီဈေး အနည်းငယ်ကျ အရောင်းအဝယ်အေး

ယခုတစ်ပတ် အောင်လံ ပဲစင်းငုံနီဈေးကွက်မှာ ယခင်တစ်ပတ်က တစ်ပိဿာ ၂၄၆၅ ကျပ် ဖြစ်ခဲ့ပေမယ့် ယခု တစ်ပတ်မှာ တစ်ပိဿာ ၂၄၅၀ ကျပ် (တစ်တန် ၁၅၀၀၃၅၅ ကျပ်) သာရှိခဲ့တာကြောင့် ဈေးအနည်းငယ်ကျခဲ့ကြောင်း သိရပါတယ်။ ဝယ်လက်အနေနဲ့ ပြည်ပအတွက် ရန်ကုန်ဝယ်လက်က အဝယ်ရှိပေမယ့် တစ်နေ့ကိုအိတ် ၃၀၀ ခန့်သာ အရောင်း အဝယ်ဖြစ်ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနေနဲ့ နှမ်းနီတစ်ပိဿာ ၁၉၃၅ ကျပ်၊ နှမ်းနက် ၂၂၂၀ ကျပ်၊ သိပ္ပံနှမ်း ၃၅၅၅ ကျပ်နဲ့ ဈေးဖွင့်ခဲ့ပြီး တစ်နေ့ကို နှမ်းမျိုးစုံ အိတ် ၄၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ပြောင်းအရောင်းအဝယ်ပုံမှန်ရှိ

ယခုတစ်ပတ်မှာလည်း ရေစကြိုဈေးကွက်မှာ CP ပြောင်းက ဈေးနှုန်း အပြောင်းအလဲ မရှိဘဲ ယခင်တစ်ပတ်အတိုင်း မန္တလေးဝယ်လက်က တစ်ပိဿာကို ၄၃၅ ကျပ် (တစ်တန်ကို ၂၆၆၃၈၉ ကျပ်) နဲ့ အဝယ်ဖွင့်ခဲ့ပါတယ်။ တစ်နေ့ကို အိတ် ၁၀၀၀ ခန့်အရောင်းအဝယ်ရှိနေတာကြောင့် အရောင်းအဝယ်ပုံမှန်ရှိနေကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ကုလားပဲဈေး အနည်းငယ်ကျ

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီဈေးအနည်းငယ်ကျခဲ့တာ တွေ့ရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၄၈၅ ကျပ်ဖြစ်ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၄၄၅ ကျပ် (တစ်တန်ကို ၁၄၉၇၂၉၃ ကျပ်)နဲ့ ရန်ကုန်ဝယ်လက်က အဝယ်ဖွင့်ခဲ့ပြီး အရောင်းအဝယ်ပုံမှန်ရှိကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးက ဒီတစ်ပတ်မှာ တစ်ပိဿာ ၁၆၁၅ ကျပ် (တစ်တန်ကို ၉၈၉၀၀၉ ကျပ်)နဲ့ အဝယ်ဖွင့်ခဲ့တာကြောင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ရင် ဈေးနှုန်းအနည်းငယ်တက်ရိပ်ပြခဲ့ပေမယ့် အရောင်းအဝယ်ပုံမှန်ရှိကြောင်း သိရပါတယ်။ ဒေသတွင်း ဝယ်လိုအားပုံမှန်ရှိနေတဲ့ ကုလားပဲဖြူလုံးကြီးကလည်း ဒီတစ်ပတ်မှာ တစ်ပိဿာ ၂၀၂၀ ကျပ် (တစ်တန်ကို ၁၂၃၇၆၄၀ ကျပ်)နဲ့ ဈေးဖွင့်ခဲ့တာကြောင့် အရင်တစ်ပတ်ထက်ဈေးအနည်းငယ်တက်ရိပ်ပြခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာပြောင်းဈေးငြိမ်သော်လည်း အရောင်းအဝယ်အေး

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်လည်း ပြောင်းဈေး အပြောင်းအလဲမရှိဘဲ ယခင်တစ်ပတ်အတိုင်း တစ်ပိဿာ ၄၂၀ ကျပ် (တစ်တန်ကို ၂၅၇၂၀၃ ကျပ်) နဲ့ ဈေးဖွင့်အရောင်းအဝယ်ရှိခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်၊ ဒေသတွင်းအစာစပ်လုပ်ငန်းများမှ အဝယ်ရှိပြီး အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ပိဿာချိန် ၂၅၀၀၀၀ ခန့်ရှိပေမယ့် ယခုတစ်ပတ်မှာ ပိဿာချိန် ၁၀၀၀၀၀ မှ ၂၀၀၀၀၀ ကြားသာရှိခဲ့တာကြောင့် အရောင်းအဝယ်အေးနေကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးအနည်းငယ် ကျသော်လည်း ပုံမှန်အရောင်းအဝယ်ရှိ

မူဆယ်ဈေးကွက်မှာ ပြောင်းဈေး အနည်းငယ်ကျခဲ့ပြီး ပြောင်းအဝင် တန်ချိန် ၇၉၀၀ တန်သာရှိတာကြောင့် ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက အဝင်နည်းခဲ့ကြောင်း သိရပါတယ်။ အရည်အသွေးပေါ် မူတည်ပြီး ၅၀ ကီလိုတစ်အိတ်ကို ၈၅ ယွမ်မှ ၈၉ ယွမ် (တစ်တန်ကို ၁၇၀၀ ယွမ် မှ ၁၇၈၀ ယွမ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးအနည်းငယ်ကျ

ဒီတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ အိန္ဒိယမှ ဝယ်လိုအား အတက်အကျပေါ် မူတည်ပြီး ပြည်ပတင်ပို့မှုအများဆုံးပဲများဖြစ် တဲ့ မတ်ပဲ၊ ပဲစင်းငုံနီတို့မှာ ဈေးနှုန်းအတက်အကျပြောင်းလဲမှုရှိခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ တစ်တန်ကို ၁၈၃၂၀၀၀ ကျပ်မှ ယခုတစ်ပတ်မှာ ၁၈၂၆၀၀၀ ကျပ်၊ မတ်ပဲ 3Q တစ်တန်ကို ယခင်တစ်ပတ်က ၁၈၉၀၀၀၀ ကျပ်မှ ယခုတစ်ပတ်မှာ ၁၈၇၆၀၀၀ ကျပ်နဲ့ ဈေးအနည်းငယ်ကျခဲ့ကြောင်း သိရပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်တန်ကို ၁၅၅၅၀၀၀ ကျပ်မှ ယခုတစ်ပတ်မှာ ၁၅၀၇၀၀၀ ကျပ်နဲ့ ဈေးအနည်းငယ်ကျခဲ့ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ နှမ်းမျိုးစုံနဲ့ ပဲစင်းငုံနီ အရောင်းအဝယ်အေးနေဆဲ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ပဲစင်းငုံနီက ယခင်တစ်ပတ်ထက်ဈေးအနည်းငယ်ကျခဲ့ပြီး ပြည်ပအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၄၄၅ ကျပ် (တစ်တန်ကို ၁၄၉၇၂၉၃ ကျပ်)နဲ့ အဝယ်ဖွင့်ခဲ့ပါတယ်။ တစ်ပတ်အတွင်းမှာ အိတ် ၃၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့တာကြောင့် အရောင်းအဝယ်အေးနေကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနေနဲ့ ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ရင် နှမ်းနီနဲ့ နှမ်းဖြူဈေး အနည်းငယ်ကျပြီး နှမ်းနက်စမုံဈေး အနည်းငယ်တက်ရိပ်ပြခဲ့ကာ နှမ်းနက်ရိုးရိုးကတော့ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ဈေးငြိမ်နေကြောင်း သိရပါတယ်။ မန္တလေးဝယ်လက်နဲ့ ဆီစက်များက နှမ်းနီတစ်ပိဿာ ၁၉၁၀ ကျပ်၊ နှမ်းဖြူတစ်ပိဿာ ၂၀၂၀ ကျပ်၊ နှမ်းနက်ရိုးရိုး တစ်ပိဿာ ၂၄၄၅ ကျပ်၊ နှမ်းနက်စမုံကတော့ ၃၆၂၀ ကျပ်နဲ့ ဈေးဖွင့်အဝယ်ရှိခဲ့ပြီး တစ်ပတ်အတွင်း အိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

# (၁၃) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကျင်းပမည်

တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ ကွမ်ရှီးပြည်နယ်၊ နန်နင်းမြို့၌ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်မှ ၁၄ ရက်အထိ (၁၃) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ (13th CAEXPO) ကို ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ ပါဝင်ပြသနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့ ဖိတ်ကြားလာပါသည်။ မြန်မာနိုင်ငံအနေနှင့် ၂၀၀၄ ခုနှစ်မှ စတင်၍ ယင်းပြပွဲသို့ နှစ်စဉ် ပါဝင်ပြသခဲ့ရာ ၂၀၁၂ ခုနှစ်၊ (၉) ကြိမ်မြောက်တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် (Country Of Honor) ဂုဏ်ထူးဆောင်နိုင်ငံအဖြစ် အောင်မြင်စွာ ပြသနိုင်ခဲ့ပြီး ဆုတံဆိပ်များ ရရှိခဲ့ပါသည်။

ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ တရုတ်-အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုနယ်မြေတည်ထောင်ရေးကို အထောက်အကူပြုရန်နှင့် တရုတ်နှင့် အာဆီယံနိုင်ငံများ အကြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။ ယင်းပြပွဲနှင့်အတူ တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး (China-ASEAN Business & Investment Summit-CABIS) ကိုလည်း ပူးတွဲကျင်းပပါသည်။ အဆိုပါကုန်စည်ပြပွဲများတွင် နှစ်လိုဖွယ်ရာမြို့တော် (City of Charm) ခန်းမ ဆောင်ကို ဒုတိယအကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲမှ စတင်၍ ပြသခဲ့ပါသည်။ ယခုနှစ်အတွက် နှစ်လိုဖွယ်ရာမြို့၏ ဆောင်ပုဒ်မှာ "Jointly Building the 21st Century Maritime Silk Road, Forging an Even Closer China-ASEAN Community of Common Destiny" (၂၁ ရာစုရေကြောင်းပိုးလမ်းမကြီးကို အတူတကွ တည်ဆောက်ခြင်းဖြင့် အကျိုးစီးပွား မျှဝေကြမည့် ပိုမိုနီးကပ်သော တရုတ်-အာဆီယံ အသိုက်အဝန်းဆီသို့ ပူးတွဲတက်လှမ်းကြရန်)သတ်မှတ်ထားပါသည်။ မြန်မာနိုင်ငံမှ ရည်ရွယ်ချက်နှင့် ကိုက်ညီသော နှစ်လိုရာမြို့အဖြစ် မော်လမြိုင်မြို့ကို ရွေးချယ်၍ ပါဝင်ပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ ကုန်စည်ပြပွဲနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံမှ ဆောင်ရွက်ရမည့် ပြပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ကြိုတင်ညှိနှိုင်းဆွေးနွေးရန် အကြီးတန်းအရာရှိများ အစည်းအဝေး Senior Official Meeting (SOM)ကို ၂၀၁၆ ခုနှစ် မတ် ၁၆ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ် နန်နင်းမြို့၌ ကျင်းပခဲ့ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်နှစ်ဦး ပါဝင်တက်ရောက်ခဲ့ပါသည်။ ယခုနှစ် ကျင်းပမည့် 13th CAEXPO ပြပွဲတွင် (Country Of Honor) အဖြစ် ဗီယက်နမ်နိုင်ငံမှ ပါဝင်ပြသမည်ဖြစ်ပြီး Special Guest Country အဖြစ် ဩစတြေးလျနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံမှ ပါဝင်ပြသမည်ဖြစ်ကြောင်း သိရှိရပါသည်။ ပြပွဲနှင့်အတူ သက်မွေးပညာ၊ နည်းပညာ ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ သတ္တုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ယဉ်ကျေးမှု၊ ပုံနှိပ်ထုတ်ဝေရေး၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေး၊ လူမှုရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဖိုရမ်များနှင့် ဆွေးနွေးပွဲများ၊ မြို့တော်ဝန်များ၏ ဖိုရမ်များ ပါဝင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်-အာဆီယံ ကုန်စည်ပြပွဲများသို့ မြန်မာနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နှင့် ညီနောင်အသင်းများ၊ သမဝါယမ အသင်းများ၊ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်အသင်းနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တို့မှ နှစ်စဉ်သွားရောက်ပြသခဲ့ပါသည်။ ယခုနှစ်ပြပွဲသို့ မြန်မာနိုင်ငံတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အမယ်သစ် ပို့ကုန် အလားအလာရှိသော ကုမ္ပဏီလုပ်ငန်းရှင်များနှင့် အခြား စိတ်ဝင်စားသည့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များအနေနှင့် ပြပွဲတွင် ပါဝင်ပြသလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှု ဖွံ့ဖြိုးရေးဌာနခွဲ ဖုန်း-၀၆၇-၄၃၀၄၄၆၊ ဖက်စ် - ၀၆၇-၄၃၀၁၂၈ ၊ Email: moctrade fair@ gmail.com၊ မြန်မာကုန်သွယ်မှုဗဟိုဌာန၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁-၂၅၄၀၂၄၊ ဖက်စ်- ၀၁-၂၅၄၀၂၃၊ Email: itpic.moc@gmail.com နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ ဖုန်း - ၀၁- ၁-၂၁၄၃၄၄ -၉၊ ဖက်စ်-၀၁-၁-၂၁၄၄၈၄၊ Email: services.umfcci@gmail.com နှင့် သမဝါယမဦးစီးဌာန၊ ဖုန်း-၀၆၇-၄၁၀၃၄၁၊Email: coopdeptdg@gmail.comတို့သို့ ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၂၂ ရက်နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

**ဝင်းသန်းကျော်**
**(ကုန်သွယ်ဖွံ့ဖြိုး)**

# Seminar on Protecting Consumer Rights in Myanmar: Standard Operating Procedures for Dispute Settlement Bodies ကျင်းပပြုလုပ်ခဲ့

၂၀၁၆ ခုနှစ် ဇွန် ၁၆ ရက်မှ ၁၇ ရက်အတွင်း နေပြည်တော်၊ Royal ACE Hotel တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် The United States Agency for International Development (USAID) တို့ ပူးပေါင်း၍ Seminar on Protecting Consumer Rights in Myanmar: Standard Operating Procedures for Dispute Settlement Bodies ကို ကျင်းပပြုလုပ်ခဲ့ပါတယ်။



အဆိုပါ ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲ ကျင်းပပြုလုပ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအတွင်း စားသုံးသူများ၏ အခွင့်အလမ်းများကို အကာအကွယ်ပေးနိုင်ရန်နှင့် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းများ ပိုမိုထိရောက် အောင်မြင်စွာဆောင်ရွက်နိုင်ရန်တို့ အတွက် ဖြစ်ပါသည်။ နှစ်ရက်ကြာကျင်းပပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့များမှ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ စုစုပေါင်း ၆၁ ဦးတက်ရောက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် အမေရိကန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များက နိုင်ငံတကာတွင်ဆောင်ရွက်လျက်ရှိသော စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးလုပ်ငန်း အပါအဝင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ အကြောင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်း ရေးလုပ်ငန်းများအတွက် စံပြလုပ်ငန်းလုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ရှင်းလင်း ဆွေးနွေးခဲ့ကြပြီး အမေရိကန်နိုင်ငံတွင် စားသုံးသူအငြင်းပွားမှုဖြေရှင်း ရေးလုပ်ငန်းများ ဆောင်ရွက်ပုံကို လက်တွေ့သရုပ် ပြသခဲ့ ကြပါသည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများကလည်း မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းများ အကြောင်းကို စာတမ်းများ ဖတ်ကြား၍ရှင်းလင်း ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံတွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပုံကို အုပ်စုများခွဲခြား၍ လက်တွေ့သရုပ်ပြသခဲ့ကြကြောင်း သတင်းရရှိ ပါသည်။

**မျိုးမျိုးထိုက်**
**စားသုံးသူရေးရာဌာနခွဲ**

# ချည်မျှင်နှင့် အထည်အလိပ်ဆိုင်ရာ စက်ပစ္စည်းပြပွဲကျင်းပ

မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် အခြား စိတ်ပါဝင်စားသည့် စီးပွားရေးလုပ်ငန်းရှင်ကြီးများအတွက် စီးပွားရေးအခွင့်အလမ်းများ ပိုမိုတိုးတက်လာစေရန်နှင့် စွမ်းဆောင်ရည်ပိုမိုတိုးတက်လာစေရန် ရည်ရွယ်ပြီး၊ ပဥ္စမအကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာချည်မျှင်နှင့် အထည်အလိပ်ဆိုင်ရာ စက်ပစ္စည်းပြပွဲကြီးကို ၂၀၁၆ ခုနှစ် ဇွန်လ ၂၄ ရက်တွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်းရှိ Myanmar Even Park (MEP) တွင် ကျင်းပခဲ့ပါသည်။

ယခုပြပွဲအား မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း ရှင်များအသင်းတို့၏ ဦးဆောင်မှုနှင့် တရုတ်(တိုင်ပေ)မှ စက်ပစ္စည်းဆိုင်ရာ စက်မှုအသင်း၊ အပ်ချုပ်နည်းပညာဆိုင်ရာ စက်ပစ္စည်းအသင်း၊ ကိုရီးယားနိုင်ငံမှ အပ်ချုပ်နည်းပညာဆိုင်ရာ စက်ပစ္စည်းအသင်းတို့မှ ပူးပေါင်းပါဝင်ကျင်းပခဲ့ကြခြင်း ဖြစ်ပါသည်။ အဆိုပါ ပြပွဲတွင် အပ်ချုပ်စက်တစ်လုံးချင်း၊ အတွဲလိုက်အပ်ချုပ်စက်များ၊ ရက်လုပ်ပြီးအဝတ်အထည်များ၊ ပိတ်စများ၊ အပ်ချည်လုံးများ၊ ချည်မျှင်များ၊ အထည်ချုပ်လုပ်ငန်းသုံးအစိတ်အပိုင်းပစ္စည်းများ စသည်ဖြင့် အစုံအလင်ပြသထားပြီး နိုင်ငံပေါင်း ၁၄ နိုင်ငံမှ ကုမ္ပဏီပေါင်း ၁၀၀ ကျော်ပါဝင်ပြီး၊ ပြခန်းပေါင်း ၃၂၀ ပါဝင်ပြသမည် ဖြစ်ပါ သည်။

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဝန်ကြီးများ၊ UMFCCI ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေး၊ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်စိုးနှင့် နိုင်ငံခြားကုမ္ပဏီများမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပါသည်။ ချည်မျှင်နှင့်အထည်အလိပ် ဆိုင်ရာ စက်ပစ္စည်းများတွင် မတူညီသော နယ်ပယ်အသီးသီးမှ နည်းပညာများကို တစ်နေရာတည်းတွင် စုံစုံလင်လင်လေ့လာ ဝယ်ယူနိုင်ရန် စီစဉ်ထားပြီး၊ ၂၀၁၆ ခုနှစ် ဇွန် ၂၄ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ရန်မျိုးအောင်**

# ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၏ တတိယအကြိမ် လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

၂၀၁၆ ခုနှစ်၊ ဇွန် ၂၃ ရက်တွင် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၏ တတိယအကြိမ် လုပ်ငန်းကော်မတီ အစည်းအဝေးကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃)၊ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက သဘာပတိအဖြစ် ဆောင်ရွက်ကာ စီမံကိန်းမှ အကျိုးခံစားရသည့် ဆက်စပ်ဝန်ကြီးဌာနများမှ ကော်မတီအဖွဲ့ဝင်များ၊ EU နှင့် GIZ အဖွဲ့အစည်းမှ တာဝန်ရှိသူများ ပူးပေါင်းပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြပါသည်။ အစည်းအဝေးတွင် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလမှ စတင်ကာ ၂၀၁၆ ခုနှစ်၊ မေအတွင်း ဆောင်ရွက်ခဲ့သော အောင်မြင်မှုများနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အခြေအနေများကို ဆွေးနွေးခဲ့ကြပါသည်။ ထို့အပြင် အစည်းအဝေးတွင် တက်ရောက်လာသူများက နောင်လာမည့် စီမံကိန်းဆောင်ရွက်မည့်ကာလတွင် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းများအပေါ် ဆွေးနွေးခဲ့ပြီး Progress Report No.(2) အပေါ် ပြန်လည်သုံးသပ်ခဲ့ကြပါသည်။

**WTO**

# စစ်တွေကုန်သွယ်ရေးစခန်းထက် မောင်တောကုန်သွယ်ရေးစခန်းရဲ့ကုန်သွယ်မှုပိုမို

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ဧပြီ ၁ ရက်မှ ဇွန် ၃ ရက်အထိ နှစ်လတာကာလမှာ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ၇၈၈ သန်းဆောင်ရွက်နိုင်ခဲ့ပြီး စစ်တွေကုန်သွယ်ရေးစခန်းကတော့ ကန်ဒေါ်လာ သုည ဒသမ ၄၄၂ သန်းသာ ဆောင်ရွက်နိုင်ခဲ့တယ်လို့ သိရပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်သွယ်မှု ပမာဏကတော့ ကန်ဒေါ်လာ ၁ ဒသမ ၂၃၀ သန်းရှိပြီး ယမန်နှစ်ကာလတူ ကုန်သွယ်မှုပမာဏထက် သုည ဒသမ ၁၇၃ သန်းလျော့နည်းခဲ့ပါတယ်။ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့သော ပို့ကုန်များမှာ လယ်ယာထွက် ကုန် (ပဲကြီး၊ စမုံနက်၊ မန်ကျည်းစေ့၊ မန်ကျည်းသီး၊ဆီးသီးခြောက်၊ မြေပဲ၊ ဆီးဖတ်၊ ကွမ်းသီး)၊ ရေထွက်ကုန် (ငါးနီတူခြောက်၊ငါးသလောက်၊ ရေချိုငါး-ငါးမြစ်ချင်း)၊သစ်တောထွက်ကုန် (သစ်ခေါက်၊ တံမြက်စည်း)နဲ့ စက်မှုကုန်ချော (ကမ်းခြေစီးဖိနပ်၊ ဆီးယိုထုတ်၊ အဖျော်ယမကာ) တို့ဖြစ်ကြပြီး အများဆုံးသွင်းကုန်များ မှာ လုပ်ငန်းသုံး(ဆံပင်၊ မြန်နှုန်းမြင့် ဒီဇယ်ဝိုင်)၊လူသုံးပစ္စည်း(တီရှပ်၊စွပ်ကျယ်ပိတ်၊ ပလတ်စတစ်ရေတိုင်ကီ)များဖြစ်ကြပါတယ်။ **CMK**

# စစ်တွေကုန်သွယ်ရေးစခန်းတွင် မေလအတွင်း ကုန်သွယ်မှုလျော့ကျ

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ၂၀၁၆ ခုနှစ်မေလအတွင်း ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ၀၆၇ သန်းရှိပြီး အနီးစပ်ဆုံးကာလထက် ကန်ဒေါ်လာ သုည ဒသမ ၃၉၈ သန်း၊ ယမန်နှစ်ကာလတူထက် ကန်ဒေါ်လာ သုည ဒသမ ၂၅၅ သန်း လျော့နည်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံးကာလထက် ကုန်သွယ်မှုပမာဏ လျော့နည်းရခြင်းမှာ စစ်တွေမြို့မှာ မေလအတွင်း ဖြစ်ပေါ်ခဲ့တဲ့ ရွှန်နုဆိုင် ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ပို့ကုန် သွင်းကုန်လုပ်ငန်းများ နှစ်ပတ်နီးပါးခန့် ရပ်ဆိုင်းခဲ့ရခြင်း၊ ရေချိုငါးများ ရောင်းတန်းဝင်တဲ့ အရွယ်အစားမရလို့ မတင်ပို့နိုင်ခြင်း၊ ဒီဇယ်ဆီတင်ပို့တဲ့ ကုမ္ပဏီများမှ ရာသီဥတုကြောင့် တင်ပို့မယ့်အချိန်အား နောက်သို့ ရက်သတ္တနှစ်ပတ် ရွှေ့ဆိုင်းသွားခြင်းတို့ကြောင့်ဖြစ်တယ်လို့ စစ်တွေကုန်သွယ်ရေးစခန်းမှ သိရပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းရဲ့ မေလအတွင်း တင်ပို့ခဲ့တဲ့ အများဆုံးပို့ကုန်အမယ်များကတော့ ဆီးယိုထုပ်၊ သစ်ခေါက်၊ မန်ကျည်းစေ့၊ ငါးနီတူခြောက်၊ ဆီးသီးခြောက်၊ ဆီးဖတ်၊ ကွမ်းသီး၊ မြေပဲ၊ တံမြက်စည်း တို့ဖြစ်ပြီး အများဆုံး သွင်းကုန်အမယ်များကတော့ လူသားဆံပင်၊ တီရှပ်၊ ပလတ်စတစ်ရေတိုင်ကီတို့ပဲဖြစ်ပါတယ်။

**ခင်မိုးသူ**

# မြန်မာ-ထိုင်းနယ်စပ်မှရေထွက်ကုန် တန် ၆၀၀ ကျော် ပိုမို တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းနဲ့မြိတ်ကုန်သွယ်ရေးစခန်းများမှ ဇွန်၁၁ ရက်မှ ၁၇ ရက်အတွင်း အမေရိကန် ဒေါ်လာ ၃ ဒသမ ၀၉၉ သန်းတန်ဖိုးရှိ ရေထွက်ကုန်တန် ၃၀၀၀ ကျော်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ၆၅၈ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါ တယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၈၀ သန်းဖိုးရှိ ငါးမျိုးစုံတန် ၆၀ ကျော်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၉ သန်းဖိုးရှိ ဂဏန်းတန် ၂၀ ကျော်ကို တင်ပို့နိုင်ခဲ့ပါတယ်။ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၈ သန်း တန်ဖိုးရှိ ငါးမျိုးစုံတန် ၆၀၀ နီးပါး၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၆ သန်းတန်ဖိုးရှိ ကင်းမွန် တန် ၂၀ ကျော်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၇ သန်းတန်ဖိုးရှိ ပုစွန်လေးတန်ကျော်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၅ သန်းတန်ဖိုးရှိကဏန်းနှစ်တန်ကျော်နဲ့ အခြားရေထွက်ပစ္စည်း ၁၇ တန်ကျော်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၈၇ သန်းတန်ဖိုးရှိ ငါးမျိုးစုံတန် ၁၂၀၀ကျော်၊ အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၉၄ သန်းတန်ဖိုးရှိ ရေငန်ပုစွန် ၁၈ တန်ကျော်၊ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၂၀ သန်းတန်ဖိုးရှိ ငါးမှုန့်တန် ၁၂၀၀ ခန့်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၃ သန်းတန်ဖိုးရှိ ကင်းမွန် နှစ်တန်နီးပါး၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၄ သန်း တန်ဖိုးရှိ ဂဏန်းအသေး(အသေ) နှစ်တန်နီးပါးကို တင်ပို့နိုင်ခဲ့ပါတယ်။

မြိတ် ကုန်သွယ်ရေးစခန်းမှ ငါးမှုန့်များကို ပိုမိုတင်ပို့နိုင်လို့ မြန်မာ-ထိုင်းနယ်စပ်မှ ရေထွက်ကုန် ပိုမိုရခြင်းဖြစ်တယ်လို့ အဆိုပါကုန်သွယ်ရေးစခန်းမှ သိရပါတယ်။

**ခင်မိုးသူ**

## မြန်မာ - တရုတ်နယ်စပ်မှ ဆိုင်ကယ် အစီး ၇၀၀၀ ကျော် တင်ပို့

မြန်မာ-တရုတ် နယ်စပ်ဖြစ်တဲ့ မူဆယ်၊ လွယ်ဂျယ်နဲ့ ကန်ပိုက်တီးကုန်သွယ်ရေးစခန်းမှ ဇွန်၁ရက်မှ၁၇ ရက်တာကာလအတွင်း အမေရိကန် ဒေါ်လာ ၂ ဒသမ ၄၁၄ သန်း တန်ဖိုးရှိ အမှတ်တံဆိပ်အသစ်ဆိုင်ကယ် ၇၁၂၆ စီး တင်သွင်းခဲ့ပါတယ်။ ဆိုင်ကယ်များကို မြန်မာ-တရုတ်နယ်စပ်မှ ယခင်တစ်ပတ်က အရေအတွက်နီးပါး တင်သွင်းခဲ့ပါတယ်။

မြန်မာ-တရုတ် နယ်စပ်မှ ဝင်ရောက်လာတဲ့ တရုတ်ဆိုင်ကယ် အမှတ်တံဆိပ် အမျိုးမျိုးရှိရာ ကန်ပိုက်တီးနယ်စပ်မှဝင်ရောက်လာတဲ့ ဆိုင်ကယ်တံဆိပ်များကတော့ 2016 Brand New. Star 125, Electric Starter Brand Canda, Kenbo များဖြစ်တယ်လို့ ကုန်သွယ်ရေးစခန်းမှ သိရပါတယ်။ မြန်မာ-တရုတ်နယ်စပ်အပြင် မြန်မာ-ထိုင်းနယ်စပ်ဖြစ်တဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၆၂၅ စီးနဲ့ မြန်မာ-အိန္ဒိယနယ်စပ် ရှိ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ၀၆၇သန်းတန်ဖိုးရှိ ဆိုင်ကယ် ၅၄ စီး တင်ပို့ခဲ့တယ်လို့သိရပါတယ်။ **ခင်မိုးသူ**

# ဩစတြေးလျနိုင်ငံမှ နွားအရှင်များကို ကမ္ဘောဒီးယားက ပထမဆုံးအကြိမ် တင်သွင်း

ကမ္ဘောဒီးယားနိုင်ငံက နွားအရှင် ၃၀၀၀ ခန့်ကို ပထမဆုံးအကြိမ်အဖြစ် ဩစတြေးလျနိုင်ငံမှ တင်သွင်းထားရာ ဇွန်လ တတိယပတ် သောကြာနေ့မှာ ကမ္ဘောဒီးယားနိုင်ငံ အနောက်တောင်ပိုင်းရှိ Sihanoukville ဆိပ်ကမ်းသို့ ဆိုက်ရောက်ခဲ့တယ်လို့ kyodo သတင်းမှာဖော်ပြထားပါတယ်။

Brahman အမျိုးအစားနွား ၂၇၆၆ ကောင်ကို ဩစတြေးလျမှ တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း ပြောပါတယ်။ SLN အသားထုတ်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက SLN က သားသတ်ရုံများ အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်းအတွက် ကန်ဒေါ်လာသန်း ၅၀ ခန့် ရင်းနှီးမြှုပ်နှံထားကြောင်း၊အမဲသားများကို ပြည်တွင်းစားသုံးရန်အတွက်သာမက တရုတ်၊ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံများသို့ပါ တင်ပို့သွားရန်အတွက် ဩစတြေးလျမှ နွားများ တင်သွင်းခြင်းဖြစ်တယ်လို့ သိရှိရပါတယ်။

**CMK**

# မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ အင်ကြင်းကျောက်တန် ၂၀ ကျော်တင်ပို့

နွားထိုးကြီးမြို့မှ ထွက်ရှိတဲ့ အင်ကြင်းကျောက်များကို ၂၀၀၀ ပြည့်နှစ်မှ စတင်ပြီး အများအပြားတူးဖော်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်ခန့်က ပုတီးစေ့ပြုလုပ်တဲ့ ကျောက် တစ်ပိဿာကို ကျပ်တစ်ထောင်ကျော်ခန့်ရရှိခဲ့ရာမှ ယခုအချိန်တွင်ကျပ် နှစ်ထောင်ကျော်အထိ ရရှိပါတယ်လို့ မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်၊ ဘုရားကြီးရွာမှ ပုတီးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံမှ သိရပါတယ်။

မြန်မာ - တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဇွန်၁၁ ရက်မှ ၁၇ ရက်တာ သီတင်းပတ်တွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၆ သန်း တန်ဖိုးရှိ အင်ကြင်းကျောက် ၂၃ တန် တင်ပို့ခဲ့ပါတယ်။ မေလဆန်းပိုင်းက ၃၁ တန် တင်ပို့ခဲ့ပြီး ယခုတစ်ပတ်မှ ထပ်မံတင်ပို့တာလို့ သိရပါတယ်။

နွားထိုးကြီးမြို့နယ်တွင် အင်ကြင်းကျောက် ကုမ္ပဏီ ၂၀ ကျော်ရှိပြီး အင်ကြင်း ကျောက်အချောကိုင် လုပ်ငန်းကြောင့် ဒေသခံများပါ အလုပ်အကိုင်အဆင်ပြေ နေကြောင်း၊ တရုတ်နိုင်ငံဈေးကွက်အပြင် ထိုင်း၊ ဟောင်ကောင်၊ ဥရောပ၊ မကာအို ဈေးကွက်များကပါ အင်တာနက်မှတစ်ဆင့် မှာယူကြကြောင်း သတင်းရရှိပါတယ်။

**မော်မော်အောင်**

## မူဆယ်နဲ့ မြဝတီကုန်သွယ်ရေးဇုန်တို့မှ သီဟိုဠ်စေ့ တန် ၂၀ ကျော်တင်ပို့

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇွန်၁၁ ရက်မှ ၁၇ ရက်တာ ကာလအတွင်းမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၃၄ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၂၂ တန်ကျော်နဲ့ မြဝတီ ကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၁၀ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၄ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မြဝတီကုန်သွယ်ရေးဇုန်မှ တင်ပို့မှုမရှိပေမယ့် မူဆယ် ကုန်သွယ်ရေးဇုန်မှ ၁၄ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။ မြဝတီကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့အပြင် ရေချိုငါးမျိုးစုံ တန် ၆၀ ကျော် ကဏန်း တန် ၂၀ ကျော်တို့ကိုလည်း တင်ပို့ခဲ့ပါတယ်။ယခုတစ်ပတ်မှာ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ သီဟိုဠ်စေ့တင်ပို့မှုမရှိကြောင်း သိရပါတယ်။

**ခင်မိုးသူ**

## မြိတ် ကုန်သွယ်ရေးစခန်းမှ အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ် ကာလတူထက်ပါ ကုန်သွယ်မှုပိုမို

မြန်မာ-ထိုင်းနယ်စပ်ရှိ မြိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၆ ခုနှစ် မေတွင် ပို့ကုန်ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄၅၇ သန်း၊ သွင်းကုန်ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၅၄၄ သန်း ဆောင်ရွက်ခဲ့သဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၅၄၄ သန်း ဆောင်ရွက်ခဲ့ပါတယ်။ မြိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် အနီးစပ်ဆုံးကာလဖြစ်တဲ့ ဧပြီလနဲ့နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၆၉ သန်းပိုမိုဆောင်ရွက်ခဲ့တဲ့အပြင် ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါကလည်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၄၄ သန်း ပိုမိုဆောင်ရွက်ခဲ့ပါတယ်။

အနီးစပ်ဆုံးကာလထက် ယမန်နှစ် ကာလတူတို့ထက် ကုန်သွယ်မှုပိုမိုရခြင်းမှာ ပို့ကုန်အနေဖြင့် ရော်ဘာနှင့် ရေထွက်ပစ္စည်းများဖြစ်တဲ့ ငါးမျိုးစုံ၊ ရော်ဘာ၊ ကဏန်းပျော့၊ ကင်းမွန် တို့ ပိုမိုတင်ပို့နိုင်ခြင်းကြောင့်ဖြစ်ပြီး သွင်းကုန်အနေဖြင့် ဘိလပ်မြေနဲ့ ဆောက်လုပ်ရေး လုပ်ငန်းသုံး အိမ်ဆောက်ပစ္စည်းများ၊ ဒီဇယ်၊ ဓာတ်ဆီ၊ အင်ဂျင်ဝိုင်၊ ရေလုပ်ငန်းသုံး ပစ္စည်းများ၊ နို့ဆီ၊ ဆပ်ပြာကုန်ကြမ်း ပစ္စည်းတို့ ပိုမိုတင်သွင်းနိုင်ခြင်းကြောင့် ဖြစ်ပါတယ်။ မြိတ်ကုန်သွယ်ရေးစခန်းရဲ့ မေလ အတွင်း အများဆုံး တင်ပို့ခဲ့တဲ့အမယ်တွေကတော့ ငါးမျိုးစုံ၊ ငါးမှုန့် အေးခဲကဏန်းပျော့၊ အေးခဲပုစွန်၊ရေငန်ပုစွန်၊ ရော်ဘာတို့ဖြစ်ပြီး အများဆုံး တင်သွင်းခဲ့တဲ့ သွင်းကုန်အမယ်တွေကတော့ ဒီဇယ်၊ ဘိလပ်မြေ၊ ဟင်းချက်ဆီ၊ ဓာတ်ဆီ၊ ဓာတ်မြေဩဇာတို့ဖြစ်ပါတယ်။**ခင်မိုးသူ**

# TPP နှင့် EU-Vietnam FTA များကြောင့် တွေ့ကြုံလာနိုင်သည့် စိန်ခေါ်မှုများနှင့် အာဆီယံအဖွဲ့ဝင် LDC နိုင်ငံများရဲ့ယှဉ်ပြိုင်စွမ်းအား

L Myo Zaw

**(ယခင်တစ်ပတ်မှအဆက်)**

**မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်သင့်သည့် အချက်များ**

ဒါ့ကြောင့် မြန်မာနိုင်ငံအနေနဲ့ မိမိနိုင်ငံ CMP အထည်ချုပ်လုပ်ငန်းများရဲ့ ပို့ကုန်ဈေးကွက် ဝေစုများ နောက်နှစ် နှစ်၊ သုံးနှစ်အတွင်းလျော့နည်းသွားနိုင်သလားဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံ CMP အထည်ချုပ်နဲ့ အဝတ်အထည်ပို့ကုန်များအား ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန်နဲ့ ဖွံ့ဖြိုးတိုးတက်စေရန်အောက်ပါကိစ္စရပ်တွေကို ဆောင်ရွက်သင့်ကြောင်း သုံးသပ်မိပါတယ်။

**မိမိနိုင်ငံ CMP ထုတ်ကုန်များအား ယှဉ်ပြိုင်နိုင်စွမ်းရှိရန် ကြိုတင်ပြင်ဆင်ခြင်း**

- အစိုးရက CMP လုပ်ငန်းများအတွက် နည်းပညာ တိုးတက်စေရန်နဲ့ လုပ်ငန်းများအား ကျွမ်းကျင်လုပ်သား (Skilled Labour) များဖြစ်စေရန် သင်တန်း (Training) များ ပေးနိုင်ရေးပံ့ပိုးကူညီခြင်း၊
- လက်ရှိ CMP စနစ်ဖြင့် တင်ပို့နေမှုအဆင့်မှ FOB စနစ်၊ OEM၊ ODM၊ OBM စနစ်များဖြင့် တိုးတက်တင်ပို့နိုင်ရေး အစိုးရပိုင်းနဲ့ ပုဂ္ဂလိကပိုင်း၊ CMP အသင်းတို့မှ ပူးပေါင်းညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
- ဗီယက်နမ်နဲ့ဟောင်ကောင်စတဲ့ အထည်ချုပ်လုပ်ငန်း CMP လုပ်ငန်း ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံများသို့ အစိုးရနဲ့ ပုဂ္ဂလိက လုပ်ငန်းရှင်များ သွားရောက်လေ့လာမှုပြုနိုင်ရန် အစိုးရက စီမံဆောင်ရွက်ပေးခြင်း၊
- ပုဂ္ဂလိကစက်ရုံများရဲ့ လုပ်ခလစာများ တည်ငြိမ်မှုရှိရေးနဲ့ အလုပ်သမား အခွင့်အရေးများ ပြည့်ဝစွာရရှိစေရန် အစိုးရပိုင်းမှ ဥပဒေ၊ နည်းဥပဒေတို့ဖြင့် ခိုင်မာစွာရေးဆွဲပြဋ္ဌာန်း ထိန်းကျောင်းပေးခြင်း၊
- ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာစေရန် လမ်းပန်း ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ လျှပ်စစ်မီး စသည့်အခြေခံ အဆောက်အအုံလိုအပ်ချက်များအား စီမံချက်ဖြင့် ဖြည့်တင်းဆောင်ရွက်ပေးခြင်း၊
- အထည်ချုပ် လုပ်ငန်းနဲ့ ဆက်စပ်လျက်ရှိတဲ့ အထောက်အကူပြုထုတ်ကုန်များအား မိမိနိုင်ငံအတွင်း နိုင်ငံတကာစံချိန်စံညွှန်းမီ တိုးတက်ထုတ်လုပ်နိုင်ရေးနဲ့ CMP ထုတ်လုပ်မှုမှာ မိမိနိုင်ငံ ထုတ်ကုန်ပါဝင်မှု အချိုးအစား မြင့်မားရေးတို့အတွက် စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ခြင်း၊
- ကိုယ်ပိုင် Design ကိုယ်ပိုင် Brand Name တို့နဲ့ ထုတ်လုပ်တင်ပို့နိုင်တဲ့ FOB၊ OEM၊ ODM နှင့် OBM အဆင့်များ အထိတိုးတက်ရောက်ရှိစေရန် ရည်မှန်းချက်ထားရှိ၍ သက်ဆိုင်ရာ CMP အသင်းမှ စီမံချက်ရေးဆွဲအကောင် အထည်ဖော်ဆောင်ရွက်ခြင်း၊
- ငွေပေးငွေယူ မှန်ကန်မြန်ဆန်စေရေးအတွက် ခေတ်မီ ဘဏ်လုပ်ငန်းစနစ် တိုးတက်ဖြစ်ပေါ်လာစေရေးနဲ့ နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊
- စက်ရုံအလုပ်ရုံ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ် ကင်းရှင်းရေးနဲ့ လုပ်ငန်းခွင် သာယာပျော်ရွှင်စေရေး၊ အလုပ်သမားများရဲ့ ဘဝအာမခံချက်ရှိစေရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး၊ မူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်ပေးရေး ကိစ္စရပ်တို့အတွက် လိုအပ်သောဥပဒေ၊ နည်းဥပဒေများ ရေးဆွဲ ပြဋ္ဌာန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
- သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးကြပ်ကွပ်ကဲ ဆောင်ရွက်ခြင်းတို့ ဖြစ်ပါတယ်။

မြန်မာ့ အထည်ချုပ်ပို့ကုန်များကို အီးယူသို့တင်ပို့ရန် အထည်ချုပ်လုပ်ငန်းရှင်များအနေနဲ့ အီးယူရဲ့ကုန်သွယ်မှုဆိုင်ရာ ဥပဒေ၊ လုပ်ထုံး လုပ်နည်းနဲ့ စာရွက်စာတမ်းလိုအပ်ချက်တွေကို သိရှိနားလည်ရုံသာမက အီးယူဝယ်လက်များရဲ့ လိုအပ်ချက်၊ နည်းပညာပိုင်းဆိုင်ရာလိုအပ်ချက်များအား သိရှိနားလည် ပြင်ဆင်ဆောင် ရွက်ရန် လိုအပ်မှာ ဖြစ်ပါတယ်။ ယခုအခါ မြန်မာ့ အထည်ချုပ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အီးယူမှ SMART Project အား ရေးဆွဲလျက် အကူအညီပေးဆောင်ရွက်လျှက်ရှိပြီး မြန်မာ့အထည်ချုပ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနဲ့ မြန်မာ့ချုပ်ပြီး အထည်များ အီးယူဈေးကွက်သို့ ပိုမိုဝင်ရောက် နိုင်ရေးအတွက် လိုအပ်သော သင်တန်းများပေးခြင်း၊ အီးယူသို့ လုပ်ငန်းရှင်များအား လေ့လာရေးနှင့် အီးယူနဲ့ မြန်မာအထည် ချုပ်လုပ်ငန်းရှင်များကို တွေ့ဆုံဆွေးနွေးပွဲများ ဆောင်ရွက်ပေးခြင်း၊ အီးယူအနေဖြင့် မြန်မာ့အထည်ချုပ်နဲ့အဝတ်အထည် ပို့ကုန်များကို အီးယူဈေးကွက်သို့ ပိုမိုတိုးမြှင့် တင်ပို့နိုင်ရန်အတွက် SMART Project Export Promotion Guide For Myanmar Garments Manufacturers ကို ထုတ်ဝေဖြန့်ချိပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။

ဒါ့အပြင် အီးယူ အနေနဲ့ မြန်မာ့အထည်ချုပ်စက်ရုံ လုပ်ငန်းရှင်တွေကို အီးယူ လုပ်ငန်းရှင်များနဲ့ ချိတ်ဆက်ပေးပြီး ဈေးကွက်မြှင့်တင်ခြင်းလုပ်ငန်းများကို အားပေးကူညီ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်း MGMA အနေနဲ့ မြန်မာ့ အထည်ချုပ် စက်မှုလုပ်ငန်း ၁၀ နှစ် မဟာဗျူဟာ (၂၀၁၅-၂၀၂၄) Myanmar Garments Industry 10-years Strategy (2015-2024) အားရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိပါတယ်။ ဒါကြောင့် မြန်မာ့အထည်ချုပ်လုပ်ငန်း အနေနဲ့ GSP အခွင့်အရေးလည်း ပြန်လည်ပေးအပ်ထားပြီးဖြစ်တဲ့ အီးယူ ဈေးကွက်ကို ပြန်လည်ထိုးဖောက်ပြီး ပို့ကုန်မြှင့်တင်နိုင်ရေး ဆောင်ရွက်နိုင်မှာဖြစ်လို့ လတ်တလောအားဖြင့် အီးယူနဲ့ FTA သဘောတူ စာချုပ်ချုပ်ဆိုရန် လိုအပ်မှု မရှိသေးပါဘူးလို့ သုံးသပ်မိပါကြောင်း နဲ့ TPP မှာ အခြားအာဆီယံ အဖွဲ့ဝင်နိုင်ငံတွေလိုလေ့လာသူအဖြစ် ဆက်သွယ်ဆောင်ရွက်သင့်ကြောင်းလည်း သုံးသပ်မိပါတယ်။ ဒါ့အပြင်တစ်ဖက်က အစိုးရ အပိုင်းမှလည်း အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနဲ့ အခြား ကုန်သွယ်မှု- ရင်းနှီးမြှုပ်နှံမှုတို့နဲ့ ဆက်စပ်တဲ့ မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များအပါအဝင် သဘာဝပတ်ဝန်းကျင်ရေးရာ ကိစ္စရပ်များ၊ အလုပ်သမားနဲ့လုပ်ခဆိုင်ရာကိစ္စရပ်များ၊ လူ့အခွင့်အရေး ဆိုင်ရာကိစ္စရပ်များ၊ အလုပ်သမား အခွင့်အရေးနဲ့ လုပ်ငန်းခွင်ကိစ္စရပ်များ၊ လူမှုဖူလုံရေးဆိုင်ရာ ကိစ္စရပ်များ၊ ကလေးလုပ်သားဆိုင်ရာကိစ္စရပ်များ၊ အခမ့္မခိုင်းစေမှုဆိုင်ရာ ကိစ္စရပ်များ၊ လုပ်ခနဲ့ အကျိုးခံစားခွင့်များ၊ အလုပ်ချိန်နဲ့အချိန်ပိုလုပ်ခဆိုင်ရာကိစ္စ ရပ်များ၊ လုပ်ငန်းခွင် ပျော်ရွှင်ရေး လုံခြုံရေး ကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင်နဲ့ရေဆိုးစီမံခန့်ခွဲမှု၊ အငြင်းပွားမှုဖြေရှင်းရေး ဆိုင်ရာများ၊ အလုပ်ရှင်နှင့် အလုပ်သမား စာချုပ်ချုပ်ဆိုရေးနဲ့ လျော်ကြေးဆိုင်ရာ ကိစ္စရပ်များအား အီးယူနဲ့နိုင်ငံတကာ လုပ်ထုံး လုပ်နည်းများနဲ့အညီ လိုအပ်သလို ပြဋ္ဌာန်းဆောင်ရွက်ပေးရန်နဲ့ ငွေကြေးနဲ့ချေးငွေ အထောက်အပံ့များ ပံ့ပိုးနိုင်ရေး ကိစ္စရပ်များအား သက်ဆိုင်ရာဌာနဆိုင်ရာများအနေနဲ့အထည်ချုပ် လုပ်ငန်းရှင်များအသင်းနဲ့ ဆွေးနွေးညှိနှိုင်းပြီး လိုအပ်သလို ပံ့ပိုးဆောင်ရွက်ပေးမည်ဆိုပါက မြန်မာ့အထည်ချုပ်နဲ့ အဝတ်အထည် ပို့ကုန်များဟာ ဒေသတွင်းနိုင်ငံများနဲ့ ယှဉ်ပြိုင်စွမ်းအား မြင့်မားတိုးတက်လာမှာဖြစ်ပါတယ်။

အချုပ်အားဖြင့်ဆိုရရင်တော့ ဗီယက်နမ် နဲ့ အီးယူတို့ FTA သဘောတူစာချုပ် ချုပ်ဆိုခြင်း၊ ဗီယက်နမ် အနေနဲ့ TPP တွင် ပါဝင်ခြင်းတို့ကြောင့် မိမိတို့ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများမှ လက်ရှိရရှိနေတဲ့ အီးယူရဲ့ ပို့ကုန်သက်သာခွင့် အခွင့်အရေးများ ဆုံးရှုံးမှု မရှိစေရေးအတွက် Extended Cumulation ကို ခွင့်ပြုနိုင်ရေး အတွက် အီးယူ အမေရိကန်တို့နဲ့ဆွေးနွေးညှိနှိုင်းခြင်း၊ ကမ္ဘောဒီးယားကိုယ်စား လှယ်တင်ပြသကဲ့သို့ မိမိတို့နိုင်ငံများရှိ အထည်ချုပ်စက်ရုံများ ဗီယက်နမ်သို့ TPP နဲ့ EU-Vietnam FTA အစီအစဉ်များကြောင့်ပြောင်းရွှေ့သွားပြီး မိမိတို့နိုင်ငံများထိခိုက် မည်ဆိုပါက ကမ္ဘောဒီးယား၊ လာအိုနဲ့ မြန်မာနိုင်ငံတို့ပူးပေါင်းပြီး WTO ရဲ့ Multilateral အစည်းအဝေးများ၌ လိုအပ်သလို တင်ပြဆွေးနွေးခြင်းများ ဆောင်ရွက်သင့်ပါကြောင်းနဲ့ ထပ်မံပြီး UNCTAD ရဲ့အကူအညီအထောက်အပံ့ ရန်ပုံငွေကို အသုံးပြုပြီး မြန်မာနိုင်ငံအတွက် အထူးပြုလေ့လာ ဖော်ထုတ်ချက် (စာတမ်း)အား သက်ဆိုင်ရာဝန်ကြီးဌာနမှ အဆိုပြုမေတ္တာရပ်ခံစာ ပေးပို့ဆောင်ရွက်သင့်ပါကြောင်းနဲ့ အဆိုပါအထူးပြုလေ့လာချက် စာတမ်းနဲ့ ပတ်သက်၍ မြန်မာနိုင်ငံတွင် UNCTAD မှ အလုပ်ရုံဆွေးနွေးပွဲများနဲ့လိုအပ်သောသင်တန်းများအား အစိုးရနဲ့ ပုဂ္ဂလိကတို့အား ဖြည့်ဆည်းထောက်ပံ့ပေးနိုင်ရေးကိစ္စကိုလည်း ထည့်သွင်းဖော်ပြ ဆောင်ရွက်သင့်ပါတယ်လို့ သုံးသပ်မိပါတယ်။

နိဂုံးချုပ်အားဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ အမျိုးသား ပို့ကုန် မဟာဗျူဟာ NES(National Export Strategy)ရဲ့ ဦးစားပေးပို့ကုန်အစီအစဉ်မှာ အဝတ် အထည်နဲ့ အထည်အလိပ် ပို့ကုန်ဟာ ဦးစားပေး ပို့ကုန်အမယ်တစ်ခု အဖြစ်ပါဝင်နေတဲ့အတွက် မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ အနေနဲ့ NES မှာ အထည် ချုပ်နဲ့အဝတ်အထည်ပို့ကုန်အတွက် ရေးဆွဲဆောင်ရွက်မယ့် မဟာဗျူဟာ (Strategy) နဲ့ အထည်ချုပ် လုပ်ငန်းရှင်များ အသင်းမှရေးဆွဲချမှတ် အကောင်အထည်ဖော်လျက်ရှိတဲ့ Myanmar Garments Industry (2015-2024) 10-years Strategy တို့ကို လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမယ်ဆိုရင်တော့ မြန်မာ့အထည်ချုပ်နဲ့ အဝတ်အထည် ပို့ကုန်များဟာ ဒေသတွင်းနိုင်ငံများနဲ့ ပိုမိုယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာမှာဖြစ်ပြီး ပို့ကုန်သုံးဆတိုးတက် မြင့်မားရေးကို တစ်ထောင့်တစ်နေရာမှ အကောင်အထည်ဖော်နိုင်မှာလည်း ဖြစ်ပါကြောင်း နိဂုံးချုပ်အနေနဲ့တင်ပြလိုက်ပါတယ်။

## Forbes မှ သတ်မှတ်သည့် ကမ္ဘာ့စွမ်းအားအမြင့်ဆုံး အမျိုးသမီး ၁၀၀ ထဲတွင် Vietjet ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Nguyen Thi Phuong Thao ပါဝင်

ဗီယက်နမ်လေကြောင်းလိုင်း Vietjet၏ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိ ချုပ် ဖြစ်သူ Nguyen Thi Phuong Thao သည် Forbes မဂ္ဂဇင်းက ပြုလုပ်သည့် ၂၀၁၆ ခုနှစ်အတွက် ကမ္ဘာ့ဦးဆောင်အမျိုးသမီး ၁၀၀ စာရင်းထဲတွင် ပါဝင်သတ်မှတ်ခြင်းခံခဲ့ရသည်။

ကမ္ဘာပေါ်ရှိအောင်မြင်သော အမျိုးသမီးများအား ငွေကြေးအရသော် လည်းကောင်း၊ စာနယ်ဇင်းများ၏ ဖော်ပြခြင်းခံရမှုပေါ်တွင် မူတည်၍ လည်းကောင်း၊ လွှမ်းမိုးမှုနှင့် သက်ရောက်မှုရှိခြင်းပေါ် မူတည်၍လည်းကောင်း စေ့စပ်သေချာစွာ လေ့လာပြီးနောက် အမေရိကန်အခြေစိုက် Forbes မဂ္ဂဇင်း က ကမ္ဘာ့စွမ်းအားအမြင့်ဆုံး အမျိုး သမီး ၁၀၀ စာရင်းကို နိုင်ငံရေး၊ စီးပွား ရေး၊ ပရဟိတ၊ ဘီလျံနာ၊ မီဒီယာနှင့် ငွေကြေးကဏ္ဍများခွဲခြား၍ ထုတ်ပြန်ကြေငြာခဲ့သည်။ Vietjet ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရှိချုပ်ဖြစ်သူ Nguyen Thi Phuong Thao သည် ဤ စာရင်းတွင် ပါဝင်ခွင့်ရသည့် ပထဆုံးသော ဗီယက်နမ်အမျိုးသမီး ဖြစ်ပြီး အဆင့် ၆၂ တွင် ပါဝင်ခဲ့ခြင်းဖြစ်သည်။

ထိုစာရင်းတွင် အိန်ဂျလာမာ ကယ်၊ ဟီလာရီကလင်တန်နှင့် မြန်မာနိုင်ငံ၏ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့လည်း ပါဝင်ကြသည်။

သူမ၏ ဦးဆောင်မှုအောက်တွင် Vietjet သည်ဒေသတွင်းလေကြောင်း လိုင်းကဏ္ဍတွင် အကြီးမားဆုံး ဈေးကွက်ကို ပိုင်ဆိုင်နိုင်ခဲ့ပြီး လုပ်ငန်းလုပ်ဆောင်မှုငါးနှစ်တာအတွင်း နိုင်ငံတကာ အဆက်အသွယ်များလည်း တိုးတက်လာခဲ့သည်။ Vietjet လေကြောင်းလိုင်း နှင့် ၎င်း၏အောင်မြင်မှုများသည် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တိကျသေချာစွာ ပြင်ဆင်ထားသော ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များကြောင့်ဖြစ်သည်ဟု ဆိုသည်။


BANDOOLA GROUP OF COMPANIES
SINCE 1877
Announces
STAR ALLIANCE
AIR INDIA
Inaugural Weekly Flight
New Delhi - Yangon (via Gaya)
Starting 18th November 2014
Air India Connecting India & Myanmar ▸ Weekly 4 Flights - (Mon, Tue, Fri)
GSA-Bandoola
75, Shwebontha Street, Pabedan Township, Yangon, Myanmar.
Tel:951-254758, 245201, 253601, 245327, 253597
Fax: 951-248174 Email: bandoolagroup@gmail.com


HYUNDAI Official Partner
EURO2016 FRANCE
Monsoon Special Promotion
Let's Enjoy
Best Quality! (2014 JD power No.1)
Good Price! ($17000 -)
Full Model line-up! (Hatch back, Saloon, SUV, Mini bus, Light Track)
@
Great Hyundai Showroom with Wonderful HP program
20% Down Payment
3-Year Hire Purchase
Limited Stock ONLY !
1 June, 2016 မှ 30 June, 2016 အတွင်း ကားဝယ်ယူသူတိုင်း ကားတန်ဖိုး၏ ၂၀% ကနဦးပေးချေပြီး ၃နှစ် အရစ်ကျ စနစ်ဖြင့် Hyundai Brand New ကားသစ်များကို ပိုင်ဆိုင်နိုင်ပါပြီ။
Yangon : No. 2/6, 2 Quarter, Corner of Insein Rd & Thamine Station Rd, Mayangone Township, Yangon, Myanmar.
Showroom : (01) 522 723, 09 42 100 2051 Service Center : (01) 522 724
Mandalay : No.10, 40th Street, Between 78th & 79th Street, Maha Aung Myay Township, Mandalay, Myanmar.
Showroom : 09 2531 51970, 09 40 2591 885 Service Center : 09 4500 60009 (Mandalay Star)
www.hyundaimotor.com.mm
info@hyundaimotor.com.mm
www.facebook.com/hyundaimm
3 YEAR WARRANTY

**AIG Company Limited**

**Former Name : Golden Globe Myanmar Co., Ltd.**



**Year Established : April 1992**

**Principal Activities :**
1. **General Import & Export**
2. **Sale Distributor of Suzuki Motor Cycles**
3. **International Moving Service**

Resgistered office Adress: No.37, Khaymarthi 3rd Street, Michaungkan (3) Ward, Thingangyun Tsp, Yangon, Myanmar.
Tel :+95-1-566897,566898,570752,561078
E-mail: info@myanmaraig.com



**OGI Ocean Gate International Freight Forwarding Co., Ltd**

-Freight Forwarding (Sea, Air & Land),
-Doorto Door Services from/to Myanmar to/from all over the world
-Customs Clearance Services (Export,Import)
-Inland Transportation.
-FCL & LCL.
-Storage, warehousing and Distribution.
-Project forwarding.

Bldg 360, Room 10, Pyay Road (Hantharwaddy), Sanchaung Township, Yangon, Manmar.
Tel : 95 1 524600, 95 9 73060105, Fax : 95 1 524600, HP : 95 9 5171017
Email : ogi@oceangate.com.mm, kyaw.freight@gmail.com



**L လင်းလက်ကြယ်**

Hallow, Angle, U-Bean, H-Beam, MS Plate, Lip-C, M.S-G.1 Pipe & Iron Accessories Distribution



☎ 01-646669, 09-5048100, 09-420118630, 09-73164569, 09-43023367



**C.P. Medicine** စီပီ ဆေး ဝါး များ



**Available on every dealer shop, medicine shop and CP branches,**

HEAD OFFICE
Pyinmabin Factory,
Mingalardon Township, Yangon
Ph : 095121606,095162536,095133968

OFFICE (Mandalay)
Pa/28 No.902,78xTheik Pan street,
Near Mokeoo,Chanayetharzan Tsp.
Ph : 092052533, 092166146

OFFICE (Taunggyi)
West Myo Pat Street,
Yadanathiri Quarter,Taunggyi
Ph : 081 22759, 092029044

BRANCHES
Taungoo, Pyinmana,Pyay, Pathein,
Mawlamyine, Pyinoolwin, kyaukmae,
Lashio, Meiktila, Monywa, Myitkyina,Bamaw

## ပြောင်း

### ပြောင်းတင်ပို့မှု အနည်းငယ်လျော့

ဇွန် ၁၁ ရက်မှ ၁၇ ရက်တာ သီတင်းပတ်အတွင်း မြန်မာ - တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၉၁ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၇၉၇၈ တန်ခွဲ၊ လွယ်ဂျယ်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၅၄ သန်းဖိုးရှိ ပြောင်းဖူးစေ့ ၁၅၆၅ တန်နဲ့ ချင်းရွှေဟော်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၆ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၁၈၅ တန် တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီးစခန်းစုံမှ ပြောင်းဖူးစေ့ ၁၁၉၁၃ တန်ခွဲ တင်ပို့ခဲ့လို့ ယခုတစ်ပတ်ပြောင်းတင်ပို့မှု ၂၁၈၄ တန်လျော့နည်းခဲ့ပါတယ်။ သယ်ယူစရိတ်မှာ ယခုတစ်ပတ်တွင် ပြောင်းတစ်ပိဿာကို ၆၇-၆၈ကျပ်ရှိပြီး ကားဝင်ရောက်မှု ၃၆ စီးရှိတယ်လို့ သိရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဇွန် ၁၀ ရက်က ပြောင်း တစ်တန်ရဲ့ မိမိဘက်ပေါက်စျေး ၂၉၉၅၅၂ ကျပ်ရှိခဲ့ပြီး ဇွန် ၁၇ ရက်တွင် ၂၉၃၈၆၁ ကျပ်သို့ စျေးကျဆင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။ **မော်မော်အောင်**

### လှိုင်ကော်မြို့တွင် အစေ့ထုတ်ပြောင်းစျေး အနည်းငယ်ကျ

ယခုရက်သတ္တပတ်အတွင်း လှိုင်ကော်မြို့တွင် ပြောင်းစျေးအနည်းငယ်ကျဆင်းသွားပါတယ်။ ယခင်တစ်ပတ်ကပြောင်းစျေး တစ်ပိဿာလျှင် ကျပ် ၄၁၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ပြောင်းစျေး တစ်ပိဿာလျှင် ကျပ် ၄၀၀ သို့ကျဆင်းသွားပါတယ်။ အခြားပြည်နယ်နှင့်တိုင်းများသို့ ပြောင်းတင်ပို့မှုမှာ ယခင်တစ်ပတ်က အိတ် ၉၁၀ ခန့် တင်ပို့ခဲ့ပြီး ယခုတစ်ပတ်တွင်ပြောင်း အိတ် ၂၂၀ ခန့်တင်ပို့ခဲ့ပါတယ်။ ယခုကဲ့သို့ ပြောင်းစျေးနှုန်းကျခြင်းမှာ ပြောင်းစိုက်ပျိုးထုတ်လုပ်တဲ့ ရာသီမဟုတ်သည့်အတွက် အရောင်းအဝယ်ပါးခြင်း၊ ပစ္စည်းလက်ကျန်များနည်းပါးခြင်းတို့ အပြင် ဒေသခံ ကုန်သည်များ တင်ပို့ရောင်းချသည့်မြို့များမှ ပြောင်းအဆွဲနည်းလို့ စျေးနှုန်းကျဆင်းလာရတာဖြစ်ကြောင်း ဒေသခံကုန်သည်များက ပြောကြားခဲ့ပါတယ်။

**ဗညားထက်-လှိုင်ကော်**

## သကြား

### မူဆယ်ကုန်သွယ်ရေးဇုန်မှ သကြားဖြူ တန်ခုနစ်သောင်းခွဲကျော် တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇွန် ၁ ရက်မှ ၁၅ ရက်တာ ကာလအတွင်း တစ်ဖက်တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၇၁၃ သန်းတန်ဖိုးရှိ သကြားဖြူ ၇၆၀၆၉ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ ရာသီဥတုကြောင့် ကြံစိုက်ပျိုးမှုလျော့နည်းပြီး သကြားထုတ်လုပ်မှုကျဆင်းကာ သကြားလိုအပ်ချက်များသဖြင့် မြန်မာနိုင်ငံမှ နေ့စဉ်ပမာဏများစွာ Re-export တင်ပို့နေရကြောင်း၊ ပြည်တွင်းသကြားစျေး တစ်တန်ကို ကျပ်ခုနစ်သိန်းအထိ ဝယ်ယူရပြီး တစ်ဖက်နိုင်ငံတွင် ၅၀ ကီလို တစ်အိတ်လျှင် ၂၂၄ - ၂၂၅ ယွမ်စျေး ရရှိကြောင်း၊ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် သကြားတစ်ပိဿာပေါက်စျေး ၁၄၀၀ ကျပ်ခန့်ရှိ ကြောင်း သိရပါတယ်။ **မော်မော်အောင်**

### အမေရိကန်နိုင်ငံသို့ သကြားတန်ချိန် ၁၀၀၀ ကျော် ကိုတာစနစ်ဖြင့် တင်ပို့ခွင့်ကို အိန္ဒိယအစိုးရခွင့်ပြု

ဇွန် ၂၂ ရက်က အိန္ဒိယမှ သကြားတန်ချိန် ၁၁၄၆ တန်ကို ကိုတာစနစ်နဲ့ အမေရိကန်နိုင်ငံသို့တင်ပို့ရန် အစိုးရက ခွင့်ပြုမိန့်ထုတ်ပေးလိုက်ပြီဖြစ်ပါတယ်။တင်ပို့ခွင့်ကာလမှာ စက်တင်ဘာ ၃၀ ရက်အထိဖြစ်ပါတယ်။ ကိုတာစနစ်နဲ့ တင်ပို့ခွင့်ရတဲ့အတွက် သွင်းကုန်ခွန်ကိုသက်သာတဲ့ နှုန်းထားနဲ့ ပေးဆောင်ရမှာဖြစ်ပါတယ်။ပြည်တွင်းမှာ လွန်ခဲ့တဲ့ ၁၀ ရက်ကျော်လောက်ကစပြီး ပဲအပါအဝင် ဂျုံနဲ့ခရမ်းချဉ်သီးစျေးများ တစ်ရှိန်ထိုးမြင့်တက်လာပြီးနောက် ယခုကဲ့သို့ ကိုတာစနစ်နဲ့ အမေရိကန်နိုင်ငံသို့ သကြားတင်ပို့ခွင့်ကို ယခုနှစ်ကြံရာသီအမီ ချပေးလိုက်တာဖြစ်ပါတယ်။ သကြားစျေးကွက်ရာသီမှာ နှစ်စဉ် အောက်တိုဘာမှ လာမယ့်နှစ်စက်တင်ဘာအထိဖြစ်ပြီး ၂၀၁၅-၂၀၁၆ သကြားရာသီမှာ သကြားတန်ချိန် ၁ ဒသမ ၆ သန်းတင်ပို့နိုင်ခဲ့ပါတယ်။

အိန္ဒိယနိုင်ငံက ဘရာဇီးနိုင်ငံပြီးလျှင် ကမ္ဘာတွင် ဒုတိယသကြားအများဆုံးထုတ်လုပ်တဲ့နိုင်ငံဖြစ်ပါတယ်။ ယခုနှစ် ကြံရာသီမှာ သကြားတန်ချိန် ၂၅ သန်းခန့်သာ ထုတ်လုပ်နိုင်မယ်လို့ ခန့်မှန်းထားပြီး ပြီးခဲ့တဲ့ သကြားရာသီက တန်ချိန် ၂၈ သန်းထုတ်လုပ်နိုင်ခဲ့တာဖြစ်ပါတယ်။ပြည်တွင်းလိုအပ်ချက်က သကြားတန်ချိန် ၂၆ သန်း ဝန်းကျင်ရှိနေပါတယ်။

ကြံအဓိကစိုက်တဲ့ မဟာရာသျှတ္တရ၊ ကာနာတာကာတို့မှာ မိုးခေါင်ရေရှားမှုကြောင့် သကြားအထွက်ကို ထိခိုက်စေခဲ့ပါတယ်။ ဒါကြောင့်လာမယ့်နှစ်မှာ တန်ချိန် ၂၃ သန်း မှ ၂၄ သန်းခန့်အထိသာ ထွက်ရှိနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ ယခုနှစ်ထွက်ရှိမယ့်နှုန်းကတော့ တန်ချိန် သန်း ၃၀ မှ ၃၁ သန်းခန့်ထိ ထွက်ရှိနိုင်မယ်လို့ သိရပါတယ်။ **CMK**

## ရော်ဘာ

### ရော်ဘာစျေး အနည်းငယ်မြင့်တက်

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၆၁၁ သန်းဖိုးရှိ ရော်ဘာ ၅၉၄ တန်ကျော်ကို ဇွန် ၁၁ ရက်မှ ၁၇ ရက်အထိကာလအတွင်းမှာ တင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ RSS-3 ၁၂၆တန်ကျော်နဲ့ RSS-5 တန် ၂၀၀၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS-3 ၂၁၆ တန်ခန့်နဲ့ MSR-50 ၅၂ တန်တင်ပို့ခဲ့ပါတယ်။ မူဆယ်နဲ့ ချင်းရွှေဟော်မှ ယခင်တစ်ပတ်ထက်ပိုမိုတင်ပို့နိုင်ခဲ့ပါသည်။ ယခင်တစ်ပတ်က မြိတ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သော်လည်း ယခုတစ်ပတ်မှာ တင်ပို့မှုမရှိတဲ့အတွက် ရော်ဘာတင်ပို့မှု တန် ၂၀၀ ကျော်လျော့နည်းခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇွန် ၁၂ ရက်မှ ၁၈ ရက်အထိကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၇၇၇ သန်းဖိုးရှိ ရော်ဘာ ၇၉၅ တန် တင်ပို့ခဲ့ပါတယ်။ယခုတစ်ပတ်မှာ မလေးရှား၊ဂျပန်၊စင်ကာပူနဲ့ အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့ပြီး မလေးရှားနိုင်ငံသို့ MSR-20 တန် ၂၁၀နဲ့ RSS-3 တန် ၂၂၀၊ ဂျပန်နိုင်ငံသို့ MSR-20TSR ၉၈ တန်၊ စင်ကာပူနိုင်ငံသို့ MSR-20TSR ၂၄၇ တန်၊ အိန္ဒိယနိုင်ငံသို့ MSR-10 တန် ၂၀ ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ကလည်း တန် ၈၀၀ ကျော်သာ တင်ပို့ခဲ့တာမို့ ပုံမှန်တင်ပို့နေတယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာစျေး တစ်တန်လျှင် ဒေါ်လာ ၅၀ ခန့်စျေးတက်လာတဲ့အတွက် မြန်မာ့ရော်ဘာ FOB စျေးလည်းတက်လာပါတယ်။ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက မြန်မာ့ရော်ဘာစျေးကို တစ်တန်လျှင် ဒေါ်လာ ၅၀ စီတိုး၍ ထုတ်ပြန်ကြေညာထားပါတယ်။

| | | | |
|---|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၂၅၀-၁၃၅၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၂၂၀-၁၃၀၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၁၅၀-၁၂၅၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၁၀၀-၁၂၀၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၀၅၀-၁၁၅၀** |
| **MSR (3)L** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၄၀၀-၁၅၀၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၁၀၀-၁၂၅၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၁၀၀-၁၂၀၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၀၀၀-၁၁၀၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၉၅၀-၁၀၅၀** |
| **Mixtures of Natural Rubber and Synthetic Rubber (99% RSS-3,1% SBR 1502)** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၂၂၀ -၁၃၀၀** |
| **Mixtures of Natural Rubber and Synthetic Rubber (97.5% MSR-3L,2.5% SBR 1502)** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၅၀၀ -၁၆၀၀** |
| **Concentrate Latex 60% DRC** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၈၁၀ - ၈၆၀** |

**ယဉ်ယဉ်အေး**

### မန်းသကြားဒိုင်မှာ သကြားကုန်ကြမ်းစျေးမာသလောက် ကုန်ချောစျေးကို လိုက်မမီဘဲဖြစ်နေ

မန္တလေးမြို့ (မြန်မာနိုင်ငံ သကြား၊ သကာရည်လုပ်ငန်းရှင်များ ကထိန်တော် အသင်း) သကြား ကုန်စည်ဒိုင်မှာ အနယ်နယ်အရပ်ရပ်မှ သကြားကုန်သည်၊ စက်ပိုင်များ၊ ပွဲစားများနှင့်သကြားနှင့် ပတ်သက်သော လုပ်ငန်းရှင်များ နေ့စဉ်(ဥပုသ်နေ့မှ အပ) သကြားနဲ့ သကာရည်များလာရောက်ပြီး အရောင်းအဝယ်ပြုလုပ်ကြောင်း သိရပါတယ်။

ယခု ၂၀၁၆ ခုနှစ် ဇွန်လစတုတ္ထပတ်တွင် သကြားတစ်ပိဿာစျေးနှုန်းများ မှာ သကြားA ၁၂၂၅ ကျပ်၊ သကြား B ၁၂၁၅ ကျပ်၊ သကြား C ကျပ် ၁၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်ပြီး သကာပွက်ရည်စျေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၈၀၀ မှ ကျပ် ၈၂၀ ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း၊ နေ့စဉ်သကြား(ပိဿာ ၃၀ အိတ်) အိတ် ၅၀၀၀ မှ ၇၀၀၀ အထိ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ပွက်ရည်စျေးမှာ ယခင်လက တစ်ပိဿာကို ကျပ် ၁၄၀ တက်သွားပါတယ်။ ပွက်ရည်က အခုချိန်ဆိုလျှင် ရှားပါးလာကြောင်း၊ ပွက်ရည် စျေးတက်သွားပေမယ့် သကြားစျေးကထင်သလောက်တက်မလာဘဲ ယခင်လကာလတူစျေးထက် တစ်ပိဿာ ကျပ် ၄၀ သာတက်လာကြောင်း၊ တရုတ်သို့တင်ပို့မှု မရှိသလောက်နည်းပါးကြောင်း၊ မုန့်လုပ်ငန်းရှင်များ၊ အချိုရည်လုပ်ငန်းရှင်များ၊ နို့ချက်စက်ရုံလုပ်ငန်းရှင်များက ဝယ်ယူနေတာကြောင့် အရောင်းအဝယ်မှာ ပုံမှန်ရှိနေကြောင်း၊ သို့သော် ကုန်ကြမ်း(ပွက်ရည်) စျေးမြင့်တက်ပေမယ့် အလားတူကုန်ချော(သကြား) စျေးလိုက်မတက်နိုင်တဲ့အတွက် အကျိုးအမြတ် အနည်းငယ်လျော့နည်းကြောင်း သကြားစက်ပိုင်ကုန်သည်ကြီးတစ်ဦးက ပြောကြားကြောင်းသိရပါတယ်။

**စိုးအောင်-မန္တလေး**

# ဆန်စပါးအစိုဓာတ်တိုင်းတာခြင်းအပေါ် နောက်ကြောင်းပြန်ခြေရာခံစနစ် တည်ထောင်နိုင်ရန် အတွက် စီမံကိန်းရေးဆွဲ (Project Formulating) ဆောင်ရွက်သွားရန် ပူးပေါင်းဆွေးနွေးခြင်း (Joint Meeting) အခမ်းအနားကျင်းပ

စီမံကိန်းရေးဆွဲခြင်း (Project Formulating) ဆောင်ရွက်သွားရန် ပူးပေါင်းဆွေးနွေးခြင်း (Joint Meeting) အခမ်းအနားအား နေပြည်တော် သင်္ဂဟဟိုတယ်၌ ဇွန် ၂၂ ရက်တွင် ကျင်းပရာ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး၊ ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းခိုင်မိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်ကျော် JICA Myanmar Office မှ Project Formulation Adviser မစ္စကေအိကုဆူဇူကီ၊ Kett Electric Laboratory မှ အထွေထွေမန်နေဂျာ မစ္စတာနိုရိဟိုရိုယိုရှိဒါနှင့် ကိုယ်စားလှယ်များ၊ Japan Development Service Co., Ltd မှ Senior Consultant မစ္စတာ ကာမိချီ နှင့် အဖွဲ့ဝင်များတက်ရောက်ခဲ့ကြပါသည်။

အဆိုပါ ဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ Kett Electric Laboratory မှ အထွေထွေမန်နေဂျာ မစ္စတာ နိုရိဟိုရိုယိုရှိတာ၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းခိုင်မိုး၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်ကျော်တို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ပါသည်။ ဆက်လက်၍ Japan Development Service Co., Ltd မှ Senior Consultant မစ္စတာတာကာမိချီက စစ်တမ်းကောက်ယူတွေ့ရှိချက်များအား Power Point ဖြင့်ရှင်းလင်းတင်ပြပါသည်။ ထို့နောက် တက်ရောက်လာသူများက စီမံကိန်းနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးမှုများ ဆောင်ရွက်ကြပါသည်။

စီမံကိန်းဆောင်ရွက်ရသည့် ရည်ရွယ်ချက်မှာ ချမှတ်ထားသော နောက်ကြောင်းပြန် ခြေရာခံစနစ် တစ်ရပ်အောက်တွင် အစိုဓာတ်ပါဝင်မှုကို သင့်လျော်စွာ တိုင်းတာ စစ်ဆေးခြင်းမှ တစ်ဆင့် မျှတမှု မရှိသော ဆန်စပါး ကုန်သွယ်ရောင်းဝယ်မှုကို လျှော့ချရန်အတွက် ရလဒ်သုံးခုရရှိလာရေး ဆောင်ရွက်သွားရန်ဖြစ်ပါသည်။ ရလဒ်တစ်အနေဖြင့် ကောက်ပဲသီးနှံ အစိုဓာတ်တိုင်းကိရိယာ နောက်ကြောင်းပြန်ခြေရာခံစနစ်အတွက် စံသတ်မှတ်ထားသော ပင်မဓာတ်ခွဲခန်းတစ်ရပ် အနေဖြင့် ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန (DRI) ရှိ အမျိုးသားစံချိန်စံညွှန်းများနှင့် အရည်အသွေးဌာန (NSQD)၏ စွမ်းဆောင်ရည်ကို မြင့်တက်လာစေရန်၊ ရလဒ်နှစ်အနေဖြင့် ကောက်ပဲသီးနှံ အစိုဓာတ်တိုင်းကိရိယာ နောက်ကြောင်းပြန် ခြေရာခံစနစ်အတွက် စံသတ်မှတ်ထားသော ဒုတိယဓာတ်ခွဲခန်းတစ်ရပ်အနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊




စားသုံးသူရေးရာဦးစီးဌာန (DoCA) ရှိ ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှုဌာနစု (CTQM)၏ စွမ်းဆောင်ရည်မြင့်တက်လာစေရန်နှင့် ရလဒ်သုံးအနေဖြင့် ဒေသခံ တိုက်ဆိုင် စစ်ဆေးရေးစင်တာများအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန လက်အောက်ရှိ တိုင်းဒေသကြီး/ ပြည်နယ်ရုံးများ၏ စွမ်းဆောင်ရည်ကိုလည်း မြင့်တက်လာစေရန်တို့ ဖြစ်ပါသည်။ ဆက်လက်၍ ဆန်စပါးအစိုဓာတ် တိုင်းတာခြင်းအပေါ် နောက်ကြောင်းပြန် ခြေရာခံစနစ်တည်ထောင်ရန်အတွက် ဂျပန် အစိုဓာတ်တိုင်း နည်းပညာဖြန့်ဖြူးရေးနှင့် ပတ်သက်သော စီမံကိန်းဆောင်ရွက်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ စားသုံးသူရေးရာဦးစီးဌာန (DoCA) နှင့် Kett Electric Laboratory တို့အကြား Minutes of Discussion ကို နှစ်ဖက်လက်မှတ်ရေးထိုးခဲ့ပြီးနောက် ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန (DRI) နဲ့ Kett Electric Laboratory တို့အကြား Minutes of Discussion ကိုလည်း နှစ်ဖက်လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ဆန်စပါးအစိုဓာတ် တိုင်းတာခြင်းအပေါ် နောက်ကြောင်းပြန်ခြေရာခံစနစ် တည်ထောင်နိုင်ရေး စီမံကိန်းအား ၂၀၁၇ ခုနှစ်အတွင်း အဆင့်လိုက် ဆက်လက်ဆောင်ရွက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ဇေယျာဆွေ**

## ဒုတိယအကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ကျင်းပ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်း ပါဝင်ပြသ

ဒုတိယအကြိမ်မြောက်မြန်မာ အပြည်ပြည်ဆိုင်ရာပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (The 2nd Myanmar International Education & Career Fair 2016) ကို ဇွန် ၂၇ ရက်က ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့်ဝေနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါပြပွဲကိုပညာရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းများ၊ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ပြည်သူများကို ချိတ်ဆက်ပေးရန်အတွက် ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပြည်တွင်းပြည်ပမှ တက္ကသိုလ်နှင့် ကောလိပ်များ၊ ပုဂ္ဂလိကကျောင်းများ၊ ပညာရေးသင်တန်းကျောင်းများ၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှုသင်တန်းကျောင်းများနှင့် နည်းပညာဆိုင်ရာ သင်တန်းကျောင်းများ၊ နိုင်ငံခြားဘာသာသင်တန်းကျောင်းများ၊ နိုင်ငံခြားတက္ကသိုလ်ဝင်ခွင့်သင်တန်းကျောင်းများ၊ အနုပညာနှင့်ပတ်သက်သောသင်တန်းကျောင်းများ၊ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာသင်တန်းကျောင်းများ၊ ပညာရေးအတိုင်ပင်ခံ သင်တန်းကျောင်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင် တန်းကျောင်းများ၊ လေကြောင်းပညာဆိုင်ရာသင်တန်းကျောင်းများ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် စာအုပ်စာပေများ၊ စာရေးကိရိယာအမျိုးမျိုးတို့ကို ပညာရေးကဏ္ဍပိုမိုမြင့်မားမှုအတွက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ စီစဉ်ကျင်းပမည်ဖြစ်သည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ အလုပ်ရှာ ဖွေရေးလုပ်ငန်းများကလည်း ထူးချွန်ဝန်ထမ်းလိုအပ်သောကုမ္ပဏီများကို စုံလင်စွာပြသထားသည်။

ယင်းပြပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနလက်အောက်ရှိ ကုန်သွယ်မှုသင်တန်းကျောင်းလည်း ပါဝင်ပြသခဲ့ ကြောင်း သိရသည်။ ကုန်သွယ်မှုသင်တန်းကျောင်းသည် ပြည်တွင်းပြည်ပကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ကုန်သွယ်မှုနှင့် သက်ဆိုင်သည့်ဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိသည့် သင်တန်းကျောင်းတစ်ခုဖြစ်ကြောင်း သိရသည်။

ပြပွဲကို Dagon International Exhibition Co., က စုစည်းပြသခြင်းဖြစ်ပြီး ဇွန် ၂၄ ရက်မှ ၂၆ ရက်အထိပြသခဲ့ရာ ကျောင်းသားကျောင်းသူများ၊ စိတ်ဝင်စားသူပြည်သူများ လာရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**သိန်းမြင့်ဝေ**

➲ စာမျက်နှာ ၁၂ အိန္ဒိယအစိုးရရဲ့ ပဲအထွက်တိုးရေးကျင့်သုံးနေတဲ့ ဗျူဟာများနဲ့မှအဆက်

အထွက်တိုးစပါးတွေ စမ်းသပ်စိုက်ပျိုးခြင်းတွေနဲ့ အားစိုက်ဆောင်ရွက်ပေးတာတွေ့ရပေမယ့် ပဲမျိုးစုံကဏ္ဍအတွက်စိုက်ပျိုးစရိတ်ချေးငွေထောက်ပံ့ပေးတာကတော့ ပြီးခဲ့တဲ့ သီတင်းပတ်များက လွှတ်တော်အမတ်များလည်း ဆွေးနွေးတင်ပြနေကြတဲ့အတိုင်း နိုင်ငံရဲ့ အနေအထားအရ ထောက်ပံ့ပေးနိုင်တဲ့ အနေအထားက အမှန်တကယ်ကုန်ကျစရိတ်အတွက် မပြောပလောက်တဲ့ ငွေပမာဏသာ ရှိနေသေးတာကို တွေ့ရပါတယ်။ ဒ့ါအပြင် အရည် အသွေးကောင်း မျိုးစေ့ဖြန့်ဝေခြင်းနဲ့ နည်းပညာအပိုင်းမှာလည်း တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဆောင်ရွက်ပေးနိုင်မှုက အလွန်ကို အားနည်းနေပါသေးတယ်။

ပို့ကုန်မြှင့်တင်ဖို့စဉ်းစားတဲ့နေရာမှာ ကုန်ပမာဏအားဖြင့် တစ်နှစ်ထက်တစ်နှစ် တိုးတက်ဖို့လိုသလို တန်ဖိုးအားဖြင့်လည်း သိသိသာသာတိုးတက်ဖို့ လိုပါတယ်။ တန်ဖိုးတိုးတက်နိုင်ဖို့ဆိုရင် မိမိတို့ရဲ့ ပို့ကုန်အရည်အသွေးကို မြှင့်တင်ရမှာဖြစ်ပြီး ဈေးကွက်ကတောင်းဆိုတဲ့ အရည်အသွေးကို တင်ပို့နိုင်မှသာ ရေရှည်ဖွံ့ဖြိုးတဲ့ ဈေးကွက်ကို ဖော်ဆောင်ခြင်းဖြင့် တန်ဖိုးတက်လာနိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် ဈေးကွက်တစ်ခုတည်းကို အားကိုးမနေဘဲ ဈေးကွက်များစွာကို ဖြန့်ကြက်ရောင်းချနိုင်ဖို့ (Market diversi fication) လိုပါတယ်။ ပဲကဏ္ဍမှာ တန်ဖိုးမြှင့်တင်ပို့မှုကို ပြောရမယ်ဆိုရင် ဥရောပကို ပြီးခဲ့တဲ့ ၃-၄ နှစ်လောက်ကမှ အီးယူရဲ့ နည်းပညာအကူအညီနဲ့ ပဲပင်ပေါက်အဖြစ် တင်ပို့နိုင်ခဲ့တဲ့အတွက် ရရှိတဲ့ဈေးနှုန်းတန်ဖိုးကလည်း ကုန်ကြမ်းအတိုင်း တင်ပို့ခြင်းထက် သိသိသာသာ မြင့်တက်တာတွေ့ရမှာဖြစ်ပါတယ်။

ဒါပေမဲ့ လတ်တလော မြန်မာ့ပဲတင်ပို့မှုဟာ အဓိကဈေးကွက်ကြီးဖြစ်တဲ့ အိန္ဒိယနဲ့ အာရှနိုင်ငံအချို့ကိုပဲ ကုန်ကြမ်းအတိုင်း အများဆုံးတင်ပို့နေရဆဲဖြစ်တာကိုလည်း အားလုံးပဲသိကြပါတယ်။ ဒါကြောင့်လည်း နှစ်စဉ်ပဲတင်ပို့မှု ပမာဏတိုးတက်မှုနည်းသလို တန်ဖိုးအားဖြင့်လည်း ဈေးနှုန်းဖောင်းပွမှုကြောင့်သာ ပို့ကုန်ဝင်ငွေတက်လာတယ်လို့ ဆိုနိုင်ပေမယ့် အရည်အသွေး တိုးတက်ခြင်းကြောင့်၊ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ခြင်းကြောင့် မဟုတ်သေးဘူးလို့ ဆိုရမှာဖြစ်ပါတယ်။ ဒီလိုပဲမျိုးစုံအရည်အသွေးကောင်းပြီး တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ဖို့ဆိုတာကလည်း စိုက်ပျိုးစဉ်မှ ရိတ်သိမ်းခြွေလှေ့သိုလှောင်သည်အထိ နည်းပညာနဲ့ စက်ပစ္စည်းများ အသုံးပြုနိုင်ဖို့က အဓိကကျနေပါတယ်။

ယခင်အတွေ့အကြုံများအနက် တချို့ကို သိသလောက်တင်ပြရရင် ပြီးခဲ့တဲ့ ခုနစ်နှစ်-ရှစ်နှစ်လောက်က စိုက်ပျိုးရေးကဏ္ဍမှာ အထူးသဖြင့် ဆန်နဲ့ပဲမျိုးစုံကဏ္ဍအတွက် သက်ဆိုင်ရာ အသင်းအဖွဲ့များနဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး တိုင်းနယ်မြေဒေသအလိုက် ဆန်၊ စပါးနဲ့ ပဲအထူးပြု ကုမ္ပဏီကြီးများ ထူထောင်ပြီး တောင်သူတွေအတွက် စိုက်ပျိုးစရိတ်နဲ့ သွင်းအားစုများပံ့ပိုးပေးခြင်း၊ သီးနှံပေါ်ချိန်မှာ ဈေးကွက်ပေါက်ဈေး အတိုင်းဝယ်ယူပေးခြင်းများဆောင်ရွက်ပေးခဲ့တဲ့အတွက် ရာနှုန်း ပြည့်အောင်မြင်မှုမရှိတဲ့တိုင် အချို့တောင်သူများနဲ့ ကုမ္ပဏီများ အကျိုးအမြတ်ခံစားခဲ့ကြရတယ်လို့ ကြားသိရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အိန္ဒိယနိုင်ငံကဲ့သို့ ပြည်တွင်းစားသုံးမှုကို ဖြည့်ဆည်းဖို့အထွက်တိုးအောင် အစိုးရက အနိမ့်ဆုံးထောက်ပံ့ဈေးတွေ တိုးမြှင့်ပေးပြီး ဝယ်ယူတဲ့နည်းလမ်းတွေကို မကျင့်သုံးတဲ့တိုင် အစိုးရနဲ့ ပုဂ္ဂလိက အသင်းအဖွဲ့တို့ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုကိုတော့ တစ်ကျော့ပြန်ဆောင်ရွက်ဖို့ လိုအပ်လာပြီလို့ သုံးသပ်မိပါတယ်။

ဒါကြောင့် ပို့ကုန်မြှင့်တင်ရေးရည်မှန်းချက်မှာ တစ်စိတ်တစ်ပိုင်းအနေနဲ့ ဖြည့်ဆည်းနိုင်မယ့် အလားအလာကောင်းသီးနှံများရဲ့ အထွက်နှုန်းကောင်းဖို့နဲ့ အရည်အသွေးကောင်းတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ဖို့ကောင်းမွန်သော အစီအမံများ၊ မှန်ကန်သောနည်းလမ်းများကို ကျင့်သုံးပြီး ထိရောက်စွာအကောင်အထည်ဖော်နိုင်မယ့်ကာလကို မျှော်လင့်ရင်း ပဲမျိုးစုံကဏ္ဍ ပြန်လည်ဆန်းသစ်စေဖို့ ရည်ရွယ်တင်ပြလိုက်ပါတယ်။

♦

Vol: 16, No.23 Monday June 27 2016

# စစ်တွေကုန်သွယ်ရေးစခန်းတွင် ကုန်သွယ်မှုဆိုင်ရာရက်တိုသင်တန်း ဖွင့်လှစ်

စစ်တွေကုန်သွယ်ရေးစခန်းတွင် မေလ ၂၁ ရက်က ကုန်သွယ်မှုဆိုင်ရာ ရက်တိုသင်တန်းကို ဖွင့်လှစ်ခဲ့ရာ ကုမ္ပဏီများမှ သင်တန်းသားသင်တန်း သူ စုစုပေါင်း ၃၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

သင်တန်းဖွင့်ပွဲတွင် ရခိုင်ပြည်နယ် ဘဏ္ဍာရေး၊ အခွန် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးကိုယ်စား ရခိုင်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ပြည်နယ်ဦးစီးမှူး ဦးစိုးပိုင်က အဖွင့်အမှာစကားပြောကြား ခဲ့ပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းက ရခိုင်ပြည်နယ်ရဲ့ စီးပွားရေးဖွံ့ဖြိုး တိုးတက်လာစေရန်အတွက် လက်ရှိ ပို့ကုန်/ သွင်းကုန်လုပ်ငန်း ဆောင်ရွက်နေကြတဲ့ ကုမ္ပဏီများရှိ ဝန်ထမ်းများအား ပြောင်းလဲလာသော မူဝါဒများ၊ ဥပဒေနဲ့ လုပ်ထုံးလုပ်နည်းများကို သိရှိစေပြီး လုပ်ငန်းများ မှန်ကန်မြန်ဆန်စွာဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကုန်သွယ်မှုဆိုင်ရာ ရက်တိုသင်တန်းတစ်ခုကို ဖွင့်လှစ်ခဲ့ပါတယ်။ ယခုသင်တန်းမှာ ရက်(၁၀၀)စီမံချက်အရ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်။

အဆိုပါသင်တန်းတွင် ပို့ကုန်/ သွင်းကုန်လုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီများမှ ဝန်ထမ်းများအပြင် ရခိုင်အများပိုင်ကုမ္ပဏီ၊ ရခိုင်ဆန်စပါး ကုမ္ပဏီတို့မှ ဝန်ထမ်းများလည်း တက်ရောက်ခဲ့ပါသည်။ သင်တန်း၌ OSS အဖွဲ့တွင် ပါဝင်သောဌာနများမှ လုပ်ထုံးလုပ်နည်းများ၊ နောက်ဆုံးအခြေအနေ အထိ ဖြေလျှော့ပေးနေမှုများ၊ ငါးလုပ်ငန်း ဦးစီးဌာနမှ လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးပို့ချခဲ့ကြကြောင်း သတင်းရရှိပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းတာဝန်ခံ ဦးမြင့်ဇော်မိုးက ITC ကတ်ပြားဖြင့် ကုန်သွယ်မှုဆောင်ရွက်ခြင်း၊ ပို့ကုန်/ သွင်းကုန်လုပ်ထုံးလုပ်နည်းများ စသည့် ဘာသာရပ်များကို ပို့ချဆွေးနွေးပေးခဲ့ ပါသည်။

**မြင့်ဇော်မိုး (စစ်တွေ)**

# ပြင်းထန်အဆုတ်ရောင်ရောဂါပိုး ကာကွယ်ဆေးအသစ်ထိုးနှံခြင်းကို ကန်ဒေါ်လာ ၇ သန်းခန့် အကုန်အကျခံ၍ ဇူလိုင်လ၌ စတင်မည်

ပြင်းထန်အဆုတ်ရောင်ရောဂါပိုး ကာကွယ်ဆေးအသစ်ထိုးနှံခြင်းကို အမေရိကန်ဒေါ်လာ ၆ ဒသမ ၇သန်း ခန့် အကုန်အကျခံ၍ လာမည့်ဇူလိုင်လအတွင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကလေးငယ်များကို ကူးစက်ရောဂါပိုးကင်းဝေး စေရေးအတွက် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ကာကွယ်ဆေးအသစ်ဖြစ်သည့် ပြင်းထန်အဆုတ်ရောင်ရောဂါပိုး ကာကွယ်ဆေး (PCV) ထည့်သွင်းထိုးနှံခြင်းအစီအစဉ်အား ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ကာကွယ်ဆေးအသစ်ဖြစ်သည့် ပြင်းထန်အဆုတ်ရောင်ရောဂါပိုး ကာကွယ်ဆေး (PCV) ကို ထည့်သွင်းထိုးနှံခြင်းဖြင့် နိုင်ငံတစ်ဝန်းရှိ ကလေးငယ်များကို ကူးစက်ရောဂါကင်းဝေးစေရေးအတွက် ကာကွယ်ပေးနိုင်ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်းမှ ကာကွယ်ဆေးရရှိသင့်သည့် ကလေးငယ်တစ်ဦးတစ်ယောက်မျှ ကာကွယ်ဆေးမရရှိဘဲ မကျန်ရလေအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြင်းထန်အဆုတ်ရောင်ရောဂါပိုး ကာကွယ်ဆေး (PCV) ကို နိုင်ငံတော်မှ တစ်နှစ်စာထည့်ဝင်ငွေ အမေရိကန် ဒေါ်လာ ၁ ဒသမ ၁၈သန်းကျော် အကုန်အကျခံပြီး ထိုးနှံပေးခြင်းဖြစ်ကြောင်း၊ ၂၀၁၆-၁၇ဘဏ္ဍာနှစ်အတွက် နိုင်ငံတော်အစိုးရက ကာကွယ်ဆေးထိုး လုပ်ငန်းအတွက် ကုန်ကျရန်လျာထားသည့် ငွေကြေးသည် အမေရိကန်ဒေါ်လာ ၆ ဒသမ ၇သန်းခန့်ရှိသောကြောင့် ကလေးတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၇ ဒေါ်လာခန့်ကုန်ကျခံဆောင်ရွက်သွားခြင်းဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# ရန်ကုန်ကားဈေးကွက်အဝယ်နည်းပြီး အရောင်းအဝယ်အေးနေ

ဇွန်လနှောင်းပိုင်း ရန်ကုန်မြို့ ကားဈေးကွက်၏ အခြေအနေမှာ နယ်အဝယ်များဆင်းသော်လည်း ဈေးကွက်ပြန်အေးသွားကြောင်း၊ ယခင်တစ်ပတ်က ဖရီးပါမစ်သာမက စလစ်ကပ်ကားဈေးကွက်ပါ အရောင်းအဝယ်ရှိနေရာမှ ယခုတစ်ပတ်တွင် အမေးသာရှိ၍ အရောင်းအဝယ် ပြန်နည်းသွားကြောင်း သိရသည်။

ဇွန်လဆန်းနှင့် မေလကုန်ခန့်က အရောင်းအဝယ်ဖြစ်ခဲ့သော ရန်ကုန်မြို့ ကားဈေးကွက်မှာ ယခုရက် ပိုင်းကာလအတွင်း အရောင်းအဝယ်များ ပြန်လည်ကျဆင်းကာ ဖရီးပါမစ် ကားလေးဈေးကွက်ဆိုလျှင် အမေးသာ ရှိပြီး အဝယ်မရှိသလောက် ဖြစ်နေကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့မှ ရန်ကုန်မြို့ကားပါကင်နှင့် ပတ် သက်ပြီး မူဝါဒတစ်ခု ထုတ်ပြန်ရန်ရှိကြောင်း ဇွန်လလယ်ခန့်တွင် သတင်း ထွက်ပေါ်လာပြီး ယခုကာလအထိ ကြောင်းကျိုးတစ်စုံတစ်ရာ ထုတ်ပြန်ခြင်းမရှိသော်လည်း ဇွန်လမကုန်မီ ရန်ကုန်ဖရီးပါမစ်ကားများ၏ ပါကင်ထောက်ခံချက်မူဝါဒအား သဲသဲကွဲကွဲ တုံ့ပြန်မှုရှိလာနိုင်သည်ဟု သုံးသပ်ချက်များ ထွက်ပေါ်နေသဖြင့် ဖရီးပါမစ်ကားလေးဈေးကွက် အဝယ်လိုက်နေရာမှ ယခုရက်ပိုင်းအတွင်း ဈေးကွက်အေးသလိုဖြစ်သွားကြောင်း၊ စလစ်ကပ်ကားများထဲမှ ရောင်းပန်း ဝယ်ပန်းကောင်းသော ကားအမျိုးအစားများဖြစ်သည့် ဝစ်ရှ်၊ ကလူဂျာ၊ ရက်ဖိုး၊ အာလ်ဖတ် စသည့် ကားများသာ ရန်ကုန်ဝယ်လက်၊ နယ်ဝယ်လက်အနည်းငယ်ရှိနေပြီး ဖရီးပါမစ်အက္ခရာနိမ့်ကားများပါ ဈေးကွက်အေးသလို ဈေးတန်းအနည်းငယ်ချပြီး ရောင်းချလာကြကြောင်း သိရသည်။

ရန်ကုန်ကားဈေးကွက် အေးသဖြင့် အခြားမန္တလေးနှင့် နယ်ဈေးကွက်များလည်း လိုက်လံအေးလာသလိုဖြစ်လာပြီး အပ်ကားရှားသော်လည်း ယခင်လနှင့်စာလျှင် စလစ်ကပ်ကားအသွင်းကျဲလာသဖြင့် စလစ်ဈေးလည်း အနည်းငယ် ပြန်လည်ကျဆင်းလာကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း ကိုမြင့်ကျော် က ပြောသည်။

လတ်တလော ရန်ကုန်တက္ကစီ (အငှားယာဉ်) ဈေးကွက် အနေဖြင့်မူ ထပ်မံတင်သွင်းခွင့် မပြုတော့သဖြင့် အရောင်းအဝယ်လေးများရှိနေပြီး ဈေးတန်းလည်း မာနေကာ သိန်း ၈၀/၉၀ ဈေးဖွင့်ထားသော ကားများမှာ ယခုအချိန် ၁၀၀ သိန်း ၁၀၅ သိန်းခန့်ဈေးခေါ်ရောင်းကြကြောင်း သိရသည်။

**SN**

# Re-export စနစ်ဖြင့် ကုန်ပစ္စည်း အမယ် ၁၄ မျိုးအား ထပ်မံခွင့်ပြု

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် Re-export စနစ်ဖြင့် ကုန်သွယ်မှုပြုရာတွင် ယခင်ကခွင့်ပြုခဲ့သည့်ကုန်ပစ္စည်းအမယ်များအပြင် နောက်ထပ်ကုန်ပစ္စည်းအမယ် ၁၄ မျိုးကိုပါ Re-export စနစ်ဖြင့် ကုန်သွယ်မှုပြုနိုင်ရန်ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

Re-export စနစ်ဖြင့် ထပ်မံခွင့်ပြုပေးလိုက်သည့် ကုန်ပစ္စည်းအမယ်များမှာ ကားတာယာ၊ နှမ်း(နှမ်းဖြူနှမ်းနက်) ငရုတ်သီးခြောက်၊ မြေပဲ၊ ဝါဂွမ်း၊ ပဲပုပ်စေ့၊ ချည်မျှင်၊ သစ်သီးအစို၊ လျှပ်စစ် ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ အချိုရည်အမျိုးမျိုးနှင့် စားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်၊ စားသုံးဆီနှင့် ကြက်သွန်ဖြူတို့ဖြစ်ကြောင်း သိရသည်။

ကားတာယာများကို တင်သွင်းရာတွင် ပင်လယ်ရေကြောင်းမှ တင်သွင်း၍ မူဆယ်နယ်စပ်မှတစ်ဆင့် Re-export စနစ်ဖြင့်ပြန်လည်တင်ပို့ခွင့်ပြုရန်အတွက် ပြည်တွင်းရော်ဘာမထွက်ရှိမီ စမ်းသပ်ကာလ သုံးလခွင့်ပြုပြီး အမှန်လုပ်ငန်းဆောင်ရွက်နိုင်မှုပမာဏအပေါ် မူတည်သုံးသပ်၍ ဆက်လက်ခွင့်ပြု ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ကားတာယာများတင်သွင်းခြင်းနှင့် ပတ်သက်၍ကုမ္ပဏီများ၏တင်ပြချက်အရ Re-export စနစ်ဖြင့်တင်သွင်းခွင့် ပြုခြင်းဖြစ်ကြောင်း၊ ကားတာယာများကို ရန်ကုန်ဆိပ်ကမ်းမှတင်သွင်း၍ မူဆယ်မြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့ရန် ပြည်ပကုမ္ပဏီတစ်ခုမှ ကမ်းလှမ်းလာခဲ့ကြောင်း၊ လက်ရှိ၌ မြန်မာနိုင်ငံအတွင်း အသုံးပြုနေသော ကားတာယာများမှာ ပြည်ပမှတင်သွင်းပြီး ပြည်တွင်းဈေးကွက်၌ လုံလောက်အောင် ထုတ်လုပ်နိုင်ခြင်းမရှိသေးသဖြင့် ပြည်တွင်းဈေးကွက်ကို ထိခိုက်နိုင်မှု မရှိကြောင်း၊ ၎င်းတို့အနေဖြင့် Re-export စနစ်ဖြင့် တင်သွင်းသောကားတာယာများကို ပြည်တွင်းဈေးကွက်၌ ရောင်းချခြင်းမပြုကြောင်းကိုဝန်ခံကတိပြုပါကြောင်း၊ ထို့ပြင် တစ်ဖက်ကုမ္ပဏီ၏ကမ်းလှမ်းချက်အား လက်ခံဆောင်ရွက်မပေးပါက ဗီယက်နမ်၊ လာအို၊ ထိုင်း၊ ပါကစ္စတန်စသည့်နိုင်ငံတို့မှ ဈေးကွက်ရရှိသွားနိုင်ခြင်းတို့ကြောင့် Re-export စနစ် ဖြင့် ကားတာယာများတင်သွင်းခွင့်ပြုပါရန်တင်ပြလာခဲ့ခြင်းကြောင့် ယခုကဲ့သို့ ခွင့်ပြုရခြင်းဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပို့ကုန်သုံးဆ မြင့်တက်ရေးကို ဦးတည်ချက်ထား၍ ဆောင်ရွက်လျက်ရှိရာ Re-export စနစ်ဖြင့် ကုန်သွယ်မှုပြုခြင်းဖြင့် ပို့ကုန်တိုးမြှင့်လာမည်ဖြစ်သည်။

ထို့ကြောင့် သကြား၊ ကွမ်းသီးနှင့် စက်သုံးဆီတို့အား Re-export စနစ်ဖြင့် ကုန်သွယ်မှုပြုရန်ခွင့်ပြုပေးထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Re-export ကုန်သွယ်မှုတိုးတက်ဖြစ်ထွန်း ဆောင်ရွက်နိုင်မှုအပေါ် မူတည်၍ ကန့်သတ်ပိတ်ပင်ထားသောအမယ်များ၊ လက်နက်၊ မူးယစ်ဆေးဝါးကဲ့သို့သော အမယ်များမှအပကျန်ကုန်ပစ္စည်းများအပေါ် ပြည်ပဈေးကွက်ဝယ်လိုအားနှင့် ပြည်တွင်းထုတ်လုပ်နိုင်မှုအခြေအနေတို့အရ Re-export စနစ်ဖြင့် လိုင်စင်လျှောက်ထားလာမှုများအား ဆက်လက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက် (၂၀၁၀) | ယာယီ | ၁၁၀ သိန်း | 1.3 ဓာတ်ဆီ |
| ၂။ | အာလ်ဖတ် (၂၀၀၂) | 9H | ၂၅၀ သိန်း | 2.4 ဓာတ်ဆီ |
| ၃။ | ကရောင်း (၂၀၀၃) | 5J | ၂၉၅ သိန်း | 2.4 ဓာတ်ဆီ |
| ၄။ | ဘယ်လ်တာ (၂၀၁၀) | ယာယီ | ၁၃၀ သိန်း | 1.3 ဓာတ်ဆီ |
| ၅။ | စူပါကပ်စတန် (98) | 8G | ၁၃၀ သိန်း | 3.0 ဓာတ်ဆီ |
| ၆။ | ကလူဂျာ (၂၀၀၉) | ယာယီ | ၃၁၀ သိန်း | 2.4 ဓာတ်ဆီ၊ |
| ၇။ | အာဗီအာ (၂၀၁၁) | ယာယီ | ၃၂၀ သိန်း | 1.8 ဓာတ်ဆီ |
| ၈။ | နွတ်(၃်) (၂၀၀၃) | ယာယီ | ၂၀၀ သိန်း | 1.8 ဓာတ်ဆီ |
| ၉။ | ဝစ်ရှ် (၂၀၀၃) (XS) | ယာယီ | ၂၀၀ သိန်း | 1.8 ဓာတ်ဆီ |
| ၁၀။ | အပ်ကား (နှစ် ၂၀) | | ၇၈ သိန်း | |

# ကယားပြည်နယ်လွိုင်ကော်မြို့တွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ မှတ်ပုံတင်ခြင်းနဲ့ ဓာတ်ခွဲစမ်းသပ်ခြင်းများပြုလုပ်နိုင်ပြီ




ကယားပြည်နယ်၊ လွိုင်ကော်မြို့ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးမှာ အစားအသောက်နဲ့ လူသုံးကုန်စသည် ဖြင့် အသေးစားစက်မှုလက်မှု လုပ်ငန်းများ မှတ်ပုံတင်ခြင်းနဲ့ ဓာတ်ခွဲစမ်းသပ်ခြင်းများပြုလုပ်နိုင်ပြီဟု ကယားပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးရဲ့ ပြောပြချက်အရ သိရပါတယ်။

စားသောက်ကုန်တွေ မှတ်ပုံတင်လျှောက်ထားတဲ့အခါ စားသောက်ရန်သင့် မသင့်၊ အန္တရာယ် ရှိမရှိ၊ ဆိုးဆေးနဲ့ ဓာတုပစ္စည်းတွေပါမပါ စစ်ဆေးပြီးမှ မှတ်ပုံတင်ထုတ်ပေးမည်ဖြစ်ကြောင်း၊ အကယ်၍ စားသုံးရန် မသင့်ပါက ပိုင်ရှင်နဲ့ ထုတ်လုပ်သူများကိုခေါ်ယူပြီး နည်းပညာများနဲ့ သတင်းအချက်အလက်များပေးပြီးမှ ပြန်လည်ထုတ်လုပ်စေပြီး ထပ်မံစစ်ဆေးကာ အန္တရာယ်ကင်းမှ၊ စားသုံးရန်သင့်မှ မှတ်ပုံတင်ပေးမည်ဖြစ်ကြောင်း သိရပါတယ်။

စမ်းသပ်စစ်ဆေးရာမှာ ဓာတုပစ္စည်းနဲ့ ဓာတ်ခွဲခန်း အတွက် ကုန်ကျစရိတ်ကိုပေးသွင်းရမှာဖြစ်ပြီး စစ်ဆေးသည့် ကုန်ပစ္စည်းများအလိုက် ကုန်ကျစရိတ်ကျသင့်မှာဖြစ်ကြောင်း မှတ်ပုံတင်လုပ်ငန်းများအတွက် လျှောက်လွှာကြေး ၁၀၀၀ ကျပ်နဲ့ မှတ်ပုံတင်ကြေး ၁၀၀၀၀ ကျပ်ကျသင့်မှာဖြစ်ပြီး ရုံးချုပ်မှ သတ်မှတ်ထားတဲ့ နှုန်းထားများ အတိုင်းသာ ကျသင့်မှာဖြစ်ကြောင်း သတင်းရရှိပါတယ်။

အသေးစိတ် အချက်အလက်များကို သိရှိလိုပါက လွိုင်ကော်မြို့ ပြည်နယ်စက်မှုလက်မှုလုပ်ငန်း ဦးစီးမှူးရုံးတွင် လာရောက်စုံစမ်းနိုင်ကြောင်း သတင်းရရှိပါတယ်။

**လွင်ကိုအောင် - လွိုင်ကော်**

# ရေဦးမြို့မှ စည်ပင်သာယာဈေးတွင် စားသုံးသူရေးရာဦးစီးဌာနနှင့် FDA တို့ ပူးပေါင်းစစ်ဆေးအသိပညာပေးခြင်းများဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံ ဦးအောင်ညွန့်သည် စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒေါက်တာဟိန်းထက်အောင် ဦးဆောင်သောအဖွဲ့နှင့် ပူးပေါင်း၍ ဇွန် ၁၆ ရက်နေ့တွင် ရေဦးမြို့၊ မြို့မစည်ပင်သာယာဈေးအတွင်း၌ အစားအသောက်၊ ဆေးဝါး ဆေးပစ္စည်းနှင့် အလှကုန်ပစ္စည်းဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲကို မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ညွန့်ဆွေနှင့် စည်ပင်သာယာရေးကော်မတီဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများနှင့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်ပစ္စည်းရောင်းချသည့်ကုန်သည် ၅၈ ဦးတို့ကို ခွင့်မပြု ဓာတုဆိုးဆေးပါဝင်ခြင်းကြောင့် စားသုံးရန်မသင့်သည့် စားသောက်ကုန်များအကြောင်း၊ တားမြစ်ထားသည့်ဆေးဝါး၊ ဆေးပစ္စည်းများနှင့် အလှကုန်များအကြောင်းကို အသေးစိတ်ရှင်းလင်း ဟောပြောဆွေးနွေးကြပါသည်။

၎င်းနောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဝန်ထမ်းများက ဈေးအတွင်းရောင်းချနေသည့် အချိုရည်ထုပ်၊ ဝါးလို့ကောင်း စားလို့ကောင်း သကြားသရက်ပေါင်း၊ နေလင်းဦးငရုတ်ဆီ၊ ထက်ထက်လင်း ယိုစုံလာက်ဆောင်သစ်သီးယိုစုံနှင့် ရှယ်ရေဦးဆီတို့ဟူးတို့ကို ဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးရန် ဝယ်ယူသွားပြီး ဈေးသည်များနှင့် စားသုံးသူပြည်သူများကို စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်ညွန့် (ရေဦး)**

# ဧရာဝတီတိုင်းဒေသကြီး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၆ - ၂၀၁၇ မိုးစပါးရာသီ တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ဘီလီယံ ၃၀၀ ကျော် ထုတ်ချေးရန်လျာထား

ဧရာဝတီတိုင်းဒေသကြီးမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၆ -၂၀၁၇ မိုးစပါးရာသီမှာ တိုင်းအတွင်းရှိ ၂၆ မြို့နယ် မိုးစပါးစိုက် တောင်သူများအား စိုက်ပျိုးချိန်တွင် အခက်အခဲမရှိ ဆောင်ရွက်နိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေ ကျပ်၃၇၅ ဘီလီယံထုတ်ချေးရန် လျာထားကြောင်း တောင်သူများ အကျိုးအမြတ်နည်းပါးမှာဖြစ်သည့်အတွက် စိုက်ပျိုးစရိတ် ချေးငွေများကို မေ ၆ ရက်မှ စတင်၍ ထုတ်ပေးလျက်ရှိပြီး သက်ဆိုင်ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတွင် ကျေးရွာ အုပ်စုအလိုက် ထုတ်ပေးလျက်ရှိကြောင်း တိုင်းဒေသကြီးမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် လက်ထောက်အထွေထွေမန်နေဂျာ ဦးသန်းဌွေးအောင်ကပြောပါတယ်။

ဘဏ်ချေးငွေများ ထုတ်ပေးရာတွင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အဖွဲ့ဝင်ဖြစ်ရန် လိုအပ်ကြောင်း၊ ဘဏ်အဖွဲ့ဝင်များအား ထုတ်ပေးထားတဲ့ ငွေစုစာအုပ်၊ မြေစာရင်းဌာနမှ ထုတ်ပေးထားတဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ ၇၊ မှတ်ပုံတင်မူရင်းပါရှိရမှာဖြစ်ပြီး လိုအပ်ပါက အိမ်ထောင်စုစာရင်းပုံစံ ၆၆/၆ ပြသရမှာဖြစ်ကြောင်း၊ အိမ်ထောင်စုတစ်စုတွင် အိမ်ထောင်ဦးစီး တစ်ဦးကိုသာ ထုတ်ချေးပေးသွားမှာဖြစ်ကြောင်း၊ ယခင်က တောင်သူများအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေထုတ်ပေးရာတွင် လယ်ယာကုန်ထုတ်လုပ်မှုစီမံချက် နတယ(၂)နှင့် ချေးငွေ အဆိုပြုလွှာ ကဘ(၈) ပုံစံ (၂) စောင် ရေးသွင်းရာတွင် ၎င်းပုံစံစာရွက်များကို ဘဏ်မှ အခမဲ့ထုတ်ယူနိုင်ကြောင်း၊ယခုနှစ်တွင် နိုင်ငံတော်မှ ဖြေလျှော့ပေးသည့်အတွက် ချေးငွေအဆိုပြုလွှာ ကဘ ၈ ပုံစံတစ်ခုတည်းသာ ရေးသွင်းရမှာဖြစ်ကြောင်း၊ ယခင်နှစ်က တစ်ဧကကို ကျပ်တစ်သိန်းနှုန်းသာ ထုတ်ချေးခဲ့သော်လည်း ယခုနှစ်တွင် ငါးသောင်းကျပ် အပိုဆောင်းပြီး တစ်ဧကကို ကျပ် တစ်သိန်းငါးသောင်း တိုးမြှင့်ထုတ်ပေးလျက်ရှိပြီး အတိုးနှုန်းမှာလည်း ငွေ ၁၀၀ ကျပ်ကို ၆၇ ပြားပေးရမှာဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားပါတယ်။

နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးအခြေအနေအရ တောင်သူများ လိုအပ်ချက်ကို အပြည့်အဝ မပံ့ပိုးပေးနိုင်သော်လည်း တစ်ဧကမှ ၃/၄ ဧက အတွင်းသာရှိသော တောင်သူများကို အရင်းအနှီးငွေများရရှိစေရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချစေရေးအတွက် အဓိကထား၍ ထုတ်ချေးပေးလျက်ရှိသော်လည်း ဧကများပြီး အရင်းအနှီးများများ ရှိ၍ ငွေကြေးတတ်နိုင်သော တောင်သူများအတွက်လည်း ၁၀ ဧကအထိ ထုတ်ချေးပေးသွားမှာဖြစ်ကြောင်း၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၆ ရက်မှစ၍ စက်တင်ဘာလအထိ ထုတ်ချေးပေးသွားမှာဖြစ်ပြီး ပြန်လည်ပေးဆပ်ရမည့်ကာလမှာ နောင်နှစ်ဧပြီလဖြစ်ကြောင်း၊ ရက်ကျော်သွားလျှင် ဒဏ်ကြေးမှာ ကျပ် ၁၀၀ ကို တစ်ကျပ်နှုန်းဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာအုပ်စု ၄၃၅ စု၊ တောင်သူဦးရေ ၆၀၈၄၈ ဦး၊ စိုက်ဧက ၄၁၂၂၇၇ ဧကအတွက် ဇွန် ၂၀ ရက်အထိ ချေးငွေကျပ် ၆၁ ဒသမ ၈၄ ဘီလီယံခန့် ထုတ်ချေးပြီးကြောင်း တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်လက်ထောက်အထွေထွေမန်နေဂျာ ဦးသန်းဌွေးအောင်က ထပ်မံပြောကြားပါတယ်။

**မင်းမင်းဦး(ပုသိမ်)**


## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါ်လမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ပိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း


၂၇-၆-၂၀၁၆ မှ ၃-၇-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)




**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးတွင် စက်မှုလက်မှုလုပ်ငန်းများအကျိုးပေး အားကောင်းနေမည်။ ရည်ရွယ်ချက်များ အောင်မြင်မှုရရှိလာမည့်အချိန်ကာလဖြစ်နေတတ်ပါသည်။ သွက်လက်ဖျက်လတ်သော ဉာဏ်ရည်ကောင်းမှုကြောင့်ပညာရေးတွင် အောင်မြင်မှုရရှိနေတတ်ပါသည်။ ကျန်းမာရေးကောင်းမွန်နေမည်။ အချစ်ရေးတွင် မိမိစိတ်တိုင်းကျသော ချစ်သူကိုရရှိလိမ့်မည်။ အိမ်ထောင်ရှိပြီးသူ ဆိုလျှင် အိမ်ထောင်ဖက်နှင့် သားရေးသမီးရေးကိစ္စများ လုံးပန်းနေရတတ်ပါသည်။

**ယတြာ။ ။ ပတ္တမြားရတနာဆောင်ခြင်းဖြင့် အောင်မြင်မှုများရရှိမည်။**




**တနင်္လာသားသမီးများအတွက်** အသိုင်းအဝိုင်းမိတ်ဆွေများမှ ငွေအား၊ လူအားဖြင့် စီးပွားရေးတွင် အကူအညီပေးလာတတ်သည်။ လယ်ယာဥယျာဉ်ထွက်သစ်သီးဝလံများကို ရောင်းဝယ်ခြင်းဖြင့် စီးပွားရေးတိုးတက်နိုင်ပါသည်။ အကျိုးအမြတ်များရရှိ တတ်ပါသည်။ အားကစားလိုက်စားမှုကြောင့် ကျန်းမာရေးကောင်းမွန်နေမည်။ အချစ်ရေးတွင် ရွေးချယ်မှုများတတ်သည်။ အိမ်ထောင်ရေး သာယာခိုင်မြဲမှုအားနည်းတတ်ပါသည်။ ပညာရေးကံကောင်းနေမည်။

**ယတြာ။ ။ ပုလဲရတနာကို အမြဲဆောင်ထားခြင်းဖြင့် ချမ်းသာသုခရမည်။**




**အင်္ဂါသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတို့တွင် ရေရှည်မျှော်လင့်ချက်ဖြင့် ကြိုးစားဆောင်ရွက်နေရတတ်သည်။ ဝင်ငွေထွက်ငွေမျှနေလိမ့်မည်။ တစ်ခါတစ်ရံမိတ်ဆွေများ၏ သဘောကိုလိုက်ပြီးဆုံးဖြတ်ချက်မှားတတ်ခြင်းကြောင့် ဆုံးရှုံးမှုများလာတတ်သည်ကို သတိရှိသင့်ပါသည်။ ပညာရေး ကောင်းနေမည်။ ကျန်းမာရေးတွင် အဆုတ်အအေးမိသောဝေဒနာခံစားရတတ်သည်။ အချစ်ရေးတွင် ပျော်ရွှင်မှုများရရှိလာမည်။ အိမ်ထောင်ရေးသင့်တင့်နေမည်။

**ယတြာ။ ။ သန္တာကျောက်ကို အသားနှင့် ထိအောင်ဆောင်ပါ။**




**ဗုဒ္ဓဟူးသားသမီးများအတွက်** အနုပညာ ပစ္စည်းများနှင့် အကျိုးပေးကံကောင်းနေမည်။ ဆေးရေးပန်းချီ၊ ကျောက်စီပန်းချီများ ပြည်ပဆက်သွယ်ရေးများ ကံကောင်းနေမည်။ ပညာရေးထူးချွန်နေမည်။ ကျန်းမာရေးတွင် အရေပြားအဆိပ် ဖြစ်တတ်သောဝေဒနာခံစားရတတ်သည်။ အချစ်ရေးတွင် အဝေးရောက်ချစ်သူကို မျှော်လင့်နေရတတ်သည်။ အိမ်ထောင်ရေးတွင် တစ်ဦးနှင့်တစ်ဦး ယှဉ်ပြိုင်မှုများရှိနေတတ်ပါသည်။

**ယတြာ။ ။ မြရတနာကို ဆောင်ခြင်းဖြင့် အေးချမ်းမှုရရှိလိမ့်မည်။**




**ကြာသပတေးသားသမီးများအတွက်** အမြတ်အစွန်းရရှိသော စီးပွားရေးကို အစွမ်းကုန်ကြိုးစားနေလိမ့်မည်။ ဘဏ်လုပ်ငန်းများ အထူးအကျိုးပေးနေမည်။ ပညာရေးကောင်းမည်။ ကျန်းမာရေးတွင် အပူကြီးသောဝေဒနာခံစားရတတ်သည်။ သွားနာ၊ သွားဖုံးနာဝေဒနာဖြစ်တတ်သည်။ ချစ်သူနှင့် သံသယစိတ်များကြောင့် အဆင်ပြေမှုအားနည်းနေတတ်သည်။ အိမ်ထောင်ရေး သင့်တင့်နေမည်။

**ယတြာ။ ။ ဥဿဖယားကျောက်ကို ဆောင်ပါ။ အောင်မြင်မှုရမည်။**



**သောကြာသားသမီးများအတွက်** စီးပွားရေးအသိုင်းအဝိုင်းမှ အကူအညီများကြောင့် စီးပွားရေးတိုးတက်မှုအားကောင်းလာနေတတ်ပါသည်။ ရတနာပစ္စည်း၊ ရွှေလုပ်ငန်းတို့အောင်မြင်ဖြစ်ထွန်းလာမည်။ ပညာရေးကံကောင်းသည်။ အချစ်ရေးတွင် တွေဝေနေတတ်သောသဘောရှိနေတတ်ပါသည်။ အိမ်ထောင်ရေးအဆင်ပြေမည်။ ကျန်းမာရေးတွင် သွေးတိုး၊ နှလုံးဝေဒနာသတိရှိနေသင့်ပါသည်။

**ယတြာ။ ။ စိန်ရတနာကို အမြဲဆောင်ထားသင့်ပါသည်။**



**စနေသားသမီးများအတွက်** စီးပွားရေးတွင် ရေနံထွက်ပစ္စည်းများ အကျိုးပေးမည်။ ဘော်ငွေတို့နှင့် ပတ်သက်၍ စီးပွားဖြစ်ထွန်းမည်။ ပညာရေးတွင် ကြိုးစားအားထုတ်မှုရှိနေရတတ်သည်။ အချစ်ရေး၊ မေတ္တာရေးတွင် ဟန်ဆောင်မေတ္တာသမားကိုတွေ့ရတတ်သည်။ အိမ်ထောင်ရှိသူဆိုလျှင် ဘဝရှေ့ရေးကို ကြိုးစားနေရတတ်သည်။ ကျန်းမာရေးကောင်းမွန်နေတတ်ပါသည်။ လေ၊ အကြောသတိရှိပါ။

**ယတြာ။ ။ နီလာကျောက်ကို ဆောင်ပါ။ အောင်မြင်မှုရရှိမည်။**

➲ စာမျက်နှာ ၃ မဟာရန်ကုန်မြို့ပြစီမံကိန်းတွင် ကုန်စည်သယ်ယူပို့ဆောင်ရေး သတင်းမှအဆက်

အဖွဲ့ဝင်ဝန်ကြီးများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပုဂ္ဂလိက ကဏ္ဍမှ ကုန်သွယ်မှုနှင့် သယ်ယူပို့ဆောင်ရေး၊ သိုလှောင်ရေး ဆိုင်ရာအသင်းအဖွဲ့များတက်ရောက်ကြပါသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ကုန်သွယ်မှုနှင့်ပတ်သက်၍ ကုန်စည်သယ်ယူပို့ဆောင်ရေး၊ သိုလှောင်ရေး၊ တင်ပို့ရေး၊ ကုန်တင်/ချရေးနှင့်ပတ်သက်သော အခက်အခဲများကို မည်သို့ဖြေရှင်းဆောင်ရွက်မည်ဆိုသည့် အချက်များအား ဆွေးနွေးမည်ဖြစ်ကြောင်း၊ တိုင်းပြည်အနေဖြင့် ထုတ်လုပ်တင်ပို့ရောင်းချနေရပြီး ပိုလျှံတာကိုပြည်ပသို့တင်ပို့၊ လိုတာကိုပြည်ပမှတင်သွင်းရမည်ဖြစ် ကြောင်း၊ တစ်ဖက်ကကြည့်မယ်ဆိုရင် ပို့ကုန်နှင့်ပတ်သက်၍ တိုင်းပြည်က လိုအပ်နေသော အစိုးရဝင်ငွေမှာ ၃၀ ရာခိုင်နှုန်းခန့်အထိ အရေးပါနေကြောင်း၊ ထုတ်လုပ်သောကုန်ပစ္စည်းများ၊ စားသုံးသောကုန်ပစ္စည်းများကို တစ်နေရာမှ တစ်နေရာ တင်ပို့မည်ဆိုလျှင် ပို့ဆောင်ရေး၊ သိုလှောင်ရေး၊ တင်/ချရေးအပိုင်းတွင် အဆင်ပြေချောမွေ့အောင် ဆောင်ရွက်နိုင်မှသာလျှင် ကုန်စည်ပို့ဆောင်ရေးသွက်လက်ပြီး နိုင်ငံတကာဈေးကွက်သို့ သွက်သွက်လက်လက် တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ကူးသန်းရောင်းဝယ်ရေးတွင် မျှတသောဈေးရလျှင် အကောင်းဆုံးဖြစ်ကြောင်း၊ Logistic စရိတ်ကိုပြန်ကြည့်လျှင် ကမ္ဘာမှာရောဒေသတွင်းနိုင်ငံတွေမှာပါ မိမိတို့နိုင်ငံကုန်ကျစရိတ်မှာ အကြီးဆုံး ဖြစ်နေတာတွေ့ရကြောင်း၊ ကုန်ကျစရိတ်ကိုလျှော့ချနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ မည်ကဲ့သို့ဆောင်ရွက်ရမည်၊ မဟာရန်ကုန်မြို့ပြစီမံကိန်း ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားနိုင်ရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဆိပ်ကမ်းကျပ်တည်းပိတ်ဆို့မှုဖြစ်ခြင်း၊ မန္တလေး-မူဆယ် ကားလမ်းကြောင်း ပိတ်ဆို့မှုဖြစ်ခြင်းများကို ရေတိုဖြေရှင်းဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ဆက်လက်၍ ရေလတ်၊ ရေရှည် အတွက်ဖြေရှင်းနိုင်ရေး ဆောင်ရွက် နိုင်ရန်လိုကြောင်း၊ Hardware ပိုင်းတွေကို စတင်ရှင်းလင်းနေပြီး၊ Software ပိုင်းများကိုဆက်ရှင်းရမည်ဖြစ်ကြောင်း၊ လိုအပ်လျှင် နိုင်ငံတကာ အဖွဲ့အစည်းများရဲ့ အကူအညီကို ရယူမည်ဖြစ်ကြောင်း၊ ယခုတက်ရောက်လာသော ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာအသင်းအဖွဲ့များ၊ ပညာရှင်များ၊ အဖွဲ့အစည်းများကလည်း မိမိတို့ အတွေ့အကြုံကိုမူတည်၍ ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်း အကြံပေးဆွေးနွေးကြစေလိုကြောင်းပြောကြားပါ သည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက Logistic နှင့်ပတ်သက်၍ ဆောင်ရွက်နေမှုများ၊ ရေကြောင်းပို့ဆောင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ထားမည့်အစီအမံ၊ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းပြောကြားပါသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်က လက်ရှိ Logistic အခက်အခဲများကို ဖြေရှင်း ဆောင်ရွက်နေမှု၊ လက်ရှိဖြစ်ပေါ်နေသော အခြေ အနေများအားချပြကာဆောင်ရွက်သင့်သော အစီအမံများအား ရှင်းလင်းပြောကြားပြီး ရန်ကုန်မြို့ပြ စီမံကိန်းနှင့်ပတ်သက်ပြီး ဆောင်ရွက်သွားမည့် Logistic ပိုင်းဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးသွားပါသည်။ ထို့နောက် တက်ရောက်လာကြသောဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ပညာရှင်များမှဌာန အလိုက်ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက် သင့်သည့် ရေတို၊ ရေရှည်လုပ်ငန်းစဉ်များ၊ ပြုပြင်ဆောင်ရွက်ပေးသင့်သည့် လုပ်ငန်းများကို ပွင့်လင်းစွာ အကြံပြုဆွေးနွေးတင်ပြကြပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က နိဂုံးချုပ်ပြောကြားရာတွင် Logistic Cost လျှော့ချရေးနှင့် အချိန်လျှော့ချစေရေးအတွက် လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ မဟာရန်ကုန်မြို့ပြစီမံကိန်းနှင့် ပူးပေါင်းပြီး လုပ်ဆောင်နိုင်သည်များကို စတင်လုပ်ဆောင်ရမည်ဖြစ်ကြောင်း Development thinking, logistics များကိုထည့်သွင်းစဉ်းစားဆောင်ရွက်ဖို့လိုကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပို့ကုန်မြှင့်တင်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေမှာဖြစ်ကြောင်း၊ အီးယူ၊ အမေရိကန်၊ အိန္ဒိယတို့မှလည်း ဈေးကွက်များ ဖွင့်ပေးနေပြီဖြစ်ကြောင်း၊ ဒါ့ကြောင့် အရည်အသွေးကောင်း ပစ္စည်းများ ထုတ်လုပ်တင်ပို့ရန်လိုကြောင်း၊ ထိုကဲ့သို့ တင်ပို့ရာတွင် Logistics အခက်အခဲဖြစ်ပါက အချိန် ကြန့်ကြာမှု၊ စရိတ် ကုန်ကျမှုဖြစ်လာနိုင်ကြောင်း၊ နိုင်ငံစီးပွားရေး အထောက်အကူပြုသည့် Re-export များကိုလည်း တိုးချဲ့ဆောင်ရွက်နေကြောင်း ယခုကဲ့သို့တွေ့ဆုံဆွေးနွေးပြောဆိုမှုတွေဟာ အကျိုးရှိပါကြောင်း၊ သို့ဖြစ်ပါ၍ အမျိုးသားရေး အကျိုးစီးပွားအတွက် ဝိုင်းဝန်းဆွေးနွေးပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဆိပ်ကမ်းအာဏာပိုင်၊ အကောက်ခွန် ဦးစီးဌာန၊ ဆိပ်ကမ်းများကလည်း Software, Hardware ပိုင်းတွေကို ကောင်းကောင်းလုပ်ဖို့ လိုကြောင်း၊ IT/ on line နည်းပညာများကိုလည်း အသုံးချဖို့လိုကြောင်း၊ ရေတို၊ ရေလတ်၊ ရေရှည်အတွက် စဉ်းစား ဆောင်ရွက်ဖို့လိုကြောင်း၊ မဟာရန်ကုန်ဒေသသည် ကုန်သွယ်မှုတွင် အဓိကအကျဆုံး ထွက်ပေါက်ဖြစ်ပြီး ရန်ကုန်ဒေသတွင် အဆင်ပြေချောမွေ့အောင် ဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**MyanTrade**

# မန္တလေး–အုန်းချောဒေသထွက် နဂါးမောက်သီးများ စမ်းသပ်တင်ပို့ရေးမှသည် တိုးမြှင့်တင်ပို့ရေးဆီသို့

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ရှိ အရှေ့မြောက်တံခါးသစ်သီး ပွဲရုံသို့ ဇွန် ၁၇ ရက်တွင် သရက်သီးများတင်ဆောင်ထားသည့် ကားများနဲ့အတူ နဂါးမောက်သီးများ တင်ဆောင်ထားသည့် ကားတစ်စီး ဝင်ရောက်လာခဲ့ပါသည်။ ၎င်းနဂါးမောက်သီးများသည် မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ် အုန်းချောဒေသရှိ ထွန်းတောက် စိုက်ပျိုးရေးခြံမှထွက်ရှိပြီး တရုတ်ဘက်မှ ဈေးကွက်စမ်းသပ်ရန်အတွက် မှာယူ(ဝယ်ယူ)ခြင်းဖြစ်ကြောင်း၊ ယခုပထမဆုံး အကြိမ်အဖြစ် နဂါးမောက်သီးဖာ ၅၀၀ အား တရုတ်ဘက်မှ အမှာရှိ၍ သစ်သီးခြံရှင်ကိုယ်တိုင်တင်ပို့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

နဂါးမောက်သီးများအား စက္ကူဂျပ်ဖာများဖြင့် တစ်ဖာလျှင် အလုံးညီ အသီး ၂၄ လုံးထည့်ပြီး ရှစ်ကီလိုအလေးချိန်ရှိကြောင်း၊ မန္တလေး-အုန်းချောမှ မူဆယ်(၁၀၅)မိုင်အထိ သယ်ယူခမှာ ရှစ်ကီလိုဝင် တစ်ဖာလျှင် ကားခ တစ်ထောင်ကျပ် ပေးရကြောင်း၊ သစ်သီးပွဲရုံတွင် ကားအတင်/အချ တစ်ဖာလျှင် အလုပ်သမားခ ၂၀ ကျပ်အား ကုန်သည်မှပေးရကြောင်း၊ ဈေးကွက်စမ်းသပ်ရန်အတွက် စတင်တင်ပို့ခြင်းဖြစ်ပြီး တရုတ်ဘက်မှ ပုံမှန်ဝယ်လက်၊ ပုံမှန်ဈေးကွက်များရှိလာပါက မိမိဘက်မှတင်ပို့ရန် နဂါးမောက်သီးများအဆင်သင့်ရှိကြောင်းကိုလည်း သစ်သီးပွဲရုံမှ စုံစမ်းသိရှိရပါသည်။

နဂါးမောက်သီးလိုင်စင်ဈေးနှုန်းမှာ တစ်ကီလိုလျှင် သုည ဒသမ ၄ ဒေါ်လာရှိပြီး ဇွန် ၁၇ ရက်တွင် အမေရိကန် ဒေါ်လာ ၁၆၀၀ တန်ဖိုးရှိ နဂါးမောက်သီး ၄ တန်အား တင်ပို့ခွင့်ပြုခဲ့ကြောင်း၊ ကုန်စည်ဒိုင်ဈေးတစ်ကီလိုလျှင် သုည ဒသမ ၈ ယွမ်မှ ၁ ဒသမ ၆ ယွမ်အထိရှိကြောင်း သိရှိရပါသည်။ ပြည်ပပို့ကုန်အမယ်သစ်များ တိုးမြှင့်တင်ပို့ရာတွင် နဂါးမောက်သီးသည်လည်း အလားအလာကောင်းသော သစ်သီးဝလံ တစ်မျိုးဖြစ်ပြီး တစ်ဖက်နိုင်ငံတွင် စားသုံးရန်နှင့် ဖျော်ရည်ဘူးများ၊ စည်သွပ်ဘူးများပြုလုပ်ရာတွင် အသုံးပြုမည်ဖြစ်ကြောင်း သိရှိရပါသည်။

မန္တလေး-အုန်းချောဒေသတစ်ဝိုက်ရှိ သစ်သီးခြံများမှထွက်ရှိသော နဂါးမောက်သီးများအား စမ်းသပ်တင်ပို့ရေးမှသည် ဈေးကွက်တိုးချဲ့ပြီး ပို့ကုန်တိုးမြှင့်ရေးသို့ဦးတည်ကာ ပိုမိုတိုးတက်တင်ပို့နိုင်ရေး ဝိုင်းဝန်းကြိုးစားကြပါရန် ရေးသားတင်ပြလိုက်ရပါသည်။

**ကြည်ကြည်မြင့်-(မူဆယ်)**



## မြို့ကြီးများ၏ ၂၇-၆-၂၀၁၆ မှ ၁-၇-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၇-၆-၂၀၁၆) | အင်္ဂါ(၂၈-၆-၂၀၁၆) | ဗုဒ္ဓဟူး(၂၉-၆-၂၀၁၆) | ကြာသပတေး(၃၀-၆-၂၀၁၆) | သောကြာ(၁-၇-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | ၇၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၁°C/၈၇°F | ၆၀% ၃၁°C/၈၈°F | ၆၀% ၃၃°C/၉၁°F |
| ရန်ကုန်မြို့ | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၉၀°F |
| မန္တလေးမြို့ | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၂°C/၈၉°F | ၄၀% ၃၄°C/၉၃°F | ၆၀% ၃၅°C/၉၅°F | ၄၀% ၃၇°C/၉၈°F |
| မြစ်ကြီးနား | ၈၀% ၂၇°C/၈၀°F | ၅၀% ၂၈°C/၈၂°F | ၆၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၃၁°C/၈၇°F |
| လားရှိုး | ၈၀% ၂၄°C/၇၅°F | ၈၀% ၂၄°C/၇၆°F | ၈၀% ၂၆°C/၇၈°F | ၈၀% ၂၇°C/၈၀°F | ၆၀% ၂၈°C/၈၃°F |
| ကျိုင်းတုံ | ၆၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၈°C/၈၂°F | ၆၀% ၂၉°C/၈၄°F | ၆၀% ၃၁°C/၈၇°F |
| လွိုင်ကော် | ၇၀% ၂၅°C/၇၇°F | ၈၀% ၂၄°C/၇၆°F | ၈၀% ၂၆°C/၇၉°F | ၆၀% ၂၇°C/၈၁°F | ၈၀% ၂၉°C/၈၄°F |
| တောင်ကြီး | ၆၀% ၂၂°C/၇၁°F | ၇၀% ၂၁°C/၇၀°F | ၈၀% ၂၂°C/၇၁°F | ၈၀% ၂၃°C/၇၃°F | ၆၀% ၂၄°C/၇၆°F |
| မော်လမြိုင် | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F |
| ဘားအံ | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၁°C/၈၇°F |
| တောင်ငူ | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၉၀°F |
| မုံရွာ | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၃°C/၉၁°F | ၄၀% ၃၄°C/၉၄°F | နေသာ ၃၇°C/၉၇°F |
| ပုသိမ် | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၉၀°F |
| မြိတ် | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F |
| စစ်တွေ | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၃°C/၉၁°F |
| မကွေး | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၄၀% ၃၂°C/၉၀°F | ၅၀% ၃၄°C/၉၃°F | ၆၀% ၃၄°C/၉၄°F |
| ဖလမ်း | ၈၀% ၂၃°C/၇၃°F | ၈၀% ၂၂°C/၇၂°F | ၈၀% ၂၃°C/၇၄°F | ၅၀% ၂၄°C/၇၆°F | ၄၀% ၂၆°C/၇၉°F |



## မိုးသည်းထန်စွာရွာသွန်းပြီး မိုးကြိုးပစ်မှုများကြောင့် ဘီဟာပြည်နယ်တွင် ၅၇ ဦးသေဆုံး

ဇွန် ၂၂ ရက်က အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မိုးကြိုးပစ်မှုများကြောင့် ၅၇ ဦးသေဆုံးခဲ့ရကြောင်း The India Express သတင်းတွင် ဖော်ပြထားသည်။

မိုးကြိုးပစ်ခံရမှုကြောင့် ၂၄ ဦး ဒဏ်ရာရရှိခဲ့ကာ ၅၇ ဦးသေဆုံးခဲ့သည်ဟု ဘီဟာပြည်နယ်သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူးက ပြောကြားခဲ့သည်။

ဘီဟာပြည်နယ်တွင် ဇွန် ၂၁ ရက်ကတည်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းဖြစ်ပြီး ဇွန် ၂၂ ရက်တွင် မိုးကြိုးများပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု အဆိုပါသတင်းတွင် ဖော်ပြထားသည်။

မိုးကြိုးပစ်ခံရသည့် အိမ်ထောင်စုဝင်များအား ဘီဟာပြည်နယ်အစိုးရက ရူပီးလေးသိန်းစီ ထောက်ပံ့မည်ဖြစ်ကြောင်း ဘီဟာသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့အတွင်းရေးမှူးက ပြောကြားခဲ့သည်။

ဘီဟာပြည်နယ်အပါအဝင် အိန္ဒိယနိုင်ငံတစ်ဝန်းတွင် မိုးဦးကာလ၌ နှစ်ရက်အတွင်း မိုးကြိုးပစ်ခံရသူပေါင်း ၉၃ ဦးအထိရှိသည်ဟု အဆိုပါသတင်းတွင်ဖော်ပြထားသည်။

"မိုးကြိုးပစ်ခံရလို့ သေဆုံးသူအရေအတွက်က တိုးလာနိုင်ပါတယ်။ သေဆုံးတဲ့သူတွေဟာ ကလေးတွေနဲ့ အမျိုးသမီးတွေဖြစ်နေပါတယ်။ အခုဆိုရင် ဘီဟာပြည်နယ်တစ်ခုအတွင်းမှာပဲ ၇၈ ဦးရှိနေတဲ့အတွက် မိုးကြိုးပစ်ခံရလို့ သေဆုံးသူဦးရေဟာ တိုးလာနိုင်ပါသေးတယ်"ဟု ဘီဟာပြည်နယ်သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ကူးမားရ်က ပြောကြားခဲ့သည်။

ထို့ပြင် ဥတ္တရာပရာဒေ့ရှ်၊ ဂျဟာခန်၊ မဒ္ဒရာပရာဒေ့ရှ်ပြည်နယ်တို့တွင်လည်း မိုးကြိုးပစ်ခံရမှုကြောင့် လူပေါင်း ၃၇ ဦးသေဆုံးခဲ့ရကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံတစ်ဝန်းတွင် မိုးကြိုးပစ်ခံရမှုကြောင့် နှစ်စဉ် လူပေါင်းထောင်နှင့်ချီ၍ သေဆုံးလျက်ရှိရာ အများစုမှာ လယ်ကွင်းပြင်တွင် အလုပ်လုပ်နေကြသည့် လယ်သမားများနှင့် ကလေးငယ်များပင်ဖြစ်သည်ဟု ဆိုသည်။

**မယ်သီတာ**

## တရုတ်နိုင်ငံ အရှေ့ပိုင်းတွင် တော်နေးဒိုးမုန်တိုင်းတိုက်ခတ်မှုကြောင့် အနည်းဆုံး လူ ၇၈ ဦးသေဆုံး

တရုတ်နိုင်ငံ အရှေ့ပိုင်းတွင် ဇွန် ၂၃ရက်က တော်နေးဒိုးမုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် အနည်းဆုံး လူ ၇၈ ဦး သေဆုံးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။ အဆိုပါ တော်နေးဒိုးမုန်တိုင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းသဖြင့် ယခုကဲ့သို့ သေဆုံးသူဦးရေများပြားခဲ့ရခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူဦးရေမှာ ၅၀၀ ကျော်ခန့်ရှိကြောင်း အဆိုပါသတင်းတွင်ဖော်ပြထားသည်။

အဆိုပါ တော်နေးဒိုးမုန်တိုင်းသည် ရင်ချောင်းမြို့အနီးတွင် ဇွန် ၂၃ ရက် နေ့လယ်ပိုင်းက စတင်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး နာရီပိုင်းအကြာတွင် တရုတ်နိုင်ငံ၊ ရှန်ဟိုင်းစီးပွားရေးမြို့တော်၏ မြောက်ဘက်သို့ ဝင်ရောက်တိုက်ခတ်ခဲ့သည်။

တော်နေးဒိုးမုန်တိုင်း၏အရှိန်မှာ တစ်နာရီလျှင် ၁၂၅ ကီလိုမီတာဖြင့် တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး ဖူနင်းပြည်နယ်အတွင်းရှိ ဒေသများကို ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

တော်နေးဒိုးမုန်တိုင်း တိုက်ခတ်မှုကြောင့် လူပေါင်း ၅၀၀ ခန့်ဒဏ်ရာရရှိခဲ့ရာ လူပေါင်း ၂၀၀ ခန့်မှာ ဒဏ်ရာများပြင်းထန်ခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်မီးများ၊ ဆက်သွယ်ရေးများ ပြတ်တောက်သွားခဲ့ရသည်။ လေဘေးဒုက္ခသည်များအား ကယ်ဆယ်ရေးစခန်းပေါင်း ၁၀၀၀ ခန့်ဖွင့်လှစ်ကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ပေးလျက်ရှိသည်ဟု ဆိုသည်။ ထို့ပြင် ယခုတစ်ပတ်အတွင်း တရုတ်နိုင်ငံတောင်ပိုင်းတွင်လည်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် လူ ပေါင်း ၂၂ ဦးခန့် သေဆုံးခဲ့ရပြီး လူပေါင်း ၂၀ ဦးပျောက်ဆုံးခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံတောင်ပိုင်းသည် တော်နေးဒိုးမုန်တိုင်းများ မကြာခဏ ကျရောက်လေ့ရှိသည့်ဒေသဖြစ်ပြီး မုတ်သုံရာသီကာလဖြစ်သည့် မေလမှ ဇူလိုင်လအတွင်း အများဆုံးဖြစ်ပွားခဲ့ကြောင်း သိရသည်။

၁၉၉၈ခုနှစ်က တရုတ်နိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ အဆိုးရွားဆုံးသော မြစ်ရေလျှံတက်မှုများဖြစ်ပွားခဲ့သဖြင့် လူပေါင်း သန်း ၁၈၀ ခန့် ရေဘေးဒုက္ခနှင့်တွေ့ကြုံခဲ့ရသည်ဟုဆိုသည်။

**မယ်သီတာ**

# စတုတ္ထအကြိမ်မြောက် ကုန်သွယ်မှုကဏ္ဍဆိုင်ရာ လုပ်ငန်းအဖွဲ့ (Trade Sector Working Group (TSWG)အစည်းအဝေး ကျင်းပ

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများဆောင်ရွက်ရန်ကဏ္ဍအလိုက်လုပ်ငန်းအဖွဲ့ (Sectoral Working Group–SWG) များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာတွင် ကုန်သွယ်မှုကဏ္ဍဆိုင်ရာ လုပ်ငန်းအဖွဲ့ (Trade Sector Working Group-TSWG) အစည်းအဝေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှဦးဆောင်၍ ကျင်းပလျက်ရှိရာ ၂၀၁၄ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း သုံးကြိမ်ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။

ဇွန် ၂၀ ရက်တွင် စတုတ္ထအကြိမ်မြောက် ကုန်သွယ်မှုကဏ္ဍဆိုင်ရာလုပ်ငန်းအဖွဲ့ (Trade Sector Working Group-TSWG) အစည်းအဝေးကို Hilton Hotel, Nay Pyi Taw ၌ ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် (၄) ကြိမ်မြောက် ကုန်သွယ်မှုကဏ္ဍဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာအကြီးအကဲများ၊ ဧည့်သည်တော်များ၊ ပုဂ္ဂလိက ကဏ္ဍနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ကြိုဆိုပါကြောင်း၊ အစည်းအဝေးဖြစ်မြောက်အောင် ငွေကြေးအထောက်အပံ့ပေးခဲ့သော ကမ္ဘာ့ဘဏ်အား ကျေးဇူး တင်ရှိပါကြောင်း၊ (၃) ကြိမ်မြောက် ကုန်သွယ်မှုကဏ္ဍဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်တွင် ကျင်းပခဲ့ပြီး ၎င်းအစည်းအဝေးသို့ အစိုးရဝန်ကြီးဌာနများမှ ကိုယ်စားလှယ် ၅၀ ဦးနှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၃၂ ဦးတက် ရောက်ခဲ့ကြပါကြောင်း၊ ထိုအခမ်းအနားတွင် သက်ဆိုင်ရာလုပ်ငန်းရှင်များအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်နိုင်ရန် အကူအညီရရှိခဲ့ပြီး ကုန်သွယ်မှုအကူအညီပေးရေး လုပ်ငန်းများ၊ ကုန်သွယ်မှုနှင့် ဆက်စပ်နေသော ကိစ္စရပ်များ၏ တိုးတက်မှုများအပေါ် စဉ်းစားဆုံးဖြတ်ခြင်းဖြင့် အစိုးရအပိုင်းမှ လုပ်ရှားဆောင်ရွက်ချက် များအား ပွင့်လင်းမြင်သာမှုပိုမိုရရှိရေးအတွက် အရေးပါသော အဆင့်ဖြစ်သည်ဟု တက်ရောက်သူများက သုံးသပ်ခဲ့ပါကြောင်း၊ ယခုကျင်းပလျက်ရှိသော (၄) ကြိမ်မြောက် အစည်းအဝေးသည်လည်း တူညီသော ရည်မှန်းချက်ဖြင့် ဆောင်ရွက်ရန် ရည်ရွယ်ပါကြောင်း၊ ဤအစည်းအဝေးသည် ကုန်သွယ်မှုအကူအညီပေးရေးလုပ်ငန်းများ၊ ကုန်သွယ်မှုနှင့် ဆက်စပ်နေသော ကိစ္စရပ်များတွင် တိုးတက်မှုများနှင့် ဖွံ့ဖြိုးမှုများအား စဉ်းစားဆုံးဖြတ်ရန် အစီအစဉ်ရေးဆွဲထားပြီးဖြစ်ပါကြောင်း၊ အထူးသဖြင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးအစီ အစဉ်များ၊ ကုန်သွယ်မှုပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အား သက်ဆိုင်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ EIF လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော Medium Term Plan နှင့်ပတ်သက်သည့် တွေ့ရှိချက်များအပေါ် သက်ဆိုင်ရာ ကမ္ဘာ့ဘဏ်ကိုယ်စားလှယ်မှ ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ပါ ကြောင်း၊ ကုန်သွယ်မှုနှင့်ဆက်စပ်လျက်ရှိသော အနာဂတ်အစီအစဉ်များ၊ လုပ်ဆောင်ချက်များ၊ ဖွံ့ဖြိုးတိုးတက်မှုအပေါ် ရှင်းလင်းဖော်ပြရာ၌ အစိုးရဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၏ တက်ကြွစွာကြားဝင်စေ့စပ်ညှိနှိုင်းမှုများကို မိမိတို့အနေဖြင့် မျှော်လင့်လျက်ရှိနေသည်ကို ပြောကြားလိုပါကြောင်း၊ အားလုံးသိရှိထားပြီးသည့်အတိုင်း ကုန်သွယ်မှုကဏ္ဍဆိုင်ရာ လုပ်ငန်းအဖွဲ့သည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၏ လမ်းညွှန်မှုအောက်တွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအဖွဲ့အုပ်စု ၁၇ ခုရှိသည့်အနက် တစ်ခုအပါအဝင်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်အား ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်နှင့် ၈ ရက်တို့တွင် ကျင်းပခဲ့ပြီး ဖြစ်ပါကြောင်း၊ ကုန်သွယ်မှုကဏ္ဍဆိုင်ရာ လုပ်ငန်းအဖွဲ့ (၃) ကြိမ် မြောက်အစည်းအဝေး၏ အကျဉ်းချုပ်အစီရင်ခံစာအား ပါဝင်တက်ရောက်သူများနှင့် EIF Board ထံဖြန့်ဝေပေးထားပြီးဖြစ်ပါကြောင်း၊ ထိုကဲ့သို့သော အလေ့အကျင့်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယနေ့အစည်းအဝေးမှ ရရှိလာသော ဆွေးနွေးညှိနှိုင်းချက်များအရ ပါဝင်တက်ရောက်သူများထံသို့ အကျဉ်းချုပ်အစီရင်ခံစာ ပေးပို့သွားမည်ဖြစ်ပါကြောင်း၊

ယနေ့ဆွေးနွေးပွဲတွင် တက်ရောက်လာသည့် ကိုယ်စားလှယ်များမှ ရင်းရင်းနှီးနှီးညှိနှိုင်းဆွေးနွေးရန် လိုအပ်ပါကြောင်းနှင့် မိမိပြည်သူများ၏ အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းနိုင်ရန်အတွက် အတွေးအခေါ်သစ်များ၊ အတွေ့အကြုံသစ်များကို ပွင့်လင်းစွာဆွေးနွေးဖလှယ်သွားရန် လိုအပ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် ကုန်သွယ်မှုနှင့် ဆက်စပ်နေသော ဝန်ကြီး ဌာနများ၊ ဌာနခွဲများအပြင် စီမံကိန်း အကောင်အထည်ဖော်မည့် မိတ်ဖက်များအနေဖြင့် ပြည်သူများအတွက်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အကြား ပိုမိုလေးနက်သော နားလည်မှုဖြင့် ပိုမိုကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းများ နှင့် ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ လာ ရောက်ဆွေးနွေးပေးကြသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ အသိပညာအတွေ့အကြုံများ ဖလှယ်ပေးမှုအပြင် အချိန်ပေး၍ ဆွေးနွေးပေးခြင်းအတွက် များစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။ ဆက်လက်၍ Mr.Philipp Dupuis (EU Mission) နှင့် Mr.Sjamsu Rahardja (World Bank) တို့မှ အသီးသီး အဖွင့်အမှာစကားပြောကြားခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူ ၈၅ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိခဲ့ပါသည်။

**WTO**

---

➲ စာမျက်နှာ ၃ မြန်မာနိုင်ငံ၏ကုန်သွယ်မှုဘက်စုံလေ့လာဆန်းစစ်ခြင်း သတင်းမှအဆက်

အစီရင်ခံစာမူကြမ်းကိုကမ္ဘာ့ဘဏ်က အပြီးသတ်ရေးဆွဲပြီးဖြစ်လို့ ထုတ်ပြန်တဲ့ အခမ်းအနားပဲဖြစ်ပါကြောင်း၊ ဒီအစီရင်ခံစာဟာကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့ (WTO) ကနေ မြန်မာနိုင်ငံနည်းတူ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများရဲ့ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုဆိုင်ရာ အကူအညီပေးရေးအစီအစဉ် Enhanced Integrated Framework (EIF) လုပ်ငန်းစဉ်တစ်ခုပဲ ဖြစ်ပါကြောင်း၊ တိုးတက်မှုနှေးကွေးနေသော ကမ္ဘာ့စီးပွားရေးအခြေအနေ၊ စီးပွားရေးမူဝါဒထိန်းညှိမှုဆောင်ရွက်ချက်တွေကြောင့် ကမ္ဘာ့နိုင်ငံတွေအနေနဲ့ ကမ္ဘာ့စီးပွားရေးဖွဲ့စည်းတည်ဆောက်မှုပုံစံကိုပြုပြင်ပြောင်းလဲဖို့ အရေးတကြီး လိုအပ်လာခဲ့ပါကြောင်း၊ အရှေ့တောင်အာရှ နိုင်ငံတွေမှာတော့ ကမ္ဘာတစ်ဝန်းပို့ကုန်တွေတင်ပို့တဲ့ နိုင်ငံတွေအဖြစ် အခိုင်အမာ တိုးတက်လာတယ်ဆိုတာကိုကမ္ဘာ့ဘဏ်ရဲ့ အစီရင်ခံစာမှာ ဖော်ပြပါရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေနဲ့ အစိုးရသစ်လက်ထက်မှာ ဈေးကွက်စီးပွားရေးစနစ် ပီပြင်လာခြင်းကို ဦးစားပေးမူဝါဒတစ်ရပ်အနေနဲ့ ချမှတ်ဆောင်ရွက်နေတာဖြစ် ကြောင်း၊ ကမ္ဘာ့စီးပွားရေးနှေးကွေးလာသည်နဲ့အမျှအာရှဒေသတွင်း စီးပွားရေးအင်အားကြီးနိုင်ငံတွေရဲ့ စီးပွားရေးတွေဟာလည်းနှေးကွေးလာခဲ့ပါကြောင်း၊ ဒီလိုအချိန်မှာ မိမိတို့မြန်မာနိုင်ငံဟာ တစ်ကမ္ဘာလုံးနဲ့ ပေါင်းစည်းမှု အလျင်အမြန် မြင့်မားလာဖို့ အရေးကြီးပါကြောင်း၊ အထူးသဖြင့် ကုန်သွယ်မှုကဏ္ဍမှာ ကမ္ဘာကြီးနဲ့ မြန်မြန်ဆန်ဆန် ပေါင်းစည်းနိုင်ဖို့ အရေးကြီးလှပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံရဲ့ စုစုပေါင်းကုန်ထုတ်လုပ်မှုတန်ဖိုးနဲ့ ကုန်သွယ်မှုအချိုး၊ တစ်နည်းအားဖြင့် မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုအပေါ် မှီခိုမှု Trade Dependency ဟာ ၃၀ ရာခိုင်နှုန်းခန့်အထိ ရှိနေပါကြောင်း၊ မြန်မာနိုင်ငံရဲ့ ပထဝီနိုင်ငံရေးအချက်အခြာကျမှုကို အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးချနိုင်ဖို့ မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုကဏ္ဍ မြင့်မားလာရေးက အထူးပဲအရေးကြီးနေပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဒုတိယသမ္မတက ကမ္ဘာ့စီးပွားရေးနှင့် ပေါင်းစည်းနိုင်ဖို့ အဘက်ဘက်က တိုးမြှင့်ရန် ဆောင်ရွက်နေပါကြောင်း၊ အများသိရှိပြီးဖြစ်တဲ့အတိုင်း ၂၀၃၀ ပြည့်နှစ်မှာ ကမ္ဘာကြီးကို ပိုမိုကောင်းမွန်တဲ့ နေရာတစ်နေရာအဖြစ် ဖန်တီးနိုင်ဖို့ ရည်ရွယ်ပြီးရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးမှုပန်းတိုင်တွေ (Sustainable Development Goals-SDGs) ကိုချမှတ်ထားပါကြောင်း၊ ဒီပန်းတိုင် ၁၇ ရပ်မှာ -လူတိုင်းအတွက် သင့်တော်တဲ့ အလုပ်အကိုင်ရရှိစေပြီး အားလုံးပါဝင်တဲ့ ရေရှည်တည်တံ့မယ့် စီးပွားရေးတိုးတက်မှုမြှင့်တင်ရေး၊ ရေရှည်တည်တံ့တဲ့ စားသုံးမှုထုတ်လုပ်မှုပုံစံများ အခိုင်အမာပေါ်ပေါက်လာရေးဆိုတဲ့ ပန်းတိုင်နှစ်ရပ် ပါဝင်နေပါကြောင်း၊ ဒါတွေပြည့်ဝဖို့အတွက် မြန်မာနိုင်ငံရဲ့ ပို့ကုန်ကဏ္ဍနဲ့ ကုန်သွယ်မှုကဏ္ဍတွေ က အဓိကကျနေပြီးကမ္ဘာ့ဈေးကွက်၊ ကမ္ဘာ့စီးပွားရေးနဲ့ ဘယ်လောက်အထိ လျင်လျင်မြန်မြန် ပေါင်းစည်းနိုင်မလဲဆိုတဲ့ အချက်ပေါ်မှာ မူတည်နေတာဖြစ်ပါကြောင်း၊ ဒါကြောင့် ကုန်သွယ်မှုဘက်စုံလေ့လာဆန်းစစ်ခြင်း (Myanmar Diagnostic Trade Integration Study-DTIS) အစီရင်ခံစာဟာ မြန်မာနိုင်ငံနဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေအတွက် အရေးပါလှတဲ့ အစီရင်ခံစာတစ်စောင် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့စီးပွားရေးနဲ့ ပေါင်းစည်းနိုင်ဖို့ကြိုးပမ်းလျက်ရှိရာမှာ ဘယ်နယ်ပယ်၊ ဘယ်လုပ်ငန်းတွေမှာ အတားအဆီးတွေရှိနေသလဲ၊ ဘယ်လိုနည်းပညာပံ့ပိုးကူညီမှုတွေ လိုအပ်နေသလဲ၊ ဘယ်လိုမူဝါဒတွေပြောင်းလဲဖို့ လိုအပ်နေသလဲ စသောအချက်တွေကို ဒီအစီရင်ခံစာမှာ လေ့လာသုံးသပ် ဖော်ထုတ်ပေးထားတာဖြစ်ပါကြောင်း၊ အလားတူ စီးပွားရေးကဏ္ဍတစ်ခုတည်းသာမက စီးပွားရေးနဲ့ ကုန်သွယ်မှုဆိုင်ရာ အင်စတီကျူးရှင်း လိုအပ်ချက်များကုန်စည်တွေရဲ့ အရည်အသွေးနဲ့ စံချိန်စံညွှန်းအခြေခံတွေ ဖွံ့ဖြိုးမှုမရှိသေးမှု၊ ကုန်သွယ်ရေးကော်ရစ်ဒါလမ်းကြောင်းကြီးတွေ မပီပြင်သေးမှု၊ သယ်ယူပို့ဆောင်ရေးနဲ့ ကုန်သွယ်မှုချောမွေ့စေရေးပံ့ပိုးကူညီ မှုလိုအပ်နေမှုတို့ကို ဆန်းစစ်လေ့လာဖော်ထုတ်ထားပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ဒုတိယသမ္မတက နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှင့် ကုန်သွယ်မှုအခြေအနေမှာ တိုက်ရိုက်ဆက်စပ်နေပါကြောင်း၊ ကုန်သွယ်မှုအခြေအနေ ကောင်းမွန်ဖို့ ကုန်သွယ်ရေးမူဘောင်နဲ့အင်စတီကျူးရှင်းများ၊ အခြေခံအဆောက်အအုံနှင့် ကုန်သွယ်ရေးကော်ရစ်ဒါကြီးများ၊ ကုန်စည်ဆိုင်ရာ အရည်အသွေးနဲ့ စံချိန်စံညွှန်း သတ်မှတ်မှုများ၊ မလိုအပ်တဲ့ အပိုကုန်ကျမှုတွေကို အနိမ့်ဆုံးအထိလျှော့ချပေးနိုင်မည့် ကုန်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုများ အထူးပဲလိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လိုအပ်ချက် များကိုမီးမောင်းထိုးပြတဲ့အပြင် ဒီလိုအပ်ချက်၊ အားနည်းချက်တွေကို ဘယ်ပုံဘယ်နည်းပြုပြင် ပြောင်းလဲရမယ်ဆိုသည့် လုပ်ငန်းစဉ်တွေကိုပါ ဖော်ထုတ်ရေးသားထားတဲ့အတွက် ဒီအစီရင်ခံစာဟာမိမိတို့နိုင်ငံအတွက် တန်ဖိုးရှိလှပါကြောင်း၊ ရွေးကောက်ပွဲအလွန် လပိုင်းသာသာ သက်တမ်းသာရှိသေးသော မိမိတို့အစိုးရအတွက် များစွာအထောက်အကူဖြစ်စေနိုင်မည့် အစီရင်ခံစာဖြစ်ပါကြောင်း၊ မိမိတို့အနေနဲ့ အစီရင်ခံစာပါ လိုအပ်ချက်တွေ၊ အားနည်းချက်တွေကို ပြင်ဆင်ပြီး အကြံပြုချက်တွေ၊ လုပ်ငန်းစဉ်တွေကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမှာဖြစ်ပါကြောင်း၊ ဒီလိုအပ်ချက်တွေ၊ လုပ်ငန်းစဉ်တွေကို မိမိတို့အစိုးရပိုင်းက အလေးထားပြီး စဉ်းစားသုံးသပ်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း၊ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မယ့် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာစီမံကိန်းများ၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး စီမံချက်များ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ရဲ့ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းတွေ၊ အလှူရှင်တွေအနေနဲ့ လိုအပ်တဲ့ နည်းပညာပိုင်း၊ ငွေရေးကြေးရေးအပိုင်းတွေမှာ ပူးပေါင်းပါဝင်ပြီး မြန်မာ့စီးပွားရေးကို ကမ္ဘာလုံးဆိုင်ရာနဲ့ ပေါင်းစည်းနိုင်ဖို့ ရှေ့ဆက်ပြီးလည်း အားပေးကူညီပံ့ပိုးပေးကြပါရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုဘက်စုံလေ့လာဆန်းစစ်ခြင်း အစီရင်ခံစာအား www.commerce.gov.mm/eif တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

**WTO**




## ရုရှား၊ ကာဇက်စတန်နှင့် ဘီလာရုစ်နိုင်ငံတို့မှ အလေးမအားကစားအဖွဲ့ တားမြစ်ဆေးကြောင့် အိုလံပစ်အားကစားပြိုင်ပွဲဝင်ခွင့် ပိတ်ပင်ခံရဖွယ်ရှိ

ရုရှား၊ ကာဇက်စတန်နှင့် ဘီလာရုစ်နိုင်ငံတို့ မှ အလေးမအားကစားအဖွဲ့တို့သည် တားမြစ်ဆေးဝါးများ သုံးစွဲထားမှုကြောင့် ဘရာဇီးနိုင်ငံတွင်ကျင်းပမည့် ရီအိုဒီဂျနေရိုးအိုလံပစ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခွင့်များကို ပိတ်ပင်ခံရတော့မည်ဖြစ်ကြောင်း ဘီဘီစီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ယင်းပိတ်ပင်ချက်သည် ၂၀၀၈ ခုနှစ်နှင့် ၂၀၁၂ခုနှစ် အိုလံပစ်ပြိုင်ပွဲက စစ်ဆေးခဲ့သည့် ဆေးစစ်ချက်ရလဒ်များနှင့် ဆက်စပ်လျက်ရှိကြောင်း အပြည်ပြည်ဆိုင်ရာ အလေးမအဖွဲ့ချုပ်က ပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီအနေဖြင့် တားမြစ်ဆေးဝါးများသုံးစွဲသည့် အားကစားအဖွဲ့များအား တစ်နှစ်အတွင်း ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်မပြုရန် တားမြစ်ပိတ်ပင်သွားမည်ဖြစ်သည်ဟူသည့် ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်လိုက်ခြင်းပင်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲများယှဉ်ပြိုင်ရာတွင် သမာသမတ်ကျရေး၊ သန့်ရှင်းသော အားကစားသမားများ ပေါ်ထွက်လာရေး၊ တရားမျှတသည့် ပြိုင်ပွဲများဖြစ်ပေါ်ရေးတို့အတွက် ယခုကဲ့သို့ လုပ်ဆောင်ရခြင်းဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ အလေးမအဖွဲ့ချုပ်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ကာဇက်စတန်နိုင်ငံမှ လေးထပ်ကွမ်းအလေးမချန်ပီယံ Ilya Ilyin အပါအဝင် ၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲတွင် အလေးမချန်ပီယံ ဖြစ်ခဲ့သည့် အလေးမချန်ပီယံတို့ကိုပါ ဆေးစစ်မှုများပြုလုပ်ခဲ့ရာ ဆေးကျရှုံးခဲ့သည့်အတွက် ယခုကဲ့သို့တားမြစ်ရခြင်းဖြစ်သည်ဟု အပြည်ပြည်ဆိုင်ရာအိုလံပစ်အဖွဲ့ချုပ်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

## အုပ်စုမှထွက်ခဲ့ရသော်လည်း အယ်လ်ဘေးနီးယား ဘောလုံးအသင်းအား ပြည်သူများက သောင်းသောင်းဖျဖျ ကြိုဆို

ပြင်သစ်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် ယူရို ၂၀၁၆ အုပ်စု(က)တွင်အုပ်စုအဆင့်မှာပင်ထွက်ခဲ့ရပြီး ပြည်တော်ပြန်ခဲ့ရသည့် အယ်လ်ဘေးနီးယား ဘောလုံးအသင်းအား အယ်လ်ဘေးနီးယားနိုင်ငံဝန်ကြီးချုပ်နှင့်အတူ သောင်းသောင်းဖျဖျ ကြိုဆိုခဲ့ကြကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အယ်လ်ဘေးနီးယားအသင်းသည် အုပ်စု(က)တွင် အိမ်ရှင်ပြင်သစ်၊ ဆွစ်ဇာလန်၊ ရိုမေးနီးယားတို့နှင့် တစ်အုပ်စုတည်းကျရောက်ခဲ့သည်။ အုပ်စုပွဲစဉ်များ၏နောက်ဆုံးပွဲစဉ်ဖြစ်သည့် ရိုမေးနီးယားနှင့်ပွဲတွင် ရိုမေးနီးယားကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သဖြင့် အုပ်စုတတိယနေရာရရှိခဲ့ကာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ အုပ်စုအဆင့်မှ ထွက်ခဲ့ရသော်လည်း အယ်လ်ဘေးနီးယား အသင်းအနေဖြင့် ရိုမေးနီးယားအသင်းကို အနိုင်ရရှိခဲ့သဖြင့် ယခုကဲ့သို့ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုခဲ့ရခြင်းဖြစ်ပြီး အယ်လ်ဘေးနီးယားနိုင်ငံ လေဆိပ်တွင် ဝန်ကြီးချုပ် အယ်ဒီရာမာကိုယ်တိုင် ကြိုဆိုခဲ့သည်။

## ဇီကာဗိုင်းရပ်စ်ကြောင့် အိုလံပစ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခြင်း ပြုမပြုကို မိသားစုနှင့်တိုင်ပင်မည်ဟု ဂျက်ဆင်ဒေးဆို

ဇီကာဗိုင်းရပ်စ်ရောဂါပိုးဖြစ်ပွားနေသည့် ဘရာဇီးနိုင်ငံတွင်ကျင်းပမည့် ၂၀၁၆ ခုနှစ် ရီယိုဒီဂျနေရိုးအိုလံပစ်ပွဲတော်သို့ သွားရောက်ယှဉ်ပြိုင်ခြင်းပြု မပြုကို မိသားစုနှင့် တိုင်ပင်ဆွေးနွေးပြီးမှသာ စာရင်းပေးသွင်းရန် ဆုံးဖြတ်မည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံသား ကမ္ဘာ့အဆင့်တစ် ဂေါက်သီးရိုက်ကစားသမား ဂျက်ဆင်ဒေးကပြောကြားလိုက်သည်။

“ကျွန်တော့်အတွက် မိသားစုက အရေးအကြီးဆုံးပါ။ မိသားစုကို ကျွန်တော့်ဘဝရဲ့ နံပါတ်တစ်နေရာမှာ ထားပါတယ်။ ဒါကြောင့် ဒီအိုလံပစ်ပြိုင်ပွဲမှာ သွားရောက်ယှဉ်ပြိုင်ဖို့အတွက် မိသားစုနဲ့ဆွေးနွေးတိုင်ပင်ပြီးမှ စာရင်းပေးသွင်းမှာပါ။ ကျွန်တော့်ရဲ့ဆုံးဖြတ်ချက်က သူတို့ကို ပျော်ရွှင်စေမှာပါ။အဖြစ်နိုင်ဆုံး ဆုံးဖြတ်ချက်ကိုချသွားမှာပါ”ဟု ဂျက်ဆင်ဒေးက ပြောကြားခဲ့သည်။

အဆိုပါဇီကာဗိုင်းရပ်စ်ပိုးကြောင့် အိုလံပစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ပထမဦးဆုံးငြင်းဆိုခဲ့သည့် ဂေါက်သီးရိုက် ကစားသမားမှာ အိုင်ယာလန်နိုင်ငံ ဂေါက်သီးရိုက်ကစားသမား မက်အီရွိုင်းဖြစ်ပြီး ၎င်း၏ မိသားစုအတွက် ဘရာဇီးနိုင်ငံသို့ သွားရောက်ယှဉ်ပြိုင်ခြင်း မပြုတော့ဟု ကြေညာထားခဲ့သူဖြစ်သည်။

ထို့ပြင် ဖီဂျီနိုင်ငံမှ ဗီဂျေဆင်း၊ ဩစတြေးလျနိုင်ငံမှ မာ့ခ်လစ်ရှ်မန်းတို့သည်လည်း အဆိုပါပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုဘဲ နုတ်ထွက်ကြတော့မည်ဖြစ်သည်။ အဓိကဖလားချန်ပီယံ အဒမ်စကော့နှင့် လူးဝစ်စ်အော်သူဇင်တို့ကမူ မိသားစုအကြောင်းပြချက်များဖြင့် မူလစာရင်းပေးသွင်းစဉ်ကပင် ပါဝင်လာခြင်းမရှိကြောင်း သိရသည်။

အိုလံပစ်ပွဲတော် ကျင်းပရန် နီးကပ်လာသည်နှင့် အမျှ ဘရာဇီးနိုင်ငံတွင် ဇီကာဗိုင်းရပ်စ်ရောဂါပိုး ကင်းရှင်းအောင် လုပ်ဆောင်နိုင်ခြင်းမရှိသေးပေ။

## မြန်မာ့လက်ရွေးစင်အသင်းနှင့်ပူးတွဲလေ့ကျင့်ရန် ရှမ်းယူနိုက်တက် နောက်ခံလူ ဇော်လင်းနှင့် မျိုးမင်းလတ်တို့ကို ထပ်မံရွေးချယ်

မြန်မာနိုင်ငံက ပူးတွဲအိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၆ ဆုဇူကီးဖလားပြိုင်ပွဲအတွက် ပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည့် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် ရှမ်းယူနိုက်တက်အသင်း နောက်ခံလူ ဇော်လင်းနှင့် မျိုးမင်းလတ်တို့ကို ထပ်မံရွေးချယ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကစားသမားနှစ်ဦးအား မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းနည်းပြချုပ်က ဇွန် ၁၉ ရက်တွင် ရွေးချယ်ခဲ့ခြင်းဖြစ်ရာ ယခုအခါတွင် မြန်မာလက်ရွေးစင်အမျိုးသားအသင်း၌ ဆုဇူကီးဖလားပြိုင်ပွဲအတွက် ရွေးချယ်ထားသည့် ပဏာမလက်ရွေးစင်ကစားသမား ၂၉ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့အနေနဲ့ အဲဒီကစားသမားနှစ်ဦး အပါအဝင် ကစားသမား ၂၉ ဦးကို တစ်ပတ်မှာတစ်ရက် စုစည်းလေ့ကျင့်သွားဖို့ စီစဉ်ထားပါတယ်။ အခုအချိန်အထိတော့ ပြိုင်ပွဲဝင်ကစားသမားစာရင်းကို ဘယ်တော့ထုတ်ပြန်မယ်ဆိုတာ မပြောနိုင်သေးပါဘူး” ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရှမ်းယူနိုက်တက်အသင်း၏ နောက်ခံလူတစ်ဦးဖြစ်သည့် ဇော်လင်းသည် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းတွင် ရွေးချယ်ခံရဖူးသူတစ်ဦးဖြစ်သကဲ့သို့ မျိုးမင်းလတ်သည်လည်း ဂတ်ဖရိုင်းဒရစ်ကိုင်တွယ်ခဲ့သည့် မြန်မာယူ-၂၀ အသင်း၏ အဓိက ကစားသမားတစ်ဦးဖြစ်ခဲ့သော်လည်း ယခုအခါတွင် ရှမ်းယူနိုက်တက်အသင်း၌ ပုံမှန်ပွဲထွက်ခွင့်ပျောက်ဆုံးနေသူ တစ်ဦးဖြစ်ကြောင်း သိရသည်။

AYA Bank Cup ပြိုင်ပွဲ ပြီးဆုံးချိန်တွင် လေ့ကျင့်မှုများ ရပ်နားထားခဲ့သည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် လာမည့်ရက်သတ္တပတ်မှ စတင်ကာ တစ်ပတ်လျှင် တစ်ရက်ကျ ပုံမှန်လေ့ကျင့်မှုများ ပြုလုပ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

## ရန်ကုန်ယူနိုက်တက်အသင်း၏ နည်းပြချုပ်မာဂျန်အား စာချုပ်ဖျက်သိမ်း၍ ဦးမျိုးမင်းထွန်းအား နည်းပြချုပ်အဖြစ် ပြောင်းလဲခန့်အပ်



၂၀၁၆ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့တွင် နှစ်ပွဲဆက်တိုက် ရှုံးနိမ့်ခဲ့သည့် ရန်ကုန်ယူနိုက်တက်ဘောလုံးအသင်းသည် နည်းပြချုပ်မာဂျန်နှင့် နှစ်ဦးသဘောတူစာချုပ် ဖျက်သိမ်းခဲ့ပြီး ဦးမျိုးမင်းထွန်းအား နည်းပြချုပ်အဖြစ် ခန့်အပ်လိုက်ကြောင်း သိရသည်။

မက်ဆီဒိုးနီးယားလူမျိုး နည်းပြမာဂျန်ကို ဇွန် ၂၁ ရက်ညနေပိုင်းက နှစ်ဦးသဘောတူစာချုပ် ဖျက်သိမ်းခဲ့ခြင်းဖြစ်ပြီး နည်းပြအဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဦးမျိုးမင်းထွန်းကို အစားထိုးခန့်အပ်ခဲ့ခြင်းဖြစ်သည်။

“သူက နည်းပြကောင်းတစ်ဦး ဖြစ်ပေမယ့် သူ့ရဲ့နည်းစနစ်တွေက အံမဝင်တာကြောင့် အခုလို နှစ်ဦးသဘော တူစာချုပ်ဖျက်သိမ်းလိုက်တာပါ”ဟု ရန်ကုန်ယူနိုက်တက်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မာဂျန်သည် မြန်မာနေရှင်နယ်လိဂ်ပထမအကျော့၏ ဒုတိယပွဲစဉ်မှစတင်ကာ ကိုင်တွယ်ခဲ့ခြင်းဖြစ်ပြီး ၎င်း၏လက်ထက် အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ထိပ်ဆုံးမှ ရတနာပုံအသင်းနှင့် ၁၄ မှတ် ကွာဟလျက်ရှိသည်။

“ကျွန်တော့်အနေနဲ့ ရန်ကုန်ယူနိုက်တက်အသင်းကို ပြိုင်ဘက်တွေက လေးစားမှုမရှိတော့သလိုဖြစ်နေတာကို အရင်လိုပြန်ပြီးလေးစားလာအောင် ကြိုးစားမယ်။ ကျွန်တော့်မှာ ရန်ကုန်ယူနိုက်တက်နဲ့ ပတ်သက်တဲ့ အိပ်မက်တစ်ခုရှိပါတယ်။ အခုလို ခန့်အပ်ခံရတာဟာ စောလွန်းသေးတယ်လို့ထင်ရပေမယ့် အကောင်းဆုံးကြိုးစားသွားမှာပါ”ဟု နည်းပြချုပ်သစ် ဦးမျိုးမင်းထွန်းက ပြောကြားခဲ့သည်။

ဦးမျိုးမင်းထွန်းသည် ၎င်း၏ပရော်ဖက်ရှင်နယ် ဘောလုံးသမားဘဝကို ရန်ကုန်ယူနိုက်တက်အသင်းနှင့် စတင်ခဲ့ပြီး ကစားသမားဘဝအနားယူချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းတွင် နည်းပြအဖွဲ့ဝင်အဖြစ် တာဝန်ယူကာ လုပ်ဆောင်လျက်ရှိကြောင်းသိရသည်။

## မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အမှတ် (၂၂) နဲ့အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်းတို့တွင် စားသုံးသူအကာ အကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာနက စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲများကို သက်ဆိုင်ရာ မိတ်ဖက် ဌာနများ၊ အင်န်ဂျီအိုများနှင့် ပူးပေါင်း၍ ရက် ၁၀၀ စီမံချက်ရေးဆွဲကာ ကျေးရွာများအထိ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိပါတယ်။

ရက် ၁၀၀ စီမံချက်အရ ဇွန်လအတွင်းတွင် ဇွန် ၁၃ ရက်က ချမ်းအေးသာစံမြို့နယ် အမှတ် (၂၂) အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း၊ ဇွန် ၁၄ ရက်က အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း အသိပညာပေးဟောပြောဆွေးနွေးပွဲများကို ကျင်းပခဲ့ပါတယ်။

ဇွန် ၁၃ ရက်တွင် အမှတ် (၂၂) အခြေခံပညာအထက်တန်း ကျောင်းမှာ စားသုံးသူ ရေးရာဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးပညာရေးဦးစီးမှူးရုံးတို့နဲ့ ပူးပေါင်းကာ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဆွေးနွေးဟောပြောပွဲကျင်းပပြု လုပ်ခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ဦးက အသိပညာ ပေးဟောပြောဆွေးနွေးပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များနှင့် အဖွင့်အမှာစကားပြော ကြားခဲ့ပါတယ်။ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဒေါက်တာနီလာကျော်ဝင်းက ကျန်းမာရေး အကြောင်း သိကောင်းစရာများ ခေါင်းစဉ်ဖြင့် ရှင်းလင်းပြောကြားခြင်း၊ စားသုံးသူရေးရာဌာနခွဲ၊ ဒုတိယဦးစီးမှူး ဒေါ်မြို့ရီက စားသုံးသူအကာအကွယ်ပေးရေးအကြောင်းသိကောင်းစရာ ခေါင်းစဉ်ဖြင့် ပါဝါပွိုင့်နဲ့ ရှင်းလင်းဟောပြော ဆွေးနွေးခဲ့ကြောင်း၊ စိုက်ပျိုးရေးရာဦးစီးဌာန၊ ဦးစီးအရာရှိဒေါ်အေးအေးငွေက သစ်သီးဝလံ ဟင်းသီးဟင်းရွက်များတွင် ပိုးသတ်ဆေး၊ ဓာတုဆေး၊ ဓာတ်ကြွင်းဓာတ်ကျန်များ၏ အန္တရာယ်ရှိပုံ အကြောင်းများဖြင့် ဟောပြောဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါတယ်။ အမှတ် (၂၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာစန်း ပပကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပါ တယ်။

အဆိုပါ အသိပညာပေးဟောပြောဆွေးနွေးပွဲတွင် ဆရာ/ဆရာမများ၊ ကျောင်းကျန်းမာရေးအဖွဲ့များ၊ ကျောင်းသားမိဘများ၊ ကျောင်းဈေးသည်များ၊ ကျောင်းသား/သူများ စုစုပေါင်း ၃၅၀ ခန့်တက်ရောက်ခဲ့ပြီး ပူးပေါင်းအဖွဲ့ဖြင့် ကျောင်းမုန့်ဈေးတန်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါတယ်။

အလားတူ ဇွန် ၁၄ ရက်တွင် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းမှာ ဟောပြောဆွေးနွေးပွဲကို ကျင်းပခဲ့ရာ စုစုပေါင်းကျောင်းသူကျောင်းသား ၄၀၀ ဦးခန့်တက်ရောက်ခဲ့ပါတယ်။

မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် အသိပညာပေး ဟောပြောဆွေးနွေးပွဲ ၁၃၂ ပွဲဆောင်ရွက်ခဲ့ပြီး ဖြစ်ရာ ဧပြီလမှာ ၁၃ ပွဲ၊ မေလ ၅၆ ပွဲနဲ့ ဇွန်ဒုတိယပတ်အတွင်း မန္တလေးခရိုင် တွင် ၈ ပွဲ၊ မြင်းခြံခရိုင်တွင် ၇ ပွဲ၊ ကျောက် ဆည်ခရိုင်တွင် ၆ ပွဲနဲ့ မိတ္ထီလာခရိုင်တွင် ၁၄ ပွဲ၊ စုစုပေါင်း ၃၅ ပွဲကျင်းပပြီးစီးကာ ရက် ၁၀၀ စီမံချက်ကာလအတွင်း ၇၈ ဒသမ ၈ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရှိပါတယ်။

**နိုင်ထွန်း (မန္တလေး)**

## တောင်ကြီးမြို့မှာတရားမဝင်ဆေးဝါးများနှင့်သက်တမ်းလွန်ဆေးဝါးများမီးရှို့ဖျက်ဆီး

ရှမ်းပြည်နယ်၊တောင်ကြီးမြို့မှာ တရားမဝင်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားကို ဇွန် ၂၄ ရက်က တောင်ကြီးမြို့တိုင်းရင်းသားပေါင်းစုံသုသာန်မှာကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဦးစိုးညွန့်လွင်၊ ရှမ်းပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးဦးညွန့်ဝေနှင့်တာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီနှင့် ဆေးဝါးရောင်းချသူများတက်ရောက်ခဲ့ ကြပြီး တရားမဝင်ဆေးဝါးကိုးမျိုး၊ သက်တမ်းလွန်ဆေးဝါး၆၀၃မျိုးစုစုပေါင်းဆေးအမျိုးအစား၆၁၂ မျိုးရှိပြီး၊ ခန့်မှန်းငွေကျပ် ၁၈၄ သိန်းကျော်ဖိုးကိုမီးရှို့ဖျက်ဆီးခဲ့ကြောင်းသိရပါသည်။

**မင်းအောင်(တောင်ကြီး)**



## မုံရွာမြို့နယ်ရှိ စာသင်ကျောင်းများတွင် စားသုံးသူ အကာအကွယ်ပေးရေးအသိပညာပေး ဟောပြောပွဲ များဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်ဇော်၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ဇွန် ၁၆ ရက်တွင် မုံရွာ မြို့နယ်၊ ကျောက္ကာတောင်ရွာ အ. ထ. က၊ မြောက်ရွာ အ. လ. က(ခွဲ) နှင့် ရွာတုံကျေးရွာ အ. လ. က(ခွဲ)ကျောင်းတို့၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ ကျင်းပခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲတွင် မုံရွာမြို့နယ်တာဝန်ခံ ဦးထွန်းလှိုင်က စာသင်ကျောင်းရှိကလေးများအား အန္တရာယ်ရှိ အစားအသောက်များကို ရွေးချယ်ဝယ်ယူတတ်စေရန် အရောင်ဆိုးဆေးများ အလွန်အကျွံ အသုံးပြုထားသော ပြည်တွင်း/ပြည်ပထုတ်မုန့်များ၊ အချဉ်ပေါင်းများ၊ ရေခဲထုတ်များကို မစားသုံးဖို့ရန် ရေရှည်စားသုံးပါက အာရုံစူးစိုက်မှုနည်းပါးခြင်း၊ ခန္ဓာကိုယ်ဖွံ့ဖြိုးကြီးထွားမှုနှင့် ဉာဏ်ပညာဖွံ့ဖြိုးမှုအတွက် အန္တရာယ်ရှိ၍ ကင်ဆာ ကဲ့သို့သော ရောဂါများဖြစ်ပွားနိုင်သည်ဟု ဟောပြောဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒေါ်သူဇာကျော်က ဆေးလိပ်၊ စီးကရက်၊ အရက်၊ ဘီယာ၊ ကွမ်းတို့၏ ဆိုးကျိုးများ၊ ၎င်းတို့၏ နောက်ဆက်တွဲအန္တရာယ်များနှင့် ဖြစ်ပွားနိုင်သောရောဂါများ အကြောင်းကို အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ပြီး ဒေါ်သင်းသင်းအေးက ဆိုးဆေးတွင် ဓာတုဆိုးဆေးနှင့် သဘာဝဆိုးဆေးဟူ၍ နှစ်မျိုးရှိကြောင်း၊ ဓာတုဆိုးဆေးတွင် လူတို့ဖန်တီးပြုလုပ်ထားသောကြောင့် အန္တရာယ်ရှိ၍ စားသုံးရန် မသင့်ကြောင်း၊အလွန်အကျွံဆေးဆိုးထားသောအစားအစာများ စားသုံးမိပါက အသည်းကင်ဆာကိုဖြစ်ပွားနိုင်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။


ထို့နောက် ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများကို လက်ကမ်းစာစောင်များနှင့်ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စားသုံးရန်မသင့် အစားအသောက်များစာရင်းကို ဖြန့်ဝေပေးခဲ့သည်။ အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ စုစုပေါင်း ၁၈၀၃ ဦး တက်ရောက်ခဲ့ကြောင်းသတင်းရရှိပါသည်။

**သူဇာကျော်(မုံရွာ)**

## တောင်ကြီးမြို့သမဝါယမသင်တန်းကျောင်းနှင့် ဖာမွန်းကျေးရွာတို့တွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ကျင်းပ

ရှမ်းပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ် ဦးစီးမှူးရုံးမှဝန်ထမ်းများသည် ဇွန် ၃ ရက်တွင် တောင်ကြီး မြို့နယ်၊ ဖာမွန်းကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း ၌ ကျေးရွာနေ ပြည်သူလူထုများနှင့် ကျောင်းသူကျောင်းသားတို့အား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအသိပညာပေးဟောပြာပွဲများကို ကျင်းပြုလုပ်ခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲများတွင် ဦးခွန်ကျော်ဌေး (ရုံးအုပ်)က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်တန်းမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီ ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ဝန်ဆောင်မှုများအကြောင်း၊ စားသုံးသူအခွင့်အရေးများအကြောင်းကိုလည်း ကောင်း၊ ဒေါ်မွန်မွန်သီတာထွန်းမြင့်က အန္တရာယ်ရှိသော မုန့်ပဲသရေစာများနှင့် စားသောက်ရန်မသင့်သည့် အစားအသောက်ဆေးဝါးနှင့် သုံးစွဲရန်မသင့်သော အလှကုန်များ အကြောင်း၊ ဓာတုဆိုးဆေးကြောင့် ဖြစ်လာနိုင်သည့်ဆိုးကျိုးများ၊ အချိုမှုန့်၏ ဆိုးကျိုးများအကြောင်းကိုလည်းကောင်း၊ ဦးသန်းထွဋ်ကစားသုံးဆီအန္တရာယ်



ဆိုးကျိုးများအကြောင်း၊ ဟင်းသီးဟင်းရွက်နှင့်သီးနှံများတွင်ကျရောက်သော မှိုဆိပ်များ အကြောင်းကိုလည်းကောင်း ကျယ်ကျယ်ပြန့်ပြန့်ဟောပြော ဆွေးနွေးခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲသို့ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ/ဆရာမများ၊ ကျောင်းသား/ ကျောင်းသူများ ၊ စုစုပေါင်း အင်အား ၄၀၀ ဦးနှင့်ကျေးရွာနေပြည်သူလူထုအင်အား ၁၇၅ ဦး တက်ရောက်ခဲ့ကြပြီး အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

အလားတူ ရှမ်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ဇွန် ၇ ရက်တွင်ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ သမဝါယမ သင်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကို ကျင်းပပြုလုပ်ခဲ့ရာသင်တန်းကျောင်းအုပ်ကြီး၊ဆရာ/ဆရာမများနှင့်ကျောင်းသား/ကျောင်းသူများ အပါအဝင် ၁၃၂ ဦး ခန့် တက်ရောက်ခဲ့ပါသည်။

အဆိုပါဟောပြောပွဲတွင် ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ ဦးမင်းအောင်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်းနှင့် အခွင့်အရေးများအကြောင်းကိုလည်းကောင်း၊ ဒေါ်ထူးအိန္ဒြာဗိုလ်မှ စားသုံးရန်မသင့်သည့် ကုန်စည်များကြောင့် ဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးများအကြောင်းတို့ကိုလည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေး ဆွေးနွေးခဲ့ပြီးနောက် တက်ရောက်လာသော ကျောင်းသားကျောင်းသူများ၏ သိရှိလိုသည့်မေးခွန်းများကိုလည်း ဦးမင်းအောင်က ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ထူးအိန္ဒြာ၊ အံ့ကျော် (တောင်ကြီး)**

# စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သဃ်န်းကျွန်းမြို့နယ်၊ ပညာရေးကောလိပ်တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်းသိကောင်းစရာများ ဟောပြောဆွေးနွေး

စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူများသည် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ ဇွန် ၂၂ရက်တွင် သဃ်န်းကျွန်းမြို့နယ် ပညာရေးကောလိပ်၌ စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

ဟောပြော ဆွေးနွေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရွှေရွှေတိုးက အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ချိုက စားသုံးသူရေးရာ ဦးစီးဌာန ပေါ်ပေါက်လာပုံ၊ ဥပဒေပါအကြောင်းအရာများဖြစ်သည့် ရည်ရွယ်ချက်၊ စားသုံးသူ၏ အခွင့်အရေးနှင့်တာဝန်များ၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏အရေးယူပိုင်ခွင့်၊ ပြစ်မှုပြစ်ဒဏ်များ၊ စားသောက်ကုန်၊ ကုန်စည်၊ ဝန်ဆောင်မှုများသည် စားသုံးသူကို ထိခိုက်နစ်နာမှုရှိလာပါက ဖုန်း၊ စာဖြင့် တိုင်ကြားနိုင်ပါကြောင်း၊ စားသုံးရန် မသင့်သော အစားအသောက်များ၊ သုံးစွဲရန် မသင့်သော ကုန်စည်များ၊ ဝန်ဆောင်မှုများ အကြောင်း၊ အရည်အသွေးနိမ့် ကုန်ပစ္စည်းများ သုံးစွဲခြင်းကြောင့် အန္တရာယ်များရှိကြောင်းကို Power Point ဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါသည်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိ ဒေါက်တာရဲမင်းထိုက်က ဌာန၏ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်နှင့် ဆိုးဆေးများ၊ ဖော်မလင်ဆေးများအကြောင်းကိုလည်းကောင်း ပဲပြား၊ မုန့်ဟင်းခါးဖတ်၊ သားငါးတို့တွင် တာရှည်ခံအောင် ဖော်မလင်ဆေး သုံးစွဲနိုင်ကြောင်းကိုလည်းကောင်း၊ တရားဝင်မှတ်ပုံတင်ထားသော ဆေးများကိုသာ ဝယ်ယူသုံးစွဲရန် လိုကြောင်း၊ စပ်ဆေးများကို သုံးစွဲရန်မသင့်ကြောင်း၊ ဆရာဝန်၏ ညွှန်ကြားချက်ဖြင့်သာ ဝယ်ယူသုံးစွဲသင့်ကြောင်း၊ သက်တမ်းလွန်သော အလှကုန်များ၊ ကြော်ငြာအားကောင်းသော ပစ္စည်းများအား မသုံးစွဲသင့်ကြောင်း ပြောကြားပြီး သဃ်န်းကျွန်းမြို့နယ် ကျောင်းကျန်းမာရေးဆရာဝန် ဒေါက်တာဟေလီကြည်သန်း ကလည်း ကျောင်းဈေးဆိုင်များတွင် သန့်ရှင်းမှုကို အဓိကထား ဆောင်ရွက်ရန် လိုကြောင်း၊ အစားအစာများကို လက်အိတ်ဖြင့် ကိုင်တွယ်သင့်ကြောင်း၊ မုန့်များတွင် မြန်မာလိုအညွှန်းစာဖြင့် ရေးသားထားသောမုန့်များကိုသာ ဝယ်ယူစားသုံးသင့်ကြောင်း၊ အာဟာရဖွံ့ဖြိုးမှုအတွက် ပါဝင်ကူညီကြပါရန် တိုက်တွန်းလိုကြောင်းပြောကြားပါသည်။

ဆက်လက်၍ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများနှင့် ပတ်သက်၍ အပြုသဘောဆောင်သော ဆွေးနွေးအကြံပြုချက်များကို ဖိတ်ခေါ်ခဲ့ရာ ဒုတိယနှစ် ကျောင်းသား မောင်နေမျိုးလင်း၊ ဒုတိယနှစ် ကျောင်းသူ မအိမွန်မွန်သက်နှင့် ဒုတိယနှစ် ကျောင်းသား မောင်ကိုကိုနိုင်တို့က ပဲပြားများတွင် ဖော်မလင်ပါဝင်မှုရှိမရှိ စမ်းသပ် မည့်နည်းလမ်းများ၊ လမ်းဘေး အစားအသောက်များကိစ္စ၊ လမ်းဘေးတွင် ရောင်းချလျက်ရှိသည့် အလှကုန်ပစ္စည်းများကိစ္စ စသည်တို့ကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ သဃ်န်းကျွန်းမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ပညာရေးကောလိပ်မှ ကျောင်းအုပ်ဆရာမကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ဌာနမှူးနှင့် ကထိက၊ နည်းပြဆရာ/ဆရာမများနှင့် သင်တန်းသူ/ သင်တန်းသားများ၊ စားဖိုဆောင်တွင် ချက်ပြုတ်သူများ၊ ကျောင်းဈေးရောင်းချသူများ စုစုပေါင်း ၃၆၀ဦးတက်ရောက်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

ထို့အတူ စားသုံးသူရေးရာ ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)မှ တာဝန်ရှိသူများနှင့် ပူးပေါင်းကာ မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေး၌လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂) ရပ်ကွက်ဈေး၌ လည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ်ရှိ အမေ့အိမ် ကိုယ်ပိုင်အထက်တန်းကျောင်း၌လည်းကောင်း၊ ဇွန်လ စတုတ္ထပတ်အတွင်း၌ တွံတေးခရိုင်အတွင်း သုံးနေရာ၊ လှည်းကူးခရိုင်အတွင်း ငါးနေရာ၊ သန်လျင်ခရိုင်အတွင်း လေးနေရာ၊ အင်းစိန်ခရိုင်အတွင်း ခြောက်နေရာတို့တွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောဆွေးနွေးပွဲနှင့် ကွင်းဆင်း စစ်ဆေးအသိပညာပေးခြင်းများဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိပါတယ်။

**တင်မမ (စားသုံးသူ)ရန်ကုန်**



## ရွှေဘိုခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန ရွှေဘိုမြို့ စည်ပင်သာယာဈေးအတွင်းရှိ စားသောက်ကုန်ပစ္စည်းများကို မိတ်ဖက်ဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်းစစ်ဆေး

ရွှေဘိုခရိုင် စားသုံးသူရေးရာဦးစီးဌာန၏ အစီအစဉ်ဖြင့် ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆောင်သော မိတ်ဖက်ဌာနအဖွဲ့အစည်းများဖြစ်ကြသည့် ခရိုင်အဆင့် စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့နှင့် စားသုံးသူရေးရာဦးစီးဌာနဝန်ထမ်းများ စုစုပေါင်း ၂၅ ဦးတို့သည် ဇွန် ၁၈ ရက်က ရွှေဘိုမြို့ စည်ပင်သာယာဈေးအတွင်းရှိ စားသောက်ကုန်ပစ္စည်းများ စစ်ဆေးခဲ့ကြပါသည်။

၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ FDA နှင့် စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ ရွှေဘိုမြို့ စည်ပင်သာယာဈေးအတွင်းရှိ စားသောက်ကုန်ပစ္စည်းများကို Mobile Lab ဖြင့် စစ်ဆေးရာ၌ အစားအသောက်များတွင် သုံးစွဲခွင့်ပြုမထားသော တားမြစ်ဆိုးဆေးများဖြစ်သည့် Auramine O၊ Rhodamine B၊ Sudan III နှင့် Orange II တို့ပါဝင်သော စားသောက်ကုန်ပစ္စည်းများ၊ Formalin နှင့် Salicyclic Acid ဓာတ်များပါဝင်သော စားသောက်ကုန်ပစ္စည်းများဆက်လက်ရောင်းချခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ ငါးပိများကို ယခင်က Mobile Lab ဖြင့်စစ်ဆေးရာတွင်လည်း အရောင်ဆိုးဆေးပါရှိ၍ ယခုဇွင်း ဆိုးဆေးပါရှိသော ငါးပိများမရောင်းချကြရန်နှင့် ဆက်လက်ပြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှခေါ်ယူ၍ စစ်ဆေးမည့် အစီအစဉ် များရှိကြောင်း၊ စစ်ဆေး၍တွေ့ရှိပါက သိမ်းဆည်းအရေးယူမည်ဖြစ်ကြောင်း ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌက ပြောကြားခဲ့သည်။ စည်ပင်သာယာရေးကော်မတီမှ ငါးပိ၊ ငါးခြောက်များတွင် ယင်ကောင်ကြီးကျပါက စည်ပင်သို့ တင်ပြရန်နှင့် အချိန်မီတင်ပြမှသာ အချိန်မီခြင်ဆေးဖြန်းနိုင်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သရက်သီး၊ ငှက်ပျောသီး၊ ခရမ်းချဉ်သီးအစရှိသည့် အသီးများကို ဓာတုဆေးများဖြင့်ပြုလုပ်ထားသော မှည့်ဆေးများအသုံးပြုပြီး မှည့်အောင်ဖန်တီးထားသောကြောင့် စားသုံးသူများအနေဖြင့် ရေရှည်စားသုံး ပါက ပါးစောင်ကင်ဆာများ ဖြစ်ပွားနိုင်သောကြောင့် မှည့်ဆေးများအသုံး မပြုဘဲ သဘာဝအတိုင်းရောင်းချကြရန် စားသုံးသူရေးရာဦးစီးဌာနမှ ငါးပိ၊ မှျစ်၊ လက်ဘက်၊ ငရုတ်အရောင်တင်မှုန့်နှင့် နနွင်းမှုန့်စသည်တို့တွင် တားမြစ် ဆိုးဆေးများအသုံးပြုထားသည်ကို ယခင်စစ်ဆေးချက်များအရ တွေ့ရှိရပြီး ၎င်းဆိုးဆေးများသည် စားသုံးသူပြည်သူများကို များစွာထိခိုက်နစ်နာစေနိုင် သောကြောင့် ဆိုးဆေးများပါဝင်သော စားသောက်ကုန်ပစ္စည်းများကို လုံးဝ မရောင်းချရန် ပညာပေးဆွေးနွေးခဲ့ကြပါသည်။

**နှင်းနှင်းဆိုင် (ရွှေဘို)**

## တောင်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာအသီးသီးတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ကျင်းပ

ရှမ်းပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ ကြီးမှူး၍ တောင်ကြီးမြို့နယ်အတွင်းရှိ နောင်ကားကျေးရွာ၊ ဟမ်းဆီးကျေးရွာနှင့် ထီဟန်းဆွေးကျေးရွာတို့တွင် ဇွန်၁၆ ရက်နှင့် ၁၇ ရက်တို့တွင် စားသုံးသူ အကာအကွယ်ပေးရေးဟောပြောပွဲများကို ကျင်းပခဲ့ပါသည်။



ဟောပြောပွဲများတွင် ရှမ်းပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာနမှ ရုံးအုပ်ဦးခွန်ကျော်ဌေးနှင့် တာဝန်ရှိသူများက စားသုံးသူရေးရာ ဥပဒေများအကြောင်း၊ ဝန်ဆောင်မှုများ၊ ပြစ်မှုပြစ်ဒဏ်များ၊ စားသောက်ရန် မသင့်သည့် စားသောက်ကုန်များနှင့် အလှကုန်များအကြောင်းတို့ကို အကျယ်တဝင့်ဆွေးနွေးခဲ့ပါသည်။

ထို့နောက် တာဝန်ရှိသူများသည် ဟောပြောပွဲသို့ တက်ရောက်လာသူများအားစားသုံးသူရေးရာ လက်ကမ်းစာစောင်များအား ဖြန့်ဝေခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲ အခမ်းအနားများသို့ နောင်ကားကျေးရွာတွင် ၁၉ ဦး၊ နောင်ကား အ. ထ. က တွင် ၃၈၈ ဦး၊ ဟမ်းဆီးကျေးရွာတွင် ၄၅၅ ဦး၊ ဟမ်းဆီ အ. ထ. က တွင် ၁၂၅ ဦး၊ ထီဟန်းဆွေး ဓမ္မစကူးလ် ကျေးရွာတွင် ၅၂၂ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

အဆိုပါ ဟောပြောပွဲများကို တောင်ကြီးမြို့ နောင်ကားကျေးရွာ၌ ဇွန်၁၆ ရက်တွင်လည်းကောင်း၊ ဇွန်၁၇ ရက်တွင် ဟမ်းဆီးကျေးရွာနှင့် ထီဟန်းကျေးရွာ၌လည်းကောင်း ကျင်းပခဲ့ပါသည်။

**ဦးခွန်ကျော်ဌေး (တောင်ကြီး)**




## အလုပ်အကိုင်များကို အခမဲ့ဝင်ရောက် ရှာဖွေနိုင်သည့် အစီအစဉ်အား တယ်လီနောနှင့် Work.com.mm တို့ ပူးပေါင်းလုပ်ဆောင်

တယ်လီနောဆင်းကတ်မ်ကို အသုံးပြုကာ Work.com.mm သို့ဝင်ရောက် ၍ အလုပ်အကိုင်များကို ရှာဖွေနိုင်ပြီဖြစ်ကြောင်း Work.com.mm ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါအစီအစဉ်ကို ဇွန် ၁၅ ရက်မှ ဇူလိုင် ၁၅ ရက်အထိ အသုံးပြုနိုင်မည်ဖြစ်ပြီး လူငယ်လူရွယ်များအနေဖြင့် အလုပ်အကိုင်များကို ရှာဖွေရာတွင် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်နှင့် အခွင့်အလမ်းများ ပိုမိုရရှိစေရန်ရည်ရွယ်၍ အဆိုပါအစီအစဉ်ကို Work.com.mm နှင့်ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ယခုဆောင်ရွက်မှု၏ ထိရောက်မှုအပေါ် မူတည်ကာ ရှေ့ဆက်၍လည်း လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း Telenor Myanmar မှ Senior Expert (Corporate Communications) ဖြစ်သူ ဦးညီညီအောင်က ပြောကြားခဲ့သည်။

Work.com.mm သည် ၂၀၁၂ ခုနှစ် ဇွန်လတွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့ပြီး အလုပ်အကိုင်ရှာဖွေသူများနှင့် ဝန်ထမ်းခေါ်ယူသူများအကြား အကောင်းဆုံးချိတ်ဆက်ဆုံဆည်းပေးနိုင်ရန် ရည်ရွယ်၍ ထူထောင်ခဲ့ခြင်းဖြစ်သည်။

ယင်းဝက်ဘ်ဆိုက်တွင် နေ့စဉ် အလုပ်လျှောက်ထားသည့် CV အရေအတွက် ၁၀၀၀ ကျော်ရှိပြီး အသစ်စာရင်းသွင်းလျှောက်ထားသည့် CV အရေအတွက်မှာ ၄၀၀ ကျော်ရှိကာ ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ကြည့်ရှုသူပေါင်း ၁၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

ထို့ပြင် အဆိုပါဝက်ဘ်ဆိုက် စတင်ထူထောင်ခဲ့သည့် ၂၀၁၂ခုနှစ်မှ ယခုနှစ်အထိ အသုံးပြုသူပေါင်း နှစ်သိန်းကျော်ရှိနေပြီး ယင်းအရေအတွက်နှစ်သိန်းကျော်မှ စံနှုန်းမီရာနှုန်းပြည့် CV များ ရရှိနိုင်ရန် Work.com.mm မှ ကူညီလုပ်ဆောင်ပေးလျက်ရှိရာ ယခုအခါတွင် စံနှုန်းမီ CV ပေါင်းတစ်သိန်းကျော်ကို လုပ်ငန်းရှင်များဘက်မှ ရှာဖွေနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ရဲ့ ဝက်ဘ်ဆိုက်ပေါ်မှာ အလုပ်လျှောက်ထားသူတွေရဲ့ CV ပေါင်း နှစ်သိန်းကျော်ရှိခဲ့ရာ စံချိန်မီတဲ့ လျှောက်လွှာတွေဖြစ်ဖို့ ကျွန်တော်တို့စဉ်ဆက်မပြတ် ကြိုးစားလျက်ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ဝက်ဘ်ဆိုက်မှာ လုပ်ငန်းရှင်တွေဘက်ကနေ အလွယ်တကူ ဝင်ရောက်ရှာဖွေခေါ်ယူနိုင်မယ့် စံနှုန်းမီ CV အစောင်တစ်သိန်းပြည့်ခဲ့ပါပြီ"ဟု Work.com.mm ၏ ၄ာနေအုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ မစ္စတာဘတ်ဗန်ဒါကီက ပြောကြားခဲ့သည်။

**မယ်သီတာ**

## Capital Automotive Limited မှ ၂၀၁၆ မော်ဒယ်လ် Ford Ranger နှင့် Ford Everest တို့ကို မိတ်ဆက်




Ford နှင့် ယင်း၏ပြည်တွင်းပါတနာကုမ္ပဏီဖြစ်သော Capital Automotive Limited တို့ ပူးပေါင်းကာ ဇွန် ၂၂ ရက်တွင် Ford Ranger နှင့် Ford Everest မော်ဒယ်လ်များ၏ ၂၀၁၆ ဗားရှင်းကို ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အင်းစိန်လမ်းမပေါ်ရှိ Ford ကားအရောင်းခန်းမတွင် ထုတ်ဖော်မိတ်ဆက်ပေးခဲ့သည်။

ယခုနှစ်အတွက် မိတ်ဆက်ပေးခဲ့သော Ford Ranger 2016 နှင့် Ford Everest 2016တို့နှင့်ပတ်သက်၍ Ford Motor Company မှအုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ David Westerman နှင့် Capital Automotive Limited မှ ဥက္ကဋ္ဌဖြစ်သူ ဦးခင်ထွန်းတို့က ရှင်းလင်းပြောကြားခဲ့သည်။

Ford Ranger 2016 ၏ ဈေးနှုန်းကို အမေရိကန်ဒေါ်လာ ၄၂၀၀၀ မှ စတင်သတ်မှတ်ပေးထားပြီး ၂ ဒသမ ၂လီတာ(သို့မဟုတ်)၃ ဒသမ ၂ လီတာ ဒီဇယ်အင်ဂျင်ပါဝင်သည့် မော်ဒယ်လ်နှစ်မျိုးအနက်မှ နှစ်သက်ရာကို ရွေးချယ်နိုင်ကြောင်း သိရသည်။

6-speed အော်တိုဂီယာစနစ် ပါဝင်ပြီး ယခင်နှစ်ထုတ် Ford Ranger ထက် ဆီစားပိုမိုသက်သာကာ စီးနင်းမောင်းနှင်ရာတွင်လည်း သက်သောင့်သက်သာရှိစေရန် စီမံပေးထားသည်။ ကိုယ်ထည်တည်ဆောက်ပုံမှာ ပိုမိုတောင့်တင်းလှပသည့်အပြင် သုံးတန် အလေးချိန်ရှိဝန်ကို ဆွဲနိုင်သကဲ့သို့ တစ်တန်အလေးချိန်ရှိဝန်ကို တင်ဆောင်နိုင်သဖြင့် ထရပ်ကားငယ်ပမာလည်း စွမ်းဆောင်နိုင်ကြောင်း သိရသည်။

Ford Everest 2016 မှာ အဆင့်မြင့် SUV ကားတစ်စီးဖြစ်ပြီး လူခုနစ်ယောက်အထိ စီးနင်းနိုင်သည့်အပြင် လိုအပ်လျှင် နောက်ဆုံးထိုင်ခုံများကို ခလုတ်တစ်ချက်နှိပ်ရုံဖြင့် ခေါက်သိမ်းနိုင်သည်။ Everest ၏ ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၆၂၂၅၀မှ စတင်ပြီး Ranger နှင့် အလားတူစွာ ၂ ဒသမ ၂ လီတာနှင့် ၃ ဒသမ ၂ လီတာဟူ၍ အင်ဂျင်ပါဝါနှစ်မျိုး ရွေးချယ်နိုင်သည်။ ထို့အပြင် Everest မှာ အန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ ASEAN New Car Assessment Program (NCAP) မှ ကြယ်ငါးပွင့်ရရှိထားသော ကားကောင်းတစ်စင်းလည်း ဖြစ်သည်။

ယင်းမော်ဒယ်လ်နှစ်မျိုးကို မြို့တွင်းစီးနင်းမှုများအတွက် အသုံးပြုနိုင်သလို မြို့ပြင်လမ်းကြမ်းများတွင်လည်း အဆင်ပြေပြေ အသုံးပြုနိုင်မည်ဖြစ်ပြီး ဘီးများမြုပ်သည်အထိ ရေထဲတွင် မောင်းနှင် အသုံးပြုနိုင်စေရန်လည်း စီမံပေးထားသည်။

Ford Ranger 2016 နှင့် Ford Everest 2016 ကို စိတ်ပါဝင်စားသူများအနေဖြင့် အမှတ် (၃)၊ အင်းစိန်လမ်း၊ လှိုင်မြို့နယ်ရှိ Ford အရောင်းပြခန်းတွင် စုံစမ်းနိုင်ပြီး motors.com.mm ကား ရောင်းဝယ်ရေးဝက်ဘ်ဆိုက်တွင်လည်း မကြာမီဖော်ပြရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

## ပင်နာဆိုးနစ်မှ အာရှ၏ပထမဦးဆုံး Radiant Cooling စနစ်ပါဝင်သည့် လေအေးပေးစက်များအား စတင်မိတ်ဆက်

ပင်နာဆိုးနစ်ကုမ္ပဏီသည် မြန်မာနိုင်ငံအတွက် အာရှတွင် ပထမဦးဆုံးသော Radiant Cooling လေအေးပေးမှုစနစ်ပါဝင်သည့် Sky Series လေအေးပေးစက်အသစ်အား မိတ်ဆက် ပြသခြင်းအခမ်းအနားကို ဇွန် ၂၂ ရက်က ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်မက်စ်တွင် ကျင်းပခဲ့သည်။

အဆိုပါ လေအေးပေးစက်အသစ်သည် သာမန်လေအေးပေးစက်များနှင့် မတူဘဲ တမူထူးခြားသောဒီဇိုင်းရှိပြီး စွမ်းအင်ကို ချွေတာနိုင်သလို သက်သောင့်သက်သာဖြင့်အေးမြမှုကို ပေးစွမ်းနိုင်သော နည်းပညာသစ်များဖြင့် Sky Series လေအေးပေးစက်မော်ဒယ် အသစ်ဖြစ်ကြောင်းပင်နာဆိုးနစ်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Sky Series ၏ ဒီဇိုင်းသည် တိုက်ရိုက်လေအေးပေးမှုစနစ်ကို မဖြစ်စေဘဲ သက်သောင့်သက်သာဖြင့် အေးမြခြင်းကိုပေးစွမ်းနိုင်ခြင်း၊ လေအေးပေးစက်အပေါ်ဘက်တွင် တပ်ဆင်ထားသော Skywing လေဒလက်ထားရှိမှုပုံစံသည် အာရှတွင် ပထမဆုံးလေအေးပေးစက် ဒီဇိုင်းပုံစံသစ်ဖြစ်ခြင်း၊ P-Tech နည်းပညာဖြင့် လျင်မြန်စွာ အေးမြစေခြင်း စသည့်လုပ်ဆောင်ချက်များကြောင့် တစ်မူထူးခြားသည့် လေအေးပေးစက်ဖြစ်ကြောင်း သိရသည်။

Sky Series ဒီဇိုင်းသည် ဂျပန်ဒီဇိုင်းနည်းပညာ၏ပြီးပြည့်စုံသောစံနှုန်းကိုလိုက်၍ ခံ့ညားထည်ဝါမှုများဖြစ်သည့် သက်သောင့်သက်သာရှိခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်ခြင်း၊ လှပခြင်းကို ဖော်ဆောင်ပေးကြောင်း သိရသည်။

"အခု အသစ်မိတ်ဆက်ပေးလိုက်တဲ့ ပင်နာဆိုးနစ်ရဲ့ Sky Series ဒီဇိုင်းသည် အသစ်ဖန်တီးမှုနှင့် ပြောင်းလဲတီထွင်မှုဖြစ်ပြီး လေအေးပေးစက်မျိုးဆက်သစ်များထဲမှာ တစ်မူထူးခြားပြီး သိသာထင်ရှားစွာတွေ့မြင်နိုင်တဲ့ဒီဇိုင်းမျိုးဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေက မိတ်ဆက်ပြသခဲ့တဲ့iAUTO-X ကို ဈေးကွက်အတွင်းမှာ လက်ခံကြသလို ကောင်းမွန်တဲ့တုံ့ပြန်မှုတွေကြောင့် အခုလို တီထွင်ဆန်း သစ်မှု စိတ်ကူးတွေကို ရရှိခဲ့တာဖြစ်ပါတယ်"ဟု ပင်နာဆိုးနစ်စင်ကာပူမှ မန်နေးဂျင်းဒါရိုက်တာ မစ္စတာပေါလ်ဝမ်က ပြောကြားခဲ့သည်။ အဆိုပါ Sky Series လေအေးပေးစက်များအား 1 HP လျှင် ကျပ် ၇၈၀,၀၀၀၊ 1.5 HP လျှင် ကျပ် ၉၄၅,၀၀၀ နှင့် 2 HP လျှင် ကျပ် ၁,၄၉၅,၀၀၀ ဖြင့် ပင်နာဆိုးနစ်အရောင်း ဆိုင်များတွင် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **မယ်သီတာ**

## လေဒဏ်မိုးဒဏ်ခံနိုင်သည့် ထိုင်းနိုင်ငံထုတ် X-shield အမိုးပြားများအား မိတ်ဆက်

ရွှေခနေအောင်ကုမ္ပဏီလီမိတက်မှ တင်သွင်းဖြန့်ချိပြီး ထိုင်းနိုင်ငံမှထုတ်လုပ်သည့် လေဒဏ် မိုးဒဏ်ရာသီဥတုဒဏ်နှင့် အကြမ်းခံနိုင်သည့် X-shield အမှတ်တံဆိပ်အမိုးပြားများ မိတ်ဆက်ပွဲကို ဇွန် ၁၈ရက်က ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်တွင်ကျင်းပခဲ့သည်။

အဆိုပါအမိုးပြားများသည် လေဒဏ်မိုးဒဏ် ရာသီဥတုဒဏ်ကို ခံနိုင်ရုံသာမက အုန်းသီးကဲ့သို့သော မာကျောသည့်ပစ္စည်းများ ပြုတ်ကျသည့်ဒဏ်ကိုခံနိုင်ခြင်း၊ ပင်လယ်ကမ်းခြေများတွင် ဖြစ်ပေါ်သောဆားငံရည်ဒဏ်ကိုခံနိုင်ခြင်း၊ PE Plastic နှင့် Aluminium သတ္တုတို့ဖြင့် ပေါင်းစပ်ပြုလုပ်ထားသောကြောင့် ပေါ့ပါးခြင်း၊ ခိုင်ခံ့ခြင်း၊ ရေရှည်အသုံးခံခြင်း၊ ရေညှိမတက်ခြင်း စသည့် ထူးခြားသည့်ဂုဏ်သတ္တိများရှိခြင်းတို့အပြင် နှစ် ၂၀ အာမခံပေးထားသဖြင့် ပြည်သူများအနေဖြင့် ဝယ်ယူသုံးစွဲရန် သင့်တော်ပါကြောင်း ရွှေခနေအောင်ကုမ္ပဏီလီမိတက်၏ မန်နေးဂျင်း ဒါရိုက်တာဖြစ်သူ ဦးသိန်းစိုးက ပြောကြားခဲ့သည်။

ထို့ပြင် X-shield အမိုးပြားကို အသုံးပြုခြင်းအားဖြင့် ရေယိုစိမ့်မှု မီးလောင်ကူးစက်မှု၊ တုန်ခါမှုတို့မှ အပြည့်အဝကာကွယ်ပေးပြီး၊ အပူဒဏ် နေလောင်ဒဏ်တို့ကို လျော့နည်းပပျောက်စေကာ မှိုနှင့် ရေညှိတက်မှုမရှိခြင်း အသံလုံခြင်းတို့အပြင် ပေါ့ပါးစွာ သယ်ယူနိုင်ခြင်း တပ်ဆင်ရလွယ်ကူခြင်း စသည့် အကျိုးသက်ရောက်မှုများစွာ ရရှိနိုင်ကြောင်း သိရသည်။

အမိုးပြားအပြင် အခင်းပြားနဲ့ အကာပြားများလည်းရှိကြောင်း သိရသည်။ အမိုးပြားသည် ၈ပေ ၃ပေခွဲ အရွယ် ၅မီလီမီတာထူပြီး တစ်ချပ်လျှင် ၁၈၅၀၀ ကျပ်ရှိသည်။ အကာပြားသည် ၈ပေ ၄ ပေအရွယ် ၅ မီလီမီတာထူပြီး တစ်ချပ်လျှင် ၁၈၅၀၀ ကျပ်ရှိကြောင်း သိရသည်။ အခင်းပြားသည် ၈ပေ ၄ ပေ အရွယ် ၁၀မီလီမီတာအထူရှိပြီး တစ်ချပ်လျှင် ၂၃၅၀၀ကျပ်ရှိကြောင်း သိရသည်။

အဆိုပါ X-shield အမှတ်တံဆိပ် အမိုးပြားများနှင့်အခင်းပြားများကို ဝယ်ယူလိုပါက ရွှေခနေအောင် ကုမ္ပဏီလီမိတက် အမှတ် (၂၄၂)၊ ကမာကြည်လမ်း(ကမာကြည့်တံတားဘေး)၊သုဝဏ္ဏ၊သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်၊ ဖုန်းနံပါတ် - (၀၁) ၅၇၂၂၂၄ နှင့် ၅၆၀၇၈၇ သို့ ဆက်သွယ်စုံစမ်း၍ ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **မယ်သီတာ**



# ထိုင်းနိုင်ငံတောင်ပိုင်း ဆာဒေါင်းနယ်စပ်မှာ ကြန့်ကြာမှုတွေကြောင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများကို ထိခိုက်

ထိုင်းနိုင်ငံ ဆောင်ကလာပြည်နယ်၊ ဆာဒေါင်းစက်ရုံမှ မလေးရှားနိုင်ငံအတွင်းသို့ ကုန်သေတ္တာကားများ နယ်စပ်ဖြတ်ကျော် ဝင်ရောက်ရာမှ နှောင့်နှေးကြန့်ကြာမှုကြောင့် ထိုင်းတောင်ပိုင်းဒေသမှ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေမှာ လွန်ခဲ့တဲ့ခြောက်လမှ ခုနစ်လအတွင်း ဘတ်သန်း ၁၀၀ ကျော်ဆုံးရှုံးခဲ့တယ်လို့ တောင်ပိုင်းဒေသထောက်ပံ့ပို့ဆောင်ရေးနဲ့ သယ်ယူပို့ဆောင်ရေးအသင်းက ဇွန် ၂၀ရက်က ပြောကြားကြောင်း နေးရှင်းသတင်းမှာဖော်ပြပါတယ်။

ဒီလိုဖြစ်ရတာက မလေးရှားနယ်စပ်စစ်ဆေးရေးစခန်းကို ပြန်လည်ပြုပြင်နေတဲ့အတွက် ဖြစ်ကြောင်းနဲ့ ပြင်ဆင်ချိန်က နှစ်နှစ်လောက်ကြာမှာဖြစ်ကြောင်း အသင်းက ပြောပါတယ်။ နှောင့်နှေးကြန့်ကြာမှုပြဿနာတွေဖြေရှင်းဖို့အတွက် အောက်ခြေအဆင့်စေ့စပ်ညှိနှိုင်းမှုတွေက အခုချိန်အထိ ခိုင်မာတဲ့အဖြေမရသေးတဲ့အတွက် မူဝါဒရေးဆွဲသူများအနေဖြင့် စားသုံးသူတွေရဲ့ ယုံကြည်မှုမပျက်မီ စေ့စပ်ညှိနှိုင်းအဖြေရှာပေးဖို့လည်း တိုက်တွန်းထားပါတယ်။

ဆာဒေါင်းစစ်ဆေးရေးစခန်းပြဿနာကို ဖြေရှင်းဖို့ ဆောင်ကလာအုပ်ချုပ်ရေးမှူးက တာဝန်ပေးအပ်ထားတဲ့လုပ်ငန်းအဖွဲ့ရဲ့တွေ့ရှိချက်များကို ကိုးကားပြီး အသင်းရဲ့ အထွေထွေအတွင်းရေးမှူး ပိုင်ရော့ချိုင်ရာတီကွမ်က အခြေအနေကို ရှင်းလင်းတင်ပြပါတယ်။ တချို့ပြဿနာတွေက ထိုင်းနိုင်ငံဘက် မှ ယာဉ်သွားလာမှုလုပ်ထုံးလုပ်နည်းတွေကြောင့် ကြန့်ကြာမှုဖြစ်ခဲ့တယ်ဆိုပေမယ့် ပြဿနာအများစုက မလေးရှားဘက်မှ နယ်စပ်စခန်းကို ပိတ်ထားတဲ့အတွက် ဖြစ်ပါတယ်။ ဒါကြောင့် ထရပ်ကားများက နယ်စပ်ဖြတ်ကျော်ဖို့အတွက် ခြောက်နာရီမှ ရှစ်နာရီအထိ ကြာမြင့်ပြီး နေ့စဉ် ထရပ်ကား အစီး ၅၀၀ ခန့်က နယ်စပ်ဂိတ်မှ တန်းစီနေရတယ်လို့ ပြောပါတယ်။

ကွာလာလမ်ပူရှိ အင်ဒိုနီးရှား- မလေးရှား-ထိုင်းဖွံ့ဖြိုးရေးတြိဂံဒေသ (IMT-GT) ပေါင်းစပ်ညှိနှိုင်းရေးရုံးနဲ့ အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) မှ ကိုယ်စားလှယ်များက ယခုနှစ် ထိုင်းနိုင်ငံဖန်ငါမှာ ကျင်းပမယ့် IMT-GT အစည်းအဝေးမှာ ဆွေးနွေးဖြေရှင်းဖို့ ကတိပြုခဲ့ပါတယ်။ ဒါပေမယ့် အသင်းကတော့ ပိုမိုလျင်မြန်စွာဖြေရှင်းပေးဖို့ တိုက်တွန်းထားပါတယ်။

# အက်စ်အမ်အီးဥပဒေထုတ်ပြန်ပြီးနောက် ဗီယက်နမ်နိုင်ငံမှာ အခွန်ဝင်ငွေ အမေရိကန်ဒေါ်လာဘီလီယံ ၂၀ နီးပါးမြင့်တက်မည်ဟု ခန့်မှန်း



အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ (အက်စ်အမ်အီး) ကို အထောက်အကူပေးမယ့် ဥပဒေကို ပြဋ္ဌာန်းနိုင်မယ်ဆိုရင် အခွန်ငွေအမေရိကန်ဒေါ်လာ ၁၉ ဘီလီယံအထိ ထပ်မံရရှိလာနိုင်မယ်လို့ စီးပွားရေးကျွမ်းကျင်ပညာရှင်လေဗိုင်ဘင်းရဲ့လေ့လာသုံးသပ်ချက်အရ သိရကြောင်း ဗီယက်နမ်နယူးစ်အေဂျင်စီသတင်းမှာ ဖော်ပြပါတယ်။

လောလောဆယ်မှာ ဥပဒေမူကြမ်းအဆင့်မှာသာ ရှိနေပါတယ်။ ဥပဒေကို ပြဋ္ဌာန်းနိုင်မယ်ဆိုပါက ၂၀၂၀ ပြည့်နှစ်မှာ အသေးစားစီးပွားရေးလုပ်ငန်း ဦးရေနှစ်ဆအထိမြင့်တက်လာဖို့ ချမှတ်ထားတဲ့ အစိုးရရဲ့ ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ပြီး ပုဂ္ဂလိကစီးပွားရေးကဏ္ဍကိုလည်း ချဲ့ထွင်နိုင်မှာဖြစ်ကြောင်း ဘင်းက ပြောပါတယ်။

ဥပဒေကိုပြဋ္ဌာန်းခြင်းဖြင့် စီးပွားရေးလုပ်ငန်းများနဲ့ ထုတ်လုပ်မှုလုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅ ဘီလီယံမြင့်တက်ပြီး အလုပ်အကိုင် ၈ ဒသမ ၅ သန်း ဖန်တီးနိုင်မယ်။ နိုင်ငံတော်ဘတ်ဂျက်မှာ အခွန်ငွေ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၂ ဘီလီယံထပ်မံတိုးတက်လာမယ်လို့ သူကခန့်မှန်းပါတယ်။

ထူထောင်စလုပ်ငန်းများအတွက် လုပ်ငန်းဝင်ငွေခွန်ကို ၅ ရာခိုင်နှုန်း လျှော့ချခြင်းနဲ့ ပြည်သူ့ဝယ်ယူဖြည့်တင်းရေး၊ ဘဏ်ချေးငွေနဲ့ မြေနေရာရရှိမှု တို့အတွက် ထောက်ပံ့မှုပေးခြင်းတို့ကြောင့် အစိုးရရဲ့ အထောက်အပံ့က ဗီယက်နမ်ဒေါင် ၁၈ ဒသမ ၇ ထရီလီယံ သို့မဟုတ် နိုင်ငံတော်ဘတ်ဂျက်သုံးစွဲငွေရဲ့ ၁ ဒသမ ၆ ရာခိုင်နှုန်းရှိတယ်လို့ ဆိုပါတယ်။

စီးပွားရေးလုပ်ငန်းတွေရဲ့ ဝင်ငွေခွန်ကို လျှော့ချပေးလိုက်တာက ရေတိုမှာ ဘတ်ဂျက်ဝင်ငွေကျဆင်းနိုင်ပေမယ့် ရေရှည်မှာ အက်စ်အမ်အီးများရဲ့ စွမ်းဆောင်မှုအားနဲ့ယှဉ်ပြိုင်စွမ်းရည်ကို တိုးတက်ကောင်းမွန်လာစေနိုင်ကြောင်း ဥပဒေမူကြမ်းရေးဆွဲရေးအဖွဲ့က ဆိုပါတယ်။ ဒါပေမယ့် စီးပွားရေးလုပ်ငန်း အများအပြားကတော့ ဥပဒေရဲ့ အကျိုးသက်ရောက် နိုင်မှုအလားအလာနဲ့ပတ်သက်ပြီး သံသယရှိနေပါတယ်။ ဥပဒေအရထောက်ခံပေးမှုက တကယ့်အဖြစ်မှန်နဲ့ ကိုက်ညီတဲ့ထောက်ပံ့မှုဖြစ်သင့်ပါတယ်။ အထောက်အပံ့တွေကများလွန်းပြီး အကောင်အထည်ဖော်ရာမှာ အခက်အခဲတွေရှိနေရင်လည်း မကောင်းပါဘူးလို့ An Giang Business Association အသင်းရဲ့ဥက္ကဋ္ဌ ထရန်သီဒက်က ပြောပါတယ်။ ဥပမာအားဖြင့် ဥပဒေမူကြမ်းအရ လုပ်ငန်းဝင်ငွေခွန်ကို လုပ်ငန်း စတင်လည်ပတ်တဲ့ ပထမငါးနှစ်အတွင်းမှာ ၅ ရာခိုင်နှုန်း လျှော့ချပေးထားပါတယ်။ ဒါပေမယ့် အက်စ်အမ်အီးတွေက ကနဦးနှစ်တွေမှာ မကြာခဏဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်နေရတာဆိုတော့ ဒီလိုအခါမျိုးမှာ ဒီလောက်လျှော့ချပေးတာလောက်ကတော့ အဓိပ္ပာယ်မရှိတော့ပါဘူးလို့ ထရန်ကပြောပါတယ်။

# အပြည်ပြည်ဆိုင်ရာ ထုတ်ကုန်စံနှုန်းများနဲ့အညီ ထုတ်လုပ်ဖို့ ဖိလစ်ပိုင်ပို့ကုန်လုပ်ငန်းများကို တိုက်တွန်း

ဖိလစ်ပိုင် လုပ်ငန်းတွေအတွက် ပြည်ပမှာအခွင့်အလမ်းတွေ အမြောက်အမြားပေါ်ထွန်းပြီး ရင်းနှီးငွေအများအပြား ဝင်ရောက်လာစေရန်အတွက် အပြည်ပြည်ဆိုင်ရာ ထုတ်ကုန် စံချိန်စံညွှန်းလိုအပ်ချက်များနဲ့ကိုက်ညီအောင် ဆောင်ရွက်ကြဖို့ ကုန်သွယ်မှုနဲ့ စက်မှုလုပ်ငန်းဝန်ကြီးဌာနက တိုက်တွန်းကြောင်း ဖီးလ်စတားသတင်းမှာ ဖော်ပြပါတယ်။

“ကျွန်တော်တို့ရဲ့ စွန့်ဦးတီထွင်သူတွေက ပြည်တွင်းဈေးကွက်တွေကို ကျော်လွန်ပြီး ထိုးဖောက်သင့်ပါတယ်။ ဒီကနေ့ခေတ်စီးပွားရေးလုပ်ငန်းတွေက တစ်မူထူးခြားတဲ့ အတွေ့အကြုံတွေကို အသုံးချပြီး ကမ္ဘာ့ထုတ်ကုန်နဲ့ ဝန်ဆောင်မှုဈေးကွက်ထဲကို ဝင်ရောက်နိုင်ဖို့အတွက် အသည်းအသန်ကြိုးစားနေကြပါတယ်”လို့ ကုန်သွယ်ရေးလက်ထောက်အတွင်းဝန်နိုရာတယ်ရာဒိုက ပြောပါတယ်။

“ယခု ကျွန်တော်တို့ ပို့ကုန်လုပ်ငန်းရှင်တွေရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုက သူတို့ရဲ့ထုတ်ကုန်တွေနဲ့ ဝန်ဆောင်မှုတွေရဲ့ အရည်အသွေးကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပြီး သူတို့ထုတ်ကုန်တွေအတွက် တီထွင်ဆန်းသစ်မှု အခွင့်အလမ်းတွေရှာဖွေကာ ဈေးကွက်ချဲ့ထွင်ဖို့ဖြစ်ပါတယ်”လို့ နိုရာကပြောပါတယ်။

ဒီရည်မှန်းချက်ကို ဖြည့်ဆည်းဖို့အတွက် ကြိုးပမ်းဆောင်ရွက်နေဆဲလည်းဖြစ်ပါတယ်။ အထူးသဖြင့် တရုတ်ဈေးကွက်ကြီးကို ဆက်လက်ဝင်ရောက်နိုင်ဖို့အတွက် တရုတ်နိုင်ငံရဲ့ အသိအမှတ်ပြုလက်မှတ်တွေ ရရှိအောင် ဆောင်ရွက်ဖို့ ဖိလစ်ပိုင်ပို့ကုန်လုပ်ငန်းရှင်များအသင်းက ပြည်တွင်းပို့ကုန်လုပ်ငန်းရှင်တွေကို တိုက်တွန်းထားပါတယ်။

အဆိုပါ စည်းမျဉ်းစည်းကမ်းတွေကို လာမယ့်နှစ်အောက်တိုဘာ ၁ ရက်ကစတင်ကျင့်သုံးမှာဖြစ်ပြီး တရုတ်နိုင်ငံကို တင်ပို့မယ့် အစားအစာတွေအားလုံးအကျုံးဝင်မှာ ဖြစ်ပါတယ်။ အဆိုပါ အစားအစာတွေထဲမှာ ကျန်းမာရေးနဲ့ ဓာတ်စာအတွက် သုံးတဲ့ အစားအစာ၊ ကွတ်ကီးနဲ့ ဘီစကစ်၊ သကြားလုံး၊ အချို့မှုန့်၊ အဖျော်ယမကာ၊ အရက်၊ တာရှည်ခံအသီးနဲ့ စည်သွပ်ထားတဲ့သစ်သီးတွေပါဝင်ပါတယ်။

တရုတ်နိုင်ငံက ဖိလစ်ပိုင်နိုင်ငံရဲ့ စတုတ္ထမြောက် အကြီးဆုံးပို့ကုန်နိုင်ငံဖြစ်ပြီး ဧပြီမှာ စုစုပေါင်းရေကြောင်းလမ်းပို့ကုန်များရဲ့ ၉ ဒသမ ၄ ရာခိုင်နှုန်းအထိရောက်ရှိပြီး ပို့ကုန်တန်ဖိုးက အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၅ ဘီလီယံအထိရှိကြောင်း ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့က ထုတ်ပြန်တဲ့ ကိန်းဂဏန်းတွေအရ သိရပါတယ်။

အသိအမှတ်ပြု လက်မှတ်ကို အစားအစာနဲ့ ဆေးဝါးစီမံခန့်ခွဲရေးဌာနကထုတ်ပေးမှာဖြစ်ပြီး ဒီအသိအမှတ်ပြုလက်မှတ်ကို တရုတ်နိုင်ငံအရည်အသွေးကွပ်ကဲရေး၊ စစ်ဆေးရေးနဲ့ ပိုးမွှားကင်းစင်ရေး အထွေထွေအုပ်ချုပ်ရေးဌာနကလည်း အသိအမှတ်ပြုထားပေးမှာ ဖြစ်ပါတယ်။ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရာမှာ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁ ရက်အထိကာလကို အသွင်ကူးပြောင်းရေး ကာလအဖြစ် သတ်မှတ်ထားပါတယ်။

## အီးယူမှ နုတ်ထွက်ပြီးနောက်ပိုင်း ဗြိတိန်နိုင်ငံက မလေးရှားနိုင်ငံနဲ့ ဆက်ဆံရေးကို အလေးပေးဆောင်ရွက်မည်

နှစ်နိုင်ငံ အပြန်အလှန်အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် မလေးရှားနိုင်ငံနဲ့ ဆက်ဆံရေးကို မလေးရှားနိုင်ငံကွာလာလမ်ပူရှိ ဗြိတိသျှမဟာမင်းကြီးရုံးက အလေးပေးဆောင်ရွက်သွားမှာဖြစ်ကြောင်း ဘာနားမားသတင်းမှာ ဖော်ပြပါတယ်။

“ဝန်ကြီးချုပ်နာဂျစ်အဗ္ဗဒူရာဇတ်ရဲ့ ကြေညာချက်ကို ကျွန်တော်တို့ ကြိုဆိုပါတယ်။ ယူနိုက်တက်ကင်းဒမ်း (ယူကေ) နဲ့ မလေးရှားနိုင်ငံတို့က အရေးပါတဲ့ မဟာမိတ်တွေဖြစ်ပြီး ဒီအခြေအနေကလည်း ပြောင်းလဲသွားမှာ မဟုတ်ပါဘူး”လို့ မလေးရှားနိုင်ငံဆိုင်ရာကော်မရှင်နာဗစ်ကီထရက်ဒဲလ်က ဇွန် ၂၄ ရက်က ပြောပါတယ်။

ဇွန် ၂၃ ရက်မှာ ကျင်းပတဲ့ ဗြိတိသျှဆန္ဒခံယူပွဲမှာ ဥရောပသမဂ္ဂ (အီးယူ)မှ နုတ်ထွက်ဖို့ ဗြိတိန်နိုင်ငံက ဆုံးဖြတ်ချက်ချပြီးနောက် ထုတ်ပြန်တဲ့ ကြေညာချက်မှာ ထရက်ဒဲလ်က ယခုလို ဖော်ပြခဲ့တာ ဖြစ်ပါတယ်။

“ဗြိတိသျှလူမျိုးတွေ အနေနဲ့ အီးယူကထွက်ခွာဖို့ ရွေးခဲ့ပြီးပါပြီ။ ဒီဆုံးဖြတ်ချက်က ဗြိတိသျှလူမျိုးတွေရဲ့ သမိုင်းဝင်တဲ့ ဆုံးဖြတ်ချက်ဖြစ်ပါတယ်။ ဗြိတိသျှအစိုးရက ပြည်သူလူထုရဲ့ ဆန္ဒအတိုင်းဆောင်ရွက်ပြီး အီးယူကထွက်ခွာဖို့ တရားဝင်လုပ်ငန်းတွေကို ဥပဒေကြောင်းအရစတင်ဆောင်ရွက်ပါတော့မယ်”လို့ ဒဲလ်ကပြောပါတယ်။

ဗြိတိန်နိုင်ငံရဲ့ စီးပွားရေးက အခြေခံအားဖြင့် ခိုင်မာပြီး ကမ္ဘာပေါ်မှာ ပဉ္စမမြောက်အင်အားအကြီးမားဆုံး၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီနဲ့ ဂျီ-၇ အဖွဲ့ဝင်၊ ဂျီ-၂၀ အဖွဲ့ဝင်နဲ့ မြောက်အတ္တလန္တိတ်စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေဆဲဖြစ်ကြောင်း ဒဲလ်က ပြောပါတယ်။

၂၀၁၄ ခုနှစ်က စုစုပေါင်းပြည်တွင်း ထုတ်ကုန်ယူရို ၁၃ ဒသမ ၉၂၀ ထရီလီယံရှိတဲ့ ဥရောပသမဂ္ဂမှ နုတ်ထွက်ရေးအတွက် စေ့စပ်ညှိနှိုင်းမှုတွေကို အပြီးသတ်ဆောင်ရွက်နိုင်ဖို့အတွက် နှစ်နှစ်ခန့် အချိန်ယူဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဆန္ဒခံယူပွဲရလဒ်နဲ့ ပတ်သက်တဲ့ မလေးရှားဝန်ကြီးချုပ်နာဂျစ်ရဲ့ ကြေညာချက်မှာလည်း မလေးရှား-ယူကေ ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းပြီး ခိုင်မာအောင် ဆောင်ရွက်သွားနိုင်မယ်လို့ ယုံကြည်ကြောင်း ဖော်ပြထားပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

# ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံများရဲ့ ကုန်သွယ်မှုအကန့်အသတ်များ မြင့်တက်လျက်ရှိနေကြောင်း ဒဗလျူတီအိုကပြောကြား

ကမ္ဘာ့စီးပွားရေးအခြေအနေ ပိုမိုဆိုးရွားလာမှုက ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံများရဲ့ အကောက်ခွန်မဟုတ်တဲ့ အတားအဆီးတွေနဲ့ တခြားကိုယ်ကျိုးစီးပွားကာကွယ်ရေးအစီအမံတွေကို ပိုမိုတိုးတက်များပြားလာစေခဲ့ပြီး ယခင်နှစ် အောက်တိုဘာလလယ်မှ ယခုနှစ်မေလလယ်အထိ ကာလအတွင်း အမြင့်ဆုံး အနေအထားသို့ရောက်ရှိစေခဲ့တယ်လို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) က ပြောကြောင်း Livemint အွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။

၂၀၁၅ ခုနှစ်အတွင်း သံမဏိနဲ့ တခြားသတ္တုတွေရဲ့ဈေးနှုန်း ကျဆင်းမှုနဲ့ ထုတ်လုပ်မှုပိုလျှံနေမှုတို့ကြောင့် ကမ္ဘာ့ကုန်သွယ်မှုမှာ ဈေးနှုန်းများ မတည်မငြိမ် ဖြစ်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်က ကမ္ဘာ့ကုန်သွယ်မှုပမာဏ ၂ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ခဲ့ပါတယ်။

ကမ္ဘာ့စီးပွားရေးမှာ အလားအလာများမှေးမှိန်နေတဲ့ အခြေအနေများကြောင့် ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံများတွင် ကုန်သွယ်မှုကန့်သတ်ချက် အစီအမံများက မြင့်မားနေဆဲဖြစ်ပါတယ်။ ဂျီ-၂၀ အဖွဲ့မှာ စက်မှု ဖွံ့ဖြိုးပြီးနိုင်ငံကြီးများနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများ ပါဝင်လျက်ရှိပြီး အဆိုပါအဖွဲ့မှ ၂၀၁၅ ခုနှစ် အောက်တိုဘာလလယ်နောက်ပိုင်း ခုနစ်နှစ်တာကာလအတွင်း ကုန်သွယ်ရေးကန့်သတ်မှုအစီအမံသစ်ပေါင်း ၁၄၅ ခုကို အသုံးချဆောင်ရွက်ခဲ့ကြောင်းနဲ့ ဤပမာဏမှာ ၂၀၀၈ ခုနှစ်ဘဏ္ဍာရေး အကျပ်အတည်းကာလပြီးနောက်ပိုင်း အမြင့်ဆုံးအရေအတွက်ဖြစ်ကြောင်း၊ဂျီ-၂၀ ကုန်သွယ်ရေးအစီအမံများဆိုင်ရာ ဒဗလျူတီအိုအစီရင်ခံစာမှာ ဖော်ပြပါတယ်။

ယခင်အစီရင်ခံစာတင်သွင်းစဉ်က ဂျီ-၂၀ နိုင်ငံများက တစ်လလျှင် ကာကွယ်ရေးအစီအမံသစ် ၁၇ ခုနှုန်း ချမှတ်ခဲ့ရာမှာ ယခုအစီအစဉ် တင်သွင်းစဉ်ကာလတွင် ၂၁ ခုနှုန်းအထိ မြင့်တက်လာခဲ့တာကို တွေ့ရပါတယ်။ ကုန်သွယ်ရေးကန့်သတ်ချက်အစီအမံအများစုတွင် ကုန်သွယ်ရေးကုစားမှုအစီအမံများဖြစ်ပြီး တန်ပြန်စုပုံ ခွန်ပြဋ္ဌာန်းအရေးယူမှု၊ ပြည်တွင်းကုန်စည်အကာအကွယ်ပေးမှု အစီအမံများနှင့် အကောက်ခွန်တန်ပြန်အစီအစဉ်များ ပါဝင်ပါတယ်။

ဂျီ-၂၀ နိုင်ငံများက ဆောင်ရွက်ခဲ့တဲ့ ကိုယ်ကျိုးစီးပွားကာကွယ်မှု အစီအမံသစ် ၁၄၅ ခု အနက် ကုန်သွယ်ရေးကုစားမှု အစီအမံ ၈၉ ခု၊ သွင်းကုန်ကန့်သတ်မှုအစီအမံ ၃၈ ခု၊ အခြား ကန့်သတ်ချက်အစီအမံ ၈ ခုနဲ့ ပြည်တွင်းကုန်ကြမ်းပါဝင်မှု ကန့်သတ်ချက် ၁၀ ခုတို့ ပါဝင်ပါတယ်။



# ဒဗလျူတီအိုအဖွဲ့သို့ အဇာဘိုင်ဂျန် ဝင်ရောက်ရေးအတွက် ဆွေးနွေးပွဲ ထပ်မံကျင်းပမည်

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) သို့ အဇာဘိုင်ဂျန် ဝင်ရောက်နိုင်ရေးလုပ်ငန်းအဖွဲ့ ရဲ့ အစည်းအဝေးကို ထပ်မံကျင်းပဖို့ အဇာဘိုင်ဂျန်နိုင်ငံက ပြင်ဆင်လျက်ရှိကြောင်း အဇာဘိုင်ဂျန်သတင်းစဉ်မှာ ဖော်ပြပါတယ်။

လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ဇူလိုင် ၁၉ ရက်မှ ၂၃ ရက်အတွင်း ဂျနီဗာမြို့မှာ ကျင်းပမှာဖြစ်ကြောင်း အဇာဘိုင်ဂျန် ဒုတိယဝန်ကြီး မာမွတ် မမ်မာဂူလီယက်က ပြောပါတယ်။ လုပ်ငန်းအဖွဲ့ရဲ့ အစည်းအဝေးအပြင် ဂျနီဗာမြို့မှာ လယ်ယာလုပ်ငန်းဆိုင်ရာ ပြည်တွင်းထောက်ပံ့မှုအတွက် နိုင်ငံစုံစေ့စပ်ညှိနှိုင်းမှုများနဲ့ ကုန်စည်နဲ့ဝန်ဆောင်မှုဆိုင်ရာ နှစ်နိုင်ငံအပြန်အလှန်စေ့စပ်ညှိနှိုင်းမှုတွေ ဆောင်ရွက်သွားမှာဖြစ်ကြောင်း မမ်မာဂူလီယက်က ပြောပါတယ်။

အဇာဘိုင်ဂျန် ကိုယ်စားလှယ်အဖွဲ့နဲ့ ရုရှား၊ နော်ဝေနဲ့ ဆော်ဒီအာရေးဘီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်များနဲ့ ဂျနီဗာမြို့မှာ ဆွေးနွေးမှာဖြစ်ကြောင်း သူကပြောပါတယ်။ အခြားနိုင်ငံများနဲ့ ဆွေးနွေးမယ့် အစီအစဉ်ကိုမူ ထုတ်ပြန်ခြင်းမရှိသေးပါဘူး။

လယ်ယာလုပ်ငန်းဆိုင်ရာ ထောက်ပံ့ကြေးကိစ္စနဲ့ ပတ်သက်ပြီး ဆောင်ရွက်ရာမှာ လွန်ခဲ့တဲ့သုံးနှစ်အတွင်း လယ်ယာကဏ္ဍထောက်ပံ့ကြေး အစီအစဉ် ပြောင်းလဲမှုအခြေအနေများကို အဇာဘိုင်ဂျန်နိုင်ငံက ဒဗလျူတီအိုအတွင်းရေးမှူးချုပ်ရုံးသို့ တင်ပြထားပြီးဖြစ်ကြောင်း သူကပြောပါတယ်။

နှစ်နိုင်ငံ အပြန်အလှန်ဆွေးနွေးကြမယ့်နိုင်ငံများအနက် ရုရှားနဲ့ ဆော်ဒီအာရေးဘီးယားနိုင်ငံတို့က ဝန်ဆောင်မှုနယ်ပယ်နဲ့ ပတ်သက်တဲ့ကိစ္စတွေကို ဆွေးနွေးဖို့ စိတ်ဝင်စားကြောင်းသူကပြောပါတယ်။

ဒဗလျူတီအိုသို့ ဝင်ရောက်ရေးနဲ့ ပတ်သက်လို့ ဆွေးနွေးရမယ့် ကိစ္စတွေ အများအပြားရှိနေသေးကြောင်း၊ လိုအပ်တဲ့စေ့စပ်ညှိနှိုင်းမှုတွေကို လုပ်ဆောင်နေရတာကြောင့် ဘယ်အချိန်မှာ အဇာဘိုင်ဂျန်ဟာ ဒဗလျူတီအိုရဲ့ အဖွဲ့ဝင်ဖြစ်လာမယ်ဆိုတာကို အတိအကျ မသိရသေးကြောင်း မမ်မာဂူလီယက်က ပြောပါတယ်။ ဒဗလျူတီအိုအဖွဲ့သို့ အဇာဘိုင်ဂျန် ဝင်ရောက်နိုင်ရေးအတွက် ၁၉၉၉ ခုနှစ်ကတည်းက စေ့စပ်ညှိနှိုင်းခဲ့ပါတယ်။

# အပြည်ပြည်ဆိုင်ရာ ပေါင်းစည်းရေးကို ဗီယက်နမ်နိုင်ငံက စံချိန်တင်ဆောင်ရွက်မည်

ဗီယက်နမ်နိုင်ငံရဲ့ အပြည်ပြည်ဆိုင်ရာပေါင်းစည်းရေး ကြိုးပမ်းမှုတွေက လာမယ့်ငါးနှစ်အတွင်းမှာ ပိုမိုပြီး အရှိန်မြင့်တက်လာလိမ့်မယ်လို့ ဇွန် ၁၇ ရက်က ဟနွိုင်းမြို့မှာကျင်းပတဲ့ စားပွဲဝိုင်းဆွေးနွေးပွဲမှာ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဘူအိသန်းဆန်းကပြောကြောင်း ဗီယက်နမ်နယူးစ်အေဂျင်စီသတင်းမှာ ဖော်ပြပါတယ်။




ဗီယက်နမ် အပြည်ပြည်ဆိုင်ရာ ပေါင်းစည်းရေးဆွေးနွေးပွဲသို့ ကိုယ်စားလှယ်ပေါင်း ၅၀ ကျော် တက်ရောက်ခဲ့ပြီး တက်ရောက်ခဲ့သူများအနက် နိုင်ငံခြားသံအမတ်များ၊ သံတမန်အဖွဲ့အစည်းများ၊ နိုင်ငံခြားအဖွဲ့အစည်းများ၊ သုတေသနအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများနဲ့ ဒေသဆိုင်ရာအသိုက်အဝန်းများမှ ကိုယ်စားလှယ်များ ပါဝင်ပါတယ်။

အပြည်ပြည်ဆိုင်ရာ ပေါင်းစည်းရေးကို ဦးတည်ချက်ထားပြီး နယ်ပယ်စုံမှာ ကျယ်ကျယ်ပြန့်ပြန့် ပေါင်းစည်းရေးအတွက်ရေးဆွဲထားတဲ့ ဗီယက်နမ်နိုင်ငံရဲ့ မူဝါဒတွေကို ဆန်းကတင်ပြခဲ့ပါတယ်။ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်တဲ့အဆင့်သစ်မှာ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေး၊ လုံခြုံရေး၊ ယဉ်ကျေးမှုနဲ့ လူ့အဖွဲ့အစည်း စတဲ့နယ်ပယ်များမှ တစ်ဆင့် ပေါင်းစည်းရေးလုပ်ငန်းတွေကို အရှိန်တိုးမြှင့်ဆောင်ရွက်သွားမယ်လို့ ဆန်းကပြောပါတယ်။

အာဆီယံ အသိုက်အဝန်းသာမက ဒေသတွင်း ပေါင်းစည်းရေးနဲ့ နိုင်ငံစုံသံတမန်ဆက်သွယ်မှုမှ တစ်ဆင့် တစ်ကမ္ဘာလုံးနဲ့ ပေါင်းစည်းရေးတို့ကို ဗီယက်နမ်နိုင်ငံက တိုးတက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

"ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တဲ့ ဗီယက်နမ်နိုင်ငံက ဖွံ့ဖြိုးဆဲနိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းတွေမှာပါဝင်နေပြီး ဒီလိုဆောင်ရွက်ရာမှာ ဗီယက်နမ်နိုင်ငံရဲ့ အတွေ့အကြုံများကို မျှဝေပေးပြီး ဒီကြိုးပမ်းမှုမှာ ဗီယက်နမ်နိုင်ငံရဲ့ အခန်းကဏ္ဍကိုမြှင့်တင်သွားမှာဖြစ်ပါတယ်"လို့ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

အပြည်ပြည်ဆိုင်ရာ ပေါင်းစည်းမှုက ဗီယက်နမ်နိုင်ငံရဲ့ လူမှုစီးပွားရေးဖွံ့ဖြိုးမှုနဲ့ သံတမန်ရေးရာအခန်းကဏ္ဍကို ခိုင်ခိုင်မာမာ အထောက်အကူပေးနိုင်ကြောင်း ဗီယက်နမ်နိုင်ငံရှိ ကုလသမဂ္ဂဌာန ပေါင်းစပ်ညှိနှိုင်းရေးမှူး ပရာတီဘာမဲထာက ပြောပါတယ်။

ကုလသမဂ္ဂရဲ့ ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်တွေကို အကောင်အထည်ဖော်ရာမှာ ဗီယက်နမ်နိုင်ငံရဲ့ စွမ်းဆောင်မှုတွေက အဖိုးတန်တဲ့ သင်ခန်းစာတွေဖြစ်ပြီး အခြားနိုင်ငံတွေအထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေ "၂၀၃၀ ပြည့်နှစ် ရေရှည်ဖွံ့ဖြိုးရေးအစီအစဉ်" အကောင်အထည်ဖော်ရာမှာ အထောက်အကူဖြစ်ဖို့ မျှဝေပေးသင့်ကြောင်း မဲထာက ပြောပါတယ်။

# အာဆီယံဒေသတွင်း ရင်းနှီးမြှုပ်နှံသူများအား အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်မှုဂယက်ရိုက်ခတ်

အီးယူမှ ဗြိတိန်နိုင်ငံနုတ်ထွက်ရေး မဲခွဲဆုံးဖြတ်ရာမှာ နုတ်ထွက်ရေးဘက်မှ ၅၂ ရာခိုင်နှုန်း-၄၈ ရာခိုင်နှုန်းနဲ့ အနိုင်ရခဲ့ပါတယ်။ အဆိုပါ အဖြစ်အပျက်ရဲ့ အကျိုးဆက်က ဥရောပတစ်လွှားရှိ ရင်းနှီးမြှုပ်နှံသူများအပေါ်မှာ ထူးခြားတဲ့ အကျိုးသက်ရောက်မှုတွေရှိခဲ့သလို ကမ္ဘာတစ်ဝန်းလုံးရှိ စီးပွားရေးလုပ်ငန်းများအပေါ်ကိုလည်း အကျိုးသက်ရောက်မှုရှိခဲ့ပါတယ်။ ထို့အတူ အာဆီယံဒေသမှာလည်း လွတ်ကင်းမှုမရှိခဲ့ကြောင်း အာဆီယံဘရိဖင်း သတင်းမှာ ဖော်ပြပါတယ်။

အာဆီယံဒေသတွင်းရှိ ငွေကြေးဈေးကွက်တွေမှာ ငွေကြေးများရဲ့ တန်ဖိုးအပြောင်းအလဲလျင်မြန်စွာ ဖြစ်ပေါ်ခဲ့ပါတယ်။ အာဆီယံဒေသရှိ အီးယူရဲ့ ကုန်သွယ်ရေးစေ့စပ်ညှိနှိုင်းမှု ကွန်ရက်မှာ ဗြိတိန်နိုင်ငံမပါဝင်မှုက ဒေသတွင်းကုန်သွယ်မှုဆိုင်ရာ ရေရှည်ဂယက်ရိုက်ခတ်မှုကို ဖြစ်ပေါ်စေနိုင်ပါတယ်။

အာဆီယံ သို့မဟုတ် ဗြိတိန်က စီးပွားရေးအဖွဲ့တွေနဲ့ ရင်းနှီးမြှုပ်နှံမှုကိစ္စကို စဉ်းစားမယ်ဆိုရင် ဥရောပက ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်မှုကြောင့် သက်ဆိုင်ရာဒေသတွင်းမှာ ဖြစ်ပေါ်တိုးတက်မှုတွေကို စောင့်ကြည့်လေ့လာထားဖို့ အရေးကြီးပါတယ်။

အာဆီယံဒေသတွင်းရှိ ဈေးကွက်တွေမှာ ငွေကြေးမတည်မငြိမ်ဖြစ်မှုက လတ်တလောအကျိုးသက်ရောက်မှုဖြစ်ပြီး စီးပွားရေးအကျပ်အတည်းကို ဖြစ်ပေါ်စေနိုင်ပါတယ်။ ပေါင်စတာလင်ကို ယူရိုနဲ့ ခွဲခြားထားပေမယ့် အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်မယ့် ခြိမ်းခြောက်မှုတစ်ခုတည်းကြောင့်ပင်လျှင် အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ပေါင်စတာလင်တန်ဖိုး က ၇ ရာခိုင်နှုန်း ကျဆင်းနိုင်ပါတယ်။ မဲဆန္ဒပေးပွဲ ပြီးဆုံးချိန်မှာ အာဆီယံငွေကြေးတွေရဲ့ တန်ဖိုးက ဗြိတိသျှပေါင်စတာလင်နဲ့ဖလှယ်ရာမှာ ထူးထူးကဲကဲ တန်ဖိုးမြင့်တက်ခဲ့ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်



ဥရောပသမဂ္ဂ (အီးယူ) အဖွဲ့ဝင်နိုင်ငံအဖြစ်မှ ဗြိတိန်နိုင်ငံနုတ်ထွက်ရေး ဆန္ဒခံယူပွဲမှာ နုတ်ထွက်ရေးဘက်မှ ဦးဆောင်မှုရနေတဲ့ အချိန်မှာ ဗြိတိသျှစတာလင်ပေါင်တန်ဖိုး ကျဆင်းမှု၊ လုံခြုံစိတ်ချရမှုရှိတဲ့ အက်ဆက်များကို ရင်းနှီးမြှုပ်နှံသူတွေက ဝယ်ယူလာမှုတို့ကြောင့် မတည်မငြိမ်ဖြစ်နေတဲ့ ငွေကြေးဈေးကွက်အတွင်းမှာ ဇွန် ၂၄ ရက်က ထွန်းသစ်စအာရှငွေကြေးများလည်း တန်ဖိုးကျဆင်းခဲ့ပါတယ်။

စောစောပိုင်း လူထုကြိုတင်သဘောထား ကောက်ယူမှုများအရ "ဆက်လက်ပါဝင်" ဖို့ ဆန္ဒပြုသူအရေအတွက် မြင့်တက်လာတဲ့အတွက် အာရှဒေသတွင်း ငွေကြေးအများစုရဲ့ တန်ဖိုးတွေ မြင့်တက်လာခဲ့ပါသေးတယ်။ ဒါပေမယ့် ဆန္ဒခံယူပွဲ လက်တွေ့ကျင်းပချိန်မှာ ကနဦးမဲရေတွက်မှုတွေအရ ဗြိတိန် နိုင်ငံအီးယူမှနုတ်ထွက် မဲသာလာတဲ့အတွက် ထွန်းသစ်စအာရှငွေကြေးတွေရဲ့တန်ဖိုး ကျဆင်းခဲ့ပါတယ်။ အီးယူမှာ ဗြိတိန်နိုင်ငံ ဆက်လက်နေထိုင်ပါဝင်နေမယ်ဆိုတဲ့ မဲအနိုင်ရမှသာ အကျိုးရှိနိုင်မယ်လို့ တွက်ဆထားတဲ့အတွက် ယခုကဲ့သို့ ပြောင်းလဲသွားတဲ့အခါမှာ အာရှငွေကြေးတွေရဲ့ တန်ဖိုးတွေ ကျဆင်းသွားခဲ့ရတာ ဖြစ်ပါတယ်။ ဆန္ဒခံယူပွဲရလဒ်ထွက်ပေါ်ပြီးနောက် အမေရိကန်ဒေါ်လာ၊ ယူရိုတို့နဲ့ဖလှယ်ရာမှာ စတာလင်ပေါင်တန်ဖိုးက နှစ် ၃၀ အတွင်း အနိမ့်ဆုံးအထိ ရောက်မှုရှိခဲ့ပါတယ်။

**တရုတ်ယွမ်**

ဗြိတိန်နိုင်ငံ အီးယူမှထွက်ခွာဖို့ မဲခွဲဆုံးဖြတ်ပြီးနောက်ပိုင်း Off-Shore ယွမ်တန်ဖိုးက ငါးလအတွင်း အနိမ့်ဆုံးသို့ ကျဆင်းပြီး တရုတ်ဘွန်းစာချုပ်တွေရဲ့ တန်ဖိုးမြင့်တက်ခဲ့ပါတယ်။ ဇွန် ၂၃ ရက်ညနေ ၄ နာရီ ၃၀ မိနစ်အချိန်က ဟောင်ကောင်ရှိယွမ်ငွေတန်ဖိုးက သုည ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၆၄၀၂ ယွမ်နှုန်းရှိခဲ့ပါတယ်။ ရှန်ဟဲရှိ Onshore ယွမ်တန်ဖိုးက သုည ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။

**အိန္ဒိယရူပီး**

ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ဖို့ မဲပေးခဲ့တဲ့အတွက် ကမ္ဘာ့ဈေးကွက်တွေ မတည်မငြိမ်ဖြစ်ပြီးနောက် ဇွန် ၂၄ ရက်မှာ ရူပီးတန်ဖိုးက သုည ဒသမ ၉၆ ရူပီးနှုန်း ကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် အိန္ဒိယဗဟိုဘဏ်ရဲ့ ဝင်ရောက်ကိုင်တွယ်မှုကြောင့် စောစောပိုင်းကကျဆင်းခဲ့တဲ့ ရူပီးတန်ဖိုးကပြန်လည် မြင့်တက်လာခဲ့ပါတယ်။ သွင်းကုန်လုပ်ငန်းရှင်တွေက ဒေါ်လာဝယ်ယူမှုနဲ့ ဒေါ်လာနဲ့ဖလှယ်ရာမှာ အခြားအာရှငွေကြေးများရဲ့ တန်ဖိုးကျဆင်းမှုကလည်း ရူပီးတန်ဖိုး ကျဆင်းဖို့ တွန်းအားပေးခဲ့ပါတယ်။

ဘဏ်အချင်းချင်း နိုင်ငံခြားငွေကြေးဈေးကွက်အဖွင့်မှာ ရူပီးတန်ဖိုးက ဇွန် ၂၃ ရက်ဈေးပိတ်ချိန်နဲ့နှိုင်းယှဉ်ပါက သုည ဒသမ ၆၃ ရူပီးနှုန်းကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၆၇ ဒသမ ၈၈ ရူပီးနှုန်း ရှိခဲ့ပါတယ်။ ဒါပေမယ့် အိန္ဒိယဗဟိုဘဏ်ရဲ့ ဝင်ရောက်စွက်ဖက်မှုကြောင့် တန်ဖိုးအနည်းငယ် မြင့်တက်ကာ တစ်ဒေါ်လာကို ၆၇ ဒသမ ၈၃ ရူပီးနှုန်းရှိခဲ့ပါတယ်။

**ဂျပန်ယန်း**

တိုကျိုဈေးကွက်မှာ ဇွန် ၂၄ ရက်နံနက်ပိုင်းက အမေရိကန်ဒေါ်လာနဲ့ ယန်းငွေဖလှယ်နှုန်းက ၁၀၄ ဒသမ ၅ ယန်းနှုန်းအထက်မှာ ရှိနေပါတယ်။ ဒေါ်လာယန်းဖလှယ်နှုန်းက ဇွန် ၂၃ ရက်က နယူးယောက်ဈေးကွက်မှာ တစ်ဒေါ်လာကို ၁၀၄ ဒသမ ၀၉ ယန်းနဲ့ တိုကျိုဈေးကွက်မှာ တစ်ဒေါ်လာကို ၁၀၄ ဒသမ ၄၃ ယန်းနှုန်း ရှိခဲ့ရာမှ နောက်တစ်နေ့ဒေသစံတော်ချိန် နံနက် ၉ နာရီက တိုကျိုဈေးကွက်မှာ တစ်ဒေါ်လာကို ၁၀၄ ဒသမ ၈၈ ယန်းနှုန်း ရှိခဲ့ပါတယ်။

ယူရိုငွေကြေးက ဇွန် ၂၃ ရက်ညနေက နယူးယောက်ဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၃၇၅ ဒေါ်လာနဲ့ ၁၂၀ ဒသမ ၈၉ ယန်းနှုန်းဖြင့်လည်းကောင်း၊ တိုကျိုဈေးကွက်မှာ ၁ ဒသမ ၁၃၁၈ ဒေါ်လာနဲ့ ၁၁၈ ဒသမ ၂၁ ယန်းနှုန်းဖြင့်လည်းကောင်းရှိခဲ့ရာမှ ဇွန် ၂၄ ရက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၃၂၄ ဒေါ်လာနဲ့ ၁၁၈ ဒသမ ၈၆ ယန်းနှုန်းရှိခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

အီးယူမှ နုတ်ထွက်ရေးနဲ့ ပတ်သက်တဲ့ဗြိတိန်နိုင်ငံဆန္ဒခံယူပွဲရလဒ် မထွက်ပေါ်သေးမီအချိန်က ဈေးအဖွင့်မှာ ရင်းဂစ်တန်ဖိုးက အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ မြင့်တက်ခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။

ဆန္ဒခံယူပွဲ ရလဒ်တွေက ၂၄ ရက်နေ့ဒေသစံတော်ချိန် ၁၀ နာရီခွဲနဲ့ ၁၂ နာရီကြားမှ သိရမှာဖြစ်ပါတယ်။ ရင်းဂစ်တန်ဖိုးက ယခင်နေ့ဈေးပိတ်ချိန်က အမေရိကန် တစ်ဒေါ်လာကို ၄ ဒသမ ၀၁၅၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ ဇွန် ၂၄ ရက် နံနက် ၉ နာရီမှာ တစ်ဒေါ်လာကို ၄ ဒသမ ၀၀၇၅ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။ အခြားအဓိကငွေကြေးတွေနဲ့ ဖလှယ်ရာမှာလည်း ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

အီးယူမှ ဗြိတိန်နိုင်ငံနုတ်ထွက်မှုသတင်းကြောင့် ဇွန် ၂၄ ရက်မှာ အမေရိကန်ဒေါ်လာနဲ့ဖလှယ်ရာမှာ ဝမ်တန်ဖိုးကျဆင်းမှုနဲ့အတူ တောင်ကိုရီးယားရှယ်ယာဈေးက ဇွန် ၂၄ ရက်မှာ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ရာ လေးနှစ်အတွင်း အနိမ့်ဆုံးအထိကျဆင်းခဲ့ပါ တယ်။

တောင်ကိုရီးယားဝမ်တန်ဖိုးက အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ၂ ဒသမ ၅၂ ရာခိုင်နှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၁၁၇၉ ဒသမ ၉၀ ဝမ်နှုန်းအထိရှိခဲ့ရာ ငါးနှစ်အတွင်းအနိမ့်ဆုံးကျဆင်းမှု ဖြစ်ခဲ့ပါတယ်။

**ထိုင်းဘတ်**

ဗြိတိသျှ စတာလင်ပေါင်က ၁၂ ရာခိုင်နှုန်းအထိ ကျဆင်းပြီး ၃၀ နှစ်အတွင်းအနိမ့်ဆုံးနှုန်းကျဆင်းချိန်မှာ ဇွန် ၂၄ ရက်နေ့ နံနက်မှာ ထိုင်းဘတ်တန်ဖိုးက သုည ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၃၅ ဒသမ ၄၀ ဘတ်နှုန်းအထိ ရောက်ရှိခဲ့ပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

## စက်တင်ဘာမှာ အိန္ဒိယဗဟိုဘဏ်အုပ်ချုပ်ရေးမှူး နုတ်ထွက်မည်ဟု ကြေညာပြီးနောက် အိန္ဒိယငွေကြေးဈေးကွက်များ ကျဆင်း

စက်တင်ဘာတွင် သက်တမ်းကုန်ဆုံးပါက ရာထူးမှ နုတ်ထွက်တော့မှာဖြစ်ကြောင်း အိန္ဒိယဗဟိုဘဏ်အုပ်ချုပ်ရေးမှူး ရာဟူးရမ်ရာဂျန်က ရုတ်တရက် ကြေညာလိုက်ပြီးနောက် အိန္ဒိယရူပီးတန်ဖိုးက တစ်လအတွင်းအနိမ့်ဆုံးသို့ ကျဆင်းပြီး ဘွန်းစာချုပ် တန်ဖိုးကလည်း ဇွန် ၂၀ ရက်နေ့မှာ ကျဆင်းခဲ့ကြောင်းနဲ့ သူ့ကိုဆက်ခံမယ့်သူကို ကြေညာပြီးနောက်ပိုင်းမှာလည်း ဈေးကွက်တွေမှာ အပြောင်းအလဲရှိနိုင်ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ရူပီးငွေကြေးတန်ဖိုးက အထိုက်အလျောက်ပြန်လည် မြင့်တက်လာပေမယ့် ရာဂျန်ကို အစားထိုးမယ့်သူကို ယခုအချိန်အထိမသိရသေးပါဘူး။ ဒီအချက်က အရေးပါတဲ့ အချက်တစ်ချက်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံသူတွေက သတိပေးစကားပြောကြားပါတယ်။ ဆက်ခံမယ့်သူက ဗဟိုဘဏ်ရဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာကို စောင့်ထိန်းရာမှာ အရေးပါတဲ့ သူတစ်ဦးဖြစ်ပါတယ်။

ပြည်တွင်းငွေကြေးရဲ့ တန်ဖိုးကျဆင်းမသွားအောင် ထိန်းချုပ်ဖို့အတွက် ဈေးတွေဖွင့်တာနဲ့တစ်ပြိုင်နက် အိန္ဒိယဗဟိုဘဏ်ကနိုင်ငံပိုင်ငွေချေးဘဏ်တွေမှ တစ်ဆင့်ဒေါ်လာတွေကို ထုတ်ရောင်းပေးကြောင်း ကုန်သည်များက ပြောပါတယ်။

ဇွန် ၂၀ ရက် ဂရင်းနစ်စံတော်ချိန်နံနက် ၅ နာရီ ၃ မိနစ်မှာ ရူပီးတန်ဖိုးက သုည ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းပြီး တစ်ဒေါ်လာကို ၆၇ ဒသမ ၃၆ ရူပီးနှုန်းရှိခဲ့ပါတယ်။ တစ်နေ့တာအတွင်းအနိမ့်ဆုံးဖလှယ်နှုန်းက တစ်ဒေါ်လာကို ၆၇ ဒသမ ၇၀ ရူပီးနှုန်းအထိ ရောက်ရှိခဲ့ရာ မေ ၂၄ ရက်နောက်ပိုင်း အနိမ့်ဆုံးနှုန်းဖြစ်ပါတယ်။

"အများအားဖြင့် ရာဂျန်ကိုဆက်ဆံမယ့်သူ ဘယ်သူလဲဆိုတဲ့အချက်က မူဝါဒကရှေ့ဆက်သွားမယ့် မူဝါဒအတွက် အရေးကြီးပါတယ်။ ဒီအချက်တွေကိုတော့ ကျွန်တော်တို့ စောင့်ကြည့်နေရပါမယ်"လို့ ဆိုပါတယ်။



## တရုတ်ဗဟိုဘဏ်က ဈေးကွက်အတွင်းသို့ ငွေကြေးများပိုမိုဖြည့်တင်းပေး

တရုတ်ဗဟိုဘဏ်က လက်အောက်ခံဘဏ်များမှ ယွမ်ဘီလီယံ ၁၇၀ (အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံ) ဖိုးရှိ အာမခံစာချုပ်စာတမ်းများကို ဝယ်ယူဖို့သဘောတူခဲ့ကြောင်း ရှင်ဟွာသတင်းအေဂျင်စီက ဖော်ပြပါတယ်။

အဆိုပါ ဝယ်ယူမှုအစီအစဉ်ကို Reverse Repurchase Agreement (Repo) ဟုခေါ်ဆိုပြီး ဒီစာချုပ်စာတမ်းတွေကို ဗဟိုဘဏ်က သူ့ရဲ့လက်အောက်ခံဘဏ်တွေကို ပြန်လည်ရောင်းချမှာ ဖြစ်ပါတယ်။ Repo သဘောတူညီချက်အရ သတ်မှတ်တဲ့ အတိုးနှုန်းက ၂ ဒသမ ၂၅ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ဇွန် ၁၇ ရက်ကလည်း တရုတ်ဗဟိုဘဏ်က ယွမ်ဘီလီယံ ၄၀ ဖိုးဝယ်ယူခဲ့ပြီး သတ်မှတ်အတိုးနှုန်းက ၂ ဒသမ ၂၅ ရာခိုင်နှုန်း ဖြစ်ပါတယ်။

ဇွန် ၂၀ ရက်မှာ ဘဏ်တွေက ပြန်လည်ဝယ်ယူဖို့ အချိန်စေ့ရောက်နေတဲ့ စာချုပ်စာတမ်းတွေရဲ့ တန်ဖိုးက ယွမ်ဘီလီယံ ၁၁၀ ရှိပါတယ်။ ဒါကြောင့် သဘောတူညီမှုအရ သတ်မှတ်တဲ့အထိက ယွမ်ဘီလီယံ ၆၀ ကိုဈေးကွက်ထဲကို ဖြည့်ဆည်းတဲ့အနေနဲ့ လက်အောက်ခံဘဏ်တွေရဲ့ စာချုပ်စာတမ်းတွေကို တရုတ်ဗဟိုဘဏ်က ဝယ်ယူခဲ့ပါတယ်။ ဒီလိုဝယ်ယူခြင်းအားဖြင့် ဈေးကွက်ထဲမှာ ငွေဖြစ်လွယ်မှု ကို ပိုမိုမြင့်တက်အောင် ဗဟိုဘဏ်ကဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။

# IBS IDEAL BUSINESS SUCCESS CO.,LTD.

EXPORTER,IMPORTER,GENERAL,TRADING & SERVICES

IBS Bring the Best

IBS မှကားများကို အရေးရွေးနှုန်းချို သက်သာစွာရောင်းချပေးနေပါသည်။





ဂျပန်နိုင်ငံထုတ် ၆ ဘီးခေါင်း၊ ၁၀ ဘီးခေါင်း၊ **Boswer** ကားမျိုးစုံ၊တရုတ်နိုင်ငံထုတ် **Sino A-7** ခေါင်းတွဲယာဉ်ကြီးများ၊
ပေ **20** – ပေ **40** နောက်တွဲယာဉ်မျိုးစုံ၊ ယန္တရားတင် **Low bed** တွဲ၊ ကျောက်တင်တွဲ ကားမျိုးစုံကို
"မှန်ကန်သော ဈေးနှုန်း၊ ကောင်းမွန်သော ဝန်ဆောင်မှု" တို့ဖြင့် ဝယ်ယူသူ၏ စိတ်ကျေနပ်မှု အပြည့်အဝရရှိအောင်ရောင်းချပေးနေပါသည်။

အမှတ် – ၁၁၈၊ မဂ္ဂရာမင်းသားကြီး မောင်ပျိုးလမ်း၊ စက်မှုဇုန် (၂)၊ လှိုင်သာယာ။

Ph- 09-5014007, 09-5108500, 09-5135808, 09 795917924, 01-684513,01-684683

# ရွှေထွန်း

## ကုမ္ပဏီလီမိတက်

လယ်ယာမြေ ... ရွှေရောင်လွှမ်းပြီ.... ရွှေထွန်းစက်အစွမ်းပါ.....



အမှတ် (၅)၊ ဥလင်၊ သီရိမွန်ပလာဇာ ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ။ ဖုန်း -(၀၁) ၆၈၂၃၇၇၊ (၀၁) ၆၈၀၉၄၂ ၊(၀၁) ၆၈၂၁၃၂ ၊ (၀၁) ၅၂၈၈၇၅၊ (၀၁) ၅၂၈၈၇၉၊ (၀၁) ၆၈၀၄၆၆
အမှတ် (၂၄၂)၊ ၃၃လမ်း၊ ၈၂ X ၈၃ လမ်းကြား၊ မန္တလေးမြို့ ဖုန်း - (၀၂) ၃၁၉၈၈၅၊ ၃၆၀၁၅၊ ၃၅၅၁၉၊ ၇၃၆၇၈
အမှတ် ၁/၂ စီးရထားတိုက်တန်း၊ ရန်ကုန်ပြည်လမ်းမကြီး၊ ပြည်မြို့ ဖုန်း - (၀၅၃) ၂၆၀၉၇၊ ၂၇၅၇၆၊ ၂၆၄၀၅
အမှတ် (၄၈၃၊ ၄၈၄)၊ မင်းကြီးညီနောင်၊ ရန်ကုန် - မန္တလေးလမ်းမကြီး၊ တောင်ငူမြို့ ဖုန်း - (၀၅၄) ၂၄၂၈၀၊ ၂၆၁၃၀

# MIN KANT

## SERVICES CENTER



အမှတ် - ၈(C)၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ☎ : ၀၁-၆၈၀၁၈၃၂၊ ၀၁-၆၈၆၀၃၄၊
: ၀၉-၈၆၄၀၁၁၁၀၊ ၀၉၇၃၀၁၃၇၄၆၊ ၀၉-၅၀၀ ၂၉၃၆

# Ayeyar Hinthar Holdings Company Limited







Hot Lines : + 959783666 141~144

SUZUKI Way of Life!

Ayeyar Hinthar Motors





SEVEN 7 ALUMINIUM

Fabrication & Installation of Aluminium Products



**YANGON**
# 1106, Ye Ta Khon Tower, 531, Lower Kyee Myin Daing Road, Kyee Myin Daing Township, Yangon,Myanmar.

Tel : +951 – 508070 ~ 1, 508232~4
Fax : +951 – 508071
Hotline : +959 – 97634 7770, + 959 – 97634 8880
Email : marketing@7aluminium.com,sales@7aluminium.com

**NAYPYITAW**
# 39, Shopping Complex, Za Bu Thiri Township, Nay Pyi Taw.
Tel : 067 – 422 363,25855
Fax : 067 – 422 355




OFFICE (YGN) : No.45T, Tae Nu Yin Street, 7½ Mile, Off Pyay Road, Mayangone Township, Yangon, Myanmar. Tel : (95-1) 656 525 Mobile : (95-9) 40 158 7272

OFFICE (MDY) : No. 682, 35th Street, Between 73rd x 74th Street, Maw Ya Gi Wa Ward, Chan Aye Thar Zan Township, Mandalay. Mobile : (95-9) 401 587373 , 262 174 143

OFFICE (SG) : Block 12, Lorong Bakar Batu, # 05-08, Singapore 348745 Mobile : (65) 6742 3706

E-Mail : info@zenithpowermyanmar.com www.zenithpowermyanmar.com www.zenithpowerengineering.com.sg

SMART SOLUTION RELIABILITY EVERYWERE

# COMMERCE INTERNATIONAL

## အီးယူမှ ဗြိတိန်နိုင်ငံနုတ်ထွက်မှုဂယက်ကြောင့် အာရှစီးပွားရေးလုပ်ငန်းများကို ထိခိုက်



ဒေလီမှအစပြုပြီး တိုကျိုအထိ အာရှတစ်လွှား တည်ရှိနေတဲ့ စီးပွားရေးလုပ်ငန်းများက ဥရောပသမဂ္ဂ (အီးယူ) မှ ဗြိတိန်နိုင်ငံနုတ်ထွက်မှုကြောင့် ဖြစ်ပေါ်လာမယ့် ဂယက်ကို ဝေဖန်သုံးသပ်လျက်ရှိပါတယ်။

စီးပွားရေးလုပ်ငန်းများက ဗြိတိန်နိုင်ငံမှာ လောလောဆယ် နောက်ထပ်ရင်းနှီးမြှုပ်နှံတော့မှာ မဟုတ်ကြောင်းနဲ့ ဗြိတိန်နိုင်ငံမှာရှိတဲ့ သူတို့ရဲ့ အနာဂတ်မှာလည်း မရေရာသေးကြောင်း ဂလိုဘယ်ပို့စ်သတင်းမှာ ဖော်ပြပါတယ်။

ဂျပန်နဲ့ တောင်ကိုရီးယား ကော်ပိုရေးရှင်းကြီးတွေက မဲခွဲဆုံးဖြတ်ချက်ကြောင့် ဖြစ်လာမယ့်ဂယက်ကို လေ့လာသုံးသပ်လျက်ရှိသလို ဗြိတိန်မှာရင်းနှီးမြှုပ်နှံထားတဲ့ အိန္ဒိယစီးပွားရေးလုပ်ငန်းတွေရဲ့ ဘုံဘေစတော့အိတ်ချိန်းရှိစတော့ရှယ်ယာတွေ ကျဆင်းခဲ့ပါတယ်။ လေ့လာဆန်းစစ်သူတွေကလည်း ဗြိတိန်နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုအကြောင်း စဉ်းစားတဲ့အခါ အလားအလာ မှေးမှိန်နေတာကို တွေ့ရပါတယ်။ဗြိတိန်မှာ ဒေသဆိုင်ရာရုံးချုပ်ဖွင့်ထားတဲ့ အာရှရင်းနှီးမြှုပ်နှံသူတွေမှာလည်း ဆက်နေဖို့သို့မဟုတ် စွန့်ခွာဖို့တစ်ခုခုကိုရွေးချယ်ရတော့မှာဖြစ်ကြောင်း ဂျစ်စုသုတေသနသိပ္ပံမှ အကြီးတန်းသုတေသီ မာတင်ရှူက ပြောပါတယ်။ ဘာလုပ်မယ်ဆိုတာကို ကုမ္ပဏီတွေအနေနဲ့ ပြန်လည်စဉ်းစားပြီး လောလောဆယ်ကာလမှာ ရင်းနှီးမြှုပ်နှံမှုကို ရပ်ထားသင့်ကရပ်ထားဖို့ သူကပြောပါတယ်။ ကုမ္ပဏီတွေအနေနဲ့ဗြိတိန်နိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှုကိုသာမက ဥရောပဈေးကွက်ကြီးတစ်ခုလုံးရဲ့ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ကိုလည်း ပြန်လည်စဉ်းစားရပါတော့မယ်လို့ သူကပြောပါတယ်။

အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်မှုကြောင့် ကျန်ရင်းနှီးမြှုပ်နှံသူတွေ အများဆုံး ထိခိုက်ခံရလိမ့်မယ်လို့ ရှူက ပြောပါတယ်။

ဗြိတိန်မှာ ဂျပန်နိုင်ငံရဲ့ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုက ယန်း ၁၀ ထရီလီယံ (အမေရိကန်ဒေါ်လာ ၉၈ ဘီလီယံ) ရှိပြီး ဗြိတိန်မှာ ဂျပန်ကုမ္ပဏီ ၁၀၀၀ က လုပ်ငန်းလုပ်ကိုင်နေပြီး လူ ၁၄၀၀၀၀ ကို အလုပ်အကိုင်ခန့်ထားပါတယ်။

ဒီကိစ္စကိုပြောဖို့ စောလွန်းသေးကြောင်း ယူကေမှာ ဥရောပဆိုင်ရာရုံးချုပ်ဖွင့်ထားတဲ့ တောင်ကိုရီးယား ကုမ္ပဏီဖြစ်တဲ့ဆမ်ဆောင်း အီလက်ထရွန်းနစ်က ပြောပါတယ်။ ဖြစ်နိုင်တဲ့ အလားအလာ အားလုံးအတွက် ပြင်ဆင်ထားပြီးဖြစ်ကြောင်း ဗြိတိန်နိုင်ငံမှာ ရင်းနှီးမြှုပ်နှံနေတဲ့ ကိုရီးယားအမျိုးသားရေနံကော်ပိုရေးရှင်း Korea National Oil Corp က ပြောပါတယ်။

အိန္ဒိယနိုင်ငံကိုကြည့်ပါက ဗြိတိန်နိုင်ငံမှာ ရင်းနှီးမြှုပ်နှံထားတဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ ဘုံဘေစတော့အိတ်ချိန်းမှာရှိတဲ့ ရှယ်ယာတန်ဖိုးတွေကျဆင်းခဲ့ပါတယ်။ **UNT**







Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES **RO/RO Service for Myanmar**

Date : 27th June 2016

<< June And June Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

| JAPAN / MYANMAR | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| VESSEL | Height (m) | | | | | | JAPAN | | | | | | | | MYANMAR | THAILAND |
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.24 | 1.55 | 1.90 | 2.20 | 3.50 | X | | | | 19.5.2016 | 20.5.2016 | 18.5.2016 | | 29.5.2016 | 2.6.2016 | 9.6.2016 |
| | S/O CUT | | | | | | | | 15.5.2016 | 16.5.2016 | 14.5.2016 | | | | |
| MV.CITY OF MUMBAI V.31 | 1.55 | 1.90 | 2.20 | 3.50 | X | | | 8.6.2016 | 9.6.2016 | 10.6.2016 | | | 20.6.2016 | 23.6.2016 | |
| | S/O CUT | | | | | | | 4.6.2016 | 5.6.2016 | 6.6.2016 | | | | | |
| MV.HOEGH CHENNAI V.25 | 1.55 | 1.90 | 2.20 | 3.50 | X | | | 20.6.2016 | 19.6.2016 | 18.6.2016 | | | 30.6.2016 | 4.7.2016 | |
| | S/O CUT | | | | | | | 16.6.2016 | 15.6.2016 | 14.6.2016 | | | | | |
| MV.CITY OF MUMBAI V.32 | 1.55 | 1.90 | 2.20 | 3.50 | X | | | | 11.7.2016 | 12.7.2016 | 10.7.2016 | | 22.7.2016 | 26.7.2016 | |
| | S/O CUT | | | | | | | | 7.7.2016 | 8.7.2016 | 3.6.2016 | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်္ကာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။